www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




## ဗီကိုရှုံးရင်

မြကြာယံ

စာမူခွင့်ပြုချက်အမှတ် - ၄၅၁/၂၀၀၀(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၃၈/၂၀၀၀(၇)
၂၀၀၀ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀/-
ထုတ်ဝေသူ . . . ဦးမောင်ဟန် (၀၈၇၆) ကမ္ဘာလုံးစာပေ
အမှတ်(၂၅၉)၊ နဝဒေးလမ်း၊ ဒေါပုံ၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်သူ . ဦးကျော်လှိုင် (၀၃၄၈၆) စေတနာ OFFSET
ပုံနှိပ်သူ၊ အမှတ်(၅၉)၊ (၁၉)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်




# ဗီကိုရှုံးရင်



BURMESE CLASSIC .com

## မြကြာယံ



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ ဆေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဆေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။



## နေမင်းသို့

BURMESE CLASSIC .com

ကျွန်တော့် ဘဝတွင် ... ကျွန်တော်ချစ်သော မေမေ ... ဒုတိယ ... ကျွန်တော်ချစ်သော အလုပ်မှသာ ... စိတ်အာရုံထားလေ့ရှိပြီး။ တာဝန်များနှင့်သာ အချိန်ကုန်နေလေ့ရှိပါသည်။

ကျွန်တော် ...။

မေမေ့ကို သိပ်ချစ်သည်။

ကျွန်တော် ... ပိုမြတ်နိုးမိသည်က ... မေမေ့တွင် သူ့မတူအောင် ထူးခြားသော ... ခြေသလုံးတစ်ဝက်နီးပါး ရှိသော ... ဆံနွယ်နက်နက်ကြီးတွေပင်တည်း။

ကျွန်တော်က ...။

ဆံပင်ရှည်ထားတတ်သော မိန်းမများကို အထင်ကြီးတတ်ပြီး ... တလေးတစား ချီးကျူးဂုဏ်ပြုတတ်ခဲ့သည်။

ထိုအချိန်မှစ၍ ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝထဲသို့ ... မြကြာယံ ဆိုသော အမျိုးသမီးကလေးတစ်ယောက် ... မတော်တဆ ဝင်ရောက်လာခဲ့ပြီး ...။

အံ့သြထူးဆန်းလောက်အောင်ပဲ ...

ထိုအမျိုးသမီးကလေးဟာ ... ကျွန်တော့်စိတ်အစဉ်နဲ့ ... ကျွန်တော့် ... ဘဝအပိုင်းအစများကို ... ညှို့ယူဖမ်းစားသွားနိုင်ခဲ့သည်။

ထိုအမျိုးသမီး၏ နောက်ကျောကလေးကို စတင်တွေ့ရှိရတဲ့ အချိန်ကစပြီး ... သူမကို နောက်တစ်ကြိမ်တွေ့ဆုံနိုင်ရန် ... ကျွန်တော် မျှော်လင့်နေမိသည်။

အဘယ်ကြောင့်ဆိုသော် ...

ထိုအမျိုးသမီးကလေး၏ ဆံပင်တို့သည် ... ရှည်လျားနက်မှောင်စွာ ခြေသလုံးတစ်ဝက်ကျော်ကျော်မျှ ... ဖြာကျနေခြင်းကြောင့်ပင်တည်း။

မေမေ့လို မိန်းမမျိုးပဲဟု ...

တွေးထင်မိလိုက်သည့် အချိန်မှာ ... ကျွန်တော်က သူမရဲ့ မျက်နှာကလေးနဲ့ ... သူမရဲ့နောက်ကြောင်းရာဇဝင်ကို ... စိတ်ဝင်စားဖို့ အကောင်းဆုံးလို့ ... ဆုံးဖြတ်ချက်ချခဲ့မိတယ်။

ဒါပေမယ့် ...။

စိတ်မကောင်းစရာ ကောင်းလောက်အောင်ပင် ထိုမြကြာယံလေးဟာ ... ရာဇဝင်ခပ်ဆိုးဆိုးများကို ပိုင်ဆိုင်ထားလေသည်။



သူမ၏ ...။

ရာဇဝင်နောက်ကြောင်းများဟာ ... ရစရာမရှိလောက်အောင် ... စုတ်ပြတ်သတ်ခဲ့ပြီး ... နာမည်ဆိုးများသာ ပိုင်ဆိုင်ခဲ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



# မြကြာယံ

ကျွန်မတွင် ... ဘဝဟူ၍ မရှိပါ ...။

မိသားစုဟူ၍ မရှိပါ ...။

အသိုင်းအဝိုင်းဟူ၍ မရှိပါ ...။

အပေါင်းအသင်း ... မိတ်ဆွေဟူ၍ မရှိပါ ...။

သူများတွေလို ...။

ပျော်ရွှင်ဝမ်းမြောက်စရာ ... ကြည်နူးစရာ ... ဆို၍ ဘာတစ်ခုမှ မရှိခဲ့ပါ။

ကျွန်မတွင် ...။

ကျွန်မကို သနားသဖြင့် ... စောင့်ရှောက်ပေးသော ... သွေးမတော်သားမစပ် အဖော်အမျိုးသမီးကြီး တစ်ယောက်သာရှိ၏။

ကျွန်မတွင် ...။

လူတော မတိုးရဲလောက်အောင် ...။



လူတွေအားလုံး နှာခေါင်းရှုံ့လောက်အောင် ...။

ကျွန်မကိုမြင်လျှင် အပေါင်းအသင်း မလုပ်ချင်လောက်အောင် ...။

ကံကြမ္မာဆိုးများသာ ... ရာဇဝင် နောက်ကြောင်းဆိုးများသာ ပိုင်ဆိုင်ခဲ့ရသည်။

သို့သော် ...။

ထိုသို့ပြစ်ပယ်သော လူများထဲတွင် ... သူတစ်ယောက်သာ မပါဝင်ခဲ့ပါချေ ...။

သူသာလျှင် ... ကျွန်မအိမ်မက်ဆိုးများမှ နိုးထစေသူ ...။

ပျော်ရွှင်ချမ်းမြေ့ခြင်းများကို ဖန်ဆင်းပေးသူ ...။

ကျွန်မအတွက် ...

ကျေနပ်ခြင်း ... ကြည်နူးခြင်း ... ဝမ်းမြောက်ခြင်းတို့ကို ပေးစွမ်းခဲ့သူဖြစ်သည်။

သို့သော် ...

ကျွန်မ ... မပျော်လင့်ရဲပါ။

သူပေးသော ... ပျော်ရွှင်စရာ ကမ္ဘာကလေးကို ကျွန်မ မတောင့်တရဲပါ ... ကျွန်မ ကြောက်သည်။

ကျွန်မဘဝတွင် ... ကံကြမ္မာဆိုးများ ... နာမည်ဆိုးများနှင့်သာ ... အသက်ရှင်သန်ခဲ့ရသဖြင့် ... အရာအားလုံးကို ကြောက်သည်။

လူတွေနှင့် ... ပေါင်းသင်းဆက်ဆံရမှာ ကြောက်သည်။

www.burmeseclassic.com

နောက်ပြီး ...။

သူဟာ အပြစ်ကင်းစင်သူ ... မြကြာယံဆိုသော အမျိုးသမီးကလေး တစ်ယောက်၏ ဘဝထဲကို သူဝင်မလာသင့်သလို ... ကျွန်မလည်း ဆွဲမသွင်းသင့်ပါ ...။

ဒါပေသိ ... သူဟာ။

မြကြာယံ ... တွေးထင်ထားမိခြင်း မရှိလောက်အောင် ... စိတ်ဓာတ်ပြင်းထန်သော ... ဆုံးဖြတ်ချက် ခိုင်မာသော ... သူ့မတူအောင် သနားကြင်နာတတ်သောယောက်ျား တစ်ဦး ဖြစ်လေတော့သည်။

~~~ ဇာ



ဝေမြိုး+စာပေ
တိုက် (၁၀)၊ အခန်း (၁၈)
လမ်းသစ်ရိပ်သာ။

ကျောင်းနှုတ်ဦး- စာပေ
ငွေ၊ တာလွန်း၊ ပဒ္ဒဝင်း၊ ချာနယ်
ကျောက်-ဝယ်-ဂွားရှမ်းရေး
အမှတ်(၉)၊ ဝေဘာဝါလမ်း၊ အလုံမြို့နယ်

အပိုင်း(၁)

တစ်ရက်ဖတ်ခ ( ) ကျပ်
ရေစို၊ စုတ်ပြဲ၊ ပျောက်ဆုံးပါက
တန်ဖိုးအတိုင်းပေးလျော်ရမည်။

ရှိသေစွာ ကိုင်တွယ်ပါ။
စာအုပ်ရေစိုစုတ်ပြဲလျှင် တန်ဖိုးနှင့်တိုင်
ပေးလျော်ရမည်။

www.burmeseclassic.com
www.burmeseclassic.com
~~~

www.burmeseclassic.com



## အခန်း(၁)

ဒေါက် ... ဒေါက်။

တံခါးခေါက်သံကို ကြားသော်လည်း ... ကျွန်တော် မကြားဟန် ဆောင်နေမိသည်။ ဤတစ်ခါခေါက်သူကို ကျွန်တော် သိပါ၏ ...။ ဤမျှ ညင်သာစွာ ခေါက်တတ်သူဟူ၍ ကျွန်တော့်ဘဝတွင် ... ကျွန်တော်ချစ်သော မေမေ တစ်ယောက်တည်းသာရှိသည်။

မေမေသည် နေဖင်ထိုးအောင်အိပ်လျှင် မကြိုက်ပါ ... မနက်စောစော အိပ်ရာထမှကြိုက်၏ ...။

မေမေ့လက်သုံးစကား တစ်ခုရှိသည် ... ကိုယ်စောင့်နတ် စိတ်ဆိုးလိမ့်မယ်တဲ့လေ ...။

အခုလည်း ...။

ထုံးစံအတိုင်း တံခါးလာခေါက်လေချေပြီ ... သူနားကို ခေါင်းအုံးနှင့်ဖိကာ ဆက်အိပ်နေလိုက်မိသည်။ မေမေကတော့ တကယ့်စံပါပဲ ...။



"နေ ... သားလေး။

ထတော့လေ ... ဘယ်အချိန်ရှိနေပြီလဲ ..."

"... ... ..."

အထဲမှ စကားပြန် မရသော်လည်း ... သူမ သိပါသည်။ သားတမင်မကြားချင်ဟန် ဆောင်နေတယ်ဆိုတာ။

ဒီကလေးက ဒီလိုပဲ ... သူ့အဖေလိုပင် ပြောရ သိပ်ခက်၏ ...။

ဒါပေမယ့် ...။

သားကလေး ... နေမင်းညိုတွင် သူမတူအောင် စိတ်ရင်းစေတနာ ကောင်းတတ်ပြီး ... တစ်ဘက်သားအပေါ် အလွန်သနားကြင်နာတတ်သည်။

မိမိကိုလည်း အရမ်းချစ်ပြီး ... ကလေးဆိုးကြီး တစ်ယောက်လို ချွဲ့ဆိုး ဆိုးတတ်သည်။

မိမိကလည်း ...

သားကို အသက်မက ချစ်ပါသည်။

ဒီအမေနဲ့ဒီသား နှစ်ယောက်တည်းသာ ရှိတာ မဟုတ်လား ... သားတစ်ခုခုဖြစ်မှာ ... မိမိအရမ်းစိုးရိမ်မိ၏။

သားလေးကို ...

သူ့အဖေ ကွယ်လွန်သွားပြီးကတည်းက ... မိမိသာလျှင် အမိလိုတစ်မျိုး ... အဖလိုတစ်မျိုး ထိန်းသိမ်း စောင့်ရှောက်ခဲ့ရပြီး ...

မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ... အရိပ်တကြည့်ကြည့် နေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သားလေး ... သာလျှင် မိမိဘဝ။

မိမိအသက်ရှင်ခြင်းလေး တစ်ခုတည်းသာဖြစ်သည်။

မိမိဘဝတွင် သားမရှိလို့မဖြစ် ... တစ်ချိန်ချိန်မှာမိမိကို သားဟာ မဖြစ်မနေ စွန့်ခွာသွားမှာ ... မိမိဘယ်လိုမှ လက်မခံနိုင် ဖြစ်ရ၏ ...။

သားက အရွယ်ရောက်လာပြီ မဟုတ်လား ...။

မိမိစိုးရိမ်စိတ်တွေ ပိုများလာရပြီပေါ့ ...။

"နေ ... သား ... ထလို့ ပြောနေတာ မကြားဘူးလား။

မေမေ စိတ်ညစ်လာပြီနော် ... သား မေမေ့ကို စိတ်သောကဖြစ်အောင် လုပ်နေတာလား ... သားငယ်"

မေမေ ...။

စိတ်သောကရောက်မှာ သူအကြောက်ဆုံးပင်။ အိပ်ရာမှာ ကမန်းကတန်း ထလိုက်မိသည် ...။

အခန်းတံခါး ဖွင့်လိုက်ချိန်တွင် ... အလွန်ကျက်သရေရှိသော မေမေ့မျက်နှာကလေးကို မြင်လိုက်ရလေ၏။

"အဲ့လိုမှပေါ့ သားရယ်။

သားက မေမေမကြိုက်တာဆို ... ဘာတစ်ခုမှ မလုပ်ဘူးဆိုတာ သိပြီးသား ... မေမေ စိတ်သောကရောက်မယ့် ကိစ္စတွေကို ... ငါ့သားလေး ရှောင်တတ်တယ်ဆိုတာလည်း မေမေသိပါတယ် ... ဒါကြောင့် မေမေ သားကို အသက်လောက်ချစ်တာ"

"စိတ်မဆိုးနဲ့နော်မေမေ ... သားမေမေ့ကို ချစ်လို့တမင်



စတာသိလား ..."

"သိပါတယ်တော် ... စိတ်မဆိုးပါဘူး။

ကဲ ... ကဲ ... သွား ... မျက်နှာသစ်တော့ ... မေမေ မနက်စာစားဖို့ စောင့်နေမယ်"

"အိုကေ ..."

နှုတ်ကလည်းပြောရင်း ... သူမပါးကို ရွှတ်ခနဲနမ်းကာ ... ပြေးထွက်သွားသော ... သားပုံစံလေးကိုကြည့်ပြီး ... ဒေါ်ညိုညိုခင်တစ်ယောက် ပီတိဖြစ်ကာ ... ပြုံးပြီးကျန်နေခဲ့တော့သည်။

ကျွန်တော့်အတွက်တော့ ... မေမေသာလျှင် အဓိက ... မေမေ့ကိုသာလျှင် အချစ်ဆုံးဖြစ်သည်။ ဖေဖေမရှိသည့်နောက် ... မေမေသည် တစ်စတစ်စစီးပွားရေး ကျခဲ့၏။ ငယ်ငယ်လေးတည်းက ဘာတစ်ခုမှ မလုပ်ခဲ့ဘူးသော မေမေ။ ဖေဖေ့လက်ထက်က ကျန်ခဲ့သော စီးပွားရေးလုပ်ငန်းများကို မဦးဆောင်နိုင်ခဲ့ ...

မကြာခဏဆိုသလို ... ငွေတွေအလိမ်ခံရတတ်ပြီး ... နောက်ဆုံးရှိတာလေးတွေ ... ထုခွဲရောင်းချကာ ... ဤသုံးလွှာရှိ တိုက်ခန်းလေး တစ်ခန်းသာ ဝယ်နိုင်ခဲ့တော့သည်။

သို့သော် ...။

သားကိုတော့ လုံးဝအားမငယ်စေရ ...

ပညာတတ်အောင် ... မရမက သင်ပေးသည်။ သူမကျတော့ ဖြစ်သလို ... နေခဲ့၏။

အခု ...

www.burmeseclassic.com

www.burmeseclassic.com



သူ အင်ဂျင်နီယာတစ်ယောက် ဖြစ်ခဲ့ပြီ။

မေမေ့ကို ...။

အရင်ကလို ... အနေအထား ခြိုးခြံနေစရာမရှိအောင် ... သူရှာကျွေး၏။ အလုပ်ကို ကြိုးစားပန်းစားလုပ်သည်။

မေမေမှာသည့်အတိုင်း ...။

မိန်းကလေးတွေနှင့် ခပ်ကင်းကင်းရှင်းရှင်းပင်နေခဲ့မိသည် ... ဒါကလည်း ... မေမေ စိတ်ဆင်းရဲမည် ဆိုး၍ပင်တည်း။

မေမေဟာ ... ကျွန်တော် မိန်းကလေးတွေနှင့် ရင်းနှီးကျွမ်းဝင်မှာ လုံးဝမလိုလား ... အလုပ်ကိစ္စနှင့် လာတာပင် သိပ်မကြိုက်ပေ။

မိန်းကလေးဧည့်သည်လာလျှင် ဖြစ်စေ ...

မိန်းမအသံဖြင့် ကျွန်တော့်ထံ ဖုန်းလာခဲ့သည် ဖြစ်စေ ... ဘယ်သောအခါမျှ ... ချိုချိုသာသာ ဆက်ဆံခြင်း မရှိ ...။

တစ်ခါတစ်ရံ ...။

အော်ငေါက်တတ်သေးသဖြင့်။

ကျွန်တော့်ထံ ... ဘယ်အမျိုးသမီးကမှ ... လာ ည်ရဲသလို ... အလုပ်အတွက် ဆွေးနွေးဖို့ပင် ... ကျွန် အလုပ်သွားမှသာ ပြောဆိုလေ့ရှိတတ်သည်။

ထို့ကြောင့် ...။

ကျွန်တော့်ဘဝတွင် ... ဘယ်လိုဖုန်းလာသမျှ



ယောက်ျားချည်းသာရှိခဲ့ပြီး ... မိန်းကလေးအသံဟူ၍ တစ်ခါမျှ မရှိခဲ့ပါ။

တစ်ခါတလေ ...။

မေမေဒီလောက် အတ္တကြီးနေတော့မှ ... သားဘယ်လိုလုပ် မိန်းမရတော့မလဲဟု ညည်းညူမိပါက။

မေမေသည် ...။

စိတ်ဆိုးမာန်ဆိုးနှင့် ... မျက်ရည်ကြီးပေါက်ကျကာ 'ဘာလဲနေ ... သားက မေမေ့ကို အပြစ်တင်တာလား သားက မေမေ့ကို တစ်ယောက်တည်း ထားခဲ့ဖို့ စိတ်ကူးနေပြီလား ... မေမေ့ကို အတ္တကြီးတဲ့ မိန်းမကြီးလို့ မြင်နေပြီလား ... ဟင် ... ပြောစမ်းပါဦး ... မေမေ အခုလိုဖြစ်နေတာ ... ဘာဖြစ်နေလို့လဲ သိလားနေ ... မေမေ နေ့ကိုချစ်လို့ ... မေမေ သားနဲ့မခွဲနိုင်လို့ပေါ့နေ ...”

ဟု ... ဒေါသတကြီး ရှိုက်ကြီးတငင်နှင့် ပြောတော့သည်။

ကျွန်တော် ...

မထင်မိပါ။

မေမေကို ... ဤမျှနောက်ပြောင်မှုဟာ ...မေမေ့စိတ်ကို အပြင်းထန်ဆုံး ထိမှန်သွားလိမ့်မည်ဟု ... ကျွန်တော် မထင်ခဲ့မိပါ။ ထိုသို့ပြောပြီးသည်နှင့် ... ကျွန်တော်အ[illegible]ကို နောင်တရမိပါ၏ ... မေမေ့ကိုလည်း ကျွန်တော် အ[illegible]ပ်ထပ် တောင်း[illegible]မိသည်။

နောင်တရပါသည် ...။

www.burmeseclassic.com

www.burmeseclassic.com



နောင်ကို ... ဤကိစ္စနှင့်ပတ်သက်၍ ... ကျွန်တော်ဘယ်တော့မှ မနှောက်မိစေရန် ... ကျွန်တော်စောင့်ထိန်းရပေမည်။

မေမေ ...။

ကျွန်တော့်ကြောင့် ... ငိုယိုရမှာ ... စိတ်သောကရောက်ရမှာ ... ကျွန်တော် ဘယ်လိုမှမလိုလားနိုင်။ မကြည့်ရက်နိုင်ခဲ့ပါ ... ကျွန်တော့်အပေါ် ... ဤမျှချစ်သော ... မေမေ့အချစ်ကို ရရှိရတဲ့ အတွက်လည်း ... ကိုယ့်ကိုကိုယ် ဂုဏ်ယူမိပါသည်။

ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို အပိုင်အနိုင် ချနိုင်ခဲ့သည်။

မေမေသာလျှင် ... ကျွန်တော့်ဘဝ။

မေမေသာလျှင် ... ကျွန်တော့်ကမ္ဘာ။

ကျွန်တော့်ဘဝတွင် ...

မေမေသာ ... အဓိက။

ပထမသာ ... ဖြစ်ရမည်ဟု ... ဆုံးဖြတ်ထားခဲ့တော့သတည်း။

ထုံးစံအတိုင်း ...။

ကျွန်တော် ... အလုပ်သို့ ရောက်ပြီဆိုတာနှင့်

"ဆရာ ... ဒါက ... ဦးငြိမ်းတင်ပြတဲ့ ... ငွေစာရင်းတွေပါဆရာ"



"ဆရာ ... အခုလေးတင် ... ဆရာ့သူငယ်ချင်း လာသွားတယ် ... သူနောက်မှပဲ လာမယ်လို့ ပြောသွားပါတယ် ဆရာ ..."ဟုတစ်မျိုး။

"ဒီနေ့ ... ဆရာမန်နေဂျာမ ... ခွင့်စာတင်ထားတယ် ဆရာ ... သူ့တုတ်ကွေးဖြစ်နေလို့"ဟုတစ်ဖုံ ...

အနားကို မိန်းကလေးများ ရောက်လာလေတော့သည်။

လုပ်ငန်းတစ်ခုတွင် ...။

မိန်းကလေးများ ... မရှိလို့ မဖြစ်ပြန်သလို ... အမျိုးသမီးများနှင့် မပတ်သက် မဆက်ဆံဘဲ နေလို့မရပါ။

ဒါကို ...။

ကျွန်တော့်မေမေသည် လုံးဝနားလည်မှု မပေးနိုင်ခဲ့။

တစ်ခါကလည်း ...။

ကျွန်တော် ... မန်နေဂျာမလေးနှင့် ... စာရင်းဇယားများ စစ်ဆေးဆွေးနွေးနေချိန်တွင် ... ရုံးခန်းဆီ မေမေ ရောက်လာတော့သည်။

"ဟဲ့ ... ဒါက ဘယ်လိုပုံစံလဲ။

ဒီမှာ ... မိန်းကလေး ... ဘာဖြစ်လို့ ငါ့သားအနားအတင်းကပ်နေရတာလဲ ... အခုခေတ် မိန်းကလေးများနော် ... သိပ်အတင့်ရဲတာပဲ"

"ရှင် ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မေမေ့အပြောကြောင့် ... မန်နေဂျာ မသီတာထွန်းကို အရမ်းအားနာသွားရသည်။

သို့သော် ...

မေမေ့ကို သူ့မတားဆီးနိုင်ခဲ့ပါ။

"ငါတို့တုန်းကဆို ... ယောကျ်ားတစ်ယောက်ဘေး ပူးကပ်ထိုင်ဖို့နေနေသာသာ ... အဲ့ဒီယောကျ်ားအိမ်ရှေ့ ကဖြတ်လျှောက်တာတောင် ရဲရဲမကြည့်ရဲခဲ့ဘူး"

"ဒီမှာ ... အန်တီ။

စကားပြောတာ ကြည့်ပြောပါ ... အန်တီ့သား အနားကို ... ကပ်ချင်လွန်းလို့ ကပ်နေတယ်များ ထင် နေလား ... ကျွန်မဘဝမှာ ဒီ့ထက်သာတဲ့ ယောကျ်ား တစ်ပုံကြီး ရနိုင်တယ်သိလား ... အန်တီ့သားသမီးချင်း ကိုယ်ချင်းစာပြီးပြောပါ ..."

"အောင်မယ် ... ညည်းကများ။

ဒီ့ထက်သာတဲ့လူရှိရင်လည်း ... သွားပါလား။ ဘာဖြစ်လို့ ငါ့သားအနားကပ်ပြီး ... နေရသလဲဟဲ့"

"မေမေ ..."

"သွားမယ် ... သွားမယ်။ သိပ်စော်ကားတာပဲ ... တစက်ကလေးမှ ... လူမှုရေး နားမလည်ဘူး ... သိပ် အောက်တယ်"

မသီတာထွန်း တော်တော်စိတ်ဆိုးသွားပုံရသည်။

ရှက်လည်း အတော့်ကို ရှက်သွားမှာပဲ ... မာမီ့ ကို ပြစ်ပြစ်နှစ်နှစ် ဝေဖန်ခဲ့ပြီး ... အလုပ်မှ တစ်ခါတည်း ထွက်သွားတော့၏ ... လုံးဝ ပြန်လှည့်မကြည့်တော့ပေ ...။

သွားပြီ ...။

မေမေ့ကြောင့်တော့ ဒုက္ခပါပဲ။

မသီတာထွန်းလို ရိုးသားပြီး ... အရာရာ လှည့် မကြည့်ရလောက်အောင် စိတ်ချ ... ယုံကြည်အားကိုးရသော ဝန်ထမ်းတစ်ယောက် ဆုံးရှုံးလိုက်ရသည်။

ကျွန်တော်ဝင်ပြောလျှင် ... မေမေ ပိုဆိုးတော့မည်။

ရမ်းတော့မှာ သေချာ၏ ...။

ဘာမှမပြောသာတော့ဘဲ အသာငြိမ်နေလိုက်မိ တော့သည်။ ထိုသို့သောကိစ္စမျိုး ဖြစ်ပေါ်ပြီးသည့်နောက် ... လုပ်ငန်းမှ မိန်းကလေးတော်တော်များများ ... ကျွန်တော့်ကို သိပ်မကပ်ရဲကြတော့ ... မေမေ့အပြောအဆိုခံရမည်ကို အားလုံး ကြောက်သွားကြပြီး ... ခပ်ကင်းကင်းသာ နေကြတော့သည်။

တကယ်ကိုပဲဗျာ ...။

မေမေက ... အဲဒီလောက်တောင် ... သားအတွက် စိုးရိမ်ပူပန်မှု လွန်ကဲနေတာ ...။

သို့သော် ...။

မေမေ့ကိုလည်း ကျွန်တော် အပြစ်မတင်ရက်ပါ၊ မေမေ ကျွန်တော့်ကို ဘယ်လိုချစ်တယ်ဆိုတာ ... သူသာလျှင် အသိဆုံး မဟုတ်ပါလား။

တစ်ချိန်လုံး ...။

ကျွန်တော့်ကို စိတ်မချတတ်။

နေတာထိုင်တာ သွားတာလာတာ ... စားတာ

www.burmeseclassic.com

www.burmeseclassic.com



သောက်သာကအစ ... ကလေးငယ်လေးတစ်ယောက်လိုပင် တတွတ်တွတ် ... ပြောဆိုတတ်ပြီး ... အမြဲတယုတယနှင့် နေသည်။

တစ်ခါတစ်ရံတော့ ...။

မေမေ့အချစ်အတွက် ... သူ့အနေကျဉ်းကျပ်လွန်းသည်ဟု ထင်မိသော်လည်း ... အနေကြာလာပါများတော့လည်း ... ရိုးသွားလို့လားတော့မသိ ... နေရတာကျဉ်းကျပ်မနေတော့ချေ။

ဒီလိုပဲ ...

သူ့ဘဝတစ်သက်လုံးဟာ ... မေမေ့အတွက်ပဲ အချိန်တိုင်း ရှိနေလိမ့်မယ်ဟု သူတွေးထင်ထားခဲ့သည်။

သို့သော် ...။

မထင်မှတ်အောင် ... မယုံကြည်နိုင်လောက်အောင် ... မေမေနှင့် ကျွန်တော့်အကြားကို သူမ စတင်ဝင်ရောက်လာချိန်တွင်တော့ ... အရာရာဟာ ... သူမအတွက်သာဖြစ်စေခဲ့လေတော့သတည်း။

ဤနေ့ ...။

ထူးခြားစွာ ကျွန်တော်အိပ်ရာမှ ... အစောကြီးနိုးနေခဲ့သည်။ မေမေကတောင် ... သူ့မနိုးဘဲ နိုးနေသော ကျွန်တော့်အား မြင်လိုက်သဖြင့် ... တအံ့တဩဖြစ်ကာ ...



မျက်နှာလေး ခပ်ပြုံးပြုံးဖြင့် ...

"အမယ်လေး ...ကာလနဂါးလေးနိုးပြီတော့ ... ဘုရားပွင့်တော့မှာပဲ" ဟုပင် ... နောက်နေသေးသည်။ သည့်နောက် ... သူစားရန် နံနက်စာအား အဆင်သင့်ပြင်ပေးပြီး... သူ့အား မျက်နှာသစ်ခိုင်းသည်။

မေမေ့ပုံစံ ကြည့်ရတာ ... ပျာယာခတ်နေပြီး ... အိမ်ရှေ့ထွက်လိုက် ... အိမ်နောက်ဖေး ပြန်ဝင်လိုက်နှင့် အလုပ်တွေ ရှုပ်နေပုံပင် ... အိမ်ဖော်ကောင်မလေးတွေကိုလည်း ... စိတ်မရှည်သလို အော်ငေါက်လိုက်နှင့် ဘာတွေလုပ်နေသလဲမသိ။

"မေမေ ..."

"ဟင် ... ဘာလဲသား"

"သား ... မေမေ့ကို ကြည့်နေတာကြာလှပြီ။ ဘာတွေဖြစ်နေတာလဲ ... ဘာတွေဒီလောက်တောင် အလုပ်ရှုပ်နေရတာလဲ ... ထိုင်ပါဦး မေမေရဲ့"

မေမေ့ပခုံးနှစ်ဖက်အား ... အတင်းဆွဲကာ ... ထမင်းစား စားပွဲတွင် အတင်းထိုင်ခိုင်းလိုက်သည်။ ကျွန်တော့် အပြုအမူလေးကြောင့် ... မေမေသည် နှစ်သက်မြတ်နိုးစွာဖြင့် ကျွန်တော့်ကို တစ်ချက်မျှ စိုက်ကြည့်ပြီး ...

"ဒီနေ့ ...

ဥပုသ်နေ့လေ သားလေးရဲ့။ အဲဒါမေမေ... ဘုန်းကြီးကျောင်းသွားပြီး ... တရားနာပြီး သီလယူမယ်လေကွယ် ... အဲ့ဒါ ... ဆွမ်းချိုင့်ထည့်ဖို့ ပြင်ဆင်

www.burmeseclassic.com

www.burmeseclassic.com



နေတာသားရေ ... အိမ်ကအမိနာကလည်း ... နွေးကွေးလိုက်တာ မပြောပါနဲ့တော့ ... မေမေ့စိတ်နဲ့ဒင်းကတော့ မလွယ်ပါဘူးကွာ”

“သြော် ... ဟုတ်သားပဲ။

သားမေ့နေလိုက်တာ ... ဒီနေ့ ဥပုသ်နေ့ပဲ”

ဒီနေ့က ဥပုသ်နေ့ကို ... ဒါကြောင့် မေမေ့အသံစာစာကို မနက်စောစော ကြားနေရတာပေါ့။ ဒါကလည်း ဥပုသ်နေ့တိုင်း ဖြစ်တတ်တဲ့ အကြောင်းတွေပဲ ... အိမ်မှာခေါ်ထားသော အိမ်ဖော်ကောင်မလေး ... အမိနာက အလွန်လေးလံထိုင်းမှိုင်းသည့်အပြင် ... အလုပ်လုပ်ရာတွင်လည်း အလွန်နှေးကွေးလွန်း၏ ... သို့ပေမယ့် ... မေမေက အမိနာကိုသာ ... လက်ဆွဲထားလေ၏။

အဘယ်ကြောင့်ဆိုသော် ...

အမိနာသည် ... အသားမည်းတူးချိတ်ကာ ... မီးသွေးတောင် အရှုံးပေးရပြီး ... သွားကလဲ ခေါသေး၏။ အဲ့ဒီအချက်ကလေးတွေနှင့်ပင် ... မေမေက အောင့်အီးသည်းခံကာ အလုပ်ခန့်ခဲ့ခြင်းပင်တည်း။

သူက ... အမိနာကို အလုပ်ကထုတ်ပြီး ... တစ်ခြားတစ်ယောက်လောက် ပြောင်းခန့်ပါလား ... ဒါမှ မေမေလည်း အအော်ရသက်သာမှာပေါ့ဟု ... အကြံဉာဏ်ပေးခြင်းကို ... ခါးခါးသီးသီးပဲ ငြင်းဆန်ခဲ့သည်။

အိမ်ဖော်ကောင်မလေး ...

ငယ်ငယ်ရွယ်ရွယ် ... ရုပ်ရည်သန့်သန့်ဆို ...



သားနှင့်နီးစပ်သွားမှာစိုးလို့တဲ့ ... အခုခေတ်မိန်းမတွေက လွယ်တာမဟုတ်ဘူးသားရေဆိုပြီး ... တကြော်ကြော်တအော်အော်နှင့်ပဲ အမိနာကိုသာ ... ဆက်ခိုင်းခဲ့လေသည်။

အခုလည်း ...။

ဖင်ပူအောင်ပင် မထိုင်နိုင် ...။

မီးဖိုချောင်ထဲ ဝင်သွားပြီး ... စိတ်တိုင်းကျဝင်လုပ်နေပြန်သည်။

တစ်ချက် သူအကြံရကာ ...

“မေမေ ...”

“ဟော ... ဘာလဲသား။ ဘာလိုချင်လို့လဲ ...”

“ဘာမှမလိုချင်ပါဘူး ...။ မေမေ အခုဆွမ်းချိုင့်တွေ ထည့်ပြီးပြီလား ...”

“အေးလေ ... ပြီးသွားပြီ ...”

“မေမေ ... အခုသွားတော့မှာလား”

“ဟဲ့ ... ဒီနေ့မှ ထူးထူးဆန်းဆန်း ... လာမေးနေတယ် ကောင်လေးနော် ဘာတွေရှုပ်ရှုပ်ယှက်ယှက်လုပ်မလို့လဲ”

“အဟား ... ဘာမှမလုပ်ပါဘူး။ မေမေ ဥပုသ်စောင့်တာ ... သားပါလိုက်ရင် ကောင်းမလားလို့ စဉ်းစားမိလို့ပါ”

“အောင်မယ် ... ကြီးကြီးကျယ်ကျယ်နဲ့”

“မေမေ ...”

“ပြော ... မင်းက ... ဘုန်းကြီးကျောင်းလိုက်ပြီး ဥပုသ်စောင့်မလို့လား”

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မစောင့်ပါဘူး။ ဘုန်းကြီးကျောင်းမှာ ... ဥပုသ်စောင့်မယ့် ကောင်မလေးချောချောလေးတွေများ ရှိမလားလို့"

"ဟယ် ... ကြည့်စမ်း။

ခွေးကောင်လေး ... ငါကတော့ အကောင်းအောက်မေ့လို့ ... နားထောင်နေလိုက်တာ ... ဒင်းက မနက်စောစောစီးစီး ငါ့ကိုအကုသိုလ်ရအောင် လာလုပ်နေတယ်"

မေမေ စိတ်ဆိုးပြီး ... သူ့ခေါင်းကို လှမ်းခေါက်ပါန်ပြင်လိုက်သဖြင့် ... အသာကလေး ငုံ့ရှောင်ပြီး ... မေမေ့အနားက ပြေးထွက်ကာ ... ရေချိုးခန်းထဲသို့ ဝင်လိုက်တော့သည်။

အပြင်မှာတော့ ...။

တချစ်တောက်တောက်နှင့် သူ့ကိုပြောနေပြီ ... သိပ်မကြာပါ ... အမိန့်ကို တံခါးသော့ ... သေသေချာချာ ခတ်ထားရန် မှာကြားနေသံကိုပါ ကြားရ၏ ...။

ဒါဆို ... မေမေ သွားတော့မယ်ပေါ့။

"သားရေ ..."

"ဗျာ ..."

"ရေအကြာကြီး စိမ်ချိုးမနေနဲ့ဦးနော် ... ဖျားနာနေဦးမယ်"

"ဟုတ်ကဲ့ပါ မေမေရဲ့ ..."

"ရေချိုးပြီး ... ရေမြန်မြန်သုတ်နော် ... အဝတ်အစား



မြန်မြန်လဲနော်သား ... ကိုယ်တုံးချတ်နဲ့လည်း မနေနဲ့ဦး"

"ဟုတ်ကဲ့ပါ ... သားသိပါတယ်"

မေမေကတော့ ... မသွားမချင်း ... တစ်ခုပြီး တစ်ခု မှာနေတော့သည်။ တကယ်ရယ်ရတဲ့မေမေ ... အခုအချိန်ထိ ... သူ့ကို ကလေးလေးတစ်ယောက်လိုပင် ... စိတ်မချနိုင်စွာ ... တတွတ်တွတ် မှာနေတတ်သည်။

အဲဒီလောက်ထိ ...

ကျွန်တော့ကို မေမေ စိတ်ပူတတ်တာ။

မေမေသွားမှပဲ ... သူအေးအေးဆေးဆေး ရေချိုးနိုင်တော့သည် ... စိမ်ပြေနပြေ ချိုးပစ်လိုက်မိသည်။ မေမေသာရှိလို့ကတော့ ... အခုလောက် ရေကြာကြာချိုးလို့ကတော့ ရေချိုးခန်းတံခါးကို ... အပြင်မှတစ်ဒုန်းဒုန်းထုကာ ... အသံကျယ်ကြီးနှင့် ... ကျွန်တော် မထွက်လာမချင်း ... အော်ခေါ်နေတော့သည်။

ကျွန်တော် အပြင်ထွက်လာလျှင်လည်း ...

မေမေက အရပ်ကလေး မမို့တမိနှင့် ... ခြေဖျားကလေးထောက်ပြီး ကျွန်တော့်တစ်ကိုယ်လုံးကို ရေဝိုင်းသုတ်ပေးကာ ... ပွစိပွစိနှင့် ဆူနေတတ်တော့၏။ ကျွန်တော့်ကို အဝတ်အစားများ ကမန်းကတန်း ဝိုင်းဝတ်ပေးနေတတ်တော့၏။

ဒီနေ့မှပဲ ...။

စိတ်လွတ်ကိုယ်လွတ် ... ရေဝဝလင်လင်ချိုးရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ... အားကိုလေး"

ကုလားမ အမီနာ၏ ... စကားမပီတပီ အသံကို ကြားလိုက်ရမှ ... သူ့အတွေးများ ပျောက်ကွယ်သွားရတော့သည်။

"အစ် ... ကို ... လေး"

"ဘာလဲဟာ ... အရေးထဲ နင်ကတစ်မျိုး"

ရေချိုးခန်းထဲမှ ... သူအော်နေမိသည်။

"မေမေကြီးက ... ရေအကြာကြီး မချိုးနဲ့လို့ မှာတွားတယ် ... အစုအရမ်းကြာနေတယ် ... အစ်ကိုလေးရဲ့"

"... ... ..."

"အစ်ကိုလေး ... မြန်မြန်ထွက်ပါတော့ ... အစ်ကိုလေးဖျားရင် ... အမီနာ့ကို ... မေမေကြီး ဆူလိမ့်မယ် ... မေမေကြီးအကြောင်းလဲ ... အစ်ကိုလေး ... သိရဲ့သားနဲ့"

အမီနာ့အသံကြောင့် ... ကျွန်တော် ရေချိုးခန်းထဲမှ ထွက်ခဲ့မိသည်။ တော်တော်စိတ်ညစ်ဖို့ကောင်းတယ် ... တစ်ရက်တလေလေး မေမေမရှိလို့များ ... အေးအေးနေရမလားမှတ်တယ်။

ဟင်း ...။

တကယ့်ကို စိတ်ညစ်ရပါလားနော် ...။

စိတ်တိုတိုနှင့် အမီနာ့ကို ဖိမဲလိုက်မိ၏။

"အမီနာ ... နင်ကတစ်မျိုး ... မေမေ မရှိလို့ လွတ်လွတ်လပ်လပ် ... အေးအေးဆေးဆေး နေရမလား



မှတ်တယ် ... ဟွန်း ... ငါမပြောလိုက်ချင်ဘူး"

အမီနာသည် ... မျက်နှာငယ်ကလေးနှင့် ကျွန်တော့်ကိုကြည့်ပြီး ...

"စိတ်မရှိပါနဲ့အစ်ကိုလေးရယ် ... အစ်ကိုလေး တစ်ခုခု ဖြစ်တယ်နော် ... မေမေကြီး စိတ်ဆိုးမယ် ... မေမေကြီး စိတ်ဆိုးတယ်နော် ... အမီနာ အလုပ်ပြုတ်မယ်။ အမီနာ အလုပ်ပြုတ်မှာ အားကြီးစိုးတယ် ... အစ်ကိုလေး ... အမီနာ့ ရုပ်ကိုနော် ... ဘယ်အလုပ်ရှင်ကမှ လက်မခံဘူး ... မေမေကြီးပဲ အားကိုးရာရှိတယ် .. အမီနာ့ကိုနော် မေမေကြီးတစ်ယောက်တည်းပဲ ... အလုပ်ခန့်တယ် ... အမီနာ ထမင်းမငတ်ပါရစေနဲ့ ... အစ်ကိုလေး"

"အောင်မယ်လေးဗျာ ... အရစ်ရှည်လိုက်တာ ... သွားတော့ ... သွားတော့ ... ငါလည်းရေချိုးလို့ပြီးပြီ ... နင်အလုပ်လုပ်စရာရှိတာ သွားလုပ်တော့"

"ဟုတ်ကဲ့ ... အစ်ကိုလေး"

ခေါင်းကလေးငုံ့ပြီး ... ကျွန်တော့်ရှေ့မှ ခပ်ကုတ်ကုတ်လေး ထွက်သွားသော အမီနာ့ကိုကြည့်ပြီး ... ခေါင်းကို ခါယမ်းလိုက်မိတော့သည်။

အမီနာပြောတာလဲ မှန်နေတာပဲ ...

သူ ကမန်းကတန်း ... ရေသုတ်ကာ အဝတ်အစားလဲလိုက်သည်။ ဒီနေ့ ... သူအလုပ်နားမယ်ဟု ဆုံးဖြတ်ထားမိသည်။ အေးအေးဆေးဆေး အနားယူလိုက်ဦးမည်။

အလုပ်တွေနှင့်သာ အချိန်ပြည့်ရှိနေတတ်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်လျှင်လည်း ... မေမေ့ တစ်ခုတည်းသော စည်းကမ်းချက်များနှင့်သာ ... ကျွန်တော့်ဘဝ ရပ်တည်ရှင်သန်လာခဲ့ရ၏။ ကျွန်တော့်ဘဝက တကယ့်ကို ဗိုင်းကောင်းကျောက်ဖိဘဝ ...။

မေမေဟာ ... သားယောကျ်ား မွေးထားပေလို့။ သမီးမိန်းကလေးသာ မွေးမိလို့ကတော့ ... ဤမိန်းကလေးဘဝသည် မတွေးရဲလောက်အောင် ... မွန်းကျပ်ပိတ်လှောင်နေမှာပဲ။

ငယ်စဉ်လေးတည်းက ... ကျောင်းနှင့်အိမ်။ အိမ်နှင့်ကျောင်း ... ကလွဲ၍ ဘယ်မှ မသွားရ ...

မလည်ပတ်ခဲ့ရ ...။

သွားချင်လျှင်လည်း မေမေ ... နောက်ကတစ်ကောက်ကောက်လိုက်ရမှသာလျှင် သွားရပြီး ...

သူငယ်ချင်း အပေါင်းအသင်းတွေနှင့် တစ်ပျော်တစ်ပါး သွားရသည်ဟူ၍ တစ်ခါမျှမရှိခဲ့ ...။ ကျောင်းပြေးဖို့ဆိုတာ ... ဝေလာဝေးပဲ ...။ ကျောင်းမတက်မခြင်း ... ခေါင်းလောင်းမတီးမခြင်း ... မေမေ ကျွန်တော့်အနားက လုံးဝမခွာ ကျောင်းတက်လို့ ခေါင်းလောင်တီးမှ ... ကျွန်တော်ဝင်သွားလို့ အခန်းထဲရောက်ပြီဆိုမှ ... မေမေ အိမ်ပြန်တော့သည်။ ညနေကျောင်းဆင်းချိန်ဆိုလျှင်လည်း ... အစောကြီးတည်းက လာထိုင်စောင့်ကာ ... ကြိုတတ်၏။

ဒါဟာ ...။

ငယ်စဉ်မပြတ် ... ပြုလုပ်ခဲ့တဲ့ မေမေ့ရဲ့ ဝတ္တရားကြီးတစ်ခုပင်တည်း။



တစ်ခါတလေတော့လည်း ...။

မေမေလုပ်ရပ်အတွက် စိတ်ပျက်မိသလို ... တစ်ခါတလေလည်း ဤမျှလောက် ပူပင်တတ်မှုကို ကျွန်တော် သနားမိသည်။

ကျွန်တော့်ကို မေမေ အရမ်းချစ်သည်။

သို့သော် ... မေမေ့အချစ်သည် ... အလွန်အတ္တကြီးလှေသည်။

~~~

ကျွန်တော့်ဘဝကို အကြီးကျယ်ဆုံး ပြောင်းလဲသောနေ့တစ်နေ့ ... ကျွန်တော့်အိပ်မက်များကို လန့်နိုးစေသောနေ့တစ်နေ့ ... ကျွန်တော့်နှလုံးသားများကို ကိုင်လှုပ်ခံလိုက်ရသော နေ့တစ်နေ့ကို ပြပါဆိုလျှင် ... မဆိုင်းမတွပင် ကျွန်တော် ဖြေဖြစ်ပါမည် ...။

တကယ့်ကို မှတ်မှတ်ရရပါပဲ ...။

အဲ့ဒီ နေ့က ...။

ဒီဇင်ဘာ(၃၁)ရက်၊ ၁၉၉၈–ခုနှစ်၊ **Happy New years** နေ့ကလေးပဲပေါ့။

သူမကို ပထမဆုံးအကြိမ် ... မယုံကြည်နိုင်လောက်အောင် ဆုံတွေ့လိုက်ရသော ... အချိန်ပိုင်းလေး။ အသက်ရှုရပ်ကာ ... သူ့သွေးသားများ ရပ်ဆိုင်းသွားမတတ်ဖြစ်သွားရပြီး ...' နောက်ပိုင်းတွင် ကျွန်တော် သူမကို မတွေ့

www.burmeseclassic.com
~~~

www.burmeseclassic.com



တွေ့အောင် ကြိုးစားစေနိုင်တော့မည့် အဖြစ်အပျက်ကလေး တစ်ခုပဲ။ ကျွန်တော့်ဘဝ ကံဆိုးခြင်းလား ... ကံကောင်းခြင်း ပဲလား ... သူမကို လှစ်ခနဲ စတင်မြင်တွေ့လိုက်ရသည့် အချိန်ကလေးမှစ၍ ... ကျွန်တော့်စိတ်အစဉ်ဟာ သူမကလေး ထံတွင်သာ ကပ်ပါငြိတွယ်သွားရတော့သည်။

တိုက်ဆိုင်ခြင်းတစ်ခု ...

သူငယ်ချင်းမောင်မောင်၏ ... အိမ်တက်မင်္ဂလာ ဖိတ်ခြင်းကိုသွားရန် ကျွန်တော် ... အခန်းအပြင်သို့ ထွက်မည် အပြု ... တံခါးကို ဆွဲဖွင့်လိုက်ချိန်တွင် ... ကျွန်တော့်နည်း တူ ... ကျွန်တော်နှင့်ထပ်တူ အရှေ့အခန်းမှ ... အသက်(၅၀) အရွယ် အမျိုးသမီးကြီးတစ်ဦး ... ဈေးခြင်းကြီးကိုဆွဲကာ အပြင်သို့ ထွက်လာသဖြင့် ... ကျွန်တော် အပြင်သို့မထွက် သေးဘဲ ... ခဏရပ်လျက် နေမိသည်။ ထိုမိန်းမကြီး၏ ခန္ဓာ ကိုယ်ကြီးမှာ အတော့်ကို ဝလွန်းသည့်ကံတစ်ကြောင်း ... ဆွဲခြင်းကြီး ဆွဲထားခြင်းကတစ်ကြောင်း ... ထို့အပြင် ... လှေကားထိပ်နေရာသည် ... အနည်းငယ် ကျဉ်းမြောင်းနေ သည်ကတစ်ကြောင်း ... ထိုအမျိုးသမီးကြီး တစ်ယောက်တည်း နှင့် ပြည့်ကျပ်နေ၏။

အတွင်းတံခါးမကြီးကို အတွင်းမှ လော့ချကာ ပြင်ဘက်ရှိ သံပန်းတံခါးကြီးကိုပိတ်ကာ သော့ခတ်နေ၏။

ထိုမိန်းမကြီးကိုကြည့်ပြီး ... ကျွန်တော်ပြုံးမိသည်။

ဘေးလူတစ်ယောက် စောင့်နေပါလားဟု ... နည်းနည်းကလေးမှ စဉ်းစားမိပုံမရ ... သူမပိုင်လှေကားများ



အောက်မေ့နေသလား မသိ ... ခပ်အေးအေးဆေးဆေးပဲ ... သူမအလုပ်ပဲ ပြီးစီးအောင် လုပ်နေသည်။

သော့တွဲကြီးကိုကိုင်ပြီး ... သော့များကို သေသေ ချာချာ စစ်ဆေးနေပြန်သည် ... သူမစိတ်တိုင်းကျပြီဆိုမှ အောက်ထပ်သို့ ဆင်းဟန်ပြင်၏။

'ဟောတော့ ... မေ့သွားပြန်ပြီ'ဟု ညည်းတွား ကာ ... သော့ချောင်းများထဲက အတွင်းသစ်သားတံခါးကြီးကို ပြန်ဖွင့်ပြန်၏။

ကျွန်တော် ...

ထိုမိန်းမကြီးလုပ်သမျှ ... စိတ်ဝင်တစား လိုက် ကြည့်နေမိသည်။ တကယ့်ကို ရယ်စရာကောင်းတဲ့ မိန်းမ ကြီးပဲ ...

ကျွန်တော့် ...

အရှေ့ခန်းတွင် ဤမျှ ... ရယ်စရာကောင်းသော အလွန်သတိမေ့တတ်သော ... ဘယ်သူမှ ဂရုမစိုက်ဘဲ မိမိ လုပ်ချင်တာသာ လုပ်တတ်သော ... မိန်းမကြီးတစ်ဦး ရှိနေ မှန်း ... ဒီနေ့မှာပင် ကိုယ်တိုင်တွေ့လိုက်ရလေသည်။

သစ်သားတံခါးကို တွန်းရုံသာသာကလေး ဖွင့် လိုက်ပြီး ... အိမ်ထဲသို့ ထိုမိန်းမကြီးနည်းတူ လိုက်ကြည့်လိုက် မိသော အချိန်တွင်တော့ ...

ကျွန်တော် အရမ်းကို အံ့ဩသွားရပြီ...။

အရမ်းကို မှင်တက်သွားရချေပြီ ... တစ်လော ကလုံးကို မေ့မျောကာ ... ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီး

www.burmeseclassic.com

www.burmeseclassic.com



မွေးညင်း ထသွားရသည်။

ဘုရားသခင် ...။

ကြည့်စမ်း ... ကျွန်တော် အရှင်လတ်လတ်ကြီးနှင့် သေဆုံးသွားသော လူတစ်ယောက်လို ခံစားလိုက်ရပြီး... ရေခဲရိုက်ခံထားရသော အသားတုံးတစ်တုံးလို တောင့်တောင့်ကြီး ဖြစ်နေတော့သတည်း။

ကျွန်တော့်မျက်လုံးတွေက ...

အံ့ဩမှု ... မယုံကြည်နိုင်မှု ... တို့နှင့်ပြည့်နှက်လို့။

ကျွန်တော် ...။

ဘယ်လိုမှ ထင်မှတ်မထားခဲ့မိသော ... ကျွန်တော့် ပတ်ဝန်းကျင်၌ ဤမျှလောက် စိတ်ဝင်စားစရာကောင်းသည့် အခြေအနေမျိုး ရှိနေလိမ့်မည်ဟု ဘယ်တုန်းကမှ စဉ်းစားမရခဲ့။

ကျွန်တော် မြတ်နိုးမိသည့် ဆံနွယ်ရှည်ကြီးများ။

ခွေးခြေခုံလေးပေါ် ... မတ်တပ်ရပ်ကာ ... ကြက်မွေးတံမြက်စည်းကလေးနှင့် နံရံပန်းချီကားချပ်ကလေးများကို ... ဖုန်ခါနေသော ... မိန်းကလေးတစ်ယောက်။ နောက်ကျောဘက်သာ မြင်ရပေမယ့် ... ကျွန်တော့်မျက်ဝန်းတွေက ... သူမလေးထံမှ ခွာလို့မရ ... ကျွန်တော်သိပ်မြတ်နိုးတန်ဖိုးထားသော ... မေမေ့ကဲ့သို့ ရှည်လျားသန်စွမ်းနက်မှောင်သော ... ဆံနွယ်ရှည်ကြီးများကို သူမကလေးထံတွင် တွေ့လိုက်ရလေသည်။

သူမရဲ့ ခြေသလုံးသား ဝင်းဝင်းကလေး တစ်ဝက်လောက်မက သူမရဲ့ ဆံနွယ်ကြီးများက ဖြာကျနေပြီး။



ကျွန်တော့်စိတ်ကို ငေးမောသွားစေသော ... သူမရဲ့ သွယ်လျလျခြေဖဝါးကလေး ...။ သူမရဲ့ တဒင်္ဂတွေ့ဆုံမှုကလေးမှာပင် ... သူမရဲ့မျက်နှာကလေးကို မြင်တွေ့ချင်စိတ်က ထိန်းချုပ်မရတော့ ...။

နမြောစရာကောင်းသည်က ... အမျိုးသမီးကြီးက 'ယဲ ... သမီးရေ ... အိမ်နောက်ဖေးမှာ ... ရေနွေးအိုးတင်ထားတာ ကြည့်လိုက်ဦးနော်' ဟုမှာပြီးသည့်နောက် ... သစ်သားတံခါးကြီး ဂုန်းခနဲဆွဲပိတ်ကာ ... သော့ခတ်သွားတော့၏။

ဘေးမှာရပ်ကြည့်နေသော ... ကျွန်တော့်ထံတစ်ချက်မျှ စောင်းငဲ့ကြည့်ကာ ... ခပ်တည်တည်ကြီးနှင့် အောက်သို့ဆင်းသွားလေတော့သည်။

ကျွန်တော် စိတ်မကောင်းပါ ...။

ဤမိန်းကလေး၏ ရုပ်သွင်ကို ... ကံဆိုးစွာ ကိုယ်မတွေ့လိုက်ရပါ။ သူမ၏ နောက်ကျောကလေးသာ မြင်လိုက်ရသည့် ... အတွက် ကျွန်တော့်ကိုကျွန်တော် အားမလိုအားမရလည်း ဖြစ်မိပါသည်။ သေချာသည်ကတော့ ကျွန်တော်ဟာ ... မဖြစ်မနေ သူမကို တွေ့အောင် ကြိုးစားတော့မည်ဖြစ်သည်။

"ဟောတော့ ... နေ အခုအချိန်ထိ မသွားရသေးဘူး။
တံခါးကြီးဖွင့်ပြီး ဘာတွေစဉ်းစားနေတာလဲ ...
ဒီနေ့ မောင်မောင့်အိမ်တက်ဆွမ်းအလှူ ရှိနေတယ်ဆို
မသွားသေးဘူးလား"

ဘယ်လောက်တောင် သူမအကြောင်း စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



မိသွားသလဲဆိုရင် ... ကျွန်တော့်အနောက်သို့ မေမေ ရောက်လာတာတောင် မသိလိုက်ဘူး ... အဲဒီလောက်အထိ ... ကျွန်တော့်စိတ်ကူးကို သူမက ဖမ်းစားထားနိုင်တာ။ မေမေ့ရူးစမ်းသော မျက်ဝန်း ... မသက်သာတဲ့ အကြည့်များနှင့်အတူ ... ကျွန်တော့်ကို ကြည့်နေသည်။

"သွားမလို့ပဲ မေမေ ... စောစောက လေးလွှာကအမျိုးသမီးကြီး နှစ်ယောက်သုံးယောက်လောက်က ... အထုပ်တွေသယ်ပြီး ဆင်းလိုက်တက်လိုက် လုပ်နေလို့ ... သားခဏစောင့်နေတာ"

သွားပြီ ...။

ကျွန်တော် ပထမဦးဆုံး မေမေ့ကို လိမ်ညာပြောမိလိုက်သည် ... ဘာကြောင့်နှင့်မှ ... ကျွန်တော့်ဘဝတစ်သက်တာတွင် ... မေမေ့အပေါ် တစ်ခါတလေမျှ လိမ်ညာခြင်းမရှိခဲ့ဖူးသော ကျွန်တော်။

မေမေ့ယုံကြည်မှုကို ပထမဆုံးအကြိမ် ...

အလွဲသုံးစားလုပ်ကာ ... ကျွန်တော် လိမ်မိလေသည့်အတွက် ကျွန်တော် စိတ်မကောင်းတော့ ဖြစ်မိသည်။

"ဟုတ်လား ... အခု ပြီးသွားပြီနဲ့တူတယ် ... သွားတော့လေ ... သားလေး ... သွားတော့"

"ဟုတ်ကဲ့မေမေ ... သားသွားတော့မယ်နော်"

"အေး ... အေး"

"မေမေ ... တာ့တာ"

"တာ့ ... တာ ... သားလေး။ လမ်းကိုကြည့်သွားနော်



သား ... ဂရုစိုက်နော်သား"

"စိတ်ချ ... မေမေ"

မေမေ့ကို နှုတ်ဆက်၍သာ ထွက်ခဲ့ရသော်လည်း ကျွန်တော့်စိတ်အစဉ်သည် ... လှစ်ခနဲတွေ့လိုက်ရသော ... 'ယံ'ဟု တစ်လုံးသာသိလိုက်ရသော ... ထိုမိန်းကလေးထံ၌သာ ကျန်ရစ်ခဲ့လေသည်။

အောက်ရောက်သော်လည်း ... ကျွန်တော်ကားဆီမသွားနိုင်သေးဘဲ သူမကလေးရှိလောက်မည်ဟု ... မျှော်မှန်းကာ ... သုံးလွှာထပ်ရှိ ပြတင်းပေါက်ကလေးဆီသို့ မော့ကြည့်လိုက်မိသေး၏။ ကျွန်တော်စိတ်ကူး လက်တွေ့တွင် ဖြစ်မလာပါ ... သူမကလေးအစား ... ကျွန်တော့်ကိုချစ်သော မေမေက ... ငုံ့ကြည့်လျက် လက်ပြနှုတ်ဆက်တာသာ ကျွန်တော် တွေ့လိုက်ရပါသည်။

ကျွန်တော့်ရင်ထဲတွင် ထိုအချိန်မှစတင်၍ ... အစိုင်အခဲတစ်ခု ဖြစ်နေခဲ့ပြီး ... သူမရဲ့မျက်နှာကလေးကို မြင်လိုစိတ်များ ... ပြင်းပြစွာ ရှိနေခဲ့သည် ... ထိုအဖြစ်အပျက်သည် ကျွန်တော့်ဘဝတွင် အထူးခြားဆုံး ပြောင်းလဲမှုတစ်ခု ဖြစ်စေခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်ကြီး ... နေ ... စားလေကွာ ... ဘာတွေ တွေးပြီး ငိုင်နေရတာလဲ"

မောင်မောင့် အသံကြားမှ ... သူသတိပြန်ဝင်လာရပြီး ... ရှက်ကိုးရှက်ကန်းဖြင့် ...

"မတွေးပါဘူးကွာ ... စားပါတယ်"

"ဘာလဲ ... ငါ့အမေလက်ရာ မကောင်းလို့လား ..."

"ဟာ ... မဟုတ်ပါဘူး။ အန်တီချက်တာ ... ကောင်းပါတယ် ... ငါသိပ်မဆာသေးလို့ ဖြစ်မှာပါ"

"နေ ..."

"ဘာလဲ ... မောင်မောင်"

"မင်းကိုကြည့်ရတာ ... တစ်ခုခုတော့ ဖြစ်နေတယ်။ မညာစမ်းပါနဲ့ကွာ ... မင်းအကြောင်း ငါအသိဆုံးပါ၊ ဟုတ်တယ်မို့လား ... ပြောကွာ 'နေ' ... ငါ့ကိုမှမပြောရင် မင်း ဘယ်သူ့ကို ပြောမှာလဲ"

မောင်မောင့်စကားကြောင့် ကျွန်တော်နည်းနည်းတော့ စဉ်းစားမိသလို ဖြစ်သွားရတယ်။ မောင်မောင့်ကို ပြောလို့ဖြစ်မလား ... သူမအကြောင်းကို ... မောင်မောင်သာ သိသွားရင် ...။

ဟာ ...။

မဖြစ်သေးပါဘူး။



မောင်မောင်သိသွားရင် ... မေမေ့ကို သွားပြောလို့ ဒုက္ခတွေ ရောက်ကုန်ဦးမည်။ နောက်ပြီး ... သူ့အကြံဉာဏ်တွေသိရင်လည်း ဝိုင်းလှောင်ကြမှာပဲ ...။

"ဟော့ကောင်ကြီး ... ဟာ ... ဒီကောင် ဒီနေ့ အရမ်းကိုထူးခြားလာတယ် ... ကြည့်စမ်း ... ငါ့ကိုပြောပြဖို့တောင် ဝန်လေးနေပြီဆိုတော့ ... မဟုတ်မှလွဲရော ... ဒီကောင် ကောင်မလေးတစ်ယောက်ကို ငြိလာပြီထင်တယ်"

"ဟာ ... မဟုတ်ကဟုတ်က။ ငါ့အမေအကြောင်းလည်း သိရဲ့သားနဲ့ ... ဘယ်ကောင်မလေးကမှ ငါ့ကိုကြိုက်မှာမဟုတ်ဘူး"

"ဘာမှမဟုတ်လည်း ... မင်းကပျော့ပျော့ရွှင်ရွှင်နေမှပေါ့ကွ ... အခုမင်းရုပ်က ကောင်မလေးတစ်ယောက်ပစ်သွားလို့ လဒမိုင် မှိုင်ပြီး ကျန်နေတဲ့ရုပ်နဲ့ ..."

"သေတော့ကွာ ... မင်းပြောမှပဲ ... ငါ့ရုပ်ကိုမှန်ထဲ ပြန်ကြည့်ရမလို ဖြစ်နေပြီ ..."

သူ့စကားကြောင့် ... မောင်မောင် တဟားဟား အော်ရယ်တော့သည်။ အခုမှ သူအသက်ရှူချောင်သွားရ၏။ တကယ့်ကို မလွယ်ပါလားနော် ...။

ဟူး ...။

သက်ပြင်းမောကြီးကို မသိမသာ မှုတ်ထုတ်လိုက်ရ၏။

မောင်မောင် ...။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အရမ်းကိုသတိထားရမည် ... အဘယ်ကြောင့်ဆိုသော် မောင်မောင်သည် ... အလွန်ပါးစပ်သရမ်းပြီး ... လုံးဝနှုတ်လုံတဲ့အကောင် မဟုတ်ပေ။ အဆိုးဆုံးက... မေမေ လုံးဝသိလို့မဖြစ် ... မေမေသာ ဒီလောက်လှပတဲ့ မိန်းကလေး ... သူမအရှေ့အခန်းတွင် ရှိသည်ကိုသာသိလျှင် ချက်ချင်းပင် ဤအိမ်ခန်းမှ ပြောင်းရွှေ့တော့မည်မှာ မလွဲချေ။ ကျွန်တော့်အတွက် ... တစ်ခုသော ကံကောင်းမှုကတော့ ... မေမေသည် ပတ်ဝန်းကျင်နှင့် သိပ်ပတ်သက်မှုမရှိသလို ... သူမကို ကြည့်ရတာလဲ ... အိမ်ထဲ၌သာ တစ်ချိန်လုံးနေတတ်ပြီး ... အပြင်အသွားအလာ နည်းခြင်းပင်ဖြစ်မည်။

ဒါကြောင့် ...။

သူမရှိနေတာ မေမေလုံးဝသိပုံမရ ... တစ်ခါမျှလည်း ပြောသံမကြားရချေ။ အရင်ကဆို ... အိမ်သို့ပြန်လာရမှာ အရမ်းကို ဝန်လေးမိသလောက် ... အခုတော့ ... အိမ်ကိုသာ ခပ်မြန်မြန် ရောက်စေချင်နေမိတော့၏။ မေမေ့စည်းကမ်းဘောင်ကြီးနှင့် တိုးရမှာလည်း မကြောက်နိုင်တော့ချေ။

ကျွန်တော် အရမ်းအံ့ဩမိတာက ...

ဤမျှ အစွမ်းထက်သော မိန်းကလေး၏ ... ကျွန်တော့်အပေါ် ညို့ယူဖမ်းစားနိုင်မှုသည် အံ့မခန်းပင် ဖြစ်တော့သတည်း။ ကျွန်တော်ဟာ ... လှစ်ခနဲတွေ့လိုက်ရသော သူမကလေး၏ ဆံပင်ရှည်ရှည်ထူထူကြီးရယ် ... ဖြူစင်နေသော သူမရဲ့ ပြည့်တင်းတင်း ခြေသလုံးသားကလေးရယ် ... နောက်ပြီး ... ပန်းသွေးရောင် ပြေးနေတဲ့ သူမရဲ့ခြေဖနောင့်



ကလေးကို တွေ့ခဲ့ရပြီးကတည်းကပင် ... ဘာ့ကြောင့်မှန်းမသိ ... သူမနှင့် နောက်တစ်ကြိမ် ဆုံရဖို့ အရမ်းကိုမျှော်မှန်းမိသည်။

သူမကြောင့် ...

ကျွန်တော် အားလုံးကို လိမ်ညာမိခဲ့ရသည်။ အရာရာကို စိုးရိမ်လာတတ်ခဲ့ရသည်။ ရင်ဆိုင်ရဲမှုများက တမဟုတ်ချင်း ကျွန်တော့်ဆီကို ရောက်လာခဲ့ပြီး ... သူမကို တွေ့မြင်ရဖို့ ... မဖြစ်မနေ ကြိုးစားတော့မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

သူမကို တွေ့ရဖို့ ...။

ကျွန်တော့်၏ ... ပထမဆုံး ခြေလှမ်း။

ဒီနေ့ ...

ဥပုသ်နေ့။ မေမေ ဘုန်းကြီးကျောင်းသွား၍ ... သီလယူမည်ဆိုတော့ ... အိမ်မှာ ကျွန်တော်နှင့်ကုလားမလေး အမီနာသာ ကျန်ခဲ့မည်။ ဒါဟာ ... ကျွန်တော့်အတွက် ... အခွင့်အရေးကောင်း တစ်ရပ်ပဲ။ လုံးဝလက်လွှတ်ခံလို့မဖြစ်။

မေမေနှင့် ပြဿနာမဖြစ်အောင် ...

မေမေ့သဘောကျ မနက်စောစော အိပ်ရာမှထ ပြီး၍ ... မေမေ့ရှေ့တွင် ရေကိုအချိန်ကြာကြာ မချိုးဘဲ ... ခပ်မြန်မြန်ချိုးပြီး အဝတ်အစားကို ... ကမန်းကတန်း လဲပြလိုက်၏။ ဒါမှ ... မေမေ ကျွန်တော့်ကို စိတ်ချလက်ချနှင့် ခပ်စောစော ဘုန်းကြီးကျောင်း သွားမှာလေ။

ကျွန်တော့်လုပ်ရပ်များကိုကြည့်ပြီး ...



"ဘယ်ဆိုးလို့လဲ ... ဒီနေ့တော့ ... ငါ့သားလေးက မေမေတစ်ခွန်းမအော်ရတော့အောင် ... အားလုံးမေမေ့ စိတ်တိုင်းကျ လုပ်ထားတယ်"

"အပြား ... သိနေတယ်လေ။

မေမေ့သား နေမင်းညိုပဲဟာ ..."

"ဟုတ်ပါပြီတော် ... အဲ့ဒီလိုပဲ။ တစ်သက်လုံးမေမေ့ ဆန္ဒအတိုင်း နေပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်"

"မေမေကလဲ ..."

သူမအလိုသာ ... မေမေသိပြီး ကျွန်တော့်ဆန္ဒကို တော့ မေမေ လျစ်လျူရှုထား၏။

"မေမေ ... သွားတော့မလို့လား"

"အေး ... သွားတော့မယ်လေ ... သားဘာပြောချင် လို့လဲ"

"ဘာမှမပြောပါဘူး ... မေမေ လမ်းသွားရင် ဂရုတစိုက်, သွားနော် ... ချော်လဲနေဦးမယ်"

"အမယ်လေးတော် ... ဒီနေ့မှ ထူးထူးဆန်းဆန်း ... ကျူပ်သွားနေကျပါတော် ..."

"ဟာ ... မေမေကလည်း။ သားက စိုးရိမ်လို့ပြောတာ ပါ ... သားမှာ ဒီအမေတစ်ယောက်တည်းရှိတာ ... စိတ်ပူတာပေါ့ ... အဖော်အဖြစ် ... အမီနာ့ကိုပါ ခေါ် သွားပါလား"

"ရပါတယ်သားရယ် ... ငါ့သားရဲ့စေတနာကို မေမေ သိပါတယ် .. အမီနာ့ကို ခေါ်သွားလို့ မဖြစ်သေးပါဘူး

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ သန့်ရှင်းရေး လုပ်ရမှာတွေက အများကြီးရယ် စိတ်မပူပါနဲ့ သားရယ် မေမေ တစ်ယောက်တည်းသွားလို့ ဖြစ်ပါတယ် ... ကဲ ... ကဲ ... မေမေ သွားတော့မယ်နော်”

“ဟုတ်ကဲ့မေမေ ...”

အမိနာ့ကိုပါ တစ်ခါတည်း ပ,ထုတ်ဖို့ ကြိုးစားမိ၏ ... မဖြစ်သေးပါဘူး ... အမိနာရှိလျှင် ကျွန်တော်အလုပ်လုပ်လို့ ရမှာမဟုတ် ... မေမေကတော့သွားပြီ ... အမိနာက မေမေ့လူ ... မေမေ အလုပ်ကထုတ်ပစ်မှာ သေမလောက်ကြောက်သူ ... ပြန်ပြောမှာ သေချာ၏။

ဒီတော့ ...။

သူ့ကိုရော ကျွန်တော်ဘယ်လိုပ,ထုတ်ရကောင်းမလဲ။

ဟာ ... ဟုတ်ပြီ။

ကျွန်တော့်ဦးနှောက်ထဲသို့ အကြံတစ်ခု ပေါ်လာ၏ ... ကျွန်တော် ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ပြီး ... အိမ်နောက်ဖေး မီးဖိုချောင်ထဲသို့ ကျွန်တော်ဝင်သွားလိုက်သည်။

“အမိနာ ... အမိနာ”

“ရှင် ... အစ်-ကိုလေး”

“ငါ နင့်ကို ... တစ်ခုဝယ်ခိုင်းမလို့ ... လာဦး”

“ဘာဝယ်ခိုင်းမို့လဲ ... အစ်-ကိုလေး”

“ငါ့ကို စီးကရက်တစ်ဘူးလောက် သွားဝယ်ပေးစမ်း”

“မဖြစ်ဘူးထင်တယ် အစ်-ကိုလေး”



“ဘာ ... ဘာလို့မဖြစ်တာလဲ”

“မေမေကြီးက ... သူအပြင်သွားရင် အမိနာ့ကို ... ဘယ်မှမထွက်ဖို့ မှာထားတယ် ... အစ်ကိုလေးကို ကြည့်ထားရမယ်တဲ့ ... အစ်-ကိုလေး”

“ဟာ ... အရေးထဲ။ သွားစမ်းပါဟာ ... ပါးစပ်ချဉ်လို့ပါ ... ဪ ... ဒါနဲ့ ... နင့်အဖေ နေမကောင်းဘူးဆို ... နင်ဆေးဖိုးလေးဘာလေး သွားမပေးဘူးလား”

“ဟုတ်တယ်အစ်-ကိုလေး ... အမိနာ့အဖေ နေမကောင်းဘူးနော် ... အမိနာ သိပ်သနားတယ် ... ဆေးကုပေးချင်တယ် အစ်-ကိုလေး ... ဒါပေမယ့် အမိနာ့မှာပိုက်ဆံမရှိဘူးလေ ... မေမေကြီးကိုလည်း အမိနာ အားနာပါတယ် ... လခတွေ ကြိုထုတ်ပေးထားတာ မနည်းတော့ဘူး”

အမိနာ့ကိုကြည့်ပြီး ... ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။

“ကဲ ... ဒါဆိုရော့။

နင့်အဖေကို ဆေးဖိုးသွားပေးလိုက် ... ငါ့အတွက်လည်း စီးကရက်တစ်ဘူးဝယ်ခဲ့ ... မြန်မြန်ပြန်လာနော် သိပ်မကြာစေနဲ့”

“ဟာ ... အားနာစရာကြီး။ အမိနာ မယူပါရစေနဲ့ ... နောက်ပြီး မေမေကြီး သိသွားရင်လည်း မလွယ်ဘူး... အမိနာကြောက်တယ်”

“ယူစမ်းပါဟာ ... မေမေ မသိစေရဘူး။ ငါ့ကိုနင် ...

www.burmeseclassic.com

www.burmeseclassic.com



ဒီပိုက်ဆံယူတဲ့အတွက်လည်း ပြန်ဆပ်စရာမလိုဘူး ... ရော ... နင့်အဖေကျန်းမာရေးက အရေးကြီးတယ် ... သွားပေးလိုက်”

“ကျေးဇူးပါပဲ အစ်–ကိုလေးရယ် ... ဒါဆို အမီနာသွားပေးလိုက်ဦးမယ်နော် ...”

“အေး ... အေး”

အမီနာ့ကို မနည်းပ,ထုတ်နေရ၏။

ဟူး ...။

တော်ပါသေးရဲ့ ... အဆင်ပြေသွားလို့။ အမီနာထွက်သွားမှပင် ကျွန်တော် အသက်ကို ရဲရဲရှူရဲတော့သည်။

“ကဲ ... ယံဆိုတဲ့ အမိကလေး။ မင်းအတွက် ... ငါ ဘယ်လောက်စိတ်မောရသလဲ ... မင်းမျက်နှာလေးကို ငါမြင်တွေ့ခွင့်ရဖို့အတွက် ငါဘယ်လောက်ကြိုးစားရသလဲဆိုတာ ... မင်းကတော့ သိမှာမဟုတ်ပါဘူး”

ကျွန်တော် တစ်ယောက်တည်း စကားတွေပြောနေမိ၏ ... ကျွန်တော့်မျက်ဝန်းတွေထဲတွင်တော့ ... နက်မှောင်ထူထဲသော သူမရဲ့ ဆံနွယ်ရှည်ရှည်ကြီးတွေ ... ပြီးတော့ ... သူမရဲ့ ခြေသလုံးသား ဝင်းဝင်းကလေး ... နောက်ပြီး ... သူမရဲ့ပန်းသွေးနုရောင်သန်းနေသော ခြေဖနောင့်ကလေးတစ်စုံ။

ဘယ်လောက်များ ထူးဆန်းလိုက်သလဲ ...။

အဲ့ဒီ ... အချိန်ကစပြီး ... သူမကို မဖြစ်မနေ ထပ်တွေ့ဖို့ ကျွန်တော် ... တစ်ချိန်လုံး စိတ်အာသီသ ပြင်းပြခဲ့၏။



ကျွန်တော့် စိတ်ထဲတွင် ...

သူမရဲ့ မျက်နှာလေးကို ပုံဖော်နေမိသည်။ ကျွန်တော့် စိတ်ကူးယဉ်ကမ္ဘာလေးထဲတွင် သူမကလေးသာ ... အစဉ်စိုးမိုးနေခဲ့ပြီ ... သူမကိုသာ သူတစ်ချိန်လုံး မြင်တွေ့ချင်နေမိသည်။

ဒီနေ့တော့ ..။

ကျွန်တော့်စိတ်ကူးတွေ အကောင်အထည်ဖော်ရမည့်နေ့ ... ပထမအဆင့်အနေနဲ့ ကျွန်တော် အောင်မြင်ခဲ့ပြီ။

မေမေနှင့် အမီနာ မရှိတော့ ...။

ကျွန်တော်တစ်ယောက်တည်းသာ ရှိသည်။

ပထမအဆင့်ပြီးတော့ ... ဒုတိယအဆင့် ...။

ကျွန်တော့်ရင်တွေ တထိတ်ထိတ်ခုန်နေသည်။ ရင်ထဲမှာ တစ်ခုခုကို စိုးရိမ်နေသလိုလိုနှင့် ...။

စိတ်ကူးနှင့်အတူ ...

အိမ်၌ရှိသော လေးဆင့်စတီး(လ်)ချိုင့်ထဲသို့ ... ချက်ထားသောဟင်းများ အကုန်လောင်းထည့်လိုက်ပြီး ... ချိုင့်ကို သေသေသပ်သပ် ပြန်ပိတ်လိုက်ပြီး ... အပြင်ဘက်သို့ ခဏထွက်ကာ ... အရှေ့အခန်းသို့ တစ်ချက်လှမ်း အကဲခတ်လိုက်မိသည်။

အိုကေ ...။

တံခါးတွေ သော့ခတ်မထား ...။

ဒါဆို ... အိမ်ထဲမှာ ရှိနေတာ သေချာပြီပေါ့။

ကျွန်တော် အိမ်နောက်ဖေးသို့ ကျွန်းကတန်း

www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားလိုက်ပြီး ... အသင့်ပြင်ဆင်ထားသော ချိုင့်ကလေးကို ဆွဲကာ ... အပြင်သို့ ထွက်လာခဲ့မိသည်။

ပြီးနောက် ...။ အရှေ့အခန်းရှိ ...

လူခေါ်ဘဲလ်လေးကို ကျွန်တော် အဆက်မပြတ်တီးလိုက်မိ၏ ...။

ဘဲလ်တီးနေတာ ကြာနေပြီ ...

အခုထက်ထိ တစ်ယောက်မှ ထွက်မလာသေးဘာတွေများ လုပ်နေကြလဲမသိဘူး။ ကျွန်တော် ... စိတ်ရှည်လက်ရှည်ပင် ဆက်ခါဆက်ခါ တီးနေမိသည်။

အဆက်မပြတ် တီးနေသော လူခေါ်ဘဲလ်သံကြောင့် ... မျက်လုံးပြူးသွားရသူတွေကတော့ ... ဒေါ်ကြီးစိမ်းနှင့် မြကြာယံတို့ပင် ဖြစ်သည်။

ဘယ်သူတီးတာလဲ ...။

လူတွေနှင့် ပတ်သက်ရမှာကြောက်၍ ... ခပ်ကင်းကင်းရှင်းရှင်း နေကာမှ ...။

"မြကြာယံ ... အသာနေ။ ဒေါ်ကြီးစိမ်း သွားကြည့်လိုက်ဦးမယ်"

"ဟုတ် ..."

သူမရင်တွေ တထိတ်ထိတ်နှင့် ...။

"ဒေါ်ကြီးစိမ်း ..."

"ဟေ ..."

"မြန်မြန် ပြန်လာခဲ့နော် ..."

"အေးပါကွယ် ... ဒီလောက်လဲ စိတ်ချောက်ချားမနေ



ပါနဲ့ ... ဒေါ်ကြီးစိမ်း ... ခပ်မြန်မြန် ပြန်လာခဲ့ပါမယ်၊ အခန်းမှားတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

နှစ်ယောက်သား ထမင်းဟင်းချက်နေရာမှ ... ဘဲလ်တီးသံကြောင့် ... သူမ အရမ်းစိုးရိမ်မိသည်။ ကြောက်စိတ်တွေက တစ်သိတစ်တန်းကြီးတိုးဝင်လာ၏ ... ဒေါ်ကြီးစိမ်းကတော့ ... ထွက်သွားချေပြီ ... အိမ်နောက်ဖေးမီးဖိုချောင်ကလေးထဲမှ ... အသံတွေကို နားစွင့်နေလိုက်၏ ...။

ဒေါ်စိမ်း ...။

သစ်သားတံခါးကြီးအား ဆွဲဖွင့်လိုက်သည်။ လူငယ်ကလေးတစ်ယောက် ... စတီးလ်ချိုင့်ကြီး ဆွဲထားသေး၏။

"ဘာကိစ္စလဲ မောင်ရင် ..."

"ဩော် ... ဒေါ်ဒေါ်။ ကျွန်တော်က ... အရှေ့ခန်းကပါ ... ဒီနေ့ ကျွန်တော့်မေမေရဲ့ မွေးနေ့လေ ... အဲဒါဘုန်းကြီးကျောင်း ဆွမ်းပို့ပြီး ဒီအနီးအနား ... အခန်းတွေကို လိုက်ပို့ပေးတာပါ"

ကောင်လေးပုံ ကြည့်ရတာ ရည်ရည်မွန်မွန်ကလေးပဲ ... ပညာတတ်ပုံလည်းရသည်။ သို့သော် ... မဖြစ်ပါ။

ဤကောင်လေး ကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ ... သူ့မျက်ဝန်းတွေက ဂနာမငြိမ် ... အိမ်အခန်းထဲသို့ရောက်နေပြီး ... တစ်စုံတစ်ဦးကို ရှာဖွေနေသလိုပဲ။

အကြောင်းမဲ့ သက်သက်နဲ့တော့ ... သူမတို့ကိုလာရောတာ မဖြစ်နိုင်ပါဘူး ...

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင် ... ဘာရှာနေတာလဲ"

"ဗျာ ..."

"ဒေါ်ဒေါ်ပြောတာ ... မင်းမကြားလိုက်ဖူးလား"

ဟိုက် ...။

သေရောပဲ။

ဒီအဒေါ်ကြီး ဘာတွေ ပြောလိုက်ပါလိမ့် ... ကျွန်တော် လုံးဝမကြားလိုက် ... သူမကိုမြင်တွေ့လိုစိတ်နှင့် မျက်လုံးကို တောင်,မြောက် ကစားကာ ... ရှာနေမိသည်။

ဘုရားရေ ...။

သူ့အဖြစ်ကို အဒေါ်ကြီး ရိပ်မိသွားပုံရ၏ ... ကျွန်တော့်ကို မသင်္ကာတဲ့ မျက်လုံးတွေနှင့် စိုက်ကြည့်နေသည်။

ကျွန်တော်ကလည်း ကျွန်တော်ပဲ ...

နည်းနည်းကလေးတောင် ဣန္ဒြေမဆောင်နိုင်ဘူး။

"ဒီမှာ မောင်ရင်"

"ဗျာ .."

"မင်းသွားတော့ ... ငါတို့ဆီ မင်းဘာမှလာပို့စရာ မလိုဘူး ... တို့နဲ့လည်း လာပတ်သက်စရာ မလိုဘူး"

"ဗျာ ..."

"တခြားအိမ်ခန်းတွေပဲ သွားပေးပါမောင်ရင် ..."

"ဟို ... ကျွန်တော်"

"အားနာပါတယ် မောင်ရင် ... ငါ အလုပ်မအားသေးဘူး"

"ဒန်း ..."



သူမ စကားဆုံးသည်နှင့် တံခါးကြီးကို ဒုန်းခနဲ မြည်အောင် ... ဆောင့်ကြီးအောင့်ကြီးနှင့် ပိတ်သွားချေပြီ။

ဘယ်လိုမိန်းမကြီးပါလိမ့် ...။

လုံးဝလူမှုရေးမသိ ... အားနာဖို့ဆိုတာ ဝေးလေစွ။

ကျွန်တော် အံ့ဩရတာက ...

သူမကလေး လုံးဝထွက်မလာခြင်းပင် ... အသံလည်း မကြားရ ... သူမ, မရှိဘူးနဲ့ တူပါရဲ့။

ဟာ ...။

မဖြစ်နိုင်ပါဘူး ... သူမ အိမ်ထဲမှာပဲ ရှိမှာပါ။ ဒါကြောင့် ... ကျွန်တော် လိုက်ရှာနေမှုအတွက် ဒီအဒေါ်ကြီး မနှစ်မြို့သလို ဖြစ်နေတာပေါ့ ...။

ဟူး ...။

သွားပါပြီကွာ။

ကျွန်တော့်ကြိုးစားမှုတွေ အခုတော့ ... ဆဲထဲရေသွန်သလို အရာထင်မလာခဲ့ပါ။ သူမကိုလည်း လုံးဝမတွေ့ရ ...။ သူ့အခန်းထဲသို့ စိတ်ပျက်လက်ပျက် ဝင်လာမိသည်။ ထမင်းချိုင့်ကြီးကို လွှင့်ပစ်လိုက်ချင်၏။ မဖြစ်သေးပါဘူး ... ဟင်းတွေက ... မေမေ ညမနက်စာ တစ်ခါတည်း ပေါင်းချက်ထားတာ။ အခုလိုသွားပေးတာသာသိရင် မိုးမီးလောင်မှာ ... ကမန်းကတန်း ဟင်းအိုးတွေထဲသို့ ပြန်ထည့်ရပြန်၏။

ချိုင့်ကို သေသေချာချာ ဆေးကြောသန့်စင်ပြီး သူ့နေရာနှင့်သူ ပြန်ထားရသည်။

မောရပါလားကွာ ...။

www.burmeseclassic.com

www.burmeseclassic.com



ယံ ...။

'ယံ'ဆိုတဲ့ မင်းကို တွေ့ရဖို့ ... ဒီလောက်ခက်ခဲလိမ့်မယ်လို့ မထင်မိဘူး ... ဒါပေမယ့် ... မင်းစောင့်ကြည့်နေပါ 'ယံ' ... ငါ မင်းကို တစ်နေ့နေ့တော့ တွေ့ရစေမယ် မင်းမျက်နှာလေးကို ငါမြင်ရအောင် ... ထပ်ကြိုးစားဦးမှာပါ။

သူ့စိတ်ထဲ ... တေးထားမိတော့သည်။



## အခန်း(၃)

"အဲဒီကောင်လေးကို ... ကြီးစိမ်းတော့ မသင်္ကာဘူး 'ယံ' "

"ရှင် ... ကြီးစိမ်း။ ဘယ်ကောင်လေးလဲ"

"ဘယ်ကောင်လေး ဖြစ်ရမှာလဲ ... ကြီးစိမ်းတို့ရဲ့ မျက်နှာချင်းဆိုင် အခန်းကပေါ့"

"ဘုရားရေ ... မျက်နှာချင်းဆိုင် အခန်းက"

"ဟုတ်တယ် ... ယံ"

"သူ ... ဘာဖြစ်လို့လဲဟင်"

"ဘာဖြစ်ရမှာလဲ ... သူ့အမေမွေးနေ့ဆိုပြီး ... ထမင်းဟင်းတွေ လာပို့တယ်လေ ... ကြီးစိမ်းတော့ ... မယုံပါဘူး ... ဒီကောင်လေး မျက်လုံးတွေကြည့်ရတာ ... တစ်မျိုးပဲ"

"တစ်မျိုးပဲ ... ဟုတ်လား ကြီးစိမ်း"

"အေး ... ဟုတ်တယ် ... တစ်စုံတစ်ခုကို ရှာဖွေနေ

www.burmeseclassic.com

www.burmeseclassic.com



သလိုပဲလို့ ထင်မိတယ် ... ဒါကြောင့် ... တို့နဲ့အကြောင်း မရှိ အကြောင်းရှာ လာပတ်သက်တာပေါ့ ... ယံ စဉ်းစားကြည့်စမ်း ... ကြီးစိမ်းတို့ ဒီမှာနေတာဖြင့် ... သုံးနှစ်လောက်ရှိပြီ ... တစ်ခါမှ မွေးနေ့လာပို့တာရယ်လို့ မကြုံဖူးပါဘူး ... အခုမှ ဒီကောင်လေးလာပို့တယ်ဆိုတော့ ... ထူးခြားမနေဖူးလား"

"ဟုတ်တယ် ... ဟုတ်တယ်နော် ... ကြီးစိမ်းပြောတာ မှန်တယ် ... အဲ့ဒါမှ ... ဒုက္ခပါပဲ ... သူဘယ်သူများလဲ ... မြကြာယံတို့ဆီကို သူဘာအကြောင်းတွေနဲ့ လာပတ်သက်ချင်တာလဲ ... အမယ်လေး ... တွေးရင်းနဲ့ ယံ ကြောက်လာပြီ ကြီးစိမ်းရယ်"

မြကြာယံ စိတ်အားငယ်စွာ ... ကြီးစိမ်းရင်ခွင်ထဲသို့ တိုးဝင်မိသည် ... ရန်ကုန်ပြောင်းကာ သူမဇာတ်မြုပ်နေခဲ့ပြီး ... အေးချမ်းပြီဟု တွေးထင်ခဲ့မိတာ ... လူတွေအားလုံးနှင့်လည်း ... ပတ်ပတ်သက်သက် မနေဘဲ ... အိမ်ခန်းလေးထဲမှာသာ ... တစ်ချိန်လုံး နေခဲ့သည်။

ယခုဆို ...။

သူမတို့ ပြောင်းလာတာ ... သုံးနှစ်ကျော်ပြီ ... အေးချမ်းလိုက်တာ ... မပြောပါနှင့်။

အခုတော့ ...

ပြဿနာက စလာပြီ။

ယောက်ျားတစ်ယောက်တဲ့ ... ဘယ်ကလဲ ... သူကရော ဘာကိစ္စတွေအတွက် ... လာရောယှက်ချင်ရတာလဲ ... သူမကို လက်စားချေချင်တဲ့ လူတစ်ယောက်ပဲလား။

အို ... မြကြာယံ မတွေးရဲလောက်အောင်ပဲ ဖြစ်ရသည်။

ယံ ... ဘဝ။

ယံ ... နောက်ကြောင်း။

ဆိုးဝါးလွန်းတဲ့ ... ယံ့ကံကြမ္မာကို မတွေးချင်ပါဘူး။ ယံ ... အားလုံးကို မေ့ထားပါရစေ။

ယံ့ကို ... မနှောင့်ယှက်ကြပါနဲ့တော့။ ယံ ... ယံ ... ကြောက်လို့ပါ။

ကျွန်မဘဝက ဘယ်လောက်ကို ကံဆိုးလိုက်သလဲဆိုရင် ... ကျွန်မကို နှောင့်ယှက်မည့်လူက ... ကျွန်မရဲ့အရှေ့အခန်းမှာတဲ့။

သူက ကျွန်မဒီမှာရှိတာ ဘယ်လိုသိလဲ ...။ ကျွန်မကို မြင်ရဖို့ဆိုတာကတော့ လုံးဝမဖြစ်နိုင် ... ကျွန်မရောက်စတည်းက တစ်ခါမှ အပြင်မထွက်ဘူးခဲ့ ... ပြတင်းပေါက်ရှေ့မှာလည်း ကျွန်မ တစ်ခါမျှ ရပ်ဖူးခဲ့ခြင်း မရှိပါ။ အဲ့ဒါတောင် ... ကျွန်မ ဒီအိမ်ထဲမှာ ရှိနေတာကို သူဟာသိနေတယ်ဆိုတော့ ... တော်တော် အစွမ်းထက်တဲ့လူပဲ။

ကျွန်မ အရမ်းကို သတိထားရတော့မည် ...။

"ယံ ... သမီးလေး"

"ရှင် ..."

"သိပ်လည်း ... စိုးရိမ်မနေပါနဲ့ကွယ်။ အရမ်းကြီး ကြောက်မနေနဲ့ ... ကြီးစိမ်း တစ်ချက်တော့ စုံစမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါဦးမယ် ... ကြီးစိမ်းတို့ ထင်ထားသလိုလည်း ဖြစ်ချင်မှ ဖြစ်မှာပါ"

"အဲ့လိုပဲ ... ဖြစ်ပါစေလို့ပဲ ယံဆုတောင်းပါတယ် ကြီးစိမ်းရယ် ... ယံ ... အေးအေးချမ်းချမ်း နေချင်လို့ပါ"

"ကလေးရယ် ..."

မြကြာယံကလေး၏ စကားလေးကြောင့် ... ဒေါ်စိမ်း စိတ်မကောင်း ဖြစ်သွားရသည်။ ဤကလေးကို ... သွေးမတော် သားမစပ် ဆိုပေမယ့် ... ကိုယ့်သွေးသားရင်းချာလေးလို့ ... သံယောဇဉ် ဖြစ်မိသည်။ ရင်အုပ်မကွာ စောင့်ရှောက်ခဲ့မိ၏။

သူမရဲ့ သနားစရာ ဘဝကလေးကို ... စာနာမိသည်။

ဟင့် ...။

မတွေးချင်တော့ပါဘူး... ဖြစ်ပြီးသားတွေကို ... ပြန်ပြီးမတွေးတာပဲ ကောင်းပါတယ်။

မြကြာယံလေးရယ် ...။

သမီးဘဝလေး ... ခပ်မြန်မြန် အေးချမ်းပါစေလို့ ... ကြီးစိမ်း ဆုတောင်းနေပါတယ် ကလေးရယ်။



ကျွန်တော့်စိတ်တွေ ရှိုးတိုးရှတ ဖြစ်နေသည်။

အလုပ်ကိုလည်း စိတ်ဝင်စားလို့မရ ... အမှားမှား အယွင်းယွင်း ဖြစ်နေ၏ ... မောင်မောင်ကတောင် ... ကျွန်တော့်အဖြစ်ကိုကြည့်ပြီး မယုံသင်္ကာသလိုဖြစ်ကာ ... တဗျစ်တောက်တောက် ပြောနေပြီ ...။

ဒုက္ခပါပဲ ...။

ယံရယ် ... ကျွန်တော့်စိတ်တွေ ဘယ်လိုမှ ထိန်းမရတော့ဘူး ...

အချိန်တိုင်း ... မင်းလေးကို ဘယ်လိုတွေ့ရမလဲ ဆိုတာပဲ ... ကျွန်တော်အမြဲစဉ်းစားနေချင်တယ် ... ဘာကြောင့်လဲ ... ဘာဖြစ်လို့ ပတ်ဝန်းကျင်နဲ့ ပတ်သက်ရမှာ ကြောက်နေရတာလဲ ... ဘာဖြစ်လို့ အပြင်မထွက်ဘဲ ဒီလောက်မွန်းကျပ်ပိတ်လှောင်နေတဲ့ ... တိုက်ခန်းကျဉ်းကလေးထဲမှာပဲ ခိုအောင်းပြီး နေရသလဲ။

ယံ ...။

မင်းလေးက ဘယ်လိုမိန်းကလေးလဲ။

ပတ်ဝန်းကျင်နဲ့ ... အဆက်အသွယ် ဖြတ်နေရလောက်အောင် ... မင်းမှာ ဘာတွေခံစားခဲ့ရသလဲ ... မင်းဘယ်လိုတွေ ရင်ဆိုင်ခဲ့ရလို့လဲကွာ။မင်းရဲ့အကြောင်းတွေ ...

www.burmeseclassic.com

www.burmeseclassic.com



မင်းစိတ်သောက ခံစားနေရတာတွေကို ... ငါသိပ်သိချင်တယ်။ ယံ ... ဆိုတဲ့ မိန်းကလေးရယ် ...

မင်းကို ... ဖေးမချင်တယ်။

ငါ မင်းကို မြင်ချင်တယ် ယံ ...။

"သေချာတယ် ... မင်း တစ်ခုခုတော့ ဖြစ်နေပြီ ... နေမင်းညို"

မောင်မောင့်အမေးကို မငြင်းနိုင်သလို အဖြေလည်း မပေးနိုင်ပါ။

"ပြောစမ်း ... နေ။ မင်းမငြင်းချင်စမ်းပါနဲ့"

"မောင်မောင် ... ဆောရီးပဲကွာ ... ငါ့အလုပ်တွေကို မင်းကူညီတဲ့အတွက် ... ငါမင်းကို ကျေးဇူးတင်ပါတယ်"

"နေ ... မင်း ငါ့ကို စကားလမ်းကြောင်း မလွှဲပါနဲ့ ပြောစမ်း ... မင်းတစ်ယောက်အတွက်များ ခံစားနေရသလား"

"မခံစားရပါဘူးကွာ ... ငါ ... ခေါင်းနည်းနည်းမူးနေလို့ပါ ..."

ကျွန်တော့်စကားကို မောင်မောင် မယုံပါ ... လုံးဝ လက်မခံ ... ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းပြီး ...

"မင်းညာမနေပါနဲ့ကွာ ... ငါကမင်းနဲ့ တစ်ကျောင်းတည်း ... တစ်ခန်းတည်း အတူနေလာတဲ့ ငယ်သူငယ်ချင်းတွေပါ။ မင်းခံစားနေရတာတွေကို ... ငါ့ကိုမှ မင်း ရင်မဖွင့်ရင် ... ဘယ်သူ့ကိုရင်ဖွင့်မလဲ။

ငါသိပါတယ် ... အခု မင်းဖြစ်နေတဲ့ ခံစားမှုက



အရင်ကလို မင်းအမေနဲ့ ပြဿနာဖြစ်လို့ ... အဆူခံရလို့ ... ချုပ်ချယ်ခံရလို့ ... ဖြစ်နေတဲ့ ခံစားမှုပုံစံမျိုး မဟုတ်ဘူး။

အရင်ကလို ... အလုပ်ကိုသာ တစ်စိုက်မတ်မတ် လုပ်တတ်တဲ့ ... တာဝန်ကျေလွန်းလို့ လူတကာချီးမွမ်းခံရတဲ့ နေမင်းညိုဆိုတဲ့ လူတစ်ယောက်က ... အခု အလုပ်မှာ စိတ်မဝင်စားတော့ဘူး ... အချိန်တိုင်း တစ်စုံတစ်ခုကို စဉ်းစားတွေးတောပြီး ... ငေးငိုင်နေတတ်တယ် ... သေချာတယ်နေ ... မင်းရဲ့စိတ်တွေ တစ်စုံတစ်ယောက်ဆီကို ရောက်နေပြီ ... ပြောစမ်း ... အဲ့ဒီလူက ဘယ်သူလဲ"

မောင်မောင်သည် ... စကားတွေကို ရှည်လျားစွာပြောပြီး ... ကျွန်တော့်မျက်နှာအား ... ပြစ်မှုတစ်ခုကို ဖော်ထုတ်နေသော စုံထောက်ကြီးတစ်ယောက်ပမာ ... မေးမြန်းနေသည်။

ကျွန်တော် စဉ်းစားမိ၏ ...။

ကျွန်တော် တစ်ယောက်တည်း ကျိတ်မှိတ်မျို သိပ်ထားမည့်အစား တစ်ဦးဦးထံတွင် ဖွင့်ဟဝန်ခံပြီး ... ထိုတစ်ဦးထံမှ အကြံဉာဏ်ရယူခြင်းက ပိုပြီး သင့်မြတ်ကောင်းမွန်ပေလိမ့်မည်ဟု ယုံကြည်မိသည်။

ဟုတ်တယ် ...။

မောင်မောင့်ကို ကျွန်တော် ဆက်လိမ်ညာနေလို့လဲ အပိုပဲ ... အဲ့ဒီတော့ ... ပြောင်းဖွင့်ပြောပြီး ... အကြံဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



တောင်းမည်။ ပြီးတော့ မေမေမသိအောင်လည်း ကြိုတင်နှုတ်ပိတ်ထားရမည်။

ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်ပြီး ...။

"မောင်မောင်"

"ပြော ..."

"ငါ့မှာ ... အရင်းနှီးဆုံး သူငယ်ချင်းဆိုလို့ ... မင်းတစ်ယောက်တည်းပဲ ရှိတာဆိုတော့ ... ငါ မင်းကို ရင်ဖွင့်ချင်တယ်။ ဒါပေမယ့် ... ဒီအကြောင်းတွေကို မေမေလုံးဝသိလို့ မဖြစ်ဘူး ... မေမေသာသိရင် မိုးမီးလောင်မှာ သေချာတယ်"

"ဟာ ... မင်းဟာက ... အဆန်းပါလား"

"ဆန်းတယ် မောင်မောင် ... သိပ်ကိုပဲ ထူးဆန်းတယ်"

ကျွန်တော့်သူငယ်ချင်း နေမင်းညိုဆိုတဲ့ကောင်က အရမ်းကို ရိုးသားအေးချမ်းသူ ... စာကြိုးစားပြီး မအေကို အရမ်းချစ်သည်။

နေမင်းညိုတွင် ... မိန်းကလေးသူငယ်ချင်းဟူ၍ မရှိ ...

မိန်းကလေး ... အသိမိတ်ဆွေဟူ၍မရှိ ... ခပ်ကင်းကင်းရှင်းရှင်း နေတတ်တဲ့လူ။

အခု ...။

ကောင်မလေးတစ်ယောက်အတွက် ... အလူးအလဲ ခံစားနေရပြီတဲ့ ... ဘယ်ကကောင်မလေးလဲ ... ကျွန်တော် အရမ်းကို အံ့ဩမိတာက ... ဘယ်သောအခါမှ ခွဲမရ



ခဲ့သော ... နေမင်းညိုနှင့် သူ့မိခင် ဒေါ်ညိုညိုခင်တို့ချစ်ခြင်းမေတ္တာကို ... ဤကောင်မလေးသည် အချိန်တိုတိုလေးအတွင်း ခွဲယူနိုင်မှုအစွမ်းကို ... ကျွန်တော် မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်မိသည်။

"မောင်မောင်"

"ပြော ..."

"ငါ ... ဟိုတစ်ခါ မင်းတို့အိမ်လာတုန်းကလေ ... မှတ်မိလား"

"ဘယ်တစ်ခါလဲ ... မင်းက ငါ့အိမ်ခဏခဏလာတာ ငါ ဘယ်လိုလုပ် မှတ်မိမှာလဲ"

"ဟာကွာ ... မင်းကလည်း။ မေ့တတ်လိုက်တာ ... ဟိုလေ ... မင်းတို့အိမ်သစ်တက်ပွဲတုန်းကလေ ...မင်း မှတ်မိလား ငါ့ကိုတောင် ... မင်းနောက်နေသေးတယ်ကွာ"

"သြော် ... အေး ... အေး"

မှတ်မိပြီ ... မှတ်မိပြီ ... ပြော ... အဲဒီနေ့တုန်းက မင်း ... ဘာတွေဖြစ်ခဲ့သလဲ ... ဘယ်သူနဲ့ တွေ့ခဲ့သလဲ"

"အဲ့ဒီနေ့တုန်းက ...။

ငါ အရမ်းကို တုန်လှုပ်ခဲ့တယ် ... ငါ့စိတ်တွေ အရမ်းကို ချောက်ချားခဲ့ရတယ် ..."

ငါ ... ဘယ်သူ့ကို တွေ့သလဲ သိလား..."

ကျွန်တော့်စကားကို မောင်မောင် တဖြည်း ဖြည်း စိတ်ဝင်စားစွာ နားထောင်နေ၏ ...။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ တွေ့ခဲ့သလဲ ... နေမင်းညို ..."

"ယံဆိုတဲ့ အမျိုးသမီးကလေးနဲ့ တွေ့ခဲ့တယ် ... မေမေ့လို ဆံပင်နက်နက်ရှည်ရှည်ကြီးတွေကို ပိုင်ဆိုင်ထားတဲ့ ... ယံဆိုတဲ့ ကောင်မလေးတစ်ယောက်ကို ငါ မထင်မှတ်ပဲ တွေ့လိုက်ရတယ် ..."

"ယံ ... ဟုတ်လား"

"အေး ..."

"ယံ ... နာမည်က တစ်လုံးတည်းလား"

"အဲ့ဒါတော့ ... ငါလည်းမသိဘူး။ သူ့ကို ယံလို့ခေါ်လိုက်တာပဲ ... သူ့အိမ်က ဆွေမျိုးနဲ့တူတယ် ..."

"ကဲ ... ပြောပါဦး ... အဲ့ဒီကောင်မလေးက။ ဘယ်လောက်ချော ... ဘယ်လောက်များလှပြီး ... ငါ့အကောင်ကြီးကြွေသွားအောင် ဘယ်လောက်များ ချစ်စရာကောင်းနေလဲလို့"

"အဲ့ဒါတော့ ... ငါလည်းမသိဘူး"

"ဘာ"

မောင်မောင်က ကျွန်တော့်မျက်နှာကို ... အံ့သြထူးဆန်းစွာဖြင့် မျက်လုံးကြီးများနှင့် လှမ်းကြည့်သည်။

"ဘယ်လောက်လှလဲမေးတာ ... မင်းက မသိဘူးဆိုတော့"

"အေး ... အဲ့ဒါကို ပြောတာပေါ့။ ငါ့ကိုယ်ငါလည်း ဘာတွေဖြစ်နေသလဲဆိုတာ မသိတော့ဘူး မောင်မောင်"

"မင်းပဲ ... ကောင်မလေးကို မြင်ခဲ့တယ်ဆို"



"အေးလေ ... မြင်ခဲ့တယ်။ ဒါပေမယ့် ... နောက်ကျောဘက်ခြမ်းကိုပဲ တွေ့ခဲ့တာ ... အဲ့ဒီအချိန်တုန်းက ... သူမက ကြက်မွေးတံမြက်စည်းတစ်ချောင်းနဲ့ သန့်ရှင်းရေးလုပ်နေတာကွ ... ဒါပေမယ့် ... သူမရဲ့ ဝင်းမွတ်နေတဲ့ ခြေသလုံးသားပြည့်ပြည့်ကလေးရယ် ... ပန်းနုရောင်သန်းနေတဲ့ ခြေဖနောင့်လေးရယ်ကိုကြည့်ပြီး ... ငါသူ့ကို သိပ်စွဲလမ်းခဲ့တယ် ... အဲ့ဒီအချိန်ကစပြီး ... ငါ သူ့ကို တွေ့ရဖို့ ကြိုးစားခဲ့တယ်"

"ဘယ်လိုလဲ ... တွေ့ရပြီလား"

"ဟင့်အင်း ..."

ကျွန်တော် ခေါင်းကို လေးတွဲ့စွာ ခါယမ်းပြမှုကြောင့် ... မောင်မောင် အကြီးအကျယ် စိတ်ပျက်သွားတော့၏။

"မင်းဟာကလည်း ... သိပ်မနိပ်သေးပါဘူး။ ဒါနဲ့ ... ကောင်မလေးက ဘယ်မှာနေတာလဲ ..."

"ငါတို့အခန်း အရှေ့ကအခန်းမှာ ..."

"မြတ်စွာဘုရား ..."

ကျွန်တော်ပို၍ အံ့သြသွားရ၏ ...။

နေမင်းညိုတို့အိမ် ဝင်ထွက်လာတာ ... နှစ်ပေါင်းမနည်းတော့ ... ထိုအရှေ့အခန်းကိုလည်း ကျွန်တော် သတိထားမိသည်။

တစ်ခါမျှ ...

လူအရိပ်အယောင်ဟူ၍ မတွေ့ရချေ ... အခုမှ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ့်ကြောင့် ကောင်မလေးတစ်ယောက် ရှိလာရသနည်း။

ထိုအခန်းတွင် လူနေတာဟူ၍မရှိ ... အမြဲလိုလို သော့ခလောက်ကြီး ခတ်ထားတာ တွေ့ရတတ်သည်။

အခုမှ ... နေမင်းညိုစကားကြောင့် ... ဤအိမ်ကြီးထဲမှာ လူရှိတာ သိရ၏။ ဆံပင်အရှည်ကြီးနဲ့ ကောင်မလေးတဲ့ ... ပြီးတော့ ... သူမရဲ့ နောက်ကျောကိုပဲ မြင်ခဲ့တာတဲ့။

ဖွဟဲ့ ...။

မဟုတ်မှလွဲရော ... ဥစ္စာစောင့်မများလား။

မောင်မောင်တစ်ယောက်တည်း တွေးနေရင်းမှ ကြက်သီးမွေးညင်းများပင် ထသွားရသည်။

"ဟေ့ကောင် ... မောင်မောင်"

"ဟာ ... မင်းကလည်း ... လန့်လိုက်တာ"

"ဘာလန့်တာလဲ ..."

"ဟိုကွာ ... မင်းတို့အရှေ့အခန်းက ... ငါဒီလောက်လာနေတာကြာလှပြီ ... တစ်ခါမှ လူဝင်ထွက်တာ မတွေ့ဖူးဘူး ... မင်းညို ... မင်းတွေ့လာတာ ... လူစင်စစ်မှ ဟုတ်ရဲ့လားကွာ ... ဖို ... နာနာဘာဝ ... သရဲ ... တစ္ဆေများလား ... ဥစ္စာစောင့်မတွေများလားကွာ"

"ဟာကွာ ... ဟေ့ကောင်။ မင်းကလည်း ... တစ်မျောင့် ဒီလောက်တိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ... မင်းက ဒါတွေကို အယုံအကြည် ရှိနေတုန်းပဲလား"



"ငါ ... ငါ ... မယုံပေမယ့်။

သရဲတော့ ကြောက်တယ်ကွာ"

"သွားစမ်းပါ ... မောင်မောင်ရာ"

နေမင်းညို စိတ်ပျက်သွားမိသည် ... မောင်မောင်ကတစ်မျောင့် ... ဒီကောင့်ကြောင့် အားလုံးအလိမ်ပေါ်တော့မှာပဲ ... ဒီကောင့်ကို ပြောသာပြောရတာ ... စိတ်ကတော့ တထင့်ထင့်ရယ် ... ဒီကောင်က သိပ်ကျုပ်ပြည့်တဲ့ကောင်မှ ဟုတ် ... ရှုးပေါ်ပေါ်နှင့်။

"ဟေ့ကောင် ... ခနမင်းညို။

ငါ အလကား စတာပါကွာ ... မင်းကလည်း စိတ်ပျက်မနေစမ်းပါနဲ့ ... ဒီမှာ ... မင်းကိုမေးရဦးမယ်"

"မင်းမမေးနဲ့ဦး ... ငါအရင်ပြောမယ် ... မင်း နားထောင် ... ငါ ... ဒီအပတ် မေမေ့ဥပုသ်သွားစောင့်ရင် ..."

သူ့စိတ်ကူးနှင့် အကြံဉာဏ်ကို ... မောင်မောင့်အား တိုင်ပင်ကြည့်လိုက်သည်။ ဒါဟာ ... ဒုတိယအကြိမ်မြောက် ကျွန်တော့်ရဲ့ ... မဟာစွန့်စားခန်းတစ်ခုပေါ့နော်။

ဒီတစ်ကြိမ်တော့ ...

ကျွန်တော့် အကြံအစည် အောင်မြင်ပါစေလို့ ဆုတောင်းတာပဲ ... မောင်မောင်က သိပ်ကျုပ်မပြည့်ပေမယ့် သဘောကတော့ အလွန်ကောင်းသည်။

ကျွန်တော့်အပေါ် နားလည်မှု အပေးနိုင်ဆုံး ပူငယ်ချင်းကောင်း တစ်ယောက်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အစီအစဉ်ကို ...

မောင်မောင် သဘောကျစွာ ... ထောက်ခံလိုက်သဖြင့် ကျွန်တော် အကျေနပ်ကြီး ကျေနပ်သွားမိတော့သည်။

≈≈≈

ကျွန်တော်၏ ...။

ဒုတိယအကြိမ်မြောက် မဟာစွန့်စားခန်းကြီး...

ရင်တထိတ်ထိတ်နှင့် စောင့်နေမိသည် ... သိပ်မကြာလိုက်ပါ အခန်းတံခါးဖွင့်ကာ ... ယံတို့အိမ်မှ အဒေါ်ကြီး ... ဈေးခြင်းကြီးဆွဲကာ ထွက်လာချေပြီ။

ထုံးစံအတိုင်း ... သော့ခလောက်ကြီးများကို ... အထပ်ထပ်ခတ်ကာ ... စိတ်ချရပြီဆိုမှ ... သော့တွဲကြီးအား သူမ၏ ဝတစ်နေသော ခါးကြီးတွင် ထိုးချိတ်လိုက်တာ တွေ့ရသည်။

အိုကေ ...။

နေမင်းညို ... လေကလေးတစ်ချက်ချွန်ကာ ... အချက်ပြလိုက်သည် ...။

အဘွားကြီးကတော့ ... သူ့ကို သတိမထား ... သူမလမ်းသာ ဂရုတစိုက် ဆင်းသွား၏။

လှေကား ... ဒုတိယအထပ်သို့အရောက် ...

အောက်မှ အပြေးတက်လာသော မောင်မောင်နှင့် အပေါ်မှ လေကလေးချွန်ပြီး ပြေးဆင်းလာသော ကျွန်



တော်တို့နှစ်ယောက် ဒုတိယလှေကားထိပ်တွင် ဆုံမိစဉ် ...။

"အမယ်လေးတော် ..."

"ဟာ ..."

"ဟင် ..."

ကျွန်တော်တို့နှစ်ယောက် တစ်ပြိုင်တည်း ဝင်တိုက်မှုကြောင့် အမျိုးသမီးကြီး ဟန်ချက်ပျက်ကာ ... လဲကျသွားမတတ် ဖြစ်သွားရ၏။

"ဟာ ... ဒေါ်ဒေါ် ... မတော်လို့နော် ... မတော်တဆ ဖြစ်တာ ကျွန်တော် တောင်းပန်ပါတယ်"

"ဟင် ... မင်း ... မင်း"

"ဟုတ်ပါတယ် ... ကျွန်တော် ... ဒေါ်ဒေါ်တို့အခန်း ရှေ့ကပါ"

အဒေါ်ကြီး ကျွန်တော့်ကို စကားဆက်မနေတော့ဘဲ ... ခပ်သုတ်သုတ် ထွက်သွားတော့သည်။ ကျွန်တော်နှင့် လုံးဝပတ်သက်ချင်ပုံ မရချေ ...။

"ဟေ့ကောင် ... နေမင်းညို။

ဘယ်လိုလဲကွ ... အခြေအနေ"

"ဟားဟားဟား ...။ အောင်မြင်ပြီကွာ ... လုံးဝအိုကေပဲ ... ဒီမှာ ကြည့်စမ်း"

မောင်မောင့်ကို ... ကျွန်တော်လက်မထောင်ကာ ပမ်းသာအားရဖြင့် ... လက်ထဲမှ အရာဝတ္ထုလေးအား ပြလိုက်မိသည်။

အပါးပါး ...။

www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန်လိုက်တဲ့ ပစ္စည်းလေး ...

သော့တွဲကလေးကို တစ်ချက်မျှ ကျွန်တော်နမ်းရှိုက်ကာ မောင်မောင့်ဆီသို့ ပေးလိုက်သည်။

"မကြာစေနဲ့နော် ဟောကောင် ..."

"စိတ်ချ ... အောက်ထပ်မှာ ငါသော့ပြင်ကုလားအဆင်သင့် ခေါ်ထားပြီးသား ... မောင်မောင်ပါကွာ ဒါလောက်ကတော့ အပျော့"

"ဟား ဟား ဟား ... ဒါကြောင့် ...မင်းကို ငါအားကိုးနေရတာပေါ့ ... ကျေးဇူးရှင်ကြီးရယ်"

မောင်မောင် အောက်ထပ်သို့ ဆင်းသွားပြီး သိပ်မကြာလိုက် ... ကျွန်တော့်ဆီသို့ ပြန်ရောက်လာ၏။

"ငါ့တာဝန်တော့ ကျေပြီဟောကောင် ... မင်းကောင်းစားရင်လည်း ... ငါ့ကို မမေ့ထားနဲ့ဦးနော်"

"အေးပါကွာ ... မင်းကလည်း။

ပြောရမယ့်သူတွေ ကျနေတာပဲ ..."

"ငါ ... သွားတော့မယ် နေမင်းညို"

"အိုကေ ..."

မောင်မောင် ပြန်သွားလေပြီ ... ကျွန်တော့်လက်ထဲတွင်တော့ ... ယံတို့အိမ်မှ အဒေါ်ကြီးဆီက ... ကျွန်တော်တို့နှစ်ယောက် ခိုးထားသော ... သော့တွဲတစ်တွဲနှင့် ... ကျွန်တော့်အတွက် သီးခြားလုပ်ထားသော သံပန်းတံခါးသော့တစ်ချောင်းနှင့် သစ်သားတံခါးမကြီးဖွင့်တဲ့ သော့တာ စုစုပေါင်း သော့နှစ်ချောင်း။



ဘာတတ်နိုင်သေးသလဲ ... ယံ။

ကျွန်တော်ဆိုတဲ့ ... နေမင်းညိုက ... ကိုယ်ဖြစ်ချင်တာ ... ကိုယ်လုပ်ချင်တာကို မဖြစ်ဖြစ်အောင် ... မရရအောင် လုပ်ယူတတ်တယ်ဗျ။

တကယ်တော့ ...။

ကျွန်တော့်လုပ်ရပ်က မမှန်ဘူး ... မလုပ်သင့်ဘူးဆိုတာ ... ကျွန်တော် နားလည်ပါတယ် ... ဒါပေမယ့် ယံရယ် ... ကျွန်တော် ခင်ဗျားကို အရမ်းမြင်တွေ့ချင်တယ်၊ အဲ့ဒီစိတ်တွေကို ကျွန်တော် မထိန်းသိမ်းနိုင်ခဲ့ဘူး ...။

ကျွန်တော် ခင်ဗျားကို မြင်တွေ့ချင်တာလေး ၁ တစ်ခုတည်းပဲ ... ရည်ရွယ်ခဲ့တာပါ ... ကျွန်တော ဘာတစ်ခုမှ ရည်ရွယ်ထားခြင်း မရှိပါဘူး။ အဲ့ဒါကိုတော့ ... ကျွန်တော် ရဲရဲကြီး ကျိန်ပြဝံ့တယ်။

ကျွန်တော့်ကို ခွင့်လွှတ်ပါ ယံရယ် ...။

ကျွန်တော့်ကို ...။

နားလည်ပေးပါ ယံ ...။

သူတစ်ယောက်တည်း ... တီးတိုးရေရွတ်မိသည်။ အခုဆို ... အိမ်မှာ မေမေလည်းမရှိ ... အမိနာလည်း ဟုးစံအတိုင်းအပြင်သို့ ပ,ထုတ်ထားသည်ဆိုတော့ ... အိမ်မှာကျွန်တော်တစ်ယောက်တည်းသာ လွတ်လွတ်လပ်လပ် စိတ်ကိုင်းကျ နေခွင့်ရနေသည်။

ဘာလိုသေးလဲကွယ် ...။

ဒီနေ့ တစ်နေ့တာဟာ ... ကျွန်တော့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာ ... မျက်နှာသာပေးသော နေ့တစ်နေ့ပဲ ဖြစ်မည်။

ဘာတစ်ခုမှ အထစ်အငေါ့မရှိ ...။

အားလုံးအောင်မြင်ကာ ... ကျေနပ်လောက်မှုများကိုသာ ရရှိပိုင်ဆိုင်ခဲ့ရသည်။ ကြည့်စမ်းပါဦး ... ဘယ်လောက်ဝမ်းသာစရာ ကောင်းလိုက်သလဲလို့ ...။



## အခန်း(၄)

ကျွန်တော်ဆိုသော ... နေမင်းညိုက။

ကိုယ်လုပ်ချင်တာကို ... မဖြစ်မနေ တစိုက်မတ်မတ် လုပ်တတ်ပြီး ... မအောင်မြင်မခြင်း ဇွဲကောင်းကောင်းနှင့် ကြိုးစားတတ်ခဲ့သည်။

ဥပမာ ...

ကျွန်တော်ဆယ်တန်းတုန်းကပေါ့ ... ပြန်ပြီးသတိရမိသေး၏ ... ကျောင်းစာကို သိပ်မဖတ်ဘဲ ... ဗီဒီယိုအခွေများသာ ငှားကြည့်ခဲ့သဖြင့် .. မေမေ တစ်ပူပူ တဆူဆူအသံကို မကြာခဏ ခံခဲ့ရပြီး။

နောက်ဆုံးတော့ ...

မေမေက လက်လျှော့ကာ ... ကျွန်တော့်ကို စိတ်ပျက်လက်ပျက်နှင့် ... 'နင့်ကိုငါက အင်ဂျင်နီယာ ဖြစ်စေချင်တယ် ... စာကြိုးစားစေချင်တယ် ... ဒါပေမယ့် ... ငါလက်လျှော့လိုက်ပြီ နေ ... နင် ရိုးရိုးအောင်ရင်ပဲ ငါ ဖြေသိမ့်

www.burmeseclassic.com

www.burmeseclassic.com



လို့ ရပါပြီ ... အောင်အောင်တော့ ဖြေပါသားရယ်' ဟု ပြောဖူးသည်။

ကျွန်တော်က မေမေဖြစ်စေချင်တဲ့ ... အင်ဂျင်နီယာကြီးတစ်ယောက် ဖြစ်ရစေမယ်လို့ပြောတော့ ... မေမေက ခေါင်းကိုတအားခါယမ်းလိုက်ပြီး ... ဒီပုံစံနဲ့ မင်းဘယ်တော့မှ အင်ဂျင်နီယာ မဖြစ်နိုင်ဘူး ... ရိုးရိုးအောင်ရင်တောင် ကျေးဇူးတင်ရဦးမယ်ဟု အထင်သေးစွာ ပြောဆိုခဲ့သည်။

သို့သော် ...။

ကျွန်တော် ဆယ်တန်းအောင်စာရင်း ထွက်တော့ မေမေ မျက်လုံးပြူးသွားကာ ... ကျွန်တော့်ကို အထပ်ထပ် ချီးကျူးပါတော့သည်။

ကျွန်တော် ... ဂုဏ်ထူးလေးဘာသာနှင့် ဆယ်တန်းစာမေးပွဲအောင်ပြီး ... မေမေ ဖြစ်စေချင်သော အင်ဂျင်နီယာကြီးတစ်ဦး ဖြစ်ခဲ့သည်။

ကျွန်တော်က ...

လူတွေထင်မထားလောက်အောင် ... အချိန်နှီးကပ်မှ ကိုယ့်အစွမ်းအစကို ... ဝုန်းခနဲ ထုတ်ပြတတ်တာ။ မေမေ့ရှေ့တွင် တီဗွီမပြတ်ကြည့်ပြီး ... ကျူရှင်ချိန်၊ ကျောင်းချိန်၊ ညအိပ်ချိန်များတွင် တိတ်တဆိတ် စားခိုးကျက်ခဲ့တာ မေမေမှ မသိတာ။

အဲ့ဒီလိုလဲ ... ကျွန်တော်က လျှို့ဝှက်တတ်သေးသည်။

အခုလည်း ...။



ကျွန်တော်ရဲ့ မထင်မှတ်တဲ့ တိုက်ကွက်တစ်ခုကို ... ဟိုအဒေါ်ကြီး ခံလိုက်ရပြီ ...။

အခုလောက်ဆို ... သူမက ဈေးဝယ်လို့ကောင်းတုန်းနေမှာ ... စိတ်တော့မကောင်းပါဘူး ... အဒေါ်ကြီးရယ် ကျွန်တော်နဲ့ ပတ်သက်ရမှာကြောက်တဲ့ အဒေါ်ကြီး အခုတော့ ဘာတတ်နိုင်သေးလဲ။

သော့တွဲကြီးနှင့် မဖွင့်ဘဲ ... အသစ်လုပ်ထားသော သော့တုနှင့် ကျွန်တော် စမ်းဖွင့်ကြည့်လိုက်သည်။ အလိုက်သင့်ပဲ ... သော့ပွင့်သွား၏ ... ဒုတိယသော့ချောင်းနှင့် ... သစ်သားတံခါးမကြီးကို ဖွင့်ကြည့်လိုက်ရာ ...ဝမ်းသာစရာ .. အားရစရာကောင်းလောက်အောင် ... တံခါးနှစ်ချပ်လုံး ပွင့်သွား၏။

တံခါးကို ကျွန်တော် အသာကလေး တွန်းဖွင့်လိုက်ချိန်တွင်တော့ ...

'ကြီးစိမ်း ... ပြန်လာပြီလား' ဟုဆိုကာ ... အိမ်နောက်ဖေးမှ ... သူမကလေး အပြေးတစ်ပိုင်း ထွက်လာ၏။

"ဟင် ..."

"အို ... ရှင် ... ရှင်"

ကျွန်တော့်ကိုလည်း မြင်လိုက်ရော ... ကြောက်ရွံ့ထိတ်လန့်စွာ တဖြည်းဖြည် ... အနောက်သို့ဆုတ်ကာ ပြေးဟန်ပြင်လိုက်စဉ် ...။ ကျွန်တော် ... သူမ၏ လက်ကလေး တစ်ဖက်ကို ... ဆတ်ခနဲ ဆွဲထားလိုက်မိသည်။ အကြောက်လွန်နေသော သူမအား ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ... ကျွန်တော့်ကို မကြောက်ပါနဲ့။ ကျွန်တော် ခင်ဗျားကို ဘာမှမလုပ်ပါဘူး ... ကျွန်တော်လူကောင်းပါ ... ကျွန်တော့်ကို ယုံပါဗျာ ... ခင်ဗျားကို ကျွန်တော် ဘာမှမလုပ်ပါဘူး ... ခင်ဗျားယုံပါ။

ကျွန်တော်က ... အရှေ့က အခန်းကပါ ... ပြီးတော့ ကျွန်တော်က ... ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ယောက်ပါ ..."

ကျွန်တော် သူမကို ... အထပ်ထပ် ရှင်းပြနေမိသည် ... သို့သော် သူမ လုံးဝနားဝင်ပုံမရ ... သူ့လက်တွေက ကြောက်ရွံ့တုန်လှုပ်မှုက အထင်အရှား ...

"လွှတ်ပါ ... ရှင် ... ကျွန်မကို မနှောင့်ယှက်ပါနဲ့"

ကျွန်မကြောက်ပါတယ် ... ကျွန်မ အေးအေးချမ်းချမ်း နေပါရစေ ... ကျွန်မ တောင်းပန်ပါတယ် ... ကျွန်မကို လက်စားမချေပါနဲ့ ကျွန်မ ကြောက်လို့ပါ ... ရှိကြီးခိုးပါတယ်ရှင်"

ကောင်မလေး ငိုလည်းငို ... တောင်းလည်းတောင်းပန်နှင့် အရမ်းကိုပဲ ကျွန်တော် သနားသွားမိသည်။

"ကိုယ်လွှတ်မယ် ... ဒါပေမယ့် ... မင်းကိုယ့်စကားကို ဟိုးနံရံထောင့်လေးကနေပဲ နားထောင်ပေး ... ဟုတ်ပြီနော် ... ကိုယ်ပြောတာ မင်း ... ကြားတယ်နော်"

သူမ အရမ်းကြောက်ရွံ့နေ၍ ... သူလွှတ်ပေးလိုက်မိသည် ... ဒီထက်ပိုဆွဲထားပါက ... သူမအကြောက်လွန်ပြီး ... တစ်ခုခု ဖြစ်သွားနိုင်သည်။ ဘာကြောင့် ...



ဒီလောက်တောင် ကြောက်နေရသလဲ ဆိုတာတော့ ... ကျွန်တော် လုံးဝစဉ်းစားလို့ မရ ...။

"ဒီမှာနော် ... ကိုယ်မင်းအခန်းထဲကို မဝင်ဘူး ... အပြင် တံခါးပေါက်ဝကပဲ စကားပြောမယ် ... ခဏနေလိုက်ဦး ... မင်းအကြောက်ပြေမှ ... ကိုယ့်ကိုမော့ကြည့် ... ဟုတ်ပြီလား"

သူ့အသံသည် ကျွန်မနားတွင်းသို့ ... ညင်သာစွာတိုးဝင်လာပြီး ... သနားကရုဏာသံ ပေါက်နေသည်။ သူဟာ ... ကျွန်မ ထင်ထားတဲ့ ... ကျွန်မကို ဒုက္ခပေးမယ့်သူ မဖြစ်နိုင်ပါ ... တဖြည်းဖြည်း စိတ်ကိုထိန်းချုပ်လိုက်သည်။ မျက်ရည်များကို လက်ဖဝါးဖြင့် ... သုတ်ကာ ... အခုမှ သူ့မျက်နှာကို ကျွန်မ ခပ်ဖြည်းဖြည်း မော့ကြည့်ဖြစ်သည်။

ဟာင် ...။

အရမ်းကိုပဲ ကျွန်မ အံ့သြမိ၏ ... သူ့ရဲ့သနားကရုဏာသက်နေတဲ့ အကြင်နာမျက်ဝန်းတွေ ... ကြည်လင်တည်တံ့သော သူ့မျက်နှာသွင်ပြင် ...။ ဒါဟာ ... ကျွန်မကို ကောင်းကောင်းပြုစားဆွဲဆောင်နိုင်တဲ့ အရည်အချင်းတွေပဲ။

မြကြာယံ ...။

သူ့မျက်နှာလေးကို ငေးမောကြည့်နေမိသည်။ ကျွန်မ သူ့ကို ကြည့်ပြီဆိုမှ ... မျက်နှာကလေး တစ်ချက်ပြုံးရယ်ကာဖြင့် ...။

"မင်း အရမ်းကြောက်တတ်တယ်နော် ... ကိုယ့်ကိုတော့ မင်း မကြောက်ပါနဲ့ ... ကိုယ်က မင်းရဲ့မျက်နှာချင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်အခန်းက ... အင်ဂျင်နီယာ နေမင်းညိုပါ။ ကိုယ်က
လူဆိုးလည်း မဟုတ်ဘူး ... သူခိုးလည်း မဟုတ်ဘူး၊
မင်းကို အနှောင့်အယှက်ပေးဖို့ လာတာလဲ မဟုတ်ဘူး
ကိုယ် မင်းကိုခင်ချင်ပါတယ်။ ဒါပေမယ့် ... မင်းမခင်
ချင်ဘူးဆိုရင်လည်း ... ကိုယ်မတတ်နိုင်ပါဘူး ..."

သူက၊ ကျွန်မမျက်ဝန်းတွေကို ... စူးစိုက်စွာ
တစ်ချက်ကြည့်ပြီး ... သူ့အိတ်ထဲမှ သော့တွဲလေးတစ်ခုကို
ထုတ်ပေးပြီ ...

"ဒါက ... စောစောက မင်းအိမ်က ... ဘာတဲ့ ... မင်း
ခေါ်တာ ... ဪ ... မှတ်မိပြီ ... ကြီးစိမ်းတဲ့နော် ...
အဲ ... အဲ့ဒီ ကြီးကြီးစိမ်းနဲ့ ကိုယ်နဲ့ ဝင်တိုက်မိတုန်းက
ကျကျန်ခဲ့တာ အဲ့ဒါ အထဲမှာ မင်းရှိတယ် ဆိုတာရယ်
သော့တွေအကုန်ခတ်ပြီး ကြီးစိမ်း သွားတတ်တယ်ဆိုတာ
ကိုယ်သိထားတယ်လေ ... အခု ကိုယ်အပြင်သွားစရာ
ရှိလို့ ... မင်းကို သော့တွဲလာပေးတာ ... တော်ကြာ ...
ကိုယ်ကလဲ အပြင်သွားလို့ မပေးဖြစ်ရင် မင်းရဲ့ကြီးစိမ်း
အိမ်ထဲဝင်လို့ ရတော့မှာ မဟုတ်ဘူး ... ဒါကြောင့် ...
ပြန်လာပေးတာ"

သူက ...။

စိတ်ရှည်စွာ ရှင်းပြနေမှုကို သူမက ငြိမ်သက်စွာ
နားထောင်နေမိသည်။

ဘယ်လောက်များ ထူးဆန်းလိုက်သလဲ ...

ကျွန်မ တစ်ခါမှ မြင်ဖူးခြင်း ... သိဖူးခြင်း မရှိ



တဲ့ သူစိမ်းယောကျ်ားတစ်ယောက်ကို ... အကြွင်းမဲ့ ယုံကြည်
မိတဲ့ ကျွန်မအဖြစ်ကိုသာ ... ကြီးစိမ်း မြင်လို့ကတော့ ...
ပွစိတင်ဆေဖန်ပြီး ဆူပူတော့မှာ သေချာပါသည်။

သို့သော် ...။

သူ့စကားများကို ... ကျွန်မလက်ခံယုံကြည်မိပါ
၏။ သူ့မျက်နှာ ... သူ့အပြော ... သူ့စကားလုံးများထဲတွင်
မယုံကြည်နိုင်လောက်အောင် ... သူမကို ဆွဲဆောင်ထားနိုင်
လေသည်။

"ကောင်မလေး ... ဒီမှာနော် ... သော့တွဲ"

သော့တွဲကလေးကို ကြမ်းပြင်သို့ချကာ ... သူ့
လက်က နှစ်ဖက်မြှောက်ကာပြပြီး။

"ကိုယ်သွားပြီ ကောင်မလေး ... တံခါးတွေ သေသေ
ချာချာ သော့ပြန်ခတ်ထားဦး"

သူထွက်သွားဟန် ပြင်လိုက်မှ ... သော့ကိုပြေ
ကောက်ဖို့ ကျွန်မစိတ်ကူးလိုက်သည် ... ထိုစဉ် ... သူက
သူ့ အိမ်ထဲမဝင်သေးဘဲ ... ကျွန်မဘက် ပြန်လှည့်ပြီ ...။

"ဒါနဲ့ ... မင်းနာမည် ဘယ်လိုခေါ်လဲ ကောင်မလေး။
အပန်းမကြီးဘူးဆိုရင် ... ပြောပြပါလား"

"မြကြာယံပါ ..."

ပြောပြီး တံခါးကို ငုန်းခနဲ ခေါင့်ပိတ်ချမိတော့
သည်။ ကျွန်မဘာဖြစ်သွားတာလဲ ... ဘာကြောင့် ... ကျွန်မ
နာမည်ကို အလွယ်တကူ ပြောလိုက်မိတာလဲ။

အို ... ကျွန်မကိုယ်ကျွန်မ။

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်နေမှန်းတောင် ... မစဉ်းစားတတ်တော့ပါဘူး ... သူ့ကို ... သူ့ကို ကျွန်မစိတ်က ယုံကြည်မိနေသလိုပဲ။ သူဟာ ... ကျွန်မကို အနှောင့်အယှက်ပေးမယ့်လူ မဖြစ်နိုင်ပါဘူးလို့လေ။

နေမင်းညိုတဲ့ ...။

ပြီးတော့ ... သူက အင်ဂျင်နီယာတစ်ယောက်။

မြကြာယံ ... ဆိုတဲ့ ကျွန်မရဲ့စိတ်ကို ... သူဟာ အရမ်းကိုပဲ ညှို့ယူဖမ်းစားနိုင်လွန်းတယ်။ မဖြစ်သေးပါဘူး နောက်ကို ကျွန်မ ဒီလူနဲ့ ခပ်ဝေးဝေးရှောင်မှကို ဖြစ်မယ်။

"ကျွန်တော့်ကို မကြောက်ပါနဲ့ ... ကျွန်တော့်ကို ယုံပါ" ဆိုတဲ့ သူ့တောင်းပန်သံကလေးတွေက ... ကျွန်မနားထဲက မထွက်တော့။

အို ... ဒုက္ခပါပဲ။

မြကြာယံ ... အခုမှ စိတ်သစ်ရသည်။ ခက်နေပါပြီ ... ဘာ့ကြောင့်များ သူ့ကို သတိရမိရပါလိမ့် ... ဘာကြောင့် သူ့မျက်ဝန်းတွေနဲ့ သူ့စကားသံတွေပဲ ... ပြန်လည်ကြားယောင် မြင်ယောင်နေမိရတာလဲ။

မဖြစ်သေးပါဘူး ...။

ကျွန်မ ရှင့်ကို ... မရမက မေ့ပစ်မှ ဖြစ်တော့မှာပါ။

"ဒေါက် ... ဒေါက်"

တံခါးနှစ်ဆင့်ခေါက်သံ ... သေချာပြီ ... ဒါ ကြီးစိမ်းရဲ့ ခေါက်သံပဲ။ တံခါးကို ကမန်းကတန်း ဖွင့်ပေး



လိုက်မိသည်။

"မြကြာယံ ... ညည်း ... သော့တွေ ဘယ်ကရတာလဲ ဒီသော့က ငါပျောက်သွားတဲ့ သော့တွဲပဲ ... ဘယ်လိုကြောင့် ညည်းဆီ ရောက်နေရတာလဲ ..."

တအံ့တသြနှင့် တံခါးဖွင့်ပေးနေသော မြကြာယံကိုကြည့်ပြီး ... ကြီးစိမ်း မျက်လုံးပြူးနေလေပြီ။

မြကြာယံ ... ထင်သားပဲ ... ကြီးစိမ်း အံ့သြနေမယ်ဆိုတာ ...

"ကဲ ... အထဲမြန်မြန်ဝင်ပါ ကြီးစိမ်းရယ် ... ပြီးမှ ... မြကြာယံ ရှင်းပြပါမယ် ... ဝင် ... မြန်မြန် လူတွေ တွေ့ကုန်ဦးမယ်"

ကျွန်မစကားကြောင့် ... အိမ်ခန်းထဲသို့ ကြီးစိမ်း ခပ်သွက်သွက်ကလေး ဝင်တော့၏။ သို့သော် ... ကြီးစိမ်း၏ မျက်နှာတွင် မနှစ်မြို့ဟန်က အထင်သား ...။

"ပြောစမ်း ... မြကြာယံ ... ကြီးစိမ်း စိတ်ပူလိုက်တာ ဒီသော့ ဘယ်ကရတာလဲ ... ဘယ်သူလာပို့သွားတာလဲ"

"ကဲ ... လာပါ။ ခဏနားပါဦး ... ရှင်းပြပါမယ်"

"အမောမပြေနိုင်ပါဘူးအေ ... ညည်းက အေးနိုင်ပေမယ် ... ငါစိတ်မအေးနိုင်ဘူး မြကြာယံ ... ငါ့ ရင်ထဲ ပူလောင်နေတယ် ... ပြောပါဦး ဘယ်သူက သော့လာပေးတာလဲ ..."

"အရှေ့အခန်းကလူလေ ..."

"မြတ်စွာဘုရား ... သူ ... သူ ... ဒီကိုလာတယ်။ ဒါဆို

www.burmeseclassic.com

www.burmeseclassic.com



ညည်းရှိနေတာ သူသိလို့ပေါ့ ... ဟုတ်လား မြကြာယံ"

"ဟုတ်တယ် ... ကြီးစိမ်း။ မြကြာယံ ... ရှိနေတာ သူသိပေမယ် ... မြကြာယံကို အနှောင့်အယှက် ပေးမယ့်သူတော့ မဟုတ်ဘူး ... အစက သမီးလည်း သူ့ကိုစမြင်မြင်လိုက်ချင်း ... အရမ်းကို ကြောက်သွားမိတာပဲ ဒါပေမယ့် သူက ... မြကြာယံအကြောင်းကို လုံးဝမသိဘူး။

မြကြာယံကို အထပ်ထပ်တောင်းပန်တယ် ... ကြီးစိမ်းနဲ့ ဝင်တိုက်မိတုန်းက ကျကျန်ခဲ့တဲ့သော့တဲ့၊ သူအပြင်ထွက်စရာရှိလို့တဲ့ ... သူ့မရှိတဲ့အချိန် ... ကြီးစိမ်း အိမ်ထဲဝင်မရ ဖြစ်နေမှာစိုးလို့ ... လာပေးတာတဲ့လေ"

"အဲ့ဒီတော့ ... မြကြာယံလေးက ... ဘာပြန်ပြောလိုက်သေးလဲ ..."

"ရှင် ... ဘာပြောရမှာလဲ ကြီးစိမ်းရဲ့ ... ဒီအတိုင်းပဲ ယူထားလိုက်တာပေါ့ ..."

"ဒီနေ့ ... ကြီးစိမ်း။ သူ့အကြောင်းတွေ စုံစမ်းခဲ့သေးတယ် ... ဒီကောင်လေးက ရည်မွန်ပါတယ် ... သိပ်တော့ မဆိုးပါဘူး ... ဒါပေမယ့် ကြီးစိမ်းတို့မြကြာယံတို့က ... လူတွေနဲ့ မပတ်သက်လေ ကောင်းလေ ... လူတွေနဲ့ ဝေးဝေးရှောင်နေနိုင်လေ ကောင်းလေဆိုတော့"

ကြီးစိမ်းသည် စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ ... ရီဝေသောမျက်ဝန်းများနှင့် နေရာမှ ဆွဲခြင်းကြီး



ဆွဲမကာ ... မီးဖိုခန်းတွင်းသို့ ဝင်သွားတော့သည်။

မှန်ပါ၏ ...။

ကြီးစိမ်းပြောသလိုပင် ...

မြကြာယံဆိုတဲ့ မိန်းမတစ်ယောက်ဘဝဟာ ... လူ့ပတ်ဝန်းကျင်မှာ ရဲရဲတင်းတင်း နေလို့မရတဲ့ဘဝ ... လူတွေနဲ့ ကင်းကင်းနေနိုင်မှသာ ... မြကြာယံဆိုတဲ့ ကျွန်မဘဝက အေးချမ်းရမှာလေ။

ကိုနေမင်းညို ...။

မြကြာယံမှာ ... ရှင့်နဲ့ ရေ့ဆက်ပတ်သက်ဖို့ ... ခင်မင်ရင်းနှီးဖို့ဆိုတာ ... ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။

ရှင့်ကို ဆက်ပတ်သက်မိလေ ... ကျွန်မပဲ စိတ်ညစ်ရလေဖြစ်မှာ ... ဒါကြောင့် ... ကျွန်မကို ကျွန်မဆင်ခြင်ရတော့မယ်လေ။

နေမင်းညို ဆိုသော ...။

အသားဖြူဖြူ အရပ်မြင့်မြင့် ... နှာတံစင်းစင်း မျက်ခုံးထူထူ ... နှုတ်ခမ်းက မထူမပါးနှင့် ... ယောက်ျားပီသသော ... သူ့ပုံစံလေးကို မျက်ဝန်းထဲတွင် ဖျောက်ဖျက်မရအောင် စွဲကျန်ရစ်ခဲ့သည်။

အထူးခြားဆုံးကတော့ ...

သူ့ရဲ့ ကြင်နာသနား ကရုဏာသက်နေသော မျက်ဝန်းနက်နက်လေးများပင် ဖြစ်သည်။ အားကောင်းသော သူ့ရဲ့ညို့မျက်ဝန်းတစ်စုံမှာ ... ကျွန်မကို လုံလုံလောက်လောက် ဖမ်းစားနိုင်စွမ်းတွေ ရှိနေပြီ ... နောက်တစ်ကြိမ် ... သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ခိုးမကြည့်ဘဲ မနေနိုင်လောက်အောင်ကို ဖြစ်ရသည်။

သို့သော် ...။

အခုအချိန်သာ သူဟာ ... ကျွန်မအပေါ် ကြင်နာနိုင် ... ကရုဏာထားနိုင် ... နှစ်သက်နိုင်တယ်ပဲထားဦး ... တစ်နေ့နေ့ တစ်ချိန်ချိန် ... ထင်မှတ်မထားတဲ့ ... နေ့မှာ ... ကျွန်မရဲ့ ... နောက်ကြောင်း ... ကျွန်မရဲ့ အတိတ်က အရိပ်မည်းတွေ ... သူသိသွားတဲ့အခါ ... သူ ကျွန်မကို ... ခွင့်လွှတ်နိုင်မှာလား ... နှစ်သက်နိုင်ဦးမှာလား ... ကျွန်မလက်ကို ရဲရဲဝံ့ဝံ့ ဆုပ်ကိုင်ပြီး ... လောကကြီးကို ရင်ဆိုင်နိုင်ပါ့မလား။

ကျွန်မကရော ... သူ့ကို ... ပတ်ဝန်းကျင်မှာ မျက်နှာမပြရဲအောင် ကဲ့ရဲ့ရှုတ်ချမှုကို ပေးသင့်ပါသလား။

ကိုနေမင်းညိုရယ် ...။

ကျွန်မနဲ့ရှင့်ကို ဘယ်လိုကံကြမ္မာဆိုးကြီးက တွေ့ဆုံပေးလိုက်ရတာလဲ ... ဘာလို့ ရှင်နဲ့ကျွန်မက မျက်နှာချင်းဆိုင်လာပြီး ကျနေရတာလဲကွယ်။

ကျွန်မ အရမ်းကို စိတ်ညစ်နေရပြီ သိလား ... ကိုနေမင်းညို။



အခန်း(၅)

"မြကြာယံ ... ဟုတ်လား။ သိပ်လှတဲ့ နာမည်ကလေးပဲ"

"ဟုတ်တယ် ... မောင်မောင်။

မြကြာယံ ... တဲ့။ သူကိုယ်တိုင် ငါ့ကိုပြောပြတာ ထင်တောင် မထင်မိဘူးကွာ ... လောကမှာ ဒီလောက်လှတဲ့ ... ကျက်သရေရှိလွန်းတဲ့ ... အမျိုးသမီးကလေးတစ်ယောက် ရှိနေလိမ့်မယ်လို့ ... ငါတကယ် မထင်မိဘူး ..."

"မြကြာယံက ... အဲ့ဒီလောက်တောင် လှသလား။ နေမင်းညို ... မင်းပြောတာနဲ့ ငါတောင် ... သူ့ကိုအရမ်းတွေ့ဖူးချင်လာပြီ"

မင်းတွေ့လို့ မဖြစ်ပါဘူး မောင်မောင်ရာ ...။ ကျွန်တော်တစ်ယောက်တည်း ... စိတ်ထဲမှာ ပြောမိသည်။

မြကြာယံဟာ ...။

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို ကြောက်တတ်တာ ...။

ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့လည်း ... သူမ မနေဘူးတော့ ... လူအများကြီးနဲ့ သူ့ကို ပေးတွေ့လို့မဖြစ်ပါဘူး။

ယံ ... ရယ်။

ကျွန်တော်လေ မင်းရဲ့ ... စိုးထိတ်ကြောက်လန့်နေတဲ့ မင်းရဲ့သနားစရာ အမူအရာလေးနဲ့ ... အားငယ်ဖျော့တော့နေတဲ့ ... မင်းရဲ့မျက်ဝန်းကလေးတွေကို အရမ်းသနားမိတယ်။

မင်း ဘာဖြစ်လို့ ...

ဒီလောက်တောင် လူတွေကို ... ကြောက်နေတာလဲ။ ကျွန်တော် ... အရမ်းစိတ်ဝင်စားတယ် ... မင်းရဲ့နောက်ကြောင်း ရာဇဝင်မှာ ... ဘာတွေများ စိတ်ချောက်ချားစရာတွေ ... တွေ့ကြုံရင်ဆိုင်ခဲ့ရလို့လဲကွာ ...။

မင်းနဲ့ ခင်မင်ရင်းနှီးချင်တယ် ...။

မင်းရဲ့တစ်ဦးတည်း စိတ်ခံစားရမှုကို ... မျှဝေခံစားပေးချင်မိတယ် ... မင်းအားငယ်နေတဲ့ အချိန်မှာ မင်းရဲ့ အားပေးဖော်အဖြစ် ကျွန်တော်နေပေးချင်ပါတယ်။

ဒါပေမယ့် ...။

မင်းကိုခင်မင်ဖို့ဆိုတာ ... ရဖို့ခေးစွ။ မင်းရဲ့ မျက်နှာလေးကိုတောင် နောက်တစ်ကြိမ် ဘယ်လိုတွေ့ရမှန်တောင်မသိဘူး ...

တံခါးကြီးတွေ အထပ်ထပ်ပိတ်ပြီး ... သော့ကြီးတွေ အထပ်ထပ် ခတ်ထားတာပဲ ... ကျွန်တော် အမြဲမြင်တွေ့နေရတယ်။



ရင်မောရပါလား ... မြကြာယံရယ်။

ကျွန်တော် ... ဘာမဟုတ်တဲ့ မင်းလေးအတွက်နဲ့ နေရထိုင်ရ ခက်နေရပြီ။ အရင်ကလို ... ကျွန်တော့်စိတ်တွေ တက်ကြွမနေတော့ဘူး ... အလုပ်ကိစ္စပြီးလို့ ... ကျွန်တော် အိမ်ပြန်ရောက်တော့လည်း ... မင်းရဲ့အခန်းလေးကိုကြည့်ပြီး ကျွန်တော် ငေးမှိုင်နေတတ်ပြန်တယ် ... အချိန်အားနေရင် အိပ်ရာထဲခွေပြီး ... မင်းရဲ့အကြောင်းတွေပဲ စဉ်းစားနေချင်တယ်။ မင်းရဲ့မျက်နှာလေးကို မြင်တွေ့နိုင်ဖို့ပဲ ... အချိန်ပြည့် ကျွန်တော် ကြိုးစားနေချင်တော့တယ်။

အခုမှ ...

တကယ်ခက်ပြီ ... မြကြာယံ။

ကြာရင် ... မေမေ ကျွန်တော့်အဖြစ်ကို သိတော့မယ် ... အခုတောင် ကျွန်တော့်ကို ... မေမေသိပ်မသင်္ကာသလိုဖြစ်နေပြီ ...။ ကျွန်တော့်ခြေလှမ်းတွေ မပျက်နေလို့ မေမေ ဘာမှမစွပ်စွဲသေးတာ ... ကျွန်တော်က အချိန်ရတာနဲ့ အပြင်တွေသွားမနေဘဲ ... အိမ်ထဲမှာသာ အချိန်ပြည့် နေတာကို ကျွန်တော် ခြေလှမ်းပျက်စရာမှ မလိုတာ ... ကျွန်တော်မြတ်နိုးမိတဲ့ မိန်းကလေးက တစ်ခြားမှာနေတာမှ မဟုတ်တာ ... ကျွန်တော့်အရှေ့ခန်းမှာပဲဥစ္စာ ... ဘာပျက်စရာလိုလဲ။

အရင်ကလို ...

အိမ်ပြန်လာရာ ... ငြီးငွေ့မနေတော့တဲ့ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော့်ကိုတောင် မေမေက ကျေးဇူးတွေ တင်နေဦးမှာ။

ကျွန်တော် ဘာကြောင့် အပြင်ထက် အိမ်မှာနေချင်ရသလဲဆိုတဲ့ အကြောင်းသာ မေမေသိလို့ကတော့ ...မေမေ တစ်ခါတည်း တက်သေသွားနိုင်သည်။

အခုအချိန်ထိ ...။

အရှေ့ခန်းတွင် မြကြာယံရှိနေတာ မေမေ လုံးဝ သိပုံမရ ...

အမီနာလည်း တစ်ခါမျှ မြင်ဖူးပုံမပေါ် ...

ဒါကြောင့် ...

ကျွန်တော့်အဖြစ်ကို ဘယ်သူကမှ မရိပ်မိ ...

ကျွန်တော့်မှာ မြကြာယံကို တွေ့ရဖို့အရေး ... အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားရသေး၏။

ပထမ ... မေမေ

ဒုတိယ ... အမီနာ

တတိယ ... မြကြာယံ၏ အဒေါ်ကြီးစိမ်း။

သူတို့သုံးယောက်စလုံး မရှိတဲ့အချိန်မှ ... ကျွန်တော် သူမကိုတွေ့လို့ရမည်။

တွေ့ရပြန်တော့လည်း ... အချိန်တွေကတိုတောင်းလွန်းပြန်၏။ မြကြာယံရယ် ... ဘယ်သောအခါမှ ကျွန်တော် မင်းကို ... အချိန်ကြာကြာ မြင်တွေ့ခွင့် ရရမှာလဲကွာ ...။

ကျွန်တော် အစီအစဉ်တစ်ခုကို ... ဦးနှောက်ထဲသို့ ထည့်ထားမိသည်။

ကျွန်တော့်ကို ...



မြကြာယံ ... မေ့မသွားစေရန် ...!

သူမရဲ့ ဦးနှောက်ထဲတွင် ကျွန်တော် အမြဲရှိနေစေမည့် ... အကောင်းဆုံး လုပ်ဆောင်ချက်တစ်ခု ...။

ကျွန်တော် ...။

ဥပုသ်နေ့ကို စောင့်နေရသည်။

နေ့တိုင်း ... ဥပုသ်နေ့သာ ဖြစ်လိုက်ရင် ဘယ်လောက် ကောင်းလိုက်မလဲဟု စိတ်ထဲမှာ တွေးမိသည်။

မနက်ဖြန် ...

ဥပုသ်နေ့။

မေမေ ဥပုသ်စောင့်ရန် ဝယ်စရာပစ္စည်းများ ဝယ်ခြမ်းထားပြီးဖြစ်၏ ... ညပိုင်း ဟင်းချက်စရာများလုံးပြီး ... မနက်စောစောထကာ ချက်လေပြီ ... နံနက်ကိုးနာရီဆို မေမေ ဘုန်းကြီးကျောင်း သွားပြီဖြစ်သည်။

အမီနာကတော့ ... ငွေပေးပြီး အပြင်သွားခိုင်းလို့ရပြီ။

တစ်ခါတလေဆို ...

သူမကတောင် ... မေမေလစ်တာနှင့် အစ်ကိုလေး အေးအေးဆေးဆေးနေဦးနော် ... အမီနာ ဘာသွားဝယ်လိုက်ဦးမယ်ဆိုပြီး ... ထွက်သွားတတ်၏။

အမီနာ ... အခုတလော လမ်းသိပ်အထွက်များသနေ၏ ။

တစ်ခုခုတော့ ...

ထူးခြားနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့စိတ်တွေက … မနက်ဖြန် မြန်မြန်ရောက်ပါစေဟုသာ ဆုတောင်းနေမိတော့သည် …။

မနက်ဖြန်အတွက် …

သူအားလုံးစီစဉ်ထားပြီးသား … သူ့အစီအစဉ်ကလေးအတွက်လည်း … တွေးမိတိုင်း ရင်ခုန်ကြည်နူးမိရသည်။

မြကြာယံရယ် … သိပ်တွေ့ချင်တယ်ကွာ။

မင်းဘဝမှာ … ကျွန်တော်နဲ့ ဆုံတွေ့ရမှုအတွက် ဘယ်တော့မှ စိတ်မညစ်စေရဘူး … စိတ်ထိခိုက်မှုတွေ မခံစားစေရဘူး … ကျွန်တော် ကတိပေးတယ်သိလား … မင်းစိတ်ထဲမှာ ကျွန်တော်ဟာ ဘယ်သောအခါမှ နောင့်ယှက်တဲ့လူ မဖြစ်စေရဘူး။

ကျွန်တော့်ကြောင့် …။

မင်းပျော်ရွှင်စေရမယ် … ကျေနပ်စေရမယ်။

ကျွန်တော်နဲ့ ပတ်သက်လိုက်ရလို့ … မင်းတစ်စုံတစ်ခု ခံစားရပြီး … တသသ နောင်တရမိနေတယ်ဆိုရင် … ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်ပေးလိုက်မယ်။

အဲ့ဒါကို …

မြကြာယံ … ယုံပါ။

ကျွန်တော့်ရဲ့ မြကြာယံအပေါ် ထားခဲ့တဲ့ … ဖြူစင်တဲ့ မေတ္တာနဲ့ … ကြင်နာသနားစိတ်ကလေးဟာ … ဘယ်လိုအခါမျိုးမှာမှ … ပြောင်းလဲလွင့်ပျောက်မသွားစေရဘူး။

အဲ့ဒါကို …

မြကြာယံ … ယုံပါ။



ကျွန်တော်ရဲ့ မြကြာယံအပေါ် ထားခဲ့တဲ့ … ဖြူစင်တဲ့ မေတ္တာနဲ့ … ကြင်နာသနားစိတ်ကလေးဟာ … ဘယ်လိုအခါမျိုးမှာမှ … ပြောင်းလဲလွင့်ပျောက် မသွားစေရဘူး။

ဒါဟာ …။

ကျွန်တော့်ရဲ့ ကတိသစ္စာတရားပဲ။

ထုံးစံအတိုင်းပင် …။

မေမေသည် … ဥပုသ်စောင့် တရားနာရန် ထွက်သွားချေပြီ …။

အမိနာကလည်း အားကျမခံ … မေမေမရှိတော့ တာနှင့် လမ်းထွက်ဖို့ တာဆူနေပြီ …။

ကျွန်တော် တစ်ခုခုခိုင်းမလားဟု … ကျွန်တော့် အခေါ်ကို စောင့်နေလေသည်။

"အစ်ကိုလေး"

"ဟာ …"

"ဘာဝယ်ခိုင်းချင်သေးလဲ"

"ဘာမှ ဝယ်ခိုင်းစရာ မရှိဘူး … ကိုယ့်အလုပ်ပဲ ကိုယ်သွားလုပ်"

ကျွန်တော် တမင်ညစ်လိုက်ခြင်းပင် …။

အမိနာ … ခေါင်းကလေးကုတ်ပြီး … မျက်နှာမသာမယာနှင့် ကျွန်တော့်အနားမှ ထွက်သွားပြီး … အိမ်

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းရေးများ ဆက်လုပ်နေသည်။

ကျွန်တော် ကြားရသလောက် ...

အမိနာ့တွင် ရည်းစားရှိနေပြီတဲ့။

သူ့ကောင်လေးနဲ့ ချိန်းထားသည်နှင့် တူ၏။ အပြင်ထွက်ချင်နေသည်။ ဒါကြောင့် ... ကျွန်တော် တစ်ခုခု ဝယ်ခိုင်းမှာကို စောင့်နေလေ၏။ သနားတော့ သနားမိသည်၊ သူလည်း သူ့ချစ်သူနဲ့ တွေ့ချင်ပေမပေါ့ ... ကိုယ်ချင်းစာပါသည် ... သို့သော် ... အရင်က ကျွန်တော့်အပေါ် ... မေမေ့ အရှိန်အဝါနှင့် ချုပ်ထားခဲ့လို့ တမင်ညှင်းဆဲထားလိုက်ခြင်း ရယ်ပါ။

နောက်တော့ ...။

ကျွန်တော် စိတ်မကောင်းဖြစ်ရသည် ... အမိနာ လည်း ကျွန်တော့်လိုပဲ ... မေမေ ဥပုသ်စောင့်တဲ့ နေ့လေးကို စောင့်မျှော်နေရသူပင် ...

"အမိနာ ..."

ခေါ်သံပင် မဆုံးသေး ... ကျွန်တော့်ရှေ့ ရောက် နေပြီ ... ကျွန်တော် ရယ်ချင်သွားမိ၏။ ဘယ်လောက်တောင် များ အပြင်ထွက်ချင်နေသလဲလို့ ... ကျွန်တော့်ခေါ်သံကိုပဲ နားစွင့်နေသည်။

"နင့်ကို ဝယ်ခိုင်းစရာတော့ မရှိဘူး ... ဒါပေမယ့် ... ငါလည်း နင့်ကိုကိုယ်ချင်းစာပါတယ် ... နင်အပြင်သွား ချင်ရင် သွားလေ ... ငါတစ်ယောက်တည်း နေလို့ရပါ တယ် ... နင် အလုပ်တွေ ပြီးသွားပြီလား"



"ဟုတ်ကဲ့ ... အစ်ကိုလေး ... အားလုံးပြီးသွားပါပြီ"

"ဒါဆိုလည်း ... သွားချင်သွားလေ"

"ကျေးဇူးတင်ပါတယ် ... အစ်ကိုလေးရယ်။ အစ်ကိုလေး ကျေးဇူးကို အမိနာ မမေ့ပါဘူး ... ဟိ ... ဟိး ..."

"အေး ... နင်ပြောတာ မှတ်ထားနော်"

"အင်းပါ အစ်ကိုလေးရဲ့"

"သွားတော့ ... ရော့ ... နှစ်ရာယူသွားဦး"

"ဟုတ်ကဲ့ ... ကျေးဇူးအများကြီး တင်ပါတယ် အစ်ကို လေး"

အမိနာ ... ဝမ်းသာအားရ ကျွန်တော့်ရှေ့မှ ထွက်သွားလေသည်။ ဒီအိမ်မှာ ... မေမေ့ကို ပြန်ပြောနိုင်တာ မေမေယုံကြည်မှုအရှိဆုံးက အမိနာ တစ်ယောက်တည်းသာ မဟုတ်ပါလား။

ဒါကြောင့် ...။

ကျွန်တော် အမိနာ့ကို ... ကျွန်တော် တမင်ပေါင်း ထားခြင်းပဲဖြစ်သည်။ ဒါမှ ... နောက်ဆို ကျွန်တော့် အလုပ် ကိစ္စတွေ ... အောင်မြင်မှာလေ ...။

အခုအချိန်လောက်ဆို ... ကြီးစိမ်း ဈေးဝယ် လောက်ပြီ ...

အိုကေ ...။

အားလုံး အဆင်ပြေပြီ ...။

ကျွန်တော် ဖွက်ထားသော ... နှင်းဆီပန်းနီနီလေး တစ်ပွင့် ...။ ပြီးတော့ ... အနီရဲရဲ ပန်းသီးကလေး တစ်လုံး။

www.burmeseclassic.com

www.burmeseclassic.com



ယူစရာရှိတာတွေယူပြီး ... အပြင်သို့ ထွက်ခဲ့သည်။ ကျွန်တော့်ဦးတည်ချက်က ... အရှေ့ခန်းရှိ မြကြာယံဆီသို့ ...။

သစ်သားတံခါးလေးတွင် ... ပန်းကလေးကို တိတ်ကလေးနှင့် ကပ်လိုက်ပြီး ... ပန်းသီးကလေးကိုလည်း တိတ်ပြားကြီးကြီးကလေးနှင့် အသာအယာ ကပ်ထားလိုက်သည်။

နောက်ဆုံး ...။

ကျွန်တော့်စာရွက်ကလေးတစ်စောင် ...။

အားလုံးကပ်ပြီးသည်နှင့် ... သူမအခန်းနံရံရှိ လူခေါ်ဘဲလ်လေးကို အဆက်မပြတ် တီးလိုက်၏။

နောက်ပြီး ... ကျွန်တော် အခန်းထဲသို့ ကမန်းကတန်း ဝင်ကာ ... ခိုးကြည့်မှန်ပေါက်ကလေးမှ သူမအခန်းကို ချောင်းကြည့်နေလိုက်မိသည်။

သိပ်မကြာပါ ...။

တံခါးချပ်ကို အသာကလေးဖွင့်ကာ ... ဟိုကြည့် ဒီကြည့်နှင့် ပြူးပြူးပျာပျာကလေးနှင့် သူမမျက်နှာလေး ... ကျွန်တော် မြင်တွေ့နေရသည်။

ပြီးမှ ...။

သူမတံခါးတွင် ကပ်ထားသော ... ကျွန်တော့် ပစ္စည်းကလေးများကိုတွေ့ပြီး ... ကျွန်တော့်အခန်းသို့ လှမ်းကြည့်၏။

သူမ ဘာလုပ်မလဲဟု ရင်တထိတ်ထိတ်နှင့်



ကျွန်တော် စောင့်ကြည့်နေမိသည်။

ကျွန်တော်ထားခဲ့သော ... ပစ္စည်းများကို ခပ်သွက်သွက်ကလေး ခွာယူပြီး ... သူမအိမ်လေးထဲသို့ ပြန်ဝင်သွား၏။

သူမကို ကျွန်တော် နှစ်သက်မိသည့်အထဲတွင် သူမ၏ ရိုးရိုးယဉ်ယဉ်ကလေး ဝတ်ဆင်တတ်မှုကလေးလဲ အပါအဝင် ဖြစ်ပါသည်။

ဘယ်တော့မဆို ... ဆံပင်ရှည်ရှည်တွေကို ထုံးဖွဲ့မထားဘဲ ... ဖားလျားချထားတတ်၏။

ဒီနေ့ သူမ ပိုလှနေသလိုပဲ ...။

အသားဖြူဝင်းဝင်းကလေးတွင် ... အနက်ပေါ် အဖြူပွင့်ယှက်များပါသည့် ... ပါတိတ်ဝမ်းဆက်ကလေးဝတ်ထားသောကြောင့် ... ပိုပြီးထင်းနေသည်။

ဘာမှလိမ်းခြယ်ထားခြင်း မရှိသော ...။

သူမရဲ့ ဖြူနုနေတဲ့ ... မျက်နှာရှင်းရှင်းကလေး။

စိုးထိတ်စွာ ကြည့်နေသော ... သူမရဲ့ မျက်ဝန်း နက်နက်ဝိုင်းဝိုင်းကလေးတွေနှင့် ... အံ့ဩသွားသော သူမရဲ့ နှုတ်ခမ်းဖူးဖူးဟဟကလေး ...။

အရမ်းချစ်စရာကောင်းတာပဲ မြကြာယံ ...။

ကျွန်တော့်ဘဝမှာ ... မြကြာယံဆိုတဲ့ အမျိုးသမီးကလေးကို ... ဆုံတွေ့လိုက်ရတဲ့အတွက် ... ဖော်မပြနိုင်အောင် ဝမ်းသာမိပါတယ်။

သူမရဲ့ ...။

အပြစ်ကင်းစင်နေတဲ့ မျက်နှာကလေးကို ...

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရတာနှင့်ပင် ... နောက်တစ်ခါ ထပ်မတွေ့ရရင် မနေနိုင်လောက်အောင် ... စွဲလမ်းသွားမိသည်။

အခုလောက်ဆို ...

ကျွန်တော်ပေးခဲ့တဲ့ စာကလေးကို ... ဖတ်ပြီး လောက်ရောပေါ့။

သူမ ဘယ်လိုနေလဲ ...။

ကျွန်တော်ကတော့ သူမကို ခင်မင်မိသည်။ ဒါကို ... သူမက လက်ခံချင်ပါ့မလား ... ကျွန်တော် အရမ်းကို စိတ်ပူမိသည်။

တော်တော်နှင့် ... သူမ ပြန်ထွက်မလာသေ ...။

ဒါဆို ...

သူမ ကျွန်တော့်ကို ... စိတ်မဆိုးဘူးပေါ့။ တစ်နည်းအားဖြင့် ... ကျွန်တော်ပေးသောပစ္စည်းများ ... ပြန်လွှင့်ပစ်မထားဘူးဆိုတော့ အခြေအနေ သိပ်မဆိုးတော့ဘူးပေါ့နော်။

ကျွန်တော် ...။

အရမ်းကို ... ကျေနပ်မိသည်။

ကျေးဇူးတင်ပါတယ် ... မြကြာယံ။

ကျွန်တော်ဟာ ... မင်းထင်သလို ... မင်းကို အနှောင့်အယှက်ပေးတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။ ကျွန်တော်ဟာ ... မင်းဘဝအတွက် ... မရှိမဖြစ် လိုအပ်တဲ့ ... မင်းရဲ့တိုင်ပင်ဖော် ... မင်းရဲ့အားပေးဖော် ... မင်းခံစားနေရသမျှတွေအာလုံး မျှဝေခံစားပေးနိုင်တဲ့ ... မင်းရဲ့အကောင်းဆုံး အဖော်တစ်ယောက်ပဲ ဖြစ်ချင်ပါတယ်။



ပတ်ဝန်းကျင်နဲ့ ထိတွေ့ရမှာ ...

ကြောက်ရွံ့ထိတ်လန့်နေတတ်တဲ့ မင်းရဲ့ ... စိတ်ဓာတ်ပျော့ညံ့ညံ့တွေကို ... ဖယ်ထုတ်ပြီး ... အရာရာကို ရင်ဆိုင် ဖြေရှင်းရဲတဲ့ ... မိန်းကလေးတစ်ယောက် မင်းကို ဖြစ်စေချင်တယ် မြကြာယံ။

ပြီးတော့ ...။

မင်းဟာ ဉာဏ်ကောင်းပါလျက် ... ကျောင်းမနေရတဲ့ဘဝ။

တကယ်ဆို ...။

အခုအချိန်မှာ ... မင်းက ပညာတတ်မိန်းကလေး တစ်ယောက် ဖြစ်နေရမှာ ...။

ကျွန်တော် တကယ်စိတ်မကောင်းဘူး မြကြာယံ။

မင်းဘဝကို ...

ကျွန်တော် ... တကယ်သနားမိတယ်။

အတိတ်က ... လိုက်နေတဲ့ မင်းရဲ့အရိပ်မည်းကြီးကို ကျွန်တော် ... ဖြေရှင်းပေးလို့ရရင် သိပ်ကောင်းမှာပဲ။

ကျွန်တော် ...။

မင်းကို အရမ်းအပြစ်ကင်းစင်တဲ့ ... အေးချမ်းသာယာ ပျော်ရွှင်စရာကောင်းတဲ့ ဘဝကလေးတစ်ခုကို ... အမြန်ရပါစေလို့ ဆုတောင်းပေးပါတယ် မြကြာယံလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



အပိုင်း(၂)



အခန်း(၁)

မြကြာယံ ...။
ကျွန်တော် ... နေမင်းညိုက ... ခင်မင်ခွင့်ရဖို့ အရမ်း မျှော်လင့်ပါတယ်။
မြကြာယံ ... ကျွန်တော့်ကို ခင်တယ်ဆိုရင်။
ကျွန်တော် ပေးထားတဲ့ ... ပန်းသီးလေးတွေကို လက်ခံပါ။
တကယ်လို့ ...
ကျွန်တော်နဲ့ ... မပတ်သက်ချင်ဘူး ... မခင်ချင်ဘူးဆိုရင်တော့ ...
ကျွန်တော့်လက်ဆောင်တွေကို ... အခန်းအပြင်ကို ပြန်လွှင့်ပစ်
လိုက်တော့နော် ... ကျွန်တော် စောင့်ကြည့်နေပါ့မယ်။

နေမင်းညို။

ကျွန်မ ဘာလုပ်ရမှာလည်း ... ကိုနေမင်းညိုက ခင်မင်ချင်လို့တဲ့ ... ကျွန်မကလည်း ရှင်နဲ့ ခင်ချင်ပါတယ် ကိုနေမင်းညို ... ဒါပေမယ့် ... ကျွန်မဘဝက ... လူတကာတွေလို ပွင့်ပွင့်လင်းလင်း နေလို့မရတဲ့ဘဝ ...။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ...။

မြကြာယံဆိုတဲ့ မိန်းမတစ်ယောက်ကို ...

ရှင် ခင်မင်ခွင့် ရလိုက်လို့ ... ရှင့်အတွက် ဘာအကျိုးမှ မရှိသလို ... ဂုဏ်တက်စရာ ... အားကျအတုယူလောက်စရာလဲ မရှိနိုင်ဘူး။

ကျွန်မနဲ့ ဆက်ဆံပေါင်းသင်းလိုက်လို့ ...

တစ်ချိန်ချိန်မှာ ...။

ရှင် နောင်တ အရမ်းရနေတော့မှာပါ ... ရှင် အရမ်း စိတ်ထိခိုက်ရမှာ ... ရှင့်ဂုဏ်သိက္ခာတွေ ... ရှင့်ဘဝတွေ ရစရာမရှိအောင် ဖြစ်ရမှာပါ။ အဲ့ဒါကို ... ရှင်က မသိဘူးလေ။

မသိလို့ ခင်မင်ချင်တဲ့သူမှာ အပြစ်မရှိပေမယ့်။

သိသိကြီးနဲ့ ရှင့်အနား ကပ်မိတဲ့ ကျွန်မမှာသာ အပြစ်အရမ်းကြီးမှာ ... အဲ့ဒီအချိန်ကြရင် ... ရှင် ကျွန်မကို သတ်ပစ်ချင်လောက်အောင် မုန်းသွားမှာပါ။

အဲ့ဒီအခါ ကျရင်တော့ ...

"ခလောက် ..."

အပြင်မှ သော့ဖွင့်သံ ကြားရ၏။ ကြီးစိမ်း ... ပြန်လာပြီ ... ကျွန်မ ကမန်းကတန်း သူ့ပစ္စည်းကလေးများ ကောက်ယူပြီး ... အဝတ်အစားဗီရိုထဲသို့ ထိုးထည့်လိုက်ပြီး ဣန္ဒြေရရ ပြန်နေလိုက်သည်။

ကျွန်မ တော်တော် အတွေးလွန်သွားတာပဲ ...

ကြီးစိမ်းတောင် ပြန်ရောက်လာသည့်အထိ ...



အတွေးစိတ်ကူးက မပြတ်နိုင်သေး။

ဟောတော့ ...။

ကျွန်မ အခုမှ သတိရမိသည်။

သူ့ပစ္စည်းတွေ ပြန်မပေးဖြစ်ဘဲ ... ယူထားမိ၏။

အဲ့ဒါမှ ဒုက္ခပါပဲ ...။

ကြီးစိမ်း ရှိနေပြီဆိုတော့ ... သူမ ဘယ်လိုမှ ပြန်ပေးလို့ ရတော့မှာ မဟုတ်ဘူး။

ဒါဆို ...။

သူ့ကို ခင်မင်ခွင့် ပေးတယ်လို့ ယူဆတော့မှာပဲ။

ကျွန်မ ဘယ်လိုလုပ်ရတော့မလဲ ... ကြီးစိမ်းက နောက်တစ်ပတ်ဆယ်ရက်လောက်မှ ဈေးသွားတော့မှာ။

အဲ့ဒီလောက်ဆို ...။

သူပေးတဲ့ ပန်းပွင့်ကလည်း နွမ်းပြီး ကြွေလောက်ပြီ ... သူပေးတဲ့ ပန်းသီးကလဲ ပုပ်ပွနေလောက်ပြီ ...။ ဘယ်လိုမှ ပြန်ပေးလို့မဖြစ်တော့ပါ ... ကြီးစိမ်းကလည်း တစ်ချိန်လုံး သူမကို အရိပ်တစ်ခုလို ကြည့်နေတတ်တဲ့အပြင် ... သူ့ကိုတွေ့ရမှ သူ့ပစ္စည်းပြန်ပေးလို့ရမည်။

ဟင်း ...။

စိတ်ညစ်လိုက်တာနော် ...။

"သမီးကလေး ... ဘာဖြစ်နေတာလဲ။ မျက်နှာလည်း မကောင်းဘူး ..."

"သမီး ... အရမ်းပျင်းတာပဲ ကြီးစိမ်းရယ် ... တစ်ခါတလေ ... သူများတွေလို လွတ်လွတ်လပ်လပ် နေချင်

ကြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ...”

“သြော် ... မြကြာယံလေးရယ် ...”

ကလေးရယ် ...။

ကြီးစိမ်း စိတ်မကောင်းပါဘူးကွယ်။

ဒါပေမယ့် ...။

သမီးရဲ့ အဖေအမေတင်ခဲ့တဲ့ ကြွေးတွေက ... ဘာနဲ့မှ ထိုးဆပ်လို့ရမှာ မဟုတ်ဘူး ... ငါ့သမီးလေးကို ... သူတို့ရဲ့ သမီးဆိုတာ သိသွားလို့ကတော့ ... မြကြာယံဘဝ ရစရာမရှိအောင် စုတ်ပြတ်သတ်သွားမှာ ... သူတို့က မရမက လိုက်စုံစမ်းပြီး ... လက်စားချေပစ်ကြမှာလေ ...။

ကြီးစိမ်း ကိုယ်ချင်းစာပါတယ် ကလေးရယ် ...

ပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ပြီး ... ငယ်မှအသွားအလာ ... ဆက်ဆံမှု မရှိတဲ့ ... ဒီ သုံးလွှာတိုက်ခန်းကျဉ်းကလေးထဲမှာပဲ ... ခိုအောင်းနေခဲ့ရတယ်။

ဒီအရွယ်ဟာ ...။

အရမ်းကို လွတ်လပ်ပျော်ပါးဖို့ အကောင်းဆုံး အရွယ်ဆိုတော့လည်း ... ဒီအခန်းကြီးမှာပဲ နေရတဲ့အတွက် သူမကလေး ငြီးငွေ့ရှာမှာပေါ့။

အပြင်ပေးထွက်ပြန်လျှင်လည်း ...

တစ်စုံတစ်ဦး တွေ့မြင်သွားမှာလည်း စိုးရသေး။

ဘယ်လိုလုပ်ရင် ကောင်းမလဲ ...။

ဘာရယ်မဟုတ် ... အရှေ့အခန်းမှ ကောင်လေးကို ဒေါ်စိမ်း ... မြင်ယောင်ငဲ့တိရမိသည်။



နေမင်းညိုတဲ့ ...။

အင်ဂျင်နီယာကလေး။

ရုပ်ကလေးကလည်း တည်တည်ကြည်ကြည်... ခံ့ခံ့ချောချောကလေး ... စိတ်သဘောထားကလည်း ကောင်းသည်ဟု ပြောသံကြား၏။

ဒီလိုကောင်လေးမျိုးနဲ့ မြကြာယံလေးနဲ့ဆို ... အရမ်းကို လိုက်ဖက်ညီမှာပဲ ... နေနဲ့လ ရွှေနဲ့မြလိုပဲ ဖြစ်မှာ။

အို ...။

မဟုတ်သေးပါဘူး ...။

ငါ့ဘာတွေ စဉ်းစားနေမိပါလိမ့် ...။ မြကြာယံက အိမ်ထောင်ပြုဖို့ဆိုတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင် ... မြကြာယံပဲကြာရင် ဒုက္ခရောက်ရမှာပါ။ သူမရဲ့ နောက်ကြောင်းကိုသိကဲ့လူတွေက ... တစ်ချိန်ချိန် သူမအကြောင်းပြောလို့ ... ပြန်ကြားရင် ... မြကြာယံကို ကွာမှာပဲ ... ထားခဲ့ကြမှာပဲ။

မြကြာယံ ... ယောကျ်ားယူလို့ မဖြစ်သေးပါဘူးကွယ် ...။

“ကြီးစိမ်း ...”

“ ”

... ... ...

“ကြီးစိမ်း ...”

“ဟော ... သြော် ... အင်း ... ပြောလေကလေး ...”

“ကြီးစိမ်းကလည်းလေ ... ခေါ်နေတာကြာနေပြီ... ဘာတွေ ဒီလောက်တောင် စဉ်းစားနေရတာလဲ ... မြကြာယံ ပြောတာတွေလဲ မကြားဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူးကွယ် ... မြကြာယံ ... ဘာပြောချင်လို့လဲ"

"မြကြာယံ ... ဒီအခန်းလေးထဲမှာပဲ တစ်နေ့တစ်နေ့ အချိန်တွေကုန်နေရတာ ငြီးငွေ့လာပြီ ... ဒါကြောင့် အပြင်က လွတ်လပ်တဲ့ လေကောင်းလေသန့်လေးကို ရှူရှိုက်ပစ်လိုက်ချင်တယ် ...။

ကြီးစိမ်း ... လူတွေအားလုံးရှင်းတဲ့ ... ညပိုင်းလေးလောက်တော့ အညာင်းအညာပြေလေး ... အောက်ကို ဆင်းခွင့်ပေးပါလား ကြီးစိမ်းရယ် ..."

မြကြာယံ ...။

မျက်နှာငယ်လေးနှင့် တောင်းတောင်းပန်ပန်လေး ပြောမိသည်။ ကျွန်မစကားကို ... ကြီးစိမ်း တော်တော်လေး စဉ်းစားနေပြီးမှ ...

"ကောင်းပြီလေ ... ည(၁၁)နာရီလောက်ဆို လူတွေရော ... ကားအသွားအလာပါရှင်းသွားပြီ ... မြကြာယံလေး အခန်းထဲမှာ နေနေရတာ ကြာတော့လည်း အညောင်းမိပါတယ်လေ ... ဒီညကျရင် ... ကြီးစိမ်းရယ် မြကြာယံရယ် ... အညောင်းအညာပြေ အောက်ဆင်းပြီး ညရဲ့အလှကို ခံစားကြတာပေါ့ ... ဟုတ်ပြီလား"

"အမယ်လေး ... ကျေးဇူးတင်လိုက်တာ ကြီးစိမ်းရယ်"

"ကဲ ... ကဲ ... ဒီနေ့ ခေါင်းလျှော်ချင်တယ်ဆို"

"ဟုတ် ..."

"ဒါဆို ... စောစောလေးလျှော်ပြီး ရေမိုးချိုးချေတော့"



"ဟုတ်ကဲ့ ... ကြီးစိမ်း"

"ကဲ ... သွား ... သွား။ ကြီးစိမ်းလည်း ... ပစ္စည်းလေးတွေ သိမ်းလိုက်ဦးမယ်"

"ဟုတ်ကဲ့ ..."

ပျော်လိုက်တာ ...။

မြကြာယံရဲ့ဘဝမှာ ... အခုလို လွတ်လွတ်လပ်လပ် နေရဖို့ဆိုတာ ... တစ်ခါမှမရှိခဲ့ ... အခုညတော့ ... လောကကြီးရဲ့အလှကို အားရပါးရ ထိတွေ့ရတော့မယ် ...။

ပြန်သတိရမိသေးသည်။ ကျွန်မ ခြောက်တန်းနှစ်လောက်ကပေါ့ ... သူငယ်ချင်းတွေနဲ့ ပျော်လိုက်ပါးလိုက် ... စာတွေအတူတူကျက်လိုက်နှင့် အရမ်းကို ပျော်စရာကောင်းလိုက်တာ ...။

မှတ်မှတ်ရရ ...

ကျွန်မ ခုနစ်တန်းအောင်လို့ ရှစ်တန်းတက်မည့်နှစ် ...။

ကျွန်မဆီကို ... ကျွန်မတို့အိမ်မှာ နေခဲ့သော ကြီးစိမ်း ... တိုက်တဆိုက်လာရောက်ခေါ်ကာ ... ကျွန်မတစ်ခါမှမသိသော ... ရန်ကုန်ဆိုသော နယ်မြေစိမ်းသို့ ရောက်ခဲ့ရ၏။

ကြီးစိမ်း ...။

ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ မသိပေမယ့် အကြောင်းတစ်ခုခုရှိလို့သာဟု ကျွန်မ ခံစားလို့ရခဲ့သည်။ လမ်းတစ်လျှောက်လုံးတွင်လည်း ပုံလျှိုးကွယ်လျှိုးနှင့် လာခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...။

ထင်မှတ်မထားစွာ ... ရှစ်တန်းတက်မည့်နှစ်တွင် ကျွန်မဘဝ ကံဆိုးမိုးမှောင် ကျခဲ့သည်။

ကျောင်းမှ ထွက်ခဲ့ရပြီး ... လုံးဝကျောင်းဆက် မနေရတော့ ... ကျွန်မတစ်ချိန်လုံး စိတ်ကူးယဉ်ခဲ့ရသော အိပ်မက်ကလေး ... လန့်နိုးပျောက်ကွယ်ခဲ့ရလေပြီ။

ဆရာဝန် သိပ်ဖြစ်ချင်တဲ့ ကျွန်မ ...

အခုတော့ ... ကျောင်းမတက်ရသည့် အပြင် ဘဝအကျဉ်းသမားအဖြစ် ရောက်ရှိနေရချေပြီတည်း။

ကျွန်မဘဝ ...။

ဘာကြောင့် ... ဒီလောက်တောင် ကံဆိုးရသလဲ ဆိုတာတော့ မပြောတတ်ပါ ... လူတကာတွေလို လွတ်လွတ် လပ်လပ် မနေရ ... ကျိုးလန့်စာစားဘဝနှင့် ပုန်းလျှိုးကွယ်လျှို နှင့် တစ်ချိန်လုံး /နေခဲ့ရသည်။

ဘယ်လောက်များ စိတ်ပျက်စရာ ကောင်းလိုက် သလဲလို့ ...

အခုတော့ ...။

ကြီးစိမ်း၏ ခွင့်ပြုချက်နှင့် ... ကျွန်မ ညဘက် အပြင်သို့ ... ခဏတာ ထွက်ခွင့်ရမည်။

ဘာပဲပြောပြော ...

ဒီအခန်းကျဉ်းကလေးထဲမှာ ... တစ်နေကုန် တစ်နေ့ခန်း နေရတာထက် ... အောက်ဆင်းပြီး ခဏလေးပဲ ဖြစ်ဖြစ် ...ပတ်ဝန်းကျင် သဘာဝအရသာကလေးနှင့် ထိတွေ့



ရတာ ... ကျွန်မ စကျနပ်နိုင် ... ဖြေသိမ့်နိုင်ပါသေးသည်။

သော် ...။

မြကြာယံရဲ့ ဘဝက။

ဘယ်အချိန်ထိများ ကံဆိုးနေလိုက်ဦးမလဲနော်။

ကျွန်မစိတ်မသက်သာစွာ ... တစ်ယောက်တည်း တွေးနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ဟောဗျာ ...။

ကျွန်တော် မယုံကြည်နိုင်လောက်အောင်ပင် အံ့ဩသွားရသည်။ ဘယ်လိုဖြစ်တာပါလိမ့် ...။

နာရီကို လှမ်းကြည့်လိုက်တော့ ... ည(၁၁း၃၀) တိတိ ... အရမ်းကို မှောင်မိုက်နေပြီး ... ကားလမ်းမတစ်လျှောက်လုံး လူသူတိတ်ဆိတ်ကာ ... ကားအသွားအလာပင် သိပ်မရှိတော့ချေ။

ဟုတ်မှ ဟုတ်ပါ့မလား ...။

ကျွန်တော် ... ပြတင်းပေါက်မှ အောက်သို့ သေသေချာချာ ငုံ့ကြည့်နေမိသည်။ ကျွန်တော့်မျက်စိ မမှားပါ။

မြကြာယံ ...။

သူမမှ သူမအစစ်။

လူတွေအိပ်ချိန်ထိ ... မြကြာယံ အောက်ကိုဆင်းပြီး ဘာလုပ်နေတာလဲ ... အခုအချိန်ထိ မအိပ်သေးဘူးလား။



မြကြာယံပုံစံ ကြည့်ရတာ ...

ကလေးငယ်လေး တစ်ယောက်လိုပင် ... ခုန်ပေါက်ပျော်ရွှင်နေ၏ ... သူမ၏ဆားတွင်လည်း ... အဖော်အဖြစ် ကြိုးစိမ်းကိုပါ တွေ့နေရသည်။

ဘယ်လိုဖြစ်တာပါလိမ့် ...။

နေ့ခင်းနေ့လယ်ဆို တစ်ချိန်လုံး အခန်းထဲက မထွက် ... နှစ်ဦးသား အိမ်တွင်းအောင်းကာ ... ပတ်ဝန်းကျင်နဲ့ အဆက်အသွယ် ဖြတ်ကာနေပြီး ... လူသူကင်းရှင်းတဲ့ညမှောင်မှ အပြင်ထွက်သည်။

သူမ ဘာကြောင့် ဒီလိုလုပ်ရတာလဲ ...

သူမမှာ သူများတွေ မသိစေလိုသော ... သူများတွေအမြင်မခံလိုသော ... အကြောင်းပြချက်တစ်ခုတော့ ရှိကိုရှိနေရမည်။

ကျွန်တော် စဉ်းစားမရတော့ပါ ...။

အလျှင်ကဆို ... ခုတင်ပေါ်ပစ်လှဲကာ ... မီးအမှောင်ချပြီး ကျွန်တော်အိပ်ပြီ ... ဘယ်မှလည်းမကြည့်ဖြစ်။

ဒီနေ့မှ ...

ကျွန်တော့်စိတ်တွေ ထူးခြားနေသည်။

တစ်နေကုန် ပင်ပန်းနေပြီး ... အခုလောက်ဆို ကျွန်တော့် မျက်လုံးတွေ ဒဏ်မခံနိုင်တော့ ... အရမ်းကိုအိပ်ချင်နေပြီ ...။

ဒီနေ့ ဘာလို့ ကျွန်တော့်မျက်လုံးတွေကြောင်နေရတာလဲ ... လုံးဝမအိပ်ချင် ... အိပ်ရာဝင်ခါနီး မေမေသုပ်

www.burmeseclassic.com

www.burmeseclassic.com



ကျွေးသော် လက်ဖက်စားမိလို့လားတော့ မသိပါ။

အားလုံးက အိပ်ချင်ပြီ ဆိုလို့သာ ... ကျွန်တော်ကိုယ့်အခန်းထဲ ကိုယ်ဝင်ခဲ့ရတာ ... လုံးဝအိပ်ချင်စိတ်မရှိ။

ဒါ့ကြောင့် ...။

အခန်းမီးအားလုံးမှိတ်ကာ ... ပြင်းပေါက်မှန်တွေ ဖွင့်ထားလိုက်ပြီး အောက်သို့ ငုံ့ကြည့်လိုက်မိသည်။ ညအမှောင်တွင် ကတ္တရာလမ်းမကြီးတစ်လျှောက် မီးလုံးကလေးတွေ စီတန်းကာ ... လင်းနေပြီး ... ကားလမ်းမ နှစ်ခုကြားတွင် ... မြက်ခင်းစိမ်းစိမ်းကလေးများ စိုက်ထားသော ... အုတ်ဘောင်ကလေးများ ... ထိုအုတ်ဘောင်ထဲမှာရှိတဲ့ ရေတမာပင်အုပ်ဝိုင်းဝိုင်းကလေး ...။

စိမ်းလမ်းစိုပြည်ပြီး ဘယ်လောက်သာယာလိုက်သလဲ ... ကောင်းကင်ကို မော့ကြည့်လိုက်တော့လည်း ... မိုးသားများ ကင်းစင်ကာ ... ကောင်းကင်တစ်ပြင်လုံး ကြယ်ကလေးတွေက အပြည့် ... တစ်ခြမ်းတည်းသာရှိသော်လည်း ထိန်လင်းနေတဲ့ ဖိုးလမင်းကြီး ... ဘယ်လောက်သာယာလှပလိုက်တဲ့ သဘာဝအရသာကလေးလဲလို့ ...။

ကျွန်တော် ငေးကြည့်နေမိတုန်း ...။

ကျွန်တော့် မျက်ဝန်းအစုံထဲသို့ အရောင်ဝတ္ထုတစ်ခု ရိပ်ခနဲ တိုးဝင်လာ၏ ...။

ကျွန်တော် အရမ်းကို အံ့သြသွားရသည်။

သူမ ... မြကြာယံ ...။

ကျွန်တော့် မျက်လုံးများကို ကျွန်တော် မယုံသလို



ပွတ်သပ်ကြည့်မိသေးသည်။

ဟုတ်ပါတယ် ...။

မြကြာယံ ...။

သူမရဲ့ ခြေသလုံးတစ်ဝက်နီးနီးမျှရှိသော ... ပိုးသားလို အိစင်းနေသော ပိတုံးရောင် ဆံနွယ်ရှည်ရှည်ကြီးတွေ။ ပြည့်တင်းနေသော သူမရဲ့ခန္ဓာကိုယ် တောင့်တောင့်တင်းတင်းကလေး။

ညမီးရောင်နှင့်အတူ သူမရဲ့ ဝင်းမွတ်နေသော အသားအရည်ကလေး။

အနီရောင်ပါတိတ်ဝမ်းဆက်ကလေးကို ဝတ်ထားပြီး ... အင်္ကျီမှာ လက်ပြတ်ခါးတိုလေး ဖြစ်သဖြင့် ... ဖြူဝင်းနေသော သူမရဲ့ လက်မောင်းသားကလေးများကို မြင်နေရသည်။

လှလိုက်တဲ့ ...။

ကျွန်တော့်ရဲ့ ညမင်းသမီးကလေး တစ်ပါးပဲ။

သူမက တစ်ချက်တစ်ချက် ... ကျွန်တော်တို့ တိုက်ဘက်အပေါ်သို့ မော့မော့ကြည့်တတ်၏။

ကျွန်တော့်အခန်းမီး မှောင်ချထားတဲ့အတွက် သူမ ဘာမှမြင်တွေ့ရမှာ မဟုတ် ... ပြတင်းပေါက် ဖွင့်ထားတာသာ တွေ့ရမှာ ...။

ဒါကလည်း သိပ်ကိစ္စမရှိ ... လေဝင်အောင် တံခါးဖွင့်အိပ်သည်လို့ပဲ သူမ ထင်မှာပါ။

ကျွန်တော် ကြည့်ကောင်းကောင်းနဲ့ ဆက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေလိုက်သည်။

နာရီဝက်ခန့် အကြာတွင် ...

သူမ၏အဖော် ကြီးစိမ်း ရောက်လာပြီး ... သူမကို ခေါ်နေပုံရသည်။

ခေါင်းလေးတစ်ခါခါနှင့် ကလေးလေးသဖွယ် ငြင်းဆန်နေတာ တွေ့ရ၏ ... သို့သော် ... ကြီးစိမ်း ဘယ်လို ချော့မော့လိုက်သည်မသိ သူမကလေး ... ကြီးစိမ်းဆွဲခေါ်ရာ နောက်သို့ ... အသာတကြည် ထလိုက်သွားတာ တွေ့ရ၏။

ဟူး ...။

ကျွန်တော် သက်ပြင်းမောကြီးချကာ ... ငိုင်တွေနေမိတော့သည်။ တကယ့်ကို မလွယ်ပါလားနော် ... ကျွန်တော့်ကိုယ် ကျွန်တော် သိပါသည် ... တစ်ဖြည်းဖြည်းနှင့် ကျွန်တော် မြကြာယံအပေါ် သံယောဇဉ် တွယ်နေရပြီဆိုတာ ...။

ဒါပေမယ့် ...။

မဖြစ်နိုင်ပါ ...။

ဤသို့ မဖြစ်နိုင်ရသော အကြောင်းများတွင် အဓိက လူသည် ကျွန်တော့်မေမေ ဒေါ်ညိုညိုခင်ပင်ဖြစ်သည်။

မေမေသိရင် ... မြကြာယံကို နှစ်ပြားမတန်အောင် ပြောပြီး အရှက်ခွဲမှာ ... ကျွန်တော် မြကြာယံကို သနားမိသည်။ သူမို စိတ်မထိခိုက်စေချင်ပါ ... သူမ အရှက်မရစေချင်ပါ ... ဒါကြောင့် ကျွန်တော့်စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားမိသည်။



မြကြာယံရယ် ...။

ကျွန်တော် အရမ်းကို စိတ်ညစ်ရတယ်ဗျာ ...။

နှုတ်ခမ်းကြီးကို တစ်တောင်လောက် ရှုပုပ်ပြီး ကြီးစိမ်း ဆွဲခေါ်ရာနောက်သို့ ... မြကြာယံ လိုက်ခဲ့ရသည်။

ဘာမှန်းလဲ မသိပါဘူး ...

ကြီးစိမ်းတစ်ယောက်ကတော့ စိုးရိမ်စရာမရှိ ... ကြဲဖန်စိုးရိမ်နေသည်။

အပြင်မှာ နေရတာဖြင့် ... ဘာမှတောင် မကြာလိုက်သေး ... အခုတင်းခေါ်နေရပြီ ... ညမိုးဒီလောက်ချုပ်နေမှ ... ဘယ်သူက တွေ့မှာမို့လို့တုန်း ... အခုလောက်ဆို ... အားလုံး ငြိမ်းစိမ်ယစ်ပြီး ... အိပ်မောကျနေလောက်ရောပေါ့။

တစ်နေ့လုံး အခန်းထဲမှာကြီးပဲ နေရတာ ... အခုလို အချိန်ကလေးမှာ ... လွတ်လွတ်လပ်လပ် နေပါရစေလား။

တကယ်ပဲ ...။

မြကြာယံ ... အရမ်းစိတ်ညစ်မိသည်။

"လာပါ ... ကလေးရယ်။ မိုးလည်း အရမ်းချုပ်နေပါပြီ ... ဒီလောက်နေရရင် တော်ရောပေါ့ကွယ် ..."

"ကြီးစိမ်း ... ကလည်းလေ။

အခုလေးတင်မှ ဆင်းလာတာ ... ဘာမှတောင်

www.burmeseclassic.com

www.burmeseclassic.com



မကြာသေးဘူး ... ခဏလောက် နေပါရစဦး ကြီးစိမ်း ရယ် နော် ...”

“အပျော်စိတ်ကို ... ဦးစားမပေးပါနဲ့ ကလေးရယ်”

“ဟင် ... ခဏလေးပါလို့ဆို”

“လာပါ ... ကြီးစိမ်း အိပ်ချင်နေပြီ”

“ကြီးစိမ်း အိပ်ချင်ရင် ... သွားလေ ... မြကြာယံ နောက်မှ တက်လိုက်ခဲ့မယ် ... တံခါးသော့ပဲပေးခဲ့”

“အမယ်လေး ... မလုပ်ပါနဲ့ မယ်မင်းကြီးမရယ် ... ညည်းတစ်ယောက်တည်း ဒီမှာထားခဲ့လို့ မဖြစ်ပါဘူး၊ ညည်းကို စောင့်ရှောက်ဖို့ ... ညည်းအဖေနဲ့ အမေကို ငါကတိပေးထားတာ ... ငါ့ကျေးဇူးရှင်တွေ စိတ်ညစ်အောင် ... ငါမလုပ်ပါရစေနဲ့အေ ... သူတို့ဘာသာ အေးချမ်းတဲ့ ဘုံဘဝမှာ နေပါစေ”

ကြီးစိမ်းကတော့ ဒီလိုပဲ ...။

အဲ့ဒီစကားလေးတွေကြောင့်ပဲ ... မြကြာယံ အလျှော့ပေးခဲ့ရပေါင်း မနည်းတော့ချေ။

နောက်ဆုံးတော့ ...။

ကြီးစိမ်းခေါ်ရာနောက် ... အရုပ်ကလေးတစ်ရုပ် လိုက်ခဲ့ရတော့သည်။ သိပ်လည်းတင်းမထားရဲ ... ကြီးစိမ်း နေ့ တစ်နေ့ အပြင်ထွက်ခွင့် မပေးတော့မှာ စိုးမိသည်။

ကျွန်မဘဝမှာ ...

အားကိုးစရာဆို၍ ကြီးစိမ်းတစ်ယောက်သာရှိပြီး ကြီးစိမ်းသည် အနစ်နာခံကာ ကျွန်မဘဝကလေးကို ကယ်



တင်ခဲ့သော ... ကျွန်မ၏ တစ်ယောက်တည်းသော ကျေးဇူး ရှင်လည်း ဖြစ်သည်။

ကျွန်မကို ...။

သမီးအရင်းကလေး တစ်ယောက်လို ... ပြုစုယုယ ကာ ... မျက်စိအောက်က အပျောက်မခံ စောင့်ရှောက်ခဲ့သည်။

သံယောဇဉ်လည်း ကြီးမား၏။

ကျွန်မအတွက်ဆို ... ရှေ့ဆုံးမှ မားမားမတ်မတ် ရပ်ကာ ... မိခင်ကြီးတစ်ယောက်သဖွယ် ... အားကိုးခဲ့ရသည်။

ကျွန်မအပေါ် ...။

ကြီးစိမ်းရဲ့ ကျေးဇူးတွေက ဆပ်မကုန်နိုင်တော့ပါ။

အောက်သို့ဆင်းပြီး ညရဲ့လှပတဲ့ ... သဘာဝ အရသာလေးကို ခံစားနေရတာ ... မြကြာယံစိတ်ထဲ ဘယ်လို ကြည်နူးမိမှန်း မသိပါ ...။

ဘာရယ်တော့ မဟုတ် ...။

မြကြာယံ ... ကိုနေမင်းညိုကို တစ်ချက်တစ်ချက် သတိရမိသည်။

ထို့ကြောင့် ...။

သူရှိနေသော အခန်းဘက်သို့ ... မော့မော့ကြည့် ဖြစ်သည် ... တစ်အိမ်လုံး မှောင်မည်းနေပြီး ... ပြတင်းပေါက် တံခါးလေးတစ်ချပ်သာ ပွင့်နေသည်။

ဒီအချိန်ဆို ...

အားလုံး အိပ်နေလောက်ရောပေါ့။

ဩော် ... ကိုနေမင်းညိုဘဝက ... ဘာမှပူပင်

www.burmeseclassic.com

www.burmeseclassic.com



စရာမရှိတာ ... စိတ်ညစ်စရာ မရှိအောင် ပြီးပြည့်စုံနေတဲ့ဘဝမှာ ... ဘာမအိပ်နိုင် မစားနိုင်စရာ အကြောင်းရှိမှာလဲ။

စဉ်းစားကြည့်လေ ...။

ရုပ်ကလဲချော ... ပညာဆိုလည်း အင်ဂျင်နီယာဘွဲ့ရတစ်ယောက် ... ငွေကြေးလည်း ပြည့်စုံသည်။

ပြီးတော့ ...။

သူ့အမေက သူ့ကိုသိပ်ချစ်တာပဲလို့ ... ကြီးစိမ်း ပြောပြ၍ သိခဲ့ရသည်။ ဘာလိုသေးလဲနော် ... သူ့ဘဝမှာ အရာအားလုံးက ပြည့်စုံနေပြီးသား ... ကဲ ... ဘယ်လောက် အားကျဖို့ ကောင်းသလဲ။ သူ့လောက် ကံကောင်းတဲ့ယောကျ်ား ကမ္ဘာပေါ်မှာ ရှိပါဦးမလားကွယ် ...။

ကြီးစိမ်း ပြောစကားအရဆို ...

သူ့အမေက အားကြီးအပေါက်ဆိုးတာတဲ့ ... သူ့သားကိုလဲ ဘယ်မိန်းကလေးနဲ့မှ အရောဝင် ပတ်ပတ်သက်သက် လုပ်တာ မကြိုက်ဘူးတဲ့လေ။

သူ့သားကို ဘယ်မိန်းကလေးနဲ့မှ တူတယ်တန်တယ်လို့ မထင်ဘူးတဲ့ ...။ အဲ့ဒီလောက်ထိ ... သားကိုချစ်တာလို့ ပြောသည်။

ကြီးစိမ်းလည်း ...

ဘာ့ကြောင့်ရယ်တော့ ကျွန်မ မစဉ်းစားတတ်ပါ။ သူ့အကြောင်းတွေ မရမက လိုက်စုံစမ်းပြီး ... ကျွန်မကိုပြောပြောပြတတ်၏။

ကျွန်မ စဉ်းစားမိတယ် ...



ကြီးစိမ်းရဲ့ စိတ်ထဲမှာ ... ကိုနေမင်းညိုနဲ့ပတ်သက်ပြီး ... တစ်ခုခုတော့ ရှိနေပြီထင်တယ်။ ဘယ်သောအခါမှ ... ဒီလိုယောကျ်ားတစ်ယောက်နှင့် ပတ်သက်တဲ့ ကိစ္စကို ကြီးစိမ်း စိတ်ဝင်တစား စုံစမ်းမေးမြန်းနေမှာ မဟုတ်ပါ။

ဒါဟာ ...။

တစ်ခုခုပဲ။

ကြီးစိမ်းကို မေးရင်လည်း ပြောမှာမဟုတ်ပါဘူးလေ ... ဒါကြောင့် မြကြာယံလည်း တစ်ခါမှမမေးပဲ ... ကြီးစိမ်းပြောမှသာ ... သူ့အကြောင်းတွေကို စိတ်ဝင်တစားနားထောင်ဖြစ်တာ။

တစ်ခါတစ်ရံ ...။

ကြီးစိမ်းက သူ့အကြောင်းတွေ ပြောပြနေစဉ် မြကြာယံက စိတ်ဝင်တစားနှင့် မေးမိပါက ... ကြီးစိမ်းမျက်ဝန်းတွေက မြကြာယံကို မယုံသလို ... မသင်္ကာသလို ကြည့်တတ်ပြီး ဆက်မပြောတော့ဘဲ ... နေရာမှ ထသွားတတ်၏။

ကျွန်မကို ...။

ယောကျ်ားတွေနှင့် ပတ်သက်ဆက်နွယ်မှာ ... ကြီးစိမ်း အရမ်းစိုးရိမ်တတ်ပြီး ... ယောကျ်ားတစ်ယောက် အကြောင်းကို စိတ်ဝင်တစားမေးလျှင်လည်း မကြိုက်တတ်ပေ။

ဒါကြောင့် ...။

နောက်ပိုင်းဆို ... မြကြာယံ အရမ်းသတိထားရသည် ... ကြီးစိမ်းပြောမှပင် ... အသာလေးငြိမ်နေပြီး နားထောင်၏ ... ဘာမှပြန်မမေးဖြစ်အောင် သတိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုနောက်ပိုင်း ...။

ကြီးစိမ်း ... တစ်ခုခုကို ပြင်းပြင်းထန်ထန် စိုးရိမ်ပူပန်နေသလိုပဲဟု ထင်မိသည်။ မြကြာယံကိုလည်း လုံးဝ အလစ်မပေး ... တစ်ချိန်လုံး ကျွန်မနောက်မှ ... တကောက်ကောက် လိုက်ကြည့်နေတတ်သည်။

ကြီးစိမ်း ... ဘာတွေ ဖြစ်နေတာလဲတော့မသိ။

ကျွန်မကလည်း ခပ်အေးအေးဆေးဆေးပဲ နေမိသည်။ ဘာတစ်ခုမှလည်း မမေးဖြစ် ... မေးလည်း ဖြေမှာမှ မဟုတ်တာ ... ကြီးစိမ်းက ရေငုံနှုတ်ပိတ် တစ်ယောက်တည်း လှို့လှို့ဝှက်ဝှက် ... ကျိတ်ဖြေရှင်းတတ်တဲ့ လူမျိုးလေ ... ဒါကြောင့် ... မြကြာယံလည်း မသိယောင်ဆောင်နေလိုက်သည်။

အခုတလော ...

သူတစ်ယောက် ငြိမ်ချက်သား ကောင်းနေပြန်၏။

အဲ့ဒီလိုကျပြန်တော့လည်း ... ကျွန်မ သူ့ကိုသတိရမိသည် ... ကျွန်မ ပျင်းနေတဲ့ အချိန်တွေမှာဆို သူ့ကိုပိုသတိရမိသည်။

"ကျွန်တော် ... မင်းကို ခင်ချင်လို့ပါ မြကြာယံ" ဆိုတဲ့ သူ့အသံလေးကို ပြန်ကြားယောင်မိသည်။

ပြီးတော့ ...။

ပေါက်ပေါက်ရှာရှာ ... ခင်ခွင့်တောင်းပုံက ... မနက်စောစောစီးစီး တံခါးမှာ နှင်းဆီပန်းတစ်ပွင့်နှင့် ပန်းသီး တစ်လုံး စာကလေးတစ်စောင် လာကပ်ထားသည်။



ဘယ်လောက်ချစ်စရာကောင်းတဲ့ လုပ်ရပ်ကလေး လဲလို့ ...

ကိုနေမင်းညိုရယ် ...

ရှင်ဟာ ... ကျွန်မကို တစ်ခုပြီးတစ်ခု အမြဲ သတိရနေအောင် ... အမှတ်အသားတွေ တစ်ခုပြီးတစ်ခု ပေးနေတော့တာပဲနော် ...။

သနားကရုဏာ သက်နေတဲ့ မျက်ဝန်းကလေး တွေ ...

ကြင်နာနေတဲ့ ရှင့်အသံကလေးတွေ ... ချစ်စရာ ကောင်းတဲ့ အမူအရာကလေးတွေက ... ကျွန်မကို ရှင့် အကြောင်းမတွေးဘဲ မနေနိုင်အောင် ဖြစ်နေရတယ် ... ရှင် ဟာ ဘာ့ကြောင့် အဲ့ဒီလောက်တောင် အစွမ်းထက်ရတာလဲ ဟင် ... တကယ်ဆို ကျွန်မကို ရှင်မတွေ့သင့်ဘူး ... ခင်မင် ခွင့်တွေ မတောင်းသင့်ဘူး။

အခုတော့ ...။

ကျွန်မအရမ်းကို စိတ်ညစ်နေရပြီ ... အချိန်တိုင်း ရှင့်ကိုပဲ သတိရနေမိတယ် ... အခုဆို ကျွန်မမှာ အလုပ်ပို တစ်ခု လုပ်နေပြီ ...

အဲ့ဒါ ဘာလဲသိလား ...။

အပေါက်ဝကနေ မကြားကြားအောင် "မေမေ ကျွန်တော် သွားတော့မယ်နော်" ဆိုတဲ့ အသံကြားတော့ ... အလုပ်ပိတ်ထားတဲ့ ပြတင်းပေါက်တံခါးရဲ့ လိုက်ကာလေးနောက် ကနေ ရှင် ... အလုပ်အသွားကို ခိုးခိုးကြည့်ရတဲ့ အလုပ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူအလုပ်သွားမည်ဟု နှုတ်ဆက်သံ ကြားတာနှင့် မြကြာယံ ပြတင်းပေါက်အနား ရောက်နေပြီ ...။

သူဆင်းအလာကို ...ငုံ့ကာကြည့်နေမိ၏။ ကြီးစိမ်းကတော့ သိပ်ရိပ်မိပုံမပေါ် ... အေးအေးဆေးဆေးပဲ အလုပ်ဆက်လုပ်နေ၏။

သူက တစ်လှမ်းချင်း သူ့ကားနားသို့သွား၏။ ပြီးတော့ ... အပေါ်ကို တစ်ချက်ပြန်မော့ကြည့်ကာ ... သွားလေးတွေပေါ်အောင် ရယ်ပြလျက် ... အပေါ်သို့ လက်ဖွေ့ယမ်းနှုတ်ဆက်လေ၏။

သူ့မေမေက ...

သားကို အပေါ်မှ ငုံ့ကြည့်နေပုံရသည် ...။

သူ့ကားလေး ပေါ်တက်ကာ ... မောင်းထွက်သွားသည်အထိ မျက်စိတဆုံး ... မြကြာယံ လိုက်ငေးကြည့်နေမိသည်။

သူ့အမေအပေါ် သူသိပ်ချစ်ပုံရပြီး... ကလေးတစ်ယောက်သဖွယ် နေတတ်ပုံရသည်။ ကိုနေမင်းညိုရယ်... မြကြာယံလေ ... ရှင့်လိုဘဝမျိုး ပိုင်ဆိုင်ချင်လိုက်တာ ...။

ကျွန်မ အရမ်းကိုပဲ အားကျမိတယ်ရှင် ...။

ကျွန်မဘဝ တစ်လျှောက်လုံးမှာ ... မေမေရဲ့ယုယကြင်နာမှု ရခဲ့တဲ့အချိန်က မရှိသလောက်ပဲ ရှားပါးလွန်းတယ် ... ကျွန်မ သူများလက်ပေါ်မှာ ကြီးပြင်းခဲ့ရတယ်။

ကျွန်မက မေမေနဲ့ပဲ အတူတူနေချင်တယ် ပြောတိုင်း ...



နောက်တော့ နေရမှာပေါ့ ... အခုလည်း သမီးဘဝက ဘာလိုလို့လဲ မေမေ အားလုံး ... ပြည့်စုံအောင်ထားတာပဲ ... မေမေနဲ့ ဖေဖေက သမီးရှေ့ရေးအတွက် စီးပွားရှာနေရတာ ... မေမေ့ကို စိတ်ရှုပ်အောင် မလုပ်စမ်းနဲ့သမီးရယ် ဟုသာ မေမေ ပြောတတ်သည်။

အဲ့ဒီအချိန်ကစပြီး ...

အဲ့ဒီအချိန်ထိ ... မြကြာယံ ဘယ်မှာ မိဘစုံစုံလင်လင်နေခဲ့ရလို့လဲ ...။ မနေခဲ့ရတော့တဲ့အပြင် ... နာမည်ဆိုးများစွာနှင့် လူတကာအလယ် ... မျက်နှာမပြရဲလောက်အောင် ... လူတွေနဲ့မပတ်သက်ရဲလောက်အောင် ... ကံကြမ္မာဆိုးကြီးနှင့် ကျန်နေခဲ့တော့သည်။

မေမေရယ် ...

မြကြာယံကိုပါ တစ်ခါတည်း ခေါ်သွားပါတော့လား။

အခုလို တစ်ယောက်တည်း အထီးကျန်မျက်နှာငယ်ရမယ့်အစား ... သေသွားတာကမှ ... သမီးဘဝအတွက် ပိုကောင်းဦးမယ် မေမေရယ် ...။

မျက်ဝန်းထဲတွင် မျက်ရည်ဥလေးများက ဝေ့ဝဲတက်လာရသည်။

အားငယ်မိတဲ့ အချိန်တိုင်း ...

ဖေဖေနဲ့မေမေ့ကို သတိရမိ၏။ ဘာပဲပြောပြော ဖေဖေနဲ့မေမေ ဘာပဲလုပ်လုပ် ... မြကြာယံ ကောင်းစားဖို့ သိတာ သိပါတယ်။ အဲ့ဒါကြောင့်လည်း ... မြကြာယံ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မပြေနိုင် ဖြစ်ရတာပေါ့။

"မြကြာယံ ... ကလေးမ"

"ကြီးစိမ်း"

"အို ... ဘာဖြစ်လို့ ငိုနေရတာလဲကွယ်။ ဘာတွေဖြစ်နေလို့လဲ ကြီးစိမ်း ... စိုးရိမ်လိုက်တာ ကလေးရယ်"

"ဘာမှမဖြစ်ပါဘူး ကြီးစိမ်းရယ် ... မြကြာယံ မေမေနဲ့ဖေဖေ့ကို သတိရမိလို့ပါ"

"အိုကွယ် ..."

ကြီးစိမ်း စိတ်မကောင်းကြီးစွာ သူမ ခေါင်းကလေးကို ရင်ခွင်ထဲသို့ထည့်ကာ နှစ်သိမ့်ပေးရှာသည်။

"ကလေးရယ် ..."

ကြီးစိမ်း တကယ့်ကို စိတ်မကောင်း ဖြစ်ရပါတယ်ကွယ် ...။



## အခန်း(၃)

ဟင် ...။

အိမ်ထဲဝင်ဝင်ချင်းပင် ... ကျွန်တော် အရမ်းကိုအရမ်းကို အံ့အားသင့်သွားရသည်။ ဧည့်ခန်းတွင် ချထားသောအဝတ်အစားအိတ်များ ...

ဒါ ဘယ်လိုဖြစ်ရတာလဲ ...။

ကျွန်တော့်စိတ်ထဲ စိုးရိမ်သွားမိသည် ... မေမေများ ကျွန်တော့်ကိစ္စ သိသွားပြီလား ... ရင်ထိတ်စွာ ဘုရားတ,လိုက်မိသည်။

"သား ..."

"ဗျာ ... မေမေ။ ဒါ ... ဒါတွေက"

"ဟုတ်တယ် ... သားကို မေမေ ပြောမလို့ ... ဒီညနေရထားနဲ့ မေမေ ငြိမ်းငြိမ်းတို့နဲ့အတူ ... မန္တလေးဘုရားဖူး လိုက်သွားမလို့ ..."

"မေမေ တစ်ယောက်တည်းလား ..."

www.burmeseclassic.com

www.burmeseclassic.com



"အမိနာ့ကိုပါ ခေါ်သွားမယ် သားရယ် ... မေမေလည်း တစ်ခါမှ ခရီးမထွက်ဖူးသေးဘူးလေ ... အခုဟာက သားကိုစိတ်ချတယ် ... မေမေ ယုံကြည်ရတဲ့ အချိန် ဆိုတော့ ... မေမေလိုက်ဖို့ ငြိမ်းငြိမ်းကို ကတိပေးထားခဲ့တယ်"

"ဟင် ... ဒါဆို မေမေက အစောကြီးတည်းက စီစဉ်ပြီးသားပေါ့"

"ဟုတ်တယ်သား ..."

"သားကို ဘာလို့ အစောကြီး ... ကြိုတင်မပြောရဘာလဲ"

ကျွန်တော် မျက်နှာကြီး ရှုပုပ်ပြီး မကျေမနပ် ပြောလိုက်တော့ ... မေမေက တစ်ချက်မျှ ပြုံးလိုက်ပြီး ... ကျွန်တော့်နားရွက်ကလေး တစ်ဖက်အား တစ်ချက်မျှ ဆွဲလိမ်ကာ ... ချစ်စနိုးကလေးဖြင့်။

"သားအခြေအနေကို အကဲခတ်နေတာပေါ့ ... သားသာ တစ်ချက်လောက် အမူအရာပျက်တာနဲ့ မေမေ ... ဘယ်ခရီးသွားတော့မှာလဲ။ အခုတော့ သားက ... မေမေစိတ်ချရတဲ့ အခြေအနေနဲ့ဆိုတော့ ... မေမေ သွားဖို့ ဆုံးဖြတ်လိုက်တာပေါ့ ..."

"ဒီည ရထားလား မေမေ"

"ဟုတ်တယ်သား ... မကြာခင် ... ငြိမ်းငြိမ်းတို့ လာခေါ်လိမ့်မယ် ... သားလိုက်ပို့ပေးနေရင် ... ညအမှောင်မှာ တစ်ယောက်တည်း ကားမောင်းသွားမှာ ... မေမေစိတ်မချလို့ ... သူတို့ကိုပဲ တစ်ခါတည်း ခေါ်ခိုင်းလိုက်တယ်"



"သားက ... ဒီမှာ တစ်ယောက်တည်း နေခဲ့ရမှာပေါ့"

"မေမေ ... မောင်မောင့်ဆီ ဖုန်းဆက်ထားတယ် ... မောင်မောင့် အမေကိုလည်း တစ်ခါတည်း ခွင့်တောင်းထားတယ် ... မောင်မောင့်ကို သားနဲ့ ညစောင့်အိပ်ဖို့လေ"

"အာပါပါး ... ဘာမှလိုလေသေးမရှိအောင်ကို မေမေက စီစဉ်ထားတာကို ..."

"ဒေါ်ညိုညိုခင်ပဲ သားရယ် ... ဒီလောက်တော့ရှိမှာပေါ့"

"ဟုတ်ပါတယ် ... ခင်ဗျာ။

ကျွန်တော့်မေမေ ... ဘယ်လောက်တော်တယ်၊ ဘယ်လို အကွက်ကျကျ စီစဉ်ခန့်ခွဲထားနိုင်တယ်ဆိုတာ သိပါတယ်"

ကျွန်တော့် စကားကြောင့် ... မေမေ တဟားဟား ရယ်တော့သည်။ ကျွန်တော်လည်း မေမေ့နည်းတူ လိုက်ရယ်မိတော့လေ၏။

"မေမေကြီး ... ပစ္စည်းတွေ အောက်ချထားလိုက်ရတော့မလား ... အဲဒါမှ တစ်ခါတည်း သူတို့လာတာနဲ့ သွားလို့ရမှာ"

"အမယ်လေး ... ကျုပ်သိပါတယ် ... ဒေါ်အမိနာရယ် ညည်းကပြန်ပြီး ဆရာလုပ်ရတယ်လို့ ... ချတော့ ... ချတော့ ... နိုင်သလောက်လည်း သယ်ဦးနော် ... အားလုံး ပြုတ်ကျနေဦးမယ်"

"ဟုတ်ကဲ့ ... မေမေကြီး"

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... ဘယ်နှစ်ရက်လောက် ကြာမှာလဲဟင်"

"အနည်းဆုံး ... ဆယ်ရက်လောက်တော့ ကြာမယ်သား"

"ဆယ်ရက် ... ဟုတ်လား"

"ဟုတ်တယ်လေ သား ... ဘာဖြစ်လို့လဲ"

"ဪ ... ဘာမှမဖြစ်ပါဘူး"

ဆယ်ရက်တဲ့ ...။

ပွတာပဲ ... မေမေရိပ်မိမှာစိုး၍ ... ဟန်ဆောင်ကာ မေမေ စိတ်ချအောင် ... တမင်နေပြရ၏။ မဟုတ်ရင် မေမေကလွယ်တာမဟုတ် ... မလိုက်တော့ဘဲနေမှာ ... အားနာတာတွေ ဘာတွေ မေမေ့မှာမရှိ။

"မေမေ ... သားဆီလည်း ဖုန်းခဏခဏ ဆက်နော်"

"အေးပါ သားရယ် ..."

"ကျန်းမာရေးလည်း ဂရုစိုက်ဦး မေမေ ... တစ်ခုခု ဖြစ်ရင် အောင့်အီးပြီး ... ဆက်လိုက်မနေနဲ့ မေမေ ... ကားစင်းလုံးငှားပြီးသာ ပြန်လာခဲ့"

"အေးပါသားရယ် ... မေမေ့အတွက် ဒီလောက်စိတ်ပူမနေပါနဲ့ မေမေက ... သားလေးတစ်ယောက်တည်း ကျန်ခဲ့လို့ပဲ စိတ်ပူရမှာ"

"ဟာ ... သားအတွက် ဘာမှစိတ်မပူနဲ့။ သားက ရန်ကုန်မှာနေရတဲ့လူ ... အားလုံး အဆင်သင့်ရှိပြီးသား မေမေသာ နယ်မှာဆိုတော့ ... အစားအသောက်အနေအထိုင် ဒုက္ခရောက်မှာ ... မေမေ ဂရုစိုက်နော်"

"အေးပါသားရယ် ... စိတ်ချပါ"



"မေမေကြီး ... အားလုံး အဆင်သင့် ဖြစ်နေပါပြီ"

"ငြိမ်းငြိမ်းတို့ လာပြီလား ... အမိနာ"

"လာပြီ မေမေကြီး"

"ကဲ ... ဒါဆို မေမေသွားမယ်"

"သား အောက်ကိုတော့ ... လိုက်ပို့ပါရစေ မေမေရယ်။ ဒီလောက်တော့ သားကိုယုံပါ"

ငြိမ်းငြိမ်းတို့ထဲတွင် ငြိမ်းငြိမ်း၏တူမတွေပါမှာ ဖြစ်ပါ့မလား ... ဒေါ်ညိုညိုခင် စဉ်းစားနေမိသည်။

အို ... ခဏလေးပဲလေ။

သားလေးလည်း ... မအေခရီးသွားမှာဆိုတော့လည်း နည်းနည်းတော့ လိုက်ပို့ပေးချင်မှာပဲ ...။

"ပို့လေသား ..."

ခွင့်ပြုချက်ရသဖြင့် ... မေမေ့လက်မောင်းကလေးကိုတွဲပြီး ... အောက်သို့ ဆင်းလာခဲ့မိသည်။

ကားဆီသို့ အရောက် ...

အသက်ငယ်ငယ်ချောချော ကောင်မလေးနှစ်ယောက်သုံးယောက်လောက် ... လိုက်ပါလာတာကို မေမေတွေ့သွားပြီး ...

"သား ... သွားချင်သွားတော့လေ"

ကျွန်တော် သဘောပေါက်ပါသည် ... ပစ္စည်းများ တင်နေတဲ့ အချိန်မို့ ... ကျွန်တော်ရပ်နေတာ မေမေ သဘောသိပ်မကျ ... ကောင်မလေးတွေ ရှိနေတယ်ဆိုလား ... ကျွန်တော်ကလည်း မေမေ့ အရိပ်အချေကိုသိ၏ ...။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... သားသွားတော့မယ်"

"အေး ... အေး"

ကျွန်တော် ခပ်သွက်သွက်ကလေး ထွက်ခဲ့၏။ အခုအချိန်မှာ မေမေကို သိပ်နောက်ပြောင်နေလို့ မဖြစ်ပေ။ ငါမသွားတော့ဘူးဆိုရင် ခက်ပြီ ... မေမေ စိတ်ချမ်းသာအောင် သူ့ အပေါ်သို့ ပြန်တက်ခဲ့လိုက်သည်။

ကျွန်တော် စိတ်မကောင်းတာ တစ်ခုက ...

မေမေ့ကို သေသေချာချာ ... ဂရုတစိုက်နှင့်လိုက်လံပို့စောင်မပေးရတဲ့အတွက်ပဲ ဖြစ်သည်။ အဲ့ဒီ့လောက်အထိ မေမေ ကျွန်တော့်အပေါ် စိတ်မချဖြစ်နေတာ ...။ မိန်းကလေးတွေနှင့် ရင်းနှီးပတ်သက်မှာ ... မေမေ သေမလောက်အောင် ဖြစ်သည်။

အပေါ်ထပ်မှ ...

မေမေတို့ကားလေး ထွက်ခွာသွားတာကို တွေ့ရသည်။ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးပဲ ... ဝမ်းနည်းတာလား အားငယ်မိတာလားတော့ ကျွန်တော်မသိပါ။ ရင်ထဲမှာ ပျင်းရိသွားကာ ... တစ်ခုခုလိုသလို ဟာတာတာကြီး ဖြစ်သွားပြီ။

ကျွန်တော် အိမ်တစ်ခုလုံး အားလုံးတိတ်ဆိတ်ခြောက်ကပ်လို့သွားသည်။ အရင်ကဆို ... မေမေ့အော်သံတွေ အမိန့်သံ၏ ပြန်ချေပသံတွေနှင့် ဆူညံနေ၏။

မေမေ မရှိတာ တစ်ခုကောင်းသလို ... ရှိနေတာလည်း ကောင်းသည်။ ကျွန်တော့်ဘဝ တစ်လျှောက်လုံးတွင် ဒါဟာ ပထမဆုံးအကြိမ်အဖြစ် မေမေနှင့် ခွဲရခြင်းဖြစ်ပြီး ...



မေမေ့တစ်သက်တာတွင်လည်း ပထမဦးဆုံး မဟာစွန့်စားမှုကြီးတစ်ခု ဖြစ်ပါသည်။

"ဒေါက် ... ဒေါက်"

"ဒေါက်"

ဘယ်သူပါလိမ့် ... မောင်မောင်များလား ...။

ဒီကောင်ကတော့ ထုံးစံအတိုင်း ... မစရရင်မနေနိုင်တဲ့ ကောင်တစ်ယောက်ပဲ။

"ဒေါက် ..."

ကျွန်တော် တံခါးမဖွင့်မချင်း ... ဒီကောင်ဝင်မှာ မဟုတ် ... တကယ်ဆို တံခါးက လော့ချမထားပါ။

"ဟော့ကောင် ... ဘာဖြစ်နေတာလဲ ဖွင့်ဝင်ခဲ့ပါလားကွ"

ဟု စိတ်တိုတိုနှင့်ပြောကာ ... တံခါးကို သူတအား ဆွဲဖွင့်လိုက်ရာ ...။

"ဟာ ... ကြီးစိမ်း"

ကြီးစိမ်းပဲ ... ကျွန်တော် တံခါးခေါက်တာ မောင်မောင်ဟု ထင်ထားခဲ့တာ ... ခုတော့ ... မြကြာယံတို့အိမ်မှ ကြီးစိမ်းဖြစ်နေသည်။

"ကြီးစိမ်း ... ဘာဖြစ်လို့လဲ"

"မောင်ရင် ... ဟို ... ဟို ..."

"ဘာဖြစ်လို့လဲ ... ကြီးစိမ်း ... ဘာဖြစ်လို့လဲ"

ပြူးပြူးပျာပျာ ဖြစ်နေသော ... ကြီးစိမ်းကို ကြည့်ကာ ... အရမ်းစိုးရိမ်သွားမိသည်။

"မောင်ရင် ... မြကြာယံ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... မြကြာယံ ... ဟုတ်လား"

ကျွန်တော် စဉ်းစားမနေ တံခါးကို ဆွဲပိတ်လိုက်ပြီး ... အရှေ့အခန်းထဲသို့ ပြေးဝင်မိသည်။

မြကြာယံ ... ဘာဖြစ်သလဲ ...။

စိုးရိမ်စိတ်များက အထွတ်အထိပ်သို့ ရောက်သွားရ၏။

"ဟီး ... ဟီး ... ဟီး ... ဟင်း ... ဟင်း ... ချမ်းလိုက်တာ ... ကြီးစိမ်း ... ချမ်းလိုက်တာ ...။

မေမေ ... ဖေဖေရေ ... မြကြာယံကို ... လာခေါ်ပါ ... ဟီး ... ဟီး ... ကြီးစိမ်း ... ကြီးစိမ်း"

အခန်းထဲမှ မြကြာယံ၏ ညည်းညူသံကို ကျွန်တော် ကြားလိုက်ရသည်။ ကျွန်တော် အခန်းလေးထဲသို့ ဝင်ခဲ့မိသည်။

ခုတင်ပေါ်တွင် စောင်ကြီးကိုခြုံပြီး ... တဟင်းဟင်းနှင့် အဖျားတွေ တက်နေသည်။ ကျွန်တော် ... သူမနဖူးပြင်ကလေးကို စမ်းကြည့်လိုက်တော့ ...။ ဟာ ... ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေပါလား ...။

"ဘယ်လိုဖြစ်တာလဲ ကြီးစိမ်း"

"မသိပါဘူးကွယ် ... စောစောကမှ ချမ်းတယ်ဆိုပြီး အော်နေတော့တာပဲ ... ကြီးစိမ်း စမ်းကြည့်တော့ ကိုယ်တွေကလည်းပူလို့ ... ပါးစပ်ကလည်း ကယောင်ကတန်းတွေ အော်နေတော့တာပဲ ... ကြီးစိမ်းလည်း ဘာမှမလုပ်တတ်တာနဲ့ ... မောင်ရင့်ကို လာခေါ်တာပါ



ကွယ် ... ကြီးစိမ်းလည်း မင်းကို အရမ်းအားနာပါတယ်"

"ရပါတယ် ကြီးစိမ်း ...ကျွန်တော့်ကိုအားမနာပါနဲ့ ... ဒါနဲ့ မြကြာယံကို ... ဒီအတိုင်း ကြည့်နေလို့ မဖြစ်ဘူး ... ဆေးခန်းတွေ ဘာတွေပြမှဖြစ်မယ် ..."

"ဟင် ... ဆေးခန်း ... ဟုတ်လား"

ဆေးခန်းပြရမည်ဆို၍ ကြီးစိမ်း လန့်သွားရသည်။ ဖြစ်ပါ့မလား ... ဆေးခန်းက လူမျိုးစုံပါဘိနှင့် ... မဖြစ်သေးပါဘူး ...

"ကြီးစိမ်း"

"မဖြစ်ဘူး ... ဆေးခန်းပြလို့ မဖြစ်ဘူးထင်တယ်"

"ဗျာ ..."

ဆေးခန်းပြဖို့ ကြီးစိမ်း အတင်းငြင်းနေသည်။

"ဆေးခန်းမပြလို့ မဖြစ်ဘူးဗျ ... အဖျားအရမ်းကြီးတယ် ... ပြမှဖြစ်မယ် ... ကြာရင် ... သတိလစ်သွားလိမ့်မယ် ... ကြီးစိမ်း ... သိပ်လည်း မစိုးရိမ်ပါနဲ့ မြကြာယံ ... တစ်ခုခု ဖြစ်သွားလိမ့်မယ်ဗျ"

ကျွန်တော် စိတ်တိုတိုနှင့် ခပ်မာမာ ပြောမိသည်။ ကြီးစိမ်း တုတ်တုတ်မျှမလှုပ် ... ကျွန်တော် အသည်းယားမိသည် ... မြကြာယံ အရမ်းကို အဖျားကြီးနေတာ ... ကြာရင် မလွယ် ... ဆေးခန်းပြေးမှသာ ဖြစ်မှာပါ။

"ကြီးစိမ်း ..."

"တော်တော့ မောင်ရင် ... ဆေးခန်းပြဖို့အကြောင်း မင်းဆက်မပြောနဲ့တော့ ... ဆေးခန်းပြချင်လို့ ...

www.burmeseclassic.com

www.burmeseclassic.com



မင်းကို ဘာလုပ်ရမလဲဆိုပြီးခေါ်တာ"

"ကြီးစိမ်း ... ကျွန်တော် တောင်းပန်ပါတယ်။ မြကြာယံကို ဆေးခန်းပြမှ ဖြစ်မယ် ..."

"မင်းသွားတော့ ... မောင်နေမင်းညို"

"ဗျာ ..."

"မင်းကိုသွားတော့လို့ ... ငါပြောနေတာ"

"ကြီးစိမ်း ... ကျွန်တော်က သူစိမ်းပါ ... ကြီးစိမ်းသွားဆိုလည်း သွားရမှာပါပဲ ... ဒါပေမယ့် ... ကျွန်တော် အရမ်း အံ့သြမိတယ် ... ကြီးစိမ်းမှာ ကိုယ်ချင်းစာတတ်တဲ့စိတ် ... လုံးဝမရှိဘူးလားဗျာ ... အခုမြကြာယံကို ကြည့်စမ်း ... သူဘယ်လောက် ခံစားနေရမလဲ။

ဆေးခန်းမပြဘဲ ... ဒီအတိုင်းထားလို့ကတော့ သေမှာပဲ ... ကြီးစိမ်း ထိန်းရသက်သာသွားမှာပေါ့"

"ဟင်"

ကျွန်တော့် စကားကြောင့် ... ကြီးစိမ်းမျက်လုံး ပြူးကြီးများနှင့် လှမ်းကြည့်၏။

ကျွန်တော် ဘာမှမတတ်နိုင်ပါ... နေရာမှ ထ, ရပ်လိုက်ပြီး ထွက်ခဲ့တော့သည်။ မြကြာယံရယ် ... ကျွန်တော် တကယ်စိတ်မကောင်းပါဘူး ... မင်းအတွက် ငါ ဘာမှလုပ်မပေးနိုင်ခဲ့ဘူး ... မင်း ငါ့ကို ခွင့်လွှတ်ပါကွာ ...။

လေးလံသော ခြေလှမ်းတွေနှင့် တံခါးပေါက်ဆီသို့ ကျွန်တော်လျှောက်ခဲ့မိသည်။

"မောင်နေမင်းညို ..."



ကြီးစိမ်းရဲ့ ခေါ်သံ .... ကျွန်တော် အံ့သြစွာ လှည့်ကြည့်မိ၏။

"မင်းသဘောအတိုင်းသာ လုပ်ပါတော့ကွယ် ..."

ကျွန်တော် အရမ်းကို ဝမ်းသာသွားမိသည်။ မြကြာယံ အခန်းထဲသို့ဝင်ပြီး ... ဆေးခန်းသွားဖို့ တွဲထူလိုက်၏။

အားနည်းသည်ကတစ်ကြောင်း ... မြကြာယံ တစ်ကိုယ်လုံး ပျော့ခွေလို့နေသည်။ နောက်ဆုံးတော့ ... ကျွန်တော် သူမကိုယ်လေးကို ပွေ့ချီလိုက်ပြီး ... အောက်ထပ်သို့ ဆင်းခဲ့သည်။

အနောက်မှ ကြီးစိမ်း ပြူးပြူးပျာပျာနှင့် လိုက်လာ၏ ... အောက်သို့အရောက်တွင် ... ကျွန်တော့်ထံလာသော မောင်မောင်နှင့် ဆုံတော့သည်။

"ဟာ ... ဟိတ်ကောင်။ နေမင်းညို"

"ဘာမှ မေးမနေနဲ့မောင်မောင် ... မင်းကားပါလား"

"အေး ... ပါတယ်"

"ဒါဆို လုပ်ကွာ ... မြန်မြန်လေး"

"အေး ... အေး"

မောင်မောင် ကားတံခါးကို ကမန်းကတန်း ဖွင့်ပေး၏ ... ကားနောက်ခန်းတွင် သူမကို ထည့်လိုက်ပြီး ... ဘေးနားတွင် ကျွန်တော်ဝင်ထိုင်လိုက်၏။ ရှေ့ခန်းတွင် ကြီးစိမ်းကထိုင်ပြီး မောင်မောင်က ကားကိုမောင်းထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင် ... လူရှင်းတဲ့ဆေးခန်းကိုဝင်"

ကျွန်တော် ... ကြီးစိမ်း စိတ်ပူနေမှာစိုး၍ ... ဆေးကုခန်းကြီးများကို မသွားစေဘဲ ... ခပ်ငယ်ငယ်လူရှင်းသော ဆေးခန်းသေးလေးတစ်ခုတွင်ပြဖို့ ဆုံးဖြတ်လိုက်သည်။

"မောင်မောင် ... မင်းဒီမှာပဲ စောင့်နေနော်"

"မောင်နေမင်းညို ..."

"ပြောပါ ကြီးစိမ်း ..."

"ကြီးစိမ်း ... ဆေးခန်းထဲကို မလိုက်တော့ဘူးနော်"

ကျွန်တော် ကြီးစိမ်းကို ... နားလည်ပါသည်။ သူမတို့ရဲ့ အားနည်းချက် တစ်ခုကြောင့်ဆိုတာ ကျွန်တော် ခန့်မှန်းလို့ရ၏။

"ရပါတယ် ကြီးစိမ်း ... ဆေးခန်းဆေးရုံဆိုတော ... ကြီးစိမ်း ကြောက်မှာပေါ့ ... မလိုက်လဲ ရပါတယ်"

ကျွန်တော့် အဖြေကြောင့် ... ကြီးစိမ်းမျက်နှာတွင် ကျွန်တော့်ကို အရမ်းကျေးဇူးတင်သော အကြည့်များနှင့် လှမ်းကြည့်ရှာ၏ ... မောင်မောင့်ရှေ့မှာမို့ ... ကျွန်တော်တစ်မျိုးထင်မည်စိုး၍ တမင် ကြီးစိမ်း ဆေးခန်းကြောက်တတ်သည်ဟု ပြောလိုက်ခြင်းရယ်ပါ ...။

မောင်မောင်ကတော့ ...

တကယ်ထင်ပြီး ... ကြီးစိမ်းကို မကြောက်ဖို့ တရားဟောနေသေး၏။

ကျွန်တော်ကတော့ နံပါတ်သွားယူကာ ... လူနာနာမည်အခေါ်ကို နားစွင့်နေလိုက်သည်။



"မပန်းအိပ်မက်"

"ရှိပါတယ် ... အစ်မ။ လူနာက မထနိုင်လို့ ကားထဲမှာပါ ... တစ်ခါတည်း ခေါ်ရတော့မလား"

"ဒါဆို ... ခဏလေးနော် ... အထဲကလူနာ ထွက်တာနဲ့ ဝင်လိုက်ပါ"

"ဟုတ်ကဲ့ အစ်မ ... ကျေးဇူးတင်ပါတယ်"

စာရေးမ အစ်မကြီးက ဝင်ရန်အချက်ပေးမှ ... မြကြာယံ ကိုယ်လေးကို ပွေ့ချီပြီး ... ဆေးခန်းလေးထဲသို့ ဝင်လိုက်သည်။

ဆရာဝန်မက ... မြကြာယံကို ... သေသေချာချာ စမ်းသပ်ပြီး ... ဆေးထိုးပေး၏။ ပြီးနောက် တစ်ချက်မျှပြုံးပြီး ... ကျွန်တော့်ဘက်လှည့်၍ ...

"ဇနီးချောလေးအတွက် ... အရမ်းစိတ်ပူနေတယ်နဲ့တူတယ် ... သိပ်စိုးရိမ်မနေပါနဲ့ သက်သာသွားမှာပါ ... အိမ်ရောက်ရင်တော့ ရေပတ်နည်းနည်း အုပ်ပေးနော်"

"ဗျာ ..."

ဆရာဝန်မ စကားကြောင့် ကျွန်တော် ကြောင်အမ်းအမ်း ဖြစ်သွားရသည်။ သို့သော် ... ဆရာဝန်က မသိ၍ ပြောခြင်းအတွက် ... ကျွန်တော် နည်းနည်းတော့ ကျေနပ်သွားမိကာ ... ကျေးဇူးတင်ကြောင်း ဆရာမကို ပြောမိသည်။

အိမ်ပြန်ရောက်တော့လည်း ကျွန်တော် ... မောင်မောင့် တစ်ယောက်တည်း အခန်းစောင့်ခိုင်းပြီး ... မြကြာယံကို ကိုယ်ပူကျအောင် ... ရေခဲအုပ်ပေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံး၀အိပ်မပျော် ... သူမကိုပဲ စိုးရိမ်တကြီး စောင့်ကြည့်နေမိသည်။ သူမကလေးကတော့ ဆေးအရှိန်ဖြင့် အိပ်ပျော်နေရှာ၏။

မြကြာယံရဲ့ ...။

ကျွန်တော်လေ ... အခုလို ခဏလေးပဲဖြစ်ဖြစ် နေခွင့်ရတာကိုပဲ ... မင်းကို ပြုစုပေးရတာကိုပဲ ... ကျေနပ်ရပါပြီကွာ။

မြကြာယံကို စောင့်ကြည့်နေရင်းမှ ... ကျွန်တော် စာဖတ်နေလိုက်သည်။ အခုလောက်ဆို မောင်မောင် အိပ်မောကျနေလောက်ရောပေါ့ ...။

အင်းလေ ...။

မနက်ကျရင် မောင်မောင်က အလုပ်သွားရဦးမှာ ဆိုတော့ အိပ်နေမှာပေါ့။ ကျွန်တော်ကတော့ ... မနက်ဖြန် တစ်နေ့လောက်တော ခွင့်ယူဦးမယ်ဟု ဆုံးဖြတ်ထားသည်။

တော်ပါသေးရဲ့ ...။

မြကြာယံ အခုလိုဖြစ်တဲ့အချိန် ... မေမေသာရှိ နေရင် ဒုက္ခ။

စာကြည့် စားပွဲလေးတွင်ထိုင်ပြီး ... သူမအခြေ အနေကို တစ်ချက် တစ်ချက် ... လှမ်းလှမ်းအကဲခတ်မိသည်။

အိပ်ပျော်နေဆဲပါ ...။

အိပ်မောကျနေသော သူမကလေး၏ အပြစ်ကင်း သော မျက်နှာလေးကို ငေးမောကြည့်နေမိသည်။

မြကြာယံရယ် ...။



ချစ်စရာ ကောင်းလိုက်တာကွာ။

ကျွန်တော် တကယ်ပဲ ... မင်းအပေါ် စိတ်တွေ ယိမ်းယိုင်နေရပြီ ... မင်းမှာ ဘာအကြောင်းတွေပဲရှိခဲ့ရှိခဲ့ ... အဲ့ဒါတွေကို ကျွန်တော် ဂရုမစိုက်ချင်တော့ဘူးဗျာ။

အားငယ်နေတဲ့ ခင်ဗျားလက်ကိုဆွဲပြီး ... လောက ကြီးကို ကျွန်တော် ရဲရဲရင်ဆိုင်လိုက်ချင်တယ် ...။ မင်းရဲ့ ခံစားမှုတွေကို မျှဝေခံစားလိုက်ချင်ပါတယ် ... ဒါပေမယ့် ကျွန်တော် ဒီအခွင့်အရေးကို မမျှော်လင့်ရဲပါဘူးဗျာ ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

ဟောတော့ ...။

ပါးစပ်အဟောင်းသား ဖြစ်အောင်ကို သူမ အံ့အားသင့်သွားရချေပြီ ... ဘယ်လိုဖြစ်တာပါလိမ့် ...။

အိပ်ရာမှ နိုးနိုးချင်း ... ကျွန်မ မျက်လုံးအိမ်ထဲတွင် စတင်တွေ့လိုက်ရသော သူသည် ကိုနေမင်းညိုပင်ဖြစ်ပြီး ... နောက်တစ်ယောက်ကတော့ ... သူမခုတင်ပေါ်မှောက်လျက်အိပ်ပျော်နေသော ကြီးစိမ်း။

ကျွန်မ ပြန်စဉ်းစားမိသည် ...။

မနေ့က ညနေပိုင်း ... ရေချိုးပြီး ခေါင်းနည်းနည်းနောက်သလို ဖြစ်နေ၍ ... အိပ်ရာထဲ ဝင်လှဲလိုက်မိသည်။ သိပ်မကြာ ... ကျွန်မတစ်ကိုယ်လုံး ညောင်းညာကိုက်ခဲကာ တအားချမ်းတက်လာသဖြင့် စောင်ခြုံပြီး ကွေးမိသွား၏။

ကျွန်မသိလိုက်တာက ... ကျွန်မ ဖျားပြီဆိုတာပဲ။ စိတ်အားငယ်စွာ ... ကျွန်မ တမ်းတမိသည်။



ကျွန်မ မေမေနှင့် ဖေဖေ ... ပြီးတော့ ... ကြီးစိမ်း။

နောက်ပိုင်း ...။

ကျွန်မ ဘာတွေဆက်ဖြစ်ခဲ့သလဲ ... စဉ်းစားမရတော့ ...။

ကျွန်မတစ်ကိုယ်လုံး ညောင်းညာသလို ... အင်အားမရှိသလို နုံးခွေခွေကြီး ဖြစ်နေသည်။ လည်ချောင်းတွေကလည်း ... ပူပြီးခြောက်ကပ်နေ၏ ... ရေဆာလိုက်တာ ...။ သူ့ကို လှမ်းကြည့်လိုက်တော့လည်း စာအုပ်ကို စိတ်ဝင်တစားဖတ်နေတာတွေ့ရသည်။

"အင်း ..."

မျက်လုံးကလေး အသာမှိတ်ပြီး ... ညည်းညူသံပေးလိုက်၏။

"မြကြာယံ ..."

"မြကြာယံ ... နိုးနေပြီလား"

"အင်း ..."

"မြကြာယံ ... ဘာလုပ်ချင်လဲ ... ဘာလိုချင်လို့လဲ"

"ရေ ... ရေ"

"ခဏနော် ... ကျွန်တော် ရေတိုက်မယ်"

သူ ရေဖန်ခွက်ကလေးထဲသို့ ရေငှဲ့ထည့်ကာ ... ကျွန်မ ကိုယ်လေးကို အသာပွေ့ထူလျက် ... ရေတိုက်၏။

"သက်သာသလား ... မြကြာယံ။ ဘယ်လိုနေသေးလဲ"

"ဟုတ်ကဲ့ ... သက်သာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ခဏလောက်တော့လှဲပြီး ... အနားယူလိုက်ဦးနော် ..."

"ကိုနေမင်းညို ..."

"ဗျာ ..."

"ရှင် ... ဒီမှာ မအိပ်ဘဲ တစ်ညလုံး စောင့်နေတာလား"

ကျွန်တော် ... ခပ်ပြုံးပြုံးလေးပဲ ခေါင်းညိတ်အဖြေပေးလိုက်ခြင်းကို ... သူမက အလွန်အံ့အားသင့်သော မျက်ဝန်းကလေးများနှင့် ကျွန်တော့်ကို လှမ်းကြည့်ရှာသည်။

"ကဲ ... မနက်(၄)နာရီပဲ ရှိသေးတယ် ... ပြန်အိပ်လိုက်ဦးနော်"

သူက ယုယကြင်နာစွာဖြင့် ... စောင်ကလေးကို ခြုံပေးပြီး ... နဖူးပေါ်ဝဲကျနေသော ဆံနွယ်စကလေးများကို သပ်တင်ကာ ... ကိုယ်ပူသေးသလားဆိုပြီး ... စမ်းသပ်၏။

ကျွန်မကတော့ ... သူ့ရဲ့နူးညံ့တဲ့ ပြုစုမှုကလေးများကို ... လိုက်လံငေးမောမိလို့ နေလေသည်။

သူက ပြန်အိပ်လိုက်ဦး ဆိုပေမယ့် ... ကျွန်မ တော်တော်နှင့် အိပ်လို့မပျော်ပါ။ သူကတော့ ခပ်အေးအေးပင် စာပြန်ဖတ်နေ၏။

ကိုနေမင်းညိုရယ် ...။

ကျွန်မ ရှင့်ကို ကျေးဇူးလည်းတင်ပါတယ် ... လေးလည်း လေးစားပါတယ် ...။ ဘာအခွင့်အရေးမှ မယူဘဲ ဖြူစင်စွာ သူတစ်ပါးအား ကူညီပေးတတ်တဲ့ ရှင့်ရဲ့စိတ်ဓာတ်ကို ... အရမ်းပဲ ချီးကျူးဂုဏ်ယူမိပါတယ် ကိုနေမင်းညို။



ကျွန်မရင်ထဲမှာ တိုးတိုးကလေး ရေရွတ်လိုက်မိသည်။

ခဏကြာတော့ ...။

ကြီးစိမ်း နိုးလာ၏။

"ကြီးစိမ်း ..."

"ဟင် ... မြကြာယံ ... ကလေး ... နိုးနေပြီလား"

"အင်း ... စောစောထဲက နိုးနေတာ"

"ဘယ်လိုနေသေးလဲ ... သက်သာလား သမီး"

"ဟုတ် ... သက်သာပါတယ် ... နည်းနည်းတော့ နုံးနေသလိုပဲ"

"ဘာမှမစိုးရိမ်နဲ့ မြကြာယံ ... အားနည်းနေသေးလို့ပါ။ ကောင်းကောင်းအနားယူလိုက်ရင် ကောင်းသွားမှာပါ"

"ဟုတ်ကဲ့ ... ကိုနေမင်းညို"

"မောင်နေမင်းညိုကို ကြီးစိမ်း ... အရမ်းကျေးဇူးတင်ပါတယ်ကွယ် ... ကြီးစိမ်းတို့ကို နားလည်မှုပေးတဲ့အတွက် ... ကြီးစိမ်းဖြင့် ဘယ်လိုပြန်ပြီး ကျေးဇူးဆပ်ရမှန်း မသိတော့ပါဘူး"

"ရပါတယ် ကြီးစိမ်းရယ် ... ကဲ ... ကျွန်တော်သွားတော့မယ် ကြီးစိမ်း ... မြကြာယံလည်း နည်းနည်းသက်သာပြီပဲ ... ကျွန်တော် ပြန်နားလိုက်ဦးမယ်"

ကျွန်တော် ပြန်ဖို့ဆုံးဖြတ်လိုက်၏ ... ကြီးစိမ်းလည်း နိုးနေပြီပဲ ... ကျွန်တော်ဆက်နေဖို့ မသင့်တော့။ အခု

www.burmeseclassic.com

www.burmeseclassic.com



လောက်ဆို ... ဟိုကောင့်ကို နှိုးရတာလည်း ကောင်းသည်။

"အေးကွယ် ... မောင်နေမင်းညို သဘောပါပဲ"

"သြော် ... မြကြာယံ။

ကျွန်တော် ဆေးခန်းမှာ ... ပန်းအိပ်မက်ဆိုပြီး နာမည်လိမ်ထားတယ်နော် ... မေ့ပြီး နာမည်အရင်း မပြောမိစေနဲ့ဦး"

"ဟုတ် ... ကိုနေမင်းညို"

ကျွန်တော် ပြောပြီးသည်နှင့် လှည့်ထွက်ခဲ့တော့သည်။ မြကြာယံရယ် ... ကျွန်တော် မင်းအပေါ် ဖြူစင်စွာနဲ့ အမြဲရှိနေနိုင်အောင်ပဲ ကြိုးစားနေပါ့မယ်။

"မောင်မောင်"

"မောင်မောင် ... ဟေ့ကောင်"

ဒီလောက် ဘဲလ်တီးနေတာတောင် မကြား ... တော်တော် အအိပ်ပုပ်တဲ့ကောင် ...။ မိုးဖြင့် လင်းတော့မည်။

ဘဲလ်ကို အဆက်မပြတ် တီးလိုက်မိသည် ...။

ခဏကြာတော့ ...

တဝါးဝါးသမ်းရင်း ... မောင်မောင် အိပ်ချင်မူးတူးနှင့် တံခါး လာဖွင့်ပေး၏။

"မင်းကလည်းကွာ ... သေ ... သေနိုင်လွန်းတယ်"

"ဟ ... ငါက မအိပ်လို့ ဘာလုပ်ရမလဲ။ အခုမှ ငါ့ကို လာပြောမနေနဲ့နော် ... တစ်ညလုံး အချစ်နလန်ထ,ပြီး ... သွားဖီလင်တက်နေပြီး ..."

"ဟာ ... ဟေ့ကောင်"



မောင့်မောင့် ပါးစပ်ကို မနည်းပိတ်လိုက်ရသည်။ အိမ်ပေါက်ဝကြီးမှာဆိုတော့ ... တစ်ဘက်ခန်းက ကြားသွားမှဖြင့် ဒုက္ခ ... ဒီကောင်က အသံပြဲကြီးနဲ့ပြောတာ။

"ဝင် ... ဝင်"

မောင်မောင် မျက်စောင်းကြီးထိုးကာ ... စိတ်မရှည်သံကြီးနှင့်ပြော၏။ ကျွန်တော်၏ အဖြစ်သည်းမှုကိုလည်း အမြင်ကတ်ပုံရသည်။

"နေမင်းညို"

"ဘာလဲကွ"

"မင်းဟာက ... ဘယ်လိုလဲကွ"

"ဘာကို ပြောတာလဲ ... ဘာဘယ်လိုရမှာလဲ"

"ကောင်မလေးနဲ့ မင်းရဲ့အခြေအနေက"

"ဘာမှ မဖြစ်ပါဘူးကွာ ... ရိုးရိုးသားသားပါပဲ ... မပြောင်းလဲဘူး ..."

"ဟ ... ဒီအခြေအနေမျိုး ရနေတာတောင် ... ဘာမှ မပြောင်းလဲသေးဘူးဆိုတော့ ... မင်းဟာက ဘယ်လို ဖြစ်တာလဲ"

မောင်မောင် ပြောလည်း ပြောချင်စရာပါ ... ကျွန်တော့်အကြောင်း မောင်မောင်သာ အသိဆုံး ... မိန်းမများနှင့် ပတ်သက်ခြင်း မရှိသော ကျွန်တော့်ဘဝတွင် မြကြာယံဆိုသော မိန်းကလေးနှင့် စတင်တွေ့ခဲ့ရမှုက ... ကျွန်တော့်စိတ်တွေ ပြောင်းလဲခဲ့သည်။

ကျွန်တော် ... မြကြာယံအပေါ် ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



စွဲလမ်းမိတယ်ဆိုတာ မောင်မောင် သိ၏။

ဒါကြောင့် ...။

အခြေအနေကို မေးခြင်းဖြစ်ပါသည်။

"မင်းပဲ ကောင်မလေးကို ... စွဲလမ်းမြတ်နိုးဘယ်ဆို ဖွင့်မပြောသေးဘူးလား ... မင်းပြောတော့ မြကြာယံဘက်ကလည်း မင်းအပေါ် နားလည်မှုရှိတယ်ဆို ... မအိုကေသေးဘူးလား"

"မင်းမသိပါဘူး မောင်မောင်ရာ ... ငါတို့နှစ်ယောက်ဘဝက မင်းထင်ထားသလောက် မလွယ်ဘူးကွ"

"ဘာတွေ မလွယ်တာလဲ..."

"မေမေလေကွာ ... အဓိက တရားခံက မေမေပဲပေါ့။ မင်းလည်း ငါ့အမေအကြောင်း သိသားနဲ့။ မေမေက လုံးဝလက်ခံမှာမဟုတ်ဘူး ... နောက်ပြီး ... မြကြာယံကိုလည်း သနားမိတယ် ... ငါတို့အကြောင်းသာ သိသွားရင် မြကြာယံကို မေမေ အရှက်ရအောင်လုပ်မှာကွ မဖြစ်သေးပါဘူးကွာ ... မြကြာယံ အေးအေးချမ်းချမ်း နေပါစေ"

ပြောပြီး ကျွန်တော် သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ မေမေ့အကြောင်းကိုလည်း မောင်မောင်သိနေသဖြင့် ဆက်မပြောတော့ပေ ...။

"ကဲ ... မင်းလည်း အနားယူဦး နေမင်းသို"

"အေးကွာ ... မင်းကိုတော့ ငါကျေးဇူးအရမ်းတင်ပါတယ် ... မောင်မောင်ရာ"



"ရပါတယ်ကွာ ... အချင်းချင်းတွေပဲ"

"မင်းအလုပ်သွားဖို့ ပြင်ဆင်ဦးလေ"

"အေးပါ ... ငါသိပါတယ်။ မင်းသာ သွားနားပါ ... တစ်ညလုံး မအိပ်ရသေးဘူး မဟုတ်လား ... သွားအိပ်တော့"

"ငါဒီနေ့တော့ ... အလုပ်မသွားနိုင်တော့ဘူးကွာ"

"ရပါတယ် ... ငါကြည့်လုပ်ထားလိုက်မယ်"

"ကျေးဇူး မောင်မောင်"

မောင်မောင့်ကို နှုတ်ဆက်ပြီး ကျွန်တော်အခန်းထဲဝင်ပြီး ... လှဲနေလိုက်သည်၊ တစ်ညလုံး မအိပ်ခဲ့ရသဖြင့် မျက်လုံးတွေကျိန်းပြီး ... စပ်နေသည်။ အရမ်းကို အိပ်ချင်လာပြီး ... တစ်ကိုယ်လုံး အိပ်ပစ်လိုက်တော့၏။

မြကြာယံကို စိတ်ပူပြီး ... ကျွန်တော် တစ်ညလုံး စောင့်ပေးခဲ့သည်။

လုံးဝအိပ်လို့ မရခဲ့။

သူမကိုသာ စိုးရိမ်တကြီးနှင့် ခဏခဏလှမ်းလှမ်းကြည့်လိုက် ... ချွေးများသုတ်ပေးလိုက်နှင့် အရိပ်တကြည့်ကြည့် ပြုစုပေးခဲ့ရသည်။

အခုတော့ ...။

ကျွန်တော် လုံးဝမတတ်နိုင်တော့ပါ။

မောင်မောင် ...

အလုပ်ထွက်သွားတာလည်း ကျွန်တော် မသိ

တာ့ ... ဘယ်လောက်တောင် ကျွန်တော် အိပ်ပျော်သွားသ

www.burmeseclassic.com

www.burmeseclassic.com



လဲဆိုရင် ... လူခေါ်ဘဲလ် အဆက်မပြတ်တီးသံကြောင့် အိပ်ရာမှ အလူးအလဲထ,ကာ တံခါးဖွင့်ပေးလိုက်ရသည်။

"ဩော် ... ကြီးစိမ်း"

"ရော ... မောင်နေမင်းညို။ မင်းလည်းပင်ပန်းနေရောပေါ့ ... ထမင်းဟင်းလည်း ချက်ထားမှာ မဟုတ်ဘူးဆိုတာသိလို့ ... လာပို့တာ ... ထမင်းစားချိန်တောင် လွန်နေပြီ စားလိုက်ဦး"

"ကျေးဇူးပဲ ကြီးစိမ်း"

"ချိုင့်ကို ... နောက်မှပဲ ပြန်ပေးတော့"

"ဟုတ်ကဲ့ ... ကြီးစိမ်း"

"ဩော် ... ညကျရင်လည်း ... ဆေးခန်းလိုက်ပို့ပေးပါဦးကွယ် ... နော် မောင်နေမင်းညို"

"စိတ်ချပါ ကြီးစိမ်း ... ကျွန်တော် ပို့ပေးမှာပါ"

"အေးကွယ် ... ကျေးဇူးပါပဲ။ သွားမယ်နော်"

"ဟုတ်"

အိပ်ချင်စိတ်ကို မနည်းထိန်းပြီး ... ကြီးစိမ်းစကားကို စိတ်ရှည်လက်ရှည် နားထောင်နေရသည်။ ကြီးစိမ်းလည်း ... သူ့အခန်းထဲ ပြန်ဝင်သွားတော့ ကျွန်တော်လည်း တံခါးကို ပြန်လော့ချ်ချပြီး ... ထမင်းချိုင့်ကြီးကို ခုံပေါ် ဒီအ ကိုင်းတင်ကာ ... ပြန်နှပ်လိုက်တော့သည်။

အိပ်ချင်စိတ်က များနေသဖြင့် ...

ထမင်းစားချင်စိတ်လည်း မရှိ။

ကျွန်တော် ဘာမှစဉ်းစားမနေတော့ဘဲ ... အိပ်



ပစ်လိုက်ရာ ညနေ(၃)နာရီလောက်မှ နိုးတော့၏။

အလားလား ...။

အိပ်ရာနိုးနိုးချင်း ဗိုက်ထဲမှာ တဂွိဂွိနဲ့ ...။

အခုမှပဲ ... ကျွန်တော် ဗိုက်အရမ်းဆာလာတော့သည်။ ခြေလက်တွေပင် တုန်ချင်လာ၏။

ကြီးစိမ်း လာပို့ထားသော ထမင်းချိုင့်ကို ... ကျွန်တော် သတိရလာပြီး ... ကမန်းကတန်း သွားယူကာ ဖွင့်လိုက်၏။

အာပါပါး ...။

လက်ရာက အပျံစားပဲ ... ဗိုက်ဆာနေလို့လားတော့ မသိ၊ စားလို့ကောင်းလိုက်တာ အရမ်းပဲ။

တော်သေးရဲ့ ...။

ကျွန်တော့်အတွက် ကြီးစိမ်းက အလိုက်တသိ ထမင်းချိုင့် လာပေးပေလို့ ... မဟုတ်ရင် ကျွန်တော် ဘာမှ စားစရာရှိမှာ မဟုတ်။

ဘာမှလဲ မချက်ထား ...။

မေမေကတော့ မသွားခင် ... ကျနော်တော့်အတွက် အခြောက်အခြမ်းတွေတော့ လုပ်ထားပေးခဲ့သည်။

သိပ်အလိုက်သိတဲ့ မေမေ ...။

ကျွန်တော် မေမေ့ကို သတိရမိသွားသည်။ ကျွန်တော့်အတွက်ဆို ဘာမှလိုလေသေးမရှိစေရ ... အဆင်သင့် ဖြည့်စွမ်းပေးထားတတ်သည်။

အခုလောက်ဆို ...

www.burmeseclassic.com

www.burmeseclassic.com



မေမေလည်း ကျွန်တော့်ကို သိရှိနေရှာပေါ့။

မေမေ တစ်ခါမှ အခုလို ကျွန်တော်နဲ့ ခွဲနိုင်ခြင်း မရှိခဲ့ဘူးပေ ... ဒါကြောင့် ... အခုလို မေမေခရီးထွက်မယ် ပြောတုန်းက ... ကျွန်တော် အရမ်းကိုပဲ အံ့ဩသွားရတာပေါ့။ မေမေ့ရဲ့ ပထမဆုံး မဟာ စွန့်စားမှု ...။

ကျွန်တော့်ကို ယုံကြည်တဲ့ မေမေ ...။

မေမေ့ ယုံကြည်မှုတွေကို ကျွန်တော် အလွဲသုံးစားလုပ်မိတဲ့အတွက် ... ကျွန်တော့်ကို ခွင့်လွှတ်ပါ မေမေ။

ကျွန်တော့်ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ တောင်းပန်နေမိလေသည်။



အခန်း(၅)

"အင်း ... အဖျားတော့ ကျသွားပြီ။ အားဆေးတစ်လုံးလောက်တော့ ... ထိုးပေးလိုက်မယ်နော်"

"ဟုတ် ..."

ဆရာဝန်မက ဆေးထိုးမယ်ဆိုတော့ ... မြကြာယံ အရမ်းစိတ်ညစ်သွားမိသည်။ ကိုနေမင်းညိုကလည်း အခန်းထဲမှာ ... မြကြာယံ ဆေးထိုးခံရမှာ ရှက်မိ၏ ... သူကလည်း လေ ... အလိုက်တသိနဲ့ အပြင်လေး ဘာလေး ထွက်ပေးတာ မဟုတ်ဘူး ...။

မြကြာယံ ...။

အခက်ကြီး ခက်နေရပြီ။

သူ့မျက်နှာလေးကို ကျွန်မ လှမ်းကြည့်လိုက်တော့ ... ကိုယ်တော်က အထာမပေါက်တဲ့အပြင် ...

"ငန်းအိပ်မက် ... ကြောက်နေလို့လား" ဆိုပြီး ကျွန်မထံ တိုးကပ်လာ၏။ အခုမှပဲ ပိုဆိုးသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက် အဖြစ်ကိုကြည့်၍ ... ဆရာဝန်မကြီးက သဘောကျကာ ...

"အမယ်လေး ... အဖြစ်သည်းနေလိုက်တာ ကိုယ်တော် ရယ် ... သိပ်လည်း မစိုးရိမ်ပါနဲ့။ သိပ်မနာပါဘူး ကွယ် ... သူ့ဇနီးကို စိတ်ပူနေလိုက်တာ ..."

"ရှင် ..."

ဆရာဝန်မကြီး စကားကြောင့် မြကြာယံ ပိုပြီး မျက်နှာပူသွားရသည် ... မျက်နှာပြင်လေး တစ်ခုလုံး နီရဲ တွတ်သွားရ၏။ သူကတော့ အေးဆေးပဲ ... မျက်နှာကြီးကပြုံး လို့ ...။

ဟွန်း ...။

တော်တော်အမြင်ကတ်ဖို့ ကောင်းတဲ့လူ ... ဆရာဝန်မကြီးက မသိလို့ ပြောတာကို ...

"ညီမရယ် ... ညီမဖြစ်တုန်းကများဆို ညီမ့ယောကျ်ား မှာ ပျာယာခတ်နေတာပဲ ... တော်တော်ချစ်ပုံရတယ်၊ မျက်နှာဆို အရမ်းကိုပျက်နေတာ ... မမတောင်သူ့ကို ကြည့်ပြီး သနားသွားမိတယ် ... သူ့ဇနီးကို သိပ်စိုးရိမ် တတ်တာပဲနော်"

ဒုက္ခပါပဲ ...။

ဆရာဝန်မက အရစ်ရှည်ပြီး သူ့အကြောင်းတွေ ပြောပြနေပြန်ပြီ ... ဒီမှာဖြင့် မြကြာယံ ရှက်လို့သေရတော့ မယ် ...။

သူကလည်း ဘာမှမပြော ...



ဆရာဝန်မ ပြောတာကို ... သဘောကျနေသေး သည်။

သူ့မျက်နှာကို လှမ်းကြည့်ကာ ... မြကြာယံမျက် စောင်းကလေး ထိုးလိုက်မိသည်။

ဒါကိုပင် ...။

သူက သဘောကျကာ .... ကျွန်မကို မျက်စိတစ် ဖက်ပင် မှိတ်ပြလိုက်သေး၏ ... ဘယ်လောက် အသည်းယား စရာကောင်းတဲ့ လူလဲလို့ ...။

ဟွန်း ...။

နေပါစေဦး ... တော်တော်အခွင့်အရေးယူတဲ့လူ။ မြကြာယံ အကြောင်း သိစေရမယ် ...။

ဆေးခန်းကအထွက် ... နုတ်ခမ်းကြီးကို တစ် တောင်လောက် စူထော်ကာ ... မြကြာယံ ကျွန်တော့်ဘေးမှ ကပ်ပါလာသည်။

တကယ့် ကလေးလေး ကျနေတာပဲ ...

မျက်နှာကြီးက မှုန်ကုတ်ပြီး ... ရှုပုတ်ကာ ဆောင့်ဆောင့်အောင့်အောင့်နှင့် လိုက်ပါလာ၏။ ကျွန်တော် သိပါသည် ... သူမ စိတ်ဆိုးနေမည် ... ရှက်နေလိမ့်မည်ဆို တာ ...

ဆရာဝန်မကြီး စကားကြောင့် သူမ ကျွန်တော့် ကို စိတ်ဆိုးနေပြီဆိုတာ သိသည်။

သို့သော် ...။

ကျွန်တော် ခပ်တည်တည်ပဲ ... ကားတံခါးကို ... ကားစက်နှိုးကာ

www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်ခဲ့လိုက်၏ ...။ ဘာစကားတစ်ခွန်းမှ မပြောဖြစ် နှစ်ယောက်သား ငြိမ်သက်လို့နေသည်။

မြကြာယံရဲ့ ...။

စိတ်ဆိုးနေတဲ့ မျက်နှာလေးက ... စိတ်ညစ်စရာ မကောင်းဘဲ ... ချစ်စရာပင် ကောင်းသေး၏။

ကျွန်တော် ... သူမ မျက်နှာလေးကို မသိမသာလေး ခိုးခိုးကြည့်မိသည်။ သူမကတော့ မျက်နှာလေးကို တစ်ဘက်လှည့်ကာ ... သူမ ဆံပင်ရှည်ကြီးတွေနှင့် ... ကျွန်တော် မမြင်အောင် ကွယ်ထား၏။

ကျွန်တော် သူမကို စချင်လာသည်။

"မြကြာယံ ..."

"မခေါ်နဲ့နော် ... မခေါ်နဲ့ ... လာမခေါ်နဲ့"

"ဟောဗျာ ... ဘယ်လိုဖြစ်ရတာလဲ"

ကျွန်တော် မသိဟန်ဆောင်ကာ ... တအံ့တသြ ပုံစံနှင့် ပြန်ပေးလိုက်၏။

"ရှင် ... တော်တော် အသားယူတတ်တဲ့လူပဲ ကိုနေမင်းညို"

"ဟုတ်တယ် ... မြကြာယံ စဉ်းစားကြည့်လေ။အသားယူမှ စားလို့ရမှာပေါ့ ... အရိုးယူရင် ကိုက်လို့သွားတောင် ကျွတ်သွားဦးမယ် ..."

"ရှင်နော် ... ပေါက်ကရ မပြောနဲ့"

သူ့စကားကြောင့် ကျွန်မ ရယ်ချင်သွားမိသည်။ သို့သော် စိတ်ကို မနည်းထိန်းကာထားရ၏။ သူ့ပုံစံကို



ကြည့်ရတာ ဘာတစ်ခုမှ မသိသလို ... ခပ်အေးအေး ခပ်မှန်မှန်ပဲ ...။

"ပေါက်ကရ မပြောပါဘူး ... ကျွန်တော် တကယ်ပြောတာ ... ကဲ ... မြကြာယံရော အရိုးပေးရင်ယူမှာလား"

"မယူပါဘူး ..."

"အဲ့ဒါကြောင့် ပြောတာပေါ့ ... မြကြာယံလည်း အသားပဲယူမှာ ... အရိုးယူကြည့်စမ်း ... လူစင်စစ်က ဘာဖြစ်သွားလိမ့်မလဲ"

"ရှင်နော် ...မဟုတ်တာတွေ လျှောက်မပြောနဲ့။ ကျွန်မ ရှင့်ကို စိတ်တိုနေတာ"

"ဗျာ ... ကျွန်တော့်ကို"

"ဟုတ်တယ် ..."

"စိတ်တိုနေတယ် ..."

"ဟုတ်တယ် ... ကျွန်မ ရှင့်ကို အရမ်းစိတ်ဆိုးတယ်၊ စကား ဆက်ပြောမနေနဲ့တော့ ... ကားကို မြန်မြန်မောင်း"

"ဟာ ... နေပါဦး။ ကျွန်တော် ဘာအမှားလုပ်မိလို့ ... မြကြာယံ စိတ်ဆိုးရတာလဲဗျာ ..."

"ရှင့်အပြစ် ရှင်မသိဘူးလား"

"ဗျာ ... ကျွန်တော့်အပြစ် ဟုတ်လား"

"ရှင် ... အခုမှ ... ဘာ့အူကြောင်ကြောင် လုပ်နေတာလဲ ... ရှင် ဆေးခန်းမှာ ဘာတွေ မဟုတ်မဟုတ် ... ဆရာဝန်မကို ပြောထားလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်းမှာ ... ဟုတ်လား။

မြကြာယံ ... မှားနေပြီ ဆရာဝန်မကို ဘာမှ မပြောထားပါဘူး ... မြကြာယံ တွေ့သွားပဲ ကျွန်တော် ဘာပြောမိလို့လဲ"

"ဒါဆို ... ဆရာမက ဘာကြောင့် ရှင့်ဇနီးလို့ ပြောရတာလဲ ..."

"ကျွန်တော့်ဇနီး ..."

"အင်းလေ ..."

"ဘယ်သူ့ကိုလဲ"

"ကျွန်မကိုပေါ့ ..."

ပြောပြီးမှ ကျွန်မစကားမှားသွားမှန်း သိလိုက်သည် ... သူကတော့ သဘောကျစွာ တဟားဟား အော်ရယ်တော့၏။ ရှက်လိုက်တာ ... သူမေးတာမှန်သမျှ ... ကျွန်မ ချက်ချင်း မျက်နှာကို တည်ပစ်လိုက်တော့ ... သူအရယ်ရပ်သွားပြီး။

"အလကား စတာပါ ... မြကြာယံရယ်"

"ဒါ ... စ,စရာလား။ ရှင်ပျော်ဖို့အတွက် ကျွန်မက ဟာဒယရွှင်ဆေး လုပ်နေတယ်များ မှတ်နေလား"

"ဟို ... ဟို ... ဆောရီး။

ကျွန်တော် တောင်းပန်တယ် ... ဟုတ်ပြီနော်။ တကယ်တော့ ... မြကြာယံကို ကျွန်တော် ပျော်ရွှင်စေချင်တယ် ... ရယ်မောနေစေချင်တယ်။ လွတ်လွတ်လပ်လပ် ... စိတ်ပေါ့ပေါ့ပါးပါးနဲ့ပေါ့ ... မွန်းကျပ်



ပိတ်ဆို့နေတဲ့ မင်းရဲ့စိတ်တွေကို ... ဖွင့်ထုတ်ပြီး ဟန်ဆောင်မှုကင်းကင်းနဲ့ နေစေချင်မိတယ် ... ကျွန်တော်နဲ့တွေ့တဲ့ အချိန်တိုင်းမှာ ... မြကြာယံကို စိတ်ပျော်ရွှင်မှုလေးတွေပဲ ပေးချင်မိတယ် ... ဒါကြောင့် ကျွန်တော် အခုလို စနောက်မိတာကို မြကြာယံ ခွင့်လွှတ်ပါ ... ကျွန်တော့်ကို နားလည်ပေးပါ မြကြာယံ ..."

သူ့စကားများကို ကျွန်မ လေးလေးနက်နက် နားထောင်နေမိသည်။ တကယ်တော့ ... သူပြောသမျှအားလုံး မှန်ပါသည်။ တကယ်တမ်းကျတော့ ... သူပြောသလိုပင် ကျွန်မဘဝက မွန်းကျပ်ပိတ်လှောင်လို့နေ၏။

ပတ်ဝန်းကျင်မရှိ ...

မိတ်ဆွေ အပေါင်းအသင်း မရှိ ...

အခန်းကျဉ်းကလေးထဲတွင် ... တစ်နေကုန်တစ်နေခန်း မညည်းမညူ နေရတဲ့ဘဝ ... ကျွန်မအပေါ် နားလည်စာနာမှု ပေးနိုင်သူဟူ၍ ကိုနေမင်းညို တစ်ယောက်တည်းသာ ရှိသည်။

တစ်ခါတလေတော့လည်း ...

သူပြောသလို ... ဟန်ဆောင်မှုတွေ ကင်းပြီး ... လွတ်လွတ်လပ်လပ် ... စိတ်ပျော်ပျော်ရွှင်ရွှင်နှင့် နေပစ်လိုက်ချင်မိ၏။

ကိုနေမင်းညိုရယ် ..."

ရှင် ကျွန်မကို တောင်းပန်စရာ မလိုပါဘူး ... ကျွန်မကပဲ အလိုက်ကန်းဆိုးမသိ ရှင့်ကိုရန်တွေ့မိတာကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ရမှာပါ။

တကယ်ဆို ...

ကြီးစိမ်းနဲ့ ကျွန်မအပေါ် နားလည်မှု ပေးနိုင်ပြီး ကူညီပေးတာကိုပဲ ... အရမ်းကျေးဇူးတင်နေရပါပြီ။

"မြကြာယံ ..."

"ရှင် ..."

"ကျွန်တော့်ကို စိတ်ဆိုးနေသေးလားဟင် ... စကားတောင် မပြောတော့ဘူး ... ကျွန်တော်တောင်းပန်နေပြီပဲ မြကြာညိုရယ် ... ခွင့်မလွှတ်နိုင်သေးဘူးလား"

"အို ... မဟုတ်ပါဘူး။

ကိုနေမင်းညို ... တောင်းပန်ရမှာက ... ကျွန်မပါ။ တကယ်တမ်းကျတော့ ... ကျွန်မအပေါ် နားလည်မှု အပေးနိုင်ဆုံးနဲ့ ကူညီမှု ပေးနိုင်ခဲ့တဲ့လူဆိုလို့ ... ကိုနေမင်းညို တစ်ယောက်တည်း ရှိပါတယ် ... မှားတာက ... မြကြာယံပါ။ မြကြာယံကိုပဲ ရှင် ခွင့်လွှတ်ပေးပါ"

"မြကြာယံရယ် ..."

သူမ စကားကြောင့် ကျွန်တော် အရမ်းကို စိတ်မကောင်း ဖြစ်ရသည်။ အားငယ်ဝမ်းနည်းနေတဲ့ ... သူမရဲ့ စကားသံကို ကျွန်တော် မကြားရက်နိုင်ပါ ... သူမကို တက်ကြွရွှင်လန်း ပျော်ရွှင်သော ... ထူးချွန်ထက်မြက်သော မိန်းကလေးတစ်ဦးသာ ဖြစ်စေချင်မိသည်။

ဒါကြောင့် ...



သူမ အမြဲမဟုတ်တာတောင် ... ကျွန်တော်နဲ့ တစ်ခါတစ်ရံ ဆုံမိတဲ့ အချိန်ကလေးမှာ ... စိတ်ချမ်းသာပြီး ရယ်မောနေစေချင်မိတာ။

ကျွန်တော် စ,နောက်မိတာပေါ့ ...။

"ကိုနေမင်းညို ..."

"ပြောလေ ... မြကြာယံ"

"မြကြာယံကို ... ဘယ်လိုမြင်လဲဟင်"

"ဘာကို ဆိုလိုတာလဲ ... မြကြာယံ"

"ရှင့်စိတ်ထဲမှာ ကျွန်မတို့ကို တစ်မျိုးတော့ ထင်နေမှာပေါ့နော်"

"လူဆိုတာ တစ်ယောက်ကို တစ်မျိုးစီ ရှိကြတာပဲ ... လူ့ဘဝဆိုတာလဲ တစ်မျိုးစီကို ပိုင်ဆိုင်ထားရတာပဲ၊ ဒါပေမယ့် ... ကျွန်တော်ကတော့ လူဟာလူပဲ ... ချမ်းသာတာလဲ လူပဲ ဆင်းရဲတာလဲ လူပဲ ဘာမှမကွဲပြားဘူး ... ကျွန်တော့်မှာ အဆင့်တန်းတို့ ... ပကာသနတို့ ဆိုတာ မရှိဘူး။ မတူဘူး မတန်ဘူး ဆိုတာလဲ မရှိဘူး။

ကျွန်တော့် ခံယူချက်က ... အားငယ်နေတဲ့သူကို အားပေးကူညီမယ် ... မနိမ့်ချဘူး။ ဒုက္ခရောက်နေသူကို သနားမယ် ကြင်နာမယ် ... ကျွန်တော့်ကို လူတွေ ဘာပဲပြောပြော ... ကျွန်တော့် စိတ်ရိုးသားဖြူစင်နေပြီးရော ... ကျုံ့တာ ဂရုမစိုက်တတ်ဘူး"

"အခု ... မြကြာယံတို့မှာ အားနည်းချက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရှိလိမ့်မယ် ... ဒါပေမယ့် ... ကျွန်တော် မမေးချင်ဘူး ကျွန်တော့်ဘက်က စေတနာသန့်သန့်နဲ့ပဲ ကူညီမယ်၊ အဲ ... ကျွန်တော့်ကို ယုံကြည်လက်ခံတယ် ဆိုရင်ပေါ့လေ ...”

သူ့စကားများသည် ... သူ့နှလုံးသားမှ ယိုစိမ့်စီးဆင်းလာမှုကို ဖော်ပြနေသည်။ ဒါဟာ ... သူ့ရဲ့လေးစားလောက်တဲ့ အရည်အချင်းတွေပဲ ... သူ့ရဲ့ ဖြူစင်တဲ့ စိတ်သဘောထားကိုတော့ မြကြာယံ ချီးကျူးဂုဏ်ယူမိပါ၏ ... ယုံလည်း ယုံကြည်မိသည်။ သူ့မျက်ဝန်းတွေမှာ ... ကျွန်မကို မြတ်နိုးမှုတွေ တွေ့နေရပေမယ့် ... သူဟာ အခွင့်အရေးရလျှင် ရသလို ယူတတ်တဲ့သူ မဟုတ်ပေ။

ကိုနေမင်းညို ...

ရှင့်ကို ကျွန်မ အရမ်းအထင်ကြီးသွားပြီ သိလား။

ရှင်ဟာ ...။

အဲ့ဒီလို ရိုးသားဖြူစင်မှုရှိလေ ... ကျွန်မ ရှင့်အနားမှာနေဖို့ မဝံ့မရဲလေပါပဲ။ ကျွန်မကြောင့် ရှင့်ဂုဏ်သိက္ခာကျဆင်းမှာ ... ရှင်အရှက်ရသွားမှာကို ... ကျွန်မအရမ်းစိုးရိမ်ပါတယ်။

ရှင်နဲ့ မြကြာယံ ...။

ဘယ်လိုမှ မလိုက်ဖက် မထိုက်တန်ပါဘူး ...။

မြကြာယံဆိုတဲ့ ...။

မိန်းမတစ်ယောက် ဘဝဟာ ... ရှင်ထင်ထားသလောက်တောင် ဖြူစင်မှု မရှိခဲ့ဘူး။ ပတ်ဝန်းကျင်နဲ့ ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံမရဲတဲ့ဘဝ။ ပညာကျတော့လည်း ရှစ်တန်းတောင် မအောင်တဲ့ဘဝ ...။

ဒီလို ... အခြေအနေမျိုးနဲ့။

ကျွန်မက ရှင့်ရင်ထဲ တိုးဝင်ဖို့ ကြိုးစားတာဟာ ကျွန်မရဲ့ မဟာမိုက်မဲကြီးပဲ။

တကယ်ဆို ...

ရှင်က ကျွန်မရဲ့ ကျေးဇူးရှင်ပါ။

ကျွန်မ တကယ် ဝန်ခံပါတယ် ...။

ရှင့်ကို စတွေ့တဲ့အချိန်ကစပြီး ... ရှင်နဲ့နောက်တစ်ကြိမ်ဆုံတွေ့ဖို့ ကျွန်မ မျှော်လင့်ခဲ့တယ်။ ရှင့်ရဲ့ကြင်နာတဲ့ စကားသံတွေ ... ကရုဏာသက်နေတဲ့ မျက်ဝန်းကလေးတွေကိုပဲ ... ကျွန်မ တမ်းတမိတယ် ...

ရှင်မှတ်မိသလားဟင် ...။

ကျွန်မကို ခင်မင်ခွင့်တောင်းတဲ့နေ့ကိုလေ။

ရှင့်ကို ... အတွေးထဲမှာ ထုတ်ပစ်ဖို့ခက်အောင် လုပ်တတ်တဲ့ ချစ်စရာအပြုအမူကလေးတွေကြောင့် ... ကျွန်မ ရှင့်ကို ခင်မင်ခဲ့တယ်။ ရှင် ကျွန်မကို မြတ်နိုးနေတယ်ဆိုတာလည်း ... ရှင့်ရဲ့ ရီဝေနေတဲ့ မျက်ဝန်းကလေးတွေကို ကြည့်လိုက်တာနဲ့ ကျွန်မ နားလည်လို့ ရပါတယ်။

ဒါပေမယ့် ...။

ကျွန်မ သတင်းတစ်ခုကြားတယ် ... အဲ့ဒါက ရှင့်ရဲ့မေမေ ဒေါ်ညိုညိုခင် အကြောင်းပဲ ...။

သားကို သိပ်ချစ်တယ်တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့သားနဲ့ဆို ဒီကမ္ဘာမှာ တူတဲ့တန်တဲ့ မိန်းမ မရှိဘူးတဲ့လေ ... ပြီးတော့ ... ကောင်မလေးတွေနဲ့ အရော ဝင်မှာဆိုးလို့ ... သုံးထပ်တိုက်ခန်းငှယ်ပြီး ... ဘယ်သူနဲ့မှ ပတ်ပတ်သက်သက် မနေတာဆိုတဲ့ အကြောင်းတွေပဲ။

ကျွန်မ ကိုယ်ချင်းစာနိုင်ပါတယ် ...။

ရှင် ကျွန်မကို မချစ်ပါနဲ့ ကိုနေမင်းညို ...။

ရှင် ချစ်နေပေမယ့် ... ကျွန်မကို ပွင့်ပွင့်လင်း လင်း ချစ်ခွင့်မတောင်းရဲတာဟာ ရှင့်မေမေကြောင့်ဆိုတာ ... ကျွန်မသိပါတယ်။

မှန်ပါတယ်လေ ...။

ကျွန်မလို ဂုဏ်မရှိ ...

ငွေမရှိ ... အသိုင်းအဝိုင်းမရှိ ...

ပညာမတတ်တဲ့ မိန်းမတစ်ယောက်ကို ... ရှင့် မေမေက ဘယ်လိုလုပ် ကြည်ဖြူနိုင်မလဲ ...။ ဒါတွေကို ရှင့် ကြောင့် ကြည်ဖြူနိုင်တယ်ပဲထားဦး ... ကျွန်မရဲ့လူ့တောမတိုး ရဲတဲ့ နောက်ကြောင်း ...။

အို ...။

ကျွန်မ ဘာတွေတွေးမိနေတာပါလိမ့်။

"မြကြာယံ ..."

"ရှင် ..."

"ရောက်ပြီလေ ... တစ်သမ်းလုံး ဘာတွေတွေးပြီး ငိုင်နေတာလဲမသိဘူး ... အခုလည်း ... အိမ်ရောက်နေတာ ကြာလှပြီ"



"အင်း ... ဟုတ်သားပဲ ... မြကြာယံအတွေးလွန်သွား တယ်"

"ကျွန်တော့်အကြောင်း တွေးနေတာလား ... မြကြာယံ"

"ရှင် ..."

သူ့အမေးကြောင့် ကျွန်မမျက်နှာ တစ်ပြင်လုံး ထူပူသွားပြီး ဘာပြန်ဖြေရမှန်း မသိတော့ ...

"သြော် ... ကျွန်တော့်အကြောင်း တွေးနေတာဆိုရင် ဆက်တွေးလို့ ပြောမလို့ပါ ... ကျွန်တော် မြို့ထဲတစ် ပတ်ပြန်မောင်းပေးရမလား"

"ရှင်နော်"

မျက်စောင်းကြီးထိုးကာ ... အပေါ်ထပ်သို့ ပြေး တက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ကလင် ... ကလင်။

ကလင် ...။

တယ်လီဖုန်းသံက ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ မောင်မောင် ... စာဖတ်နေရာမှထ,ကာ တယ်လီဖုန်းကောက်ကိုင်လိုက်၏ ...။

"ဟယ်လို ... ပြောပါ"

"မောင်မောင်လား ... သား အန်တီညိုပါ"

"ဗျာ ..."

မထင်မှတ်ဘဲ ... အန်တီညိုအသံ ကြားလိုက်ရသဖြင့် ... ဖုန်းခွက်ပင် လွတ်ကျသွားမတတ် ဖြစ်သွားရ၏။

အဲ့ဒါမှ ... ဒုက္ခ။

ဟိုကောင် ... နေမင်းညို ကောင်မလေးကို ဆေးခန်းသွားပြပေးနေချိန် ဖြစ်နေ၍ ... မောင်မောင် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ ...



"မောင်မောင် ..."

"ဟုတ်ကဲ့ ... ပြောပါ အန်တီညို"

"သားရော ... မောင်မောင် ... သားကိုခေါ်ပေးကွယ်"

"ဗျာ ... အန်တီ"

နေမင်းညိုကို ခေါ်ခိုင်းနေပြီ ... မောင်မောင် ဘာလုပ်ရမှန်းမသိတော့ ... ချွေးသီးချွေးပေါက်တွေတောင် သီးထ,လာတဲ့အထိ ... မောင်မောင်လန့်လာရသည်။ ပြဿနာပဲ ... နေမင်းညိုကလည်း ပြန်ရောက်မလာသေး ...။

"ဟဲ့ ... မောင်မောင်။ ဘာတွေ ဖြစ်နေတာလဲ ... သားရော ... သား ဘယ်သွားနေလဲ ... သားမရှိဘူးလား"

"ရှိတယ် ... ရှိတယ် အန်တီ"

"ရှိရင် ... ခေါ်ပေးစမ်း"

ဒေါ်ညိုညိုခင် စိတ်မရှည်ချင်တော့ ... ဘယ်လိုကလေးတွေလဲ မသိဘူး။ ဒီကဖြင့် ... သားကို သတိရလွန်းလို့ အဝေးကြီးကနေ မနည်းမရမက ဖုန်းဆက်ရတာ။ မောင်မောင် တစ်ယောက်ကတော့လေ ... တကယ့်ကိုကြောင်တောင်တောင်နဲ့ ...။

သူမ သားအသံကို ကြားချင်နေပြီ ...

"အန်တီညို ..."

"ဟေ ... သားရော မောင်မောင်"

"နေမင်းညို ... ဟို ... အိမ်သာထဲ ရောက်နေလို့။ ခဏလေးစောင့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဒါဆိုလည်း ... နောက်ဆယ်မိနစ်ကျရင် ပြန်ဆက်မယ်။ သားကို တယ်လီဖုန်းနားမှာ စောင့်ခိုင်းထား ကြားလား မောင်မောင်"

"ဟုတ် ... ဟုတ်ကဲ့"

ဟူး ...။

နောက်ဆယ်မိနစ်ကြာရင် ဖုန်းပြန်ဆက်မယ်တဲ့။

နေမင်းညိုကလည်း ... ကြာလိုက်တာ ... ဘယ်တွေသွားနေလဲ မသိဘူး ... တယ်လီဖုန်း နောက်တစ်ကြိမ် ပြန်ဝင်လာမှာကို ... မောင်မောင် သေမလောက် ကြောက်နေမိသည်။ ပြဿနာတွေတော့ တက်ကုန်တော့မှာပဲ ... အားလုံး အလိမ်တွေ ပေါ်သွားနိုင်သည်။

နေမင်းညိုအမေ အန်တီဒေါ်ညိုညိုခင်က သူများလိုမဟုတ် ...

အရမ်းအပေါက်ဆိုးတာ ...။

မောင်မောင် လန့်မိသည်။

ထိုင်လိုက် ... ထလိုက် ... တံခါးပေါက်ကို သွားချောင်းလိုက်နှင့် ဂနာမငြိမ် ... နာရီကိုလည်း တစ်ချက်ချက်မော့မော့ ကြည့်ရသေး၏။

ဟော ...။

လှေကားမှ တက်လာသော ခြေသံများကြားရ၏။ မောင်မောင် ဝမ်းသာသွားရသည် ... တံခါးဖွင့်ကာ လှေကားထစ်အောက်ဆီသို့ ... အမောတကော ငုံ့ကြည့်နေမိ၏။

"ဟာ ... ဟော့ကောင်။ နေမင်းညို ... အေးအေးဆေး



ဆေး လုပ်မနေနဲ့ ... မြန်မြန်လာ ..."

မောင်မောင် ပြူးတူးပြဲတဲ ခေါ်သံကြောင့် ... နေမင်းညို အံ့အားသင့်ကာ ... ကမန်းကတန်း အပေါ်သို့ပြေးတက်ခဲ့သည်။ ကျွန်တော့်နောက်မှ မြကြာယံလည်း အမိလိုက်လာ၏။

"အမယ်လေး ... ကျေးဇူးရှင်။ အချိန်မီ ရောက်လာပေလို့ပဲ ... ငါ့မှာဖြင့် တစ်ယောက်တည်း ... ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး ..."

"ဘာဖြစ်လို့လဲ ... မောင်မောင်"

"ဟ ... ဘာဖြစ်ရမှာလဲ ... မင်းအမေလေ တယ်လီဖုန်းဆက်တယ်"

"ဘာ ... မေမေ။ ဖုန်းဆက်တယ် ... ဟုတ်လား"

"အေး ... နောက်ထပ် ဆယ်မိနစ်ကြာရင် ပြန်ဆက်ဦးမယ်တဲ့ ...။ မင်းကို တယ်လီဖုန်းနားမှာပဲ စောင့်ခိုင်းထားတဲ့ ..."

"ဟုတ်လား ..."

"အေး ... သွားစောင့်တော့ ... ဆယ်မိနစ်ပြည့်ခါနီးပြီ"

"အေး ... အေး။

ဪ ... မြကြာယံ။ နောက်မှ တွေ့ကြမယ်နော်"

မောင်မောင့်စကားကြောင့် ကျွန်တော် ရင်ထိတ်သွားမိသည်။ မေမေက လွယ်တာမဟုတ် ... မေမေ့အကြောင်း ကျွန်တော် အသိဆုံးပါ။ သားဆီကို သတိတရ အမြဲမရမက ဖုန်းဆက်သော မေမေ ... ချက်ချင်း မေမေဖုန်းခေါ်တာနင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လာကိုင်မှ ... ကျွန်တော် လာမကိုင်ရင် မေမေ မကျေနပ် ... ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး ကျွန်တော့်ကို မေမေ ဆူတော့သည်။

အခုလည်း ...။

မေမေ ဘာပြောဦးမလဲ ...။

မောင်မောင်ကတော့ မေမေ့ကို ဘယ်လိုလှိမ့်ထားလဲမသိ ... သဘောကောင်းစွာ နောက်ဆယ်မိနစ်ကျရင် ဖုန်းဆက်မယ်ဆိုပဲ။

တော်ပါသေးရဲ့။

ကျွန်တော် အချိန်မီရုံကလေး ပြန်ရောက်လာလို့ ... မဟုတ်ရင်မလွယ် ... အားလုံး ပြဿနာတွေတက်သွားနိုင်သည်။

"ကလင် ... ကလင်"

"ဟယ်လို ... မေမေလား"

"သား ... လက်ဆေးလာရဲ့လား"

"ဗျာ ..."

မေမေ့စကားကြောင့် ကျွန်တော်ပင်ကြောင်သွားရ၏ ... ဘာအဓိပ္ပာယ်နှင့် ပြောသည်တော့ မသိသေးမယ့် ... ကျွန်တော် ရမ်းပြီး 'ဟုတ်ကဲ့'လိုက်သည်။

"ဟုတ်ကဲ့ မေမေ ... ဆေးလာတယ် ... သေသေချာချာကို ဆေးလာတာ"

"ဒါနဲ့ ... သားဝမ်းကောကောင်းရဲ့လား"

"ဗျာ ..."

BURMESE CLASSIC .com



မေမေ ဘာတွေလျှောက်မေးနေတာပါလိမ့် ...။ သေးမှနေ၍ မောင်မောင်က ... အသံတိုးတိုးဖြင့် ပြောတော့မှ ... ကျွန်တော် သဘောပေါက်သွားရ၏။ ဒါကြောင့် ... မေမေ စိတ်ပူပြီး မေးတာကို ... ကျွန်တော် ရယ်ချင်သွားမိသည် ... မောင်မောင် အလိမ်ကို မေမေ မိသွားရှာတာကို။

"တဗျာ,ဗျာနဲ့။ နေမင်းညို ... ဘာတွေ ဖြစ်နေတာလဲ"

စိတ်မရှည်တော့သလို မေမေ့အသံက ... ဆောင့်ဆောင့်အောင့်အောင့်ကြီး ဖြစ်လာ၏ ... ကျွန်တော် တဟားဟားအော်ရယ်ကာ ...

"မေမေ ... သားဘာမှမဖြစ်ပါဘူး။ မတွေ့ရတာကြာလို့ မေမေ့ကို စိတ်ဆိုးအောင် စ,ကြည့်တာ ..."

"ကောင်စုတ်ကလေး ... မေမေ့ကိုများ နောက်စရာလားဟဲ့ ... ဒီမှာဖြင့် ... စိတ်ပူလိုက်ရတာ"

"ဪ မေမေ ... မေမေ နေကောင်းလား .. အခုဘယ်ရောက်နေလဲ ... ဘယ်က ဆက်တာလဲ"

"အင်း ... ကောင်းပါတယ်။ မေမေကတော့ ကျန်းကျန်းမာမာပဲ ... အခု မေမေတို့ ပြင်ဦးလွင် ရောက်နေတာလေ ... သားကို သတိရလို့ ဖုန်းလှမ်းဆက်လိုက်တာ"

"ပြင်ဦးလွင် ... ဒါဆို အရမ်းအေးမှာပေါ့။ မေမေ သတိထားနော် ... အနွေးထည်ထူထူဝတ်ဦး။ ရေတွေဘာတွေလည်း သိပ်မချိုးနဲ့ဦးနော် ... ဖျားနေဦးမယ် ... ပြင်ဦးလွင်က ရာသီဥတုဆိုးတာ ... အရမ်းအေးတယ်"

"အေးပါသားရယ် ... မေမေ့အတွက်တော့ ဘာမှမပူနဲ့

www.burmeseclassic.com

www.burmeseclassic.com



နေရတာ အားလုံးအဆင်ပြေပါတယ်။ မေမေက သား အတွက်ပဲပူတာ ... သားလေး ... နေထိုင်မှုကောင်းရဲ့ လားလို့ ...”

“သား ဘာမှမဖြစ်ပါဘူး မေမေ ... သားအတွက် မစိုးရိမ်ပါနဲ့ ... ဒီမှာ မောင်မောင်လည်း ရှိနေတာပဲ ... မေမေ သားအေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်နဲ့နေပါ။ ဒီမှာ ... သားအတွက် အားလုံးအဆင်ပြေပါတယ်”

“အေးအေး ... သားရယ်။

ဒါဆို မေမေ ဖုန်းချလိုက်တော့မယ်နော် ... မောင်မောင့်ကိုလည်း ကျေးဇူးတင်ပါတယ်လို့ ... ပြောပေးဦးနော်”

“ဟုတ်ကဲ့ပါ ... မေမေ”

“ဒါပဲနော် ... သားလေး”

“ဟုတ်ကဲ့ ... မေမေ”

တစ်ဘက်မှ မေမေ ဖုန်းချသွားလေပြီ ...။

ဟူး ...။

အခုမှပဲ သက်ပြင်းမောကြီးကို ... အားရပါးရ မှုတ်ထုတ်လိုက်မိသည်။ လူလည်း ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိတော့၏ ...။ ကျွန်တော့်အဖြစ်က တကယ့်ကို မလွယ်တဲ့ အဖြစ်ရယ်ပါ ...။ ကျွန်တော့်ပုံစံကိုကြည့်ပြီး မောင်မောင် မျက်စောင်းလှမ်းထိုး၏။

“မင်းကလည်းကွာ ... တော်တန်ရုံဆို မပြောဘူး ... လွန်လွန်းအားကြီးတယ်။ တစ်ချိန်လုံး ... မြကြာယံ

BURMESE CLASSIC .com



အနားမှာပဲ ကပ်နေတယ်။ ချစ်သူဖြစ်ပြီလားဆိုတော့လည်း ... မဟုတ်ဘူးတဲ့။ ဘာတွေမှန်းလဲ မသိဘူး ... ခိုကြားထဲ ... မင်းအမေလည်း တစ်မျိုး ... ငါတော့ ကြာရင်ရူးတော့မယ် ... မင်းနဲ့ မင်းအမေကြားနေရတာထက် ... ငါခြသေ့်တစ်အုပ်ကြားပဲ ထိုင်နေချင်တော့တယ်”

“သွားထိုင်ပါလား ... မင်းကို ဘယ်သူက ဆွဲနေလို့လဲ”

“အောင်မယ် ... ဘာလို့ ထိုင်ရမှာလဲ”

“မင်းပဲ ... ခြသေ့်အုပ်ထဲ ထိုင်ချင်တယ်ဆို”

“ဒါ စကားအဖြစ် ပြောတာကွ ... မင်းကလည်း”

မောင့်မောင့်ကိုကြည့်ပြီး ကျွန်တော် ရယ်ချင်မိ၏။ တကယ့်ကို စိတ်ပျက်နေသည့် ပုံစံ။

“ဟော့ကောင် ... မင်းစပ်ဖြဲဖြဲ လုပ်မနေနဲ့။ ငါ မင်းကို အကောင်းမေးမလို့”

“မေးကွာ ... မေး။ မင်းက ဘာမေးချင်တာလဲ”

“ဘာမေးရမလဲကွ ... မင်းနဲ့မြကြာယံတို့ အခြေအနေလေ ... မင်းတို့နှစ်ယောက်က ဘယ်လိုတွေလဲကွ ... ငါ့ကိုလည်း နည်းနည်းပါးပါး ပြောပြပါဦး”

“ငါနဲ့ မြကြာယံ ... အခြေအနေ”

“အေးလေ ... မင်းတို့ သမီးရည်းစား ဖြစ်နေကြပြီလား”

မောင်မောင့် အမေးကို ကျွန်တော် ခေါင်းခါပြမိသည်။

“ဟာ ... ဒါဆို မင်းတို့နှစ်ယောက်က ဘာတွေလဲ ...

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တွဲနေပြီး ... သမီးရည်းစားလဲမဟုတ် ... ဒါဆို ဘာလဲ"

"အဲ့ဒါကို ... ငါကိုယ်တိုင်တောင် မသိတော့ဘူး မောင်မောင် ... ငါနဲ့သူက သမီးရည်းစားတော့မဟုတ်တာ သေချာတယ်"

ကျွန်တော့်အဖြေကို ...

မောင်မောင်က မကျေနပ်။

"မင်းပဲ ... ကောင်မလေးကို မြတ်နိုးတယ်ဆို ... မမြင်ရရင် သေတော့မတတ်ပဲဆို။ မြကြာယံပုံစံကြည့်ရတာလည်း ... မင်းကိုကြွေနေတဲ့ပုံစံပါပဲ။ မင်း ဖွင့်ပြောလိုက်ပါလား"

"ငါသိတယ် ... ငါဖွင့်ပြောလိုက်ရင် မြကြာယံ လက်ခံမယ်ဆိုတာ ငါသိနေတယ်။ ဒါပေမယ့် ..."

"ဘာ ... ဒါပေမယ့်လဲ ဟေ့ကောင်။ မင်းဖွင့်ပြောရင် သူလက်ခံမယ်ဆိုတာလဲ သိတယ်။ ဒါကို မင်းက ဖွင့်မပြောချင်ဘူးဆိုတော့ ... ကောင်မလေးက ပါနေမှန်းသိလို့ မင်းက အချောင်တွဲနေတဲ့ သဘောလား ..."

"ဟေ့ကောင် မောင်မောင် ... မင်းငါ့ကို အဲ့သလို မပြောနဲ့ကွ"

"ပြောရမယ် နေမင်းညို ... တကယ်ဆို မင်းတကယ် မချစ်ရဲဘဲနဲ့၊ လက်ထပ်ဖို့ မရည်ရွယ်ဘဲနဲ့ မိန်းကလေးတစ်ယောက်ရဲ့ စိတ်ထဲကို မင်းဝင်ဖို့ မကြိုးစားသင့်ဘူး ... သူ့ရင်ထဲမှာ ကြေကွဲမှုတွေ မင်းခံစားနေရအောင် ဒုက္ခရာတွေ မင်း မပေးသင့်ဘူး"



"ဟ ... ငါ ဘယ်မှာပေးလို့လဲ မောင်မောင်"

"နေမင်းညို ... နေမင်းညို။ မင်းက မိန်းကလေးတွေနဲ့ ပတ်သက်မှု မရှိတော့ ... မင်း ဘယ်သတိထားမိမလဲ။ မင်းလို ပညာတတ်၊ ရုပ်ချော တစ်ယောက်ကို ဘယ်မိန်းကလေးမဆို စိတ်ဝင်စားမှာပဲ ... ပြီးတော့ မြကြာယံဆိုတာ ... သိပ်မြူစင်တယ်၊ ရိုးသားတယ်၊ အပြစ်ကင်းတယ်၊ သူ မထင်မှတ်ဘဲ မင်းနဲ့ဆုံမိလိုက်တယ် ..."

ယောကျ်ားတွေနဲ့ မပတ်သက်ဘူးတဲ့ မြကြာယံဟာ ... မင်းရဲ့ ပြုစုယုယမှု၊ ကြင်နာမှုတွေမှာ သာယာခဲ့တယ် ... ဒါပေမယ့် သူသာယာမိတဲ့ ... သူစိတ်ကူးယဉ်မိတဲ့ ယောကျ်ားဟာ သူ့ကို မချစ်ရဲဘူး၊ လက်မထပ်ရဲဘူး၊ သူ့ဘဝအတွက် ဘာတစ်ခုမှ လုပ်ပေးနိုင်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ဘူးဆိုတာ သူသိသွားကြည့်စမ်း ... သူ့ဘယ်လောက် စိတ်ထိခိုက်သွားမလဲ၊ သူ့ဘယ်လောက် ဝမ်းနည်းသွားမလဲ နေမင်းညို ... မင်း ခံစားကြည့်စမ်း"

မောင်မောင် ပြောတာတွေ ဖြစ်နိုင်သည်။ ကျွန်တော် ... လုံးဝတွေးမထားမိတဲ့ အချက်တွေပဲ။ ကျွန်တော်နှင့် ရင်းနှီးလိုက်ရတဲ့အတွက် ... မြကြာယံမှာ ဒီလောက်အထိ ထိခိုက်နစ်နာသွားနိုင်သလား ...။

ကျွန်တော် အရမ်းမှားသွားပြီလား ...။

သူမကို ခင်မင်ခွင့် တောင်းခဲ့တယ်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူမကိုမတွေ့ရရင် မနေနိုင်အောင် မြတ်နိုးမိခဲ့တယ်။

ကျွန်တော် ဝန်ခံတယ် မြကြာယံ ...

ကျွန်တော် မြကြာယံကို သိပ်ချစ်တယ် ... အဲ့ဒီလို ချစ်မိလို့လဲ ... မြကြာယံ မေမေနဲ့ ထိပ်တိုက်ရင်ဆိုင်ရမှာ ... ကျွန်တော် စိုးရိမ်မိတယ်။ ကျွန်တော် မှိုသိပ်ခဲ့ရတာ၊ မြကြာယံ အတွက်ပါ။ ကျွန်တော်ဟာ မိန်းမတစ်ယောက်ကို မချစ်ရဲဘဲနဲ့ အချောင်တွဲတတ်တဲ့ လူစားမျိုးမဟုတ်ပါဘူး ... ကျွန်တော် မြကြာယံဘဝ ပိုစိတ်ဒုက္ခ ခံစားသွားရအောင် တကယ်မရည်ရွယ်ခဲ့ပါဘူးဗျာ ... အဲ့ဒါကိုတော့ ... မြကြာယံ ယုံကြည်ပါ။

"နေမင်းညို ... ငြိမ်သွားပါလား၊ မင်း ဘာမှမပြောနိုင်တော့ဘူး မဟုတ်လား"

"ဟုတ်တယ် မောင်မောင် ... ငါ အဲ့ဒါတွေ တစ်ခါမှ မစဉ်းစားခဲ့မိဘူး။ ငါဘာလုပ်သင့်လဲ မောင်မောင် ... မြကြာယံအပေါ် ဘာလုပ်ပေးသင့်လဲ"

"မင်းလုပ်သင့်တာက ... သူ့ကို မချင်ရဲဘဲနဲ့၊ လက်မထပ်ရဲဘဲနဲ့ နောက်ထပ် ... ဆက်မညှဉ်းဆဲနဲ့တော့။ မင်းသူ့ကို မေ့ပစ်ပြီး ... သူနဲ့ကင်းအောင်နေဖို့ကြိုးစား။ ဒါဟာ ... ဘာတစ်ခုမှ မလွန်သေးခင် တားရခြင်းပဲ"

မောင်မောင်ရယ် ...။

မောင်မောင့် စကားများကြောင့် ကျွန်တော်ငိုင်တွေသွားရတော့သည်။



## အခန်း(၇)

တကယ်တမ်းကျတော့ ...။

မောင်မောင်ပြောသလို သူမကို ကျွန်တော်မေ့လို့ မရနိုင်ခဲ့ပါ ... ကင်းအောင်နေဖို့ အတတ်နိုင်ဆုံး ကျွန်တော် ကြိုးစားကာ နေကြည့်သည်။ စိတ်ကို အလုပ်တွေထဲ မြှုပ်ထားကာ ... သတိမရအောင်၊ သူမအကြောင်း မစဉ်းစားမိအောင် ထိန်းချုပ်ပါသေးသည်။

သို့သော် ...

လုံးဝမရခဲ့ပါ။

သူမကိုသာ ပြန်မြင်ယောင်မိသည် ... ကျွန်တော့်အတွေး စိတ်ထဲတွင် သူမ၏ ကြောက်ရွံ့နေသော သနားစဖွယ် မျက်နှာကလေးကိုသာ မြင်ယောင်နေမိသည်။

ကျွန်တော့် အိပ်မက်တွေထဲမှာ သူမသာ အစဉ်စိုးမိုးထား၏ ...။

ကျွန်တော် ...။

www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမလဲ မြကြာယံရယ် ...။

မင်းကိုမေ့လို့ မရဘူး ... ကျွန်တော် အရမ်းချစ်တယ်ဗျာ။

မင်းမျက်နှာလေးကို မတွေ့ရရင် ... ကျွန်တော့်ဘဝရဲ့ တစ်နေ့တာအချိန်ဟာ ဘာလိုနေမှန်း မသိတော့အောင် ဖြစ်နေတယ်။

မောင်မောင်က ...

မချစ်ရဲဘဲနဲ့၊ လက်မထပ်ရဲဘဲနဲ့ မိန်းမ တစ်ယောက်ကို မညှဉ်းဆဲနဲ့တဲ့။ ကျွန်တော် မြကြာယံကို ... ညှဉ်းဆဲချင်လို့၊ ဒုက္ခပေးချင်လို့ လုပ်ခဲ့တာမဟုတ်ပါဘူး ...။ ကျွန်တော့်ကြောင့် မြကြာယံ စိတ်ပျော်ရွှင်နေမလားဆိုပြီး ... ကျွန်တော် ဦးနှောက်တွေ ရှုးချင်နေရှုပြီဗျာ။

"ဟော့ကောင် ... ဒါက ဘာဖြစ်နေတာလဲ"

"မောင်မောင် ..."

"ပြောလေ ... နေမင်းညို"

"ငါ့စိတ်တွေ ရှုးချင်နေပြီ ... ငါ ဘာဆက်လုပ်ရမလဲ၊ မြကြာယံကို ငါတွေ့ချင်တယ် ... မေ့ပစ်လို့ မရဘူးကွာ ... ငါသူ့ကို ချစ်တယ် မောင်မောင်"

"အေး ... အဲ့သလို ဝန်ခံမှပေါ့။ ငါ့ကို မင်းပြတ်ပြတ်သားသား ဝန်ခံရဲသလို ... မင်း မြကြာယံကိုလည်း ဝန်ခံပြရဲရမယ် နေမင်းညို"

"ဘာကို ဆိုလိုတာလဲ မောင်မောင် ..."

"မင်း မြကြာယံကို ချစ်တယ်ဆိုရင် ... မြကြာယံဘက်



က မားမားမတ်မတ်ရပ်ပြီး ရင်ဆိုင်ရဲရမယ် ... အဲ့ဒါမှ မင်း ယောကျ်ားကောင်းတစ်ယောက် ဖြစ်မှာပေါ့ကွ"

"ဒါဆို ... ငါ့အမေ"

"တော်စမ်းကွာ ... နေမင်းညို။ မင်းအမေနဲ့ လွှဲမချပါနဲ့ ... မိဘဆိုတာ ... တောင်းစုတ်ပလုံးစုတ်သာ ပစ်ရိုးထုံးစံရှိတာ ... သားဆိုး သမီးဆိုးကို ပြစ်ရိုးထုံးစံ မရှိပါဘူးကွာ။ တစ်ကယ်တမ်း မင်းရင်ဆိုင်ရဲရမှာက ... မြကြာယံဘဝအတွက်ပဲ ... မင်းပြောတော့ ... မင်းအမေက မင်းကို သိပ်ချစ်တယ်ဆို ... မင်းအလိုကို အမြဲဖြည့်ပေးခဲ့တယ်ဆို။ တကယ်တမ်းသာ မင်းကို ချစ်တယ်ဆိုရင် ... မင်းသိပ်ချစ်တဲ့ မြကြာယံအပေါ်လည်း နားလည်နိုင်ရမှာပေါ့ကွာ။ အခုဆို မင်းလည်း ... ပညာတတ်ဘွဲ့ရတစ်ယောက် ဖြစ်နေပြီ ... အသက်ကလည်း ငယ်တော့ဘူးလေကွာ ... ဒါကို မင်းအမေ နားလည်ရမှာပေါ့ ..."

"မေမေက ... အဲ့ဒါတွေ စဉ်းစားမှာ မဟုတ်ဘူး မောင်မောင်"

"ဟ ... မင်းအမေ စဉ်းစားအောင် မင်းလုပ်ပြမှပေါ့"

"ငါက ဘာတွေလုပ်ပြရမှာလဲ ... မေမေ့ကို သနားတယ်ကွာ။ မေမေ ခံစားသွားရမှာ။ စိတ်ဒုက္ခရောက်မှာ ငါမတွေ့ချင်ဘူး"

"ဒါဆို မင်းက ... မြကြာယံ ခံစားရမှာ။ စိတ်ဒုက္ခရောက်မှာတော့ တွေ့ချင်မြင်ချင်တယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့သလိုလဲ ... မဟုတ်ဘူးကွာ။ ငါ ဘယ်လိုပြောရမလဲ ... ငါ မင်းနားလည်အောင် မရှင်းပြတတ်တော့ဘူးကွာ"

ကျွန်တော် မောင်မောင့်ကို ဘယ်လိုရှင်းပြရမလဲတောင် မသိတော့ ... ကျွန်တော့်ရင်ထဲမှာ ခမမေ ... ပြီးတော့ မြကြာယံ ... နှစ်ယောက်စလုံးက ဒွန်တွဲနေ၏။

မေမေ စိတ်သောကရောက်မှာ မလိုလားနိုင်သလို။

မြကြာယံ စိတ်သောကရောက်မှာလဲ စိုးရိမ်မိသည်။

"မောင်မောင် ... ငါ့ကို အကြံဉာဏ် ပေးပါကွာ။ ငါ ဘာဆက်လုပ်သင့်လဲ ..."

"ဟူး ... ခက်တယ်ကွာ။

ငါ မင်းကို ဘာအကြံဉာဏ် ပေးရမှန်းတောင် မသိတော့ဘူး နေမင်းညို။ ဒါပေမယ့် ... ငါယုံကြည်နေတယ် ... တစ်နေ့နေ့ တစ်ချိန်ချိန်ကြရင် ... အဲ့ဒါတွေအားလုံးကို မင်းဖြေရှင်းနိုင်သွားလိမ့်မယ် နေမင်းညို၊ မင်းအဲ့ဒီအချိန်ကိုသာ စောင့်ကြည့်နေပါတော့"

မောင်မောင် ဘာပြောနေတာလဲ ...။

ဘာကိုဆိုလိုတာလဲ ...။

ကျွန်တော် မစဉ်းစားတတ်အောင်ပဲ ဖြစ်ရသည်။

အဲ့ဒါတွေ အားလုံးကို တစ်ချိန်ချိန်ကြရင် ကျွန်တော် ကိုယ်တိုင် ဖြေရှင်းသွားနိုင်လိမ့်မယ်တဲ့ ...။ အဲ့ဒီအချိန်က ဘယ်အချိန်လဲ ... မောင်မောင် ပြောသလိုပဲ ကျွန်တော်



ဖြေရှင်းနိုင်ပါစေလို့ ဆုတောင်းနေမိပါသည်။

မောင်မောင်ကတော့ ...။

ကျွန်တော့်ကိုဘာစကားမှ ဆက်မပြောတော့ပါ။

ကျွန်တော် တစ်ယောက်တည်းသာ အတွေးများစွာနှင့် ကျန်ရစ်နေခဲ့တော့သည်။

စိတ်ရှုပ်လိုက်တာ ...

မေမေနှင့် မြကြာယံ။

နှစ်ယောက်စလုံးက ကျွန်တော် သိပ်ချစ်ရတဲ့သူတွေချည်းပဲ။ ကျွန်တော့်ကို ဖေဖေ မရှိစဉ်လေးတည်းက ... ဒုက္ခခံပြီး ပြုစုစောင့်ရှောက်ခဲ့တဲ့ မေမေ။ ပြီးတော့ ...မေမေက မုဆိုးမဘဝ ... ကျွန်တော် ဘယ်လိုလုပ် မေမေ့ကိုရက်စက်နိုင်မလဲ။

တစ်ဘက်ကို ကြည့်ပြန်တော့လဲ ...

မြကြာယံဘဝက သနားစရာ ... အဖော်အပေါင်း မရှိတဲ့ဘဝ။ အခန်းကျဉ်းကလေးထဲမှာ ... တစ်ယောက်တည်း စိတ်အားငယ်ပြီး နေရသူ ... ကျွန်တော်နှင့် တွေ့မှသာ သူမဘဝလေး ပျော်ရွှင်လာရတဲ့အဖြစ် ပတ်ဝန်းကျင်အသိုင်းအဝိုင်း မဲ့နေသော သူမဘဝကလေးကို ... ကျွန်တော့်ပရောဂကြောင့် ထပ်မပျက်စီးစေချင် ...။

ကျွန်တော် ...။

မောင်မောင်ပြောသလို တစ်ခုခုကိုစွန့်လွှတ်ပြီး ရဲရဲရင်ဆိုင်ရမည်တဲ့ ...။

မောင်မောင် စွန့်စားခိုင်းတာက

www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ကျွန်တော့်ကို ထိပ်တိုက်ရင်ဆိုင်ရဖို့ပဲ။ ဖြစ်နိုင်ပါ့မလား ...။

မေမေ့အကြောင်းကို ကျွန်တော် အသိဆုံးပါ ... မေမေက စိတ်ကြီးသလို ... အရမ်းကို စိတ်ထက်တယ်။ မေမေ့ အမုန်းကိုကျွန်တော် မခံယူရဲပါဘူး။

မြကြာယံကို မေမေ ဘယ်လိုမှ ကြည်ဖြူမှာ မဟုတ်ပေ ...

မြကြာယံထက် သာတဲ့လူတွေတောင် ... မေမေ ခေါင်းခါခဲ့တာ မြကြာယံမှာ လှပချောမောတာလေး တစ်ခုပဲ ရှိတာ ... မေမေ သဘောကျလောက်စရာ ဘာတစ်ခုမှမရှိ။ ပြီးတော့ ... ဘယ်သူမှ မသိနိုင်တဲ့ မြကြာယံရဲ့ နောက်ကြောင်းရာဇဝင် ...။ ကျွန်တော် ကိုယ်တိုင်တောင် သူမအကြောင်း ရေရေရာရာ သေသေချာချာ မသိ ...။

သို့သော် ...။

ကျွန်တော် သူမကိုချစ်သည်။ သူမကို နားလည်မှု ပေးနိုင်ခဲ့သည်။ သူမနှင့် မတွေ့ရလျှင် ကျွန်တော်မနေနိုင်။

မေမေနဲ့သူမ။

အဆင်ပြေရင် ဘယ်လောက်ကောင်းလိုက်မလဲ။

မောင်မောင် ... ပြောသလိုပင်။

အချိန်အခါ တစ်ခုခုကိုစောင့်တာ ကျွန်တော့် အတွက် အကောင်းဆုံးပါပဲလေ ...။



"ကလေး ... မြကြာယံ"

"ကြီးစိမ်း ... သူဘာလို့ မြကြာယံတို့ဆီ မလာတော့တာလဲ မသိဘူးနော် ... နေမျှားမကောင်းလို့လား။ ဒါမှမဟုတ် ... အလုပ်တွေ ရှုပ်နေလို့လား မသိဘူးနော်"

"ကလေးရယ် ... ဘာလို့ မျှော်လင့်နေရတာလဲ။ သူ မလာတော့ရော ဘာဖြစ်လဲ ... အရင်ထဲက ကြီးစိမ်းတို့ ဒီလိုပဲ နေခဲ့တာပဲ မဟုတ်လား ... ပတ်ဝန်းကျင်နဲ့ သိပ်မပတ်သက်တာပဲ ကောင်းပါတယ်ကွယ်"

ကြီးစိမ်းရယ် ...။

မြကြာယံ နားလည်ပါတယ် ...။ မြကြာယံရဲ့ ...က ... ကြားတဲ့သူတိုင်း ... စေးဝေးကရှောင်ချင်ကြတဲ့ ...တွေချည်းပဲ။ ကိုနေမင်းညို ဆိုတာကလည်း လူထဲကလူ ...းတစ်ယောက်ပဲနော် ... လူ့သဘာဝအတိုင်းပဲ ရှိမှာပေါ့။

မြကြာယံကိုက ... မှားတာပါ။

သူ့ကို ဘာကြောင့် မျှော်လင့်မိရတာလဲ ... ...ပတရ ရှိနေရတာလဲ။ အမှန်တကယ်ဆို ... မြကြာယံသူ့ ...ံမှပစ်ရမှာ။ စိတ်ထဲကနေ မောင်းထုတ်ပစ်ရမှာ။

"ကလေး ... ထမင်းစားရအောင်ကွယ်"

"ဟင် ... မစားသေးပါဘူး။ ကြီးစိမ်းပဲ စားနှင့်တော့"

www.burmeseclassic.com

www.burmeseclassic.com



"ည(၈)နာရီတောင် ရှိတော့မယ် ... ထပါကွယ် မြကြာယံလေးက လိမ္မာပါတယ်"

"ကြီးစိမ်း ..."

"ဟော ..."

"အခုထမင်းစားမယ် ... ဒါပေမယ့် ညကျရင်တော့ အလျှင်ကလို ... အပြင်ခဏ ထွက်ခွင့်ပေးနော်၊ အခန်းထဲမှာနေရတာ မွန်းကျပ်ပြီး တစ်ခုခုကို သတိရနေသလိုပဲ"

"ကလေးရယ် ... နေမှသိပ်မကောင်းသေးတာ ..."

"ကောင်းသွားပါပြီ ကြီးစိမ်းရဲ့ ... ဒီမှာကြည့်ပါလား... မြကြာယံ ဘာမှမဖြစ်တော့ဘူး ... အိုကေပဲ"

"အေးလေ ... စိတ်ပြေလက်ပျောက် ခဏတော့ ဆင်းပေါ့။ အကြာကြီးတော့ မရဘူးနော် ... နာရီဝက်လောက်ပဲ အချိန်ပေးမယ် ... အပြင်ထွက်လည်း အနွေးထည်ဝတ်မှ ဆင်းရမယ်နော် ကလေး ..."

"အင်းပါ ကြီးစိမ်းရယ် ... ကြီးစိမ်းအမိန့်ကို မြကြာယံ နာခံမှာပါ"

"ကဲ ... ဒါဆိုလည်းပြီးရော ... ကဲ ... ထတော့ ... ထမင်းစားရအောင်နော် ကလေး"

"ဟုတ် ..."

ကြီးစိမ်းက ခွင့်ပြုသဖြင့် မြကြာယံ ပျော်သွားပါသည်။

ကြီးစိမ်း စိတ်ကျေနပ်အောင် ... ထမင်းတစ်ပန်းကန်ကုန်အောင် မနည်းဖျစ်ညှစ်စားပြရ၏။

ကျေးဇူးတင်ပါတယ် ... ကြီးစိမ်းရယ်။

တကယ်တမ်းကျတော့ ... မြကြာယံအပေါ် အကောင်းနိုင်ဆုံးနဲ့ နားလည်မှု အပေးနိုင်ဆုံး လူဆိုလို့ ကြီးစိမ်းတစ်ယောက်တည်းပဲ ရှိတာပါ။ မြကြာယံ ... ကြီးစိမ်းကိုပြောမှားဆိုမှား ရှိခဲ့တာတွေအတွက် ခွင့်လွှတ်ပါနော်။

မြကြာယံဘဝမှာ ... ကြီးစိမ်းသာ အဓိကပါ။

တဘဝရ မြကြာယံအနားမှာ ... ကြီးစိမ်း နေပေးပါနော် ... ဒါဆိုရင်ပဲ ... မြကြာယံ ကျေနပ်နိုင်ပါပြီ။

မြကြာယံ ...။

ရင်ထဲတိုးတိုးလေး ရေရွတ်နေမိသည်။ ကြီးစိမ်းကတော့ ကြားမှာမဟုတ်ပါ။

မြကြာယံ ဘဝကို ခေတ္တ ပျော်ရွှင်မှုပေးတဲ့ ကိုနေမင်းညို ... ရှင့်ကိုလည်း မြကြာယံ ကျေးဇူးတင်ပါတယ်။

ဘာပဲပြောပြော ...

ကျွန်မရဲ့ စိတ်ညစ်နေတဲ့ ဘဝကလေးကို ... တစ်ခဏလေးပဲဖြစ်ဖြစ် ... ရှင်နဲ့ဆုံစည်းခဲ့တဲ့ အချိန်ကလေးမှာတော့ ... ကျွန်မ ကျေနပ်နေခဲ့ရတယ်။ ရှင့်ရဲ့ ကြင်နာယုယမှုလေးတွေထဲမှာ ကျွန်မ သာယာနေခဲ့မိတယ် ... ကျွန်မကျေနပ်နိုင်ပါတယ် ကိုနေမင်းညို ... ရှင် ကျွန်မဆီကို နောက်ထပ်ဘယ်သောအခါမှ ထပ်မလာနိုင်တော့ဘူး ဆိုရင်လည်း ကျွန်မ နားလည်နိုင်ပါတယ်။

ကျွန်မတစ်ခု ဝန်ခံပါရစေ ...။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို စတင်တွေ့လိုက်ရတဲ့ အချိန်ကစပြီး … ကျွန်မရင်ထဲမှာ တစ်ခုခု ကပ်ငြိနေရပြီ …။

အဲ့ဒါဟာ … ရှင့်ကို ကျွန်မ ချစ်မိခြင်းပဲ။

ဒါပေမယ့် …။

ကျွန်မ သိပါတယ် … ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာ။

ကျွန်မ ကြားရသလောက် … ရှင်က ရှင့်အမေကို သိပ်ချစ်တဲ့လူတဲ့ … ကျွန်မကို ရှင်ချစ်နေတယ် ဆိုတာလည်း ကျွန်မ ရိပ်မိပါတယ် … ကျွန်မကို ရှင်ဝန်မခံရဲဘူး၊ ဖွင့်မပြောရဲဘူး … ဘာကြောင့်လဲ ဆိုတာ ကျွန်မ နားလည်နေသလိုပဲ။

ဒါပေမယ့် …။

ကျွန်မ ရှင့်ကို ခွင့်လွှတ်နိုင်ပါတယ် ကိုနေမင်းသို့။

ဘာဖြစ်လို့လဲဆိုတော့ … မြကြာယံဆိုတဲ့ မိန်းမ တစ်ယောက်ရဲ့ ဘဝက … ယောက်ျားတစ်ယောက် တင့်တင့် တယ်တယ် လက်ထပ်ယူဖို့ … မတန်ရဲတဲ့ဘဝ။

အကြောင်းမသိလို့ ယူမိရင်လဲ … တစ်နေ့နေ့ တစ်ချိန်ချိန် ကျွန်မအကြောင်း သိသွားရင် … ကျွန်မကို သူ ထားခဲ့မှာပဲ။

ကြီးစိမ်းပြောသလိုပဲ …။

ကျွန်မဘဝက သံယောဇဉ် မထားကောင်းတဲ့ ဘဝ။

လူတွေအားလုံးနဲ့ ကင်းကင်းနေသင့်တဲ့ ဘဝပါ။

ခုတော့ …။



ကျွန်မ ဒုက္ခဖြစ်နေရပြီလေ … ရှင့်ကို ကျွန်မ ခင်မင်မိလို့ … သံယောဇဉ်တွယ်မိလို့ … ရှင့်အပြုအစု အယုအယတွေပေါ် သာယာမိလို့ … ရှင့်ရဲ့ အကြင်နာမျက်ဝန်းတွေကို အလေးထားမိလို့ ကျွန်မ အရမ်းခံစားနေရပြီ … ရှင့်ကိုတော့ ကျွန်မ အပြစ်မတင်ချင်ပါဘူး။

ကျွန်မကိုယ် ကျွန်မပဲ အပြစ်တင်ပါတယ် …။

ကိုယ့်အကြောင်းကို ကိုယ်သာအသိဆုံး ဖြစ်ရမှာမဟုတ်လား … ကျွန်မက သိသိကြီးနဲ့ စိတ်ကူးတွေ ယဉ်ခဲ့တာပါ။

ကျွန်မ သိထားရမှာက …

ကျွန်မလို ရာဇဝင်ဆိုးတွေ ပိုင်ဆိုင်ထားရတဲ့ မိန်းမတစ်ယောက်ကို … ဘယ်လိုယောက်ျားတစ်ဦးတစ်ယောက်ကမှ … လက်မထပ်ဘူး ဆိုတာကိုလေ …။ မြကြာယံတွေးရင်း မျက်ရည်များ စီးကျလာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၃)



## အခန်း(၁)

"မြကြာယံ ..."

ကျွန်ုပ်မ အနောက်နားဆီမှ တိုးတိတ်ညင်သာသော ခေါ်သံတိုးတိုးလေးကြောင့် ... မြကြာယံ အံ့သြသွားရသည်။

အသံရှင်ကို လှည့်ကြည့်စရာ မလိုလောက်အောင် ကျွန်မ သိပါ၏ ...။

သူ ...။

ကိုနေမင်းညိုပဲပေါ့ ...။

"မြကြာယံ ... ကျွန်တော့်ကို စိတ်ဆိုးနေသလား"

"ဘာကို စိတ်ဆိုးရမှာလဲ ... ကိုနေမင်းညို။ ကျွန်မဘဝမှာ ... ဘယ်သူ့ကို စိတ်ဆိုးနိုင်ခွင့် ရှိလို့လဲ"

"မြကြာယံရယ် ..."

အားငယ်နေသော သူမဘဝကို ကျွန်တော်သိပါသည်။ ကျွန်တော် အမှန်တကယ်ဆို ... အောက်ကိုဆင်းမလာသင့်ပါ။ မြကြာယံကို သတိတရ ရှိတာနဲ့ ... ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ဖွင့်ကာ ... သူမကို ကျွန်တော် တစ်ခါက ... ညအမှောင်မှာ ပျော်ရွှင်နေတဲ့ အသွင်လေးကို သတိရမိသည်။ အလွမ်းဖြေတဲ့ သဘောနှင့် ကြည့်နေခိုက် ... ညအမှောင်တွင် အရိပ်ကလေးတစ်ခု ထွက်လာတာ တွေ့ရ၏ ... သူမက မြကြာယံပဲပေါ့။

သူမအသွင် ကြည့်ရတာ ပျော်ရွှင်မနေပါ။

ရွှင်လန်းတက်ကြွ မနေပါ ... လေးလံနွေးကွေးသော ခြေလှမ်းများနှင့် မြက်ခင်းပြင်ပေါ်တွင် ... ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လို့နေသည်။ တစ်ခါတစ်ရံ ... အဓိပ္ပာယ်မဲ့စွာ ကောင်းကင်ပြင်ကို အကြာကြီး မော့ကြည့်နေတာတွေ့ရသည်။

ကျွန်တော့်စိတ်တွေ ထိန်းချုပ်မရတော့ ...

သူမရှိရာသို့ ဆင်းလာခဲ့မိ၏။

"ကိုနေမင်းညို ... တစ်ခုခုပြောစရာရှိလို့လား"

"ဗျာ ..."

"ဪ ... ကျွန်မဆီကို ရောက်လာတာ ... ပြောစရာများ ရှိလို့လားလို့ မေးတာပါ။ မရှိဘူးဆိုရင်လည်း ... ကျွန်မအပေါ်တက်တော့မယ်"

မြကြာယံ ... ပြန်တက်ဖို့ စိတ်ကူးလိုက်သည်။

မဖြစ်သေးပါဘူး ...

ကျွန်မ ရှောင်မှပဲ ဖြစ်မှာပါ။ ကြာရင်မလွယ် ... ကျွန်မ ငိုမိတော့မယ် ကိုနေမင်းညို ... ကျွန်မစိတ်တွေထိန်းချုပ်လို့ မနိုင်တော့ဘူးရှင်။



"နေပါဦး ... မြကြာယံ"

ကျွန်မ လက်မောင်းတစ်ဖက်ကို ... ခပ်တင်းတင်း ဆွဲထားပြီး မသွားနိုင်အောင် လှမ်းတားသည်။

"မြကြာယံ ..."

သူ့အသံသည် ညင်သာလွန်း၏။

သူ့အကြည့်တွေက ရီဝေလွန်းသည်။ မယုံကြည်နိုင်တော့ပါ ...။

ကျွန်မကို စူးစူးရဲရဲ စိုက်ကြည့်ကာ ... လှိုင်းထနေသော အသံဖြင့် ... သူ ကျွန်မကို ရဲရဲဝံ့ဝံ့ ဝန်ခံရှာလေသည်။

"ကျွန်တော် ... ကျွန်တော် ... မြကြာယံကို ချစ်တယ်ဗျာ"

"အို ..."

ငုံ့ကျသွားသော ကျွန်မ၏ မျက်နှာလေးကို ... သူအတင်းဆွဲမော့ကာ သူ့မျက်ဝန်းများနှင့် ကျွန်မ မျက်ဝန်းများကို ဆုံအောင်ကြည့်လျက် ...။

"ကျွန်တော်သိတယ် ... မြကြာယံ ... မြကြာယံလည်း ကျွန်တော့်ကို ချစ်နေပါတယ် ... ကျွန်တော်တို့ ဟန်မဆောင်တမ်း ဝန်ခံစို့ မြကြာယံ ... မြကြာယံ ... ပြောပါ။ ကျွန်တော့်ကို မြကြာယံ ချစ်တယ်မဟုတ်လား"

အို ...။ ဘုရားရေ ...။

ကိုနေမင်းညိုရယ် ... ရှင်ဘယ်လို ပြောလိုက်တာလဲ။ ဟန်မဆောင်ကြေး ဝန်ခံရမယ် ဟုတ်လား။ တကယ်

www.burmeseclassic.com

www.burmeseclassic.com



တမ်း ဟန်ဆောင်ပြီး ... ဝန်မခံရဲတာက ဘယ်သူလဲ ... ရင် မဆိုင်ရဲဘဲ ရှောင်ပုန်းနေတဲ့သူက ဘယ်သူလဲ ရှင်စဉ်းစား ကြည့်ပါဦး ကိုနေမင်းညို ... ဘာလို့ ကျွန်မကို ဝန်ခံခိုင်းရ တာလဲ။

"မြကြာယံ ..."

"ဟင့်အင်း .... ကျွန်မကို လွှတ်ပါ ကိုနေမင်းညို။ ကျွန်မသွားပါရစေတော့ ... ကျွန်မကို နားလည်ပေးပါ။ ကျွန်မဘဝကို ရှင်နားလည်ပေးပါ ကိုနေမင်းညို ... ကျွန်မကို ရှင်မချစ်ပါနဲ့။ ရှင် ကျွန်မကို ဝန်မခံပြပါနဲ့ ကိုနေမင်းညိုရယ် ..."

"ကျွန်တော် နားမလည်နိုင်ဘူးဗျာ။ ဟန်ဆောင်နေရတာ ပင်ပန်းလွန်းပါတယ်ဗျာ ... မြကြာယံ ... ပြောပါ။ ကျွန်တော် သိပါရစေ ... မြကြာယံ ကျွန်တော့်ကို ချစ်တယ်မဟုတ်လား။ မြကြာယံ ... မငြင်းပါနဲ့ဗျာ"

"လွှတ်ပါ ... ကိုနေမင်းညို"

"မလွှတ်ဘူးဗျာ ... မြကြာယံ ချစ်တယ်ပြောမှ လွှတ် မယ်"

"ကိုနေမင်းညို ... ရှင်လွှတ်နော်"

"မလွှတ်ဘူးဗျာ ..."

"ရှင် ကျွန်မကို ချစ်တယ်ပြောရအောင် ... ရှင် ကျွန်မ အကြောင်း ဘယ်လောက်သိလို့လဲ"

"ဗျာ ..."

သူ့အံ့အားသင့်ကာ လက်လွှတ်လိုက်ချိန်တွင် ...



ကျွန်မ နေရာမှ ပြေးထွက်လာခဲ့မိတော့သည်။

နောက်ကို ...

လုံးဝလှည့်မကြည့်ဖြစ်တော့ချေ ...။

သူကတော့ ... ဘယ်လိုဖြစ်ပြီး ကျန်ခဲ့သလဲတော့ ကျွန်မ မသိတော့ပါချေ။ "မြကြာယံ" ဟု လှမ်းခေါ်လိုက်သံ ကိုတော့ ကျွန်မ ကြားလိုက်ရသည်။ သို့သော် ... ကျွန်မ လှည့်မကြည့်ဖြစ်တော့ပါ။

ဟင့်အင်း ...။

မဖြစ်နိုင်ပါဘူး ကိုနေမင်းညိုရယ်။

ဘာပြောလိုက်တာလဲ ... မြကြာယံ ကျွန်တော့် ကို ဘယ်လို ပြောလိုက်တာလဲ ...။ ကျွန်တော် ချစ်တာ မြကြာယံကိုပဲ ... ကျွန်တော် မြကြာယံကို ချစ်တယ် ... ကျွန် တော့်ကြောင့် မြကြာယံကို ပျော်ရွှင်စေချင်တယ် ... အားငယ် နေတဲ့ နောက်ကြောင်းကို ဘာလို့သိစေချင်ရတာလဲ။ ဘာဖြစ် လို့ ပြန်လှည့်ချင်ရတာလဲ မြကြာယံ ...။

အဲဒါတွေ သိတော့ရော ...။

ဘာအကျိုးကျေးဇူးတွေ ရလာမှာမို့လို့လဲ ...။

စိတ်ညစ်စရာတွေ၊ စိတ်ရှုပ်စရာတွေပဲ ဖြစ်လာရ မှာ မဟုတ်လား မြကြာယံလေးရယ် ... မင်း ဘာတွေတွေး ပြီး စိုးရိမ်နေရတာလဲ။ မောင်မောင်ပြောတာ ကျွန်[illegible] သတိရမိသည်။ တစ်ချိန်ချိန်ကြရင် မင်းကိုယ်တိုင် [illegible]ဖြတ် နိုင်သွားလိမ့်မယ်တဲ့ ...။

ဟုတ်တယ် မြကြာယံ ...။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ... မြကြာယံဆိုတဲ့ အမျိုးသမီးက လေးတစ်ယောက်အတွက် ... အရာရာ ရင်ဆိုင်ဖို့ စွမ်းအားတွေ ရှိနေပြီ။ ကျွန်တော် ... မြတ်နိုးတာ မြကြာယံကိုပဲ ... တခြား ဘာအကြောင်းမှ ကျွန်တော် မသိချင်ပါဘူး ...။

ကျွန်တော် ဟန်မဆောင်နိုင်ခဲ့ဘူး မြကြာယံ၊

ကျွန်တော့်စိတ်ကို ကျွန်တော် မညာနိုင်ဘူး ... မင်းကို ချစ်ရလို့ တစ်ခုခုကို စွန့်လွှတ်ရမယ်ဆိုရင်လည်း ကျွန်တော် စွန့်လွှတ်တော့မယ်ဗျာ။

ကျွန်တော် ...။

အသေအချာ ဆုံးဖြတ်လိုက်တယ် ... ကျွန်တော် မြကြာယံကို မဖြစ်မနေ လက်ထပ်မယ် ... ကျွန်တော်နဲ့ချစ် လိုက်ရလို့ ဘယ်တော့မှ နောင်တမရစေရဘူး ... အဲဒါ ကျွန်တော့်ရဲ့ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဆုံးဖြတ်ချက် တစ်ခုပဲ ... မြကြာယံ။

"ဟင် ... မြကြာယံ။ ကလေး"

အခုလေးတင် ဆင်းသွားပြီး ... သိပ်မကြာသေး ပြန်တက်လာ၍ ကြီးစိမ်း အံ့သြသွားရသည်၊ ဘာဖြစ်လာပါ လိမ့်။ မျက်နှာလည်း သိပ်မကောင်းပေ။

"ကလေး ... မြကြာယံ"

"ကြီးစိမ်း ..."



ရင်ခွင်ထဲသို့ တိုးဝင်ကာ ... တသိမ့်သိမ့် ရှိုက်ငို လိုက်သော မြကြာယံကိုကြည့်ပြီး။ ကြီးစိမ်း ဘာလုပ်ရမှန်း မသိတော့ ... ဘာတွေဖြစ်လာတာလဲ ... ဒေါ်စိမ်း ရင်တွေ တုန်သွားရသည်။

"ရင်တုန်လိုက်တာ ကလေးရယ် ... ကြီးစိမ်းကိုလည်း ပြောပါဦး ဘယ်သူနဲ့တွေ့ပြီး ဘာတွေဖြစ်လာရတာလဲ ကွယ်"

"ကြီးစိမ်း"

"ပြောလေ ... ကလေး"

"သူ ... သူ။ မြကြာယံဆီကို လာတယ်"

ဒီလောက်ဆို ကြီးစိမ်း သဘောပေါက်ပါပြီ ... သူမဆီကို မောင်နေမင်းညို လာတယ်ပေါ့။

"မောင်နေမင်းညိုလား"

"အင်း"

"အဲဒါ ဘာဖြစ်သလဲ ကလေးရယ် ... လာနေကျပဲဟာ။ မောင်နေမင်းညိုက ဘာတွေ ပြောလိုက်သေးလို့လဲ"

"သူ ... သူက မြကြာယံကို ချစ်တယ်တဲ့ ... မြကြာယံကို သူ လက်ထပ်ခွင့် တောင်းတယ်"

"ဘုရားရေ ..."

ထင်ပြီးသားပါ ...။

တစ်ချိန် ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ... ကြိုတင် ...င်ပြီးသားပါ။ မောင်နေမင်းညိုဆိုတာ ... ဘာတစ်ခုမှ[illegible] ...ရာ ပြောစရာမလိုတဲ့ ယောကျ်ားတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ...။

ခက်နေတာက မြကြာယံရဲ့ ဘဝပဲ ...။ တခြားအချိန်မျိုးမှာ မြကြာယံရဲ့ စိတ်ချမ်းသာမှုကို ကြီးစိမ်း လိုက်လျှောချင်ပေမယ့် ... ဒီအချိန်မှာတော့ ကြီးစိမ်းမလိုက်လျှောပါရစေနဲ့ကွယ် ... မြကြာယံလေးရယ် ... မောင်နေမင်းညိုကို ကလေး ဘယ်လောက်သံယောဇဉ်တွယ်တယ် ... ဘယ်လောက်ချစ်တယ်ဆိုတာ ကြီးစိမ်း ရိပ်မိပါတယ်။

သူ့အချစ်ကို သမီးလေး လိုချင်ပေမယ့် တကယ်တမ်း ပေးလာတော့လည်း သမီး လက်ခံမယူရဲဘူး မဟုတ်လား။

ကိုယ့်ဘဝကို ကိုယ် တွေးပြီး သိမ်ငယ်နေရပြီ မဟုတ်လား ...

ဒါကြောင့် ...

အစောကြီးတည်းက ကြီးစိမ်း ပြောတာပေါ့။

လူငယ်တွေ ဆိုတော့လည်း ... အခက်သားလား။

စိတ်ကစားတဲ့အချိန် ... မိုက်ရူးရဲနေတဲ့ အချိန်လေးမို့လို့သာ ... မောင်နေမင်းညိုလည်း သမီးကိုချစ်တာပဲနေမှာပါကွယ်။ ရေရှည်ကျတော့ ပတ်ဝန်းကျင်ရဲ့ တိုက်တွန်းမှုတွေကြားမှာ ... သူ ဘယ်လောက်ကြံ့ကြံ့ခံပြီး ... သမီးလေး အနားမှာ နေပေးနိုင်မှာလဲ။

"ကိတ်ပါ ... ကလေးရယ် ...

ကြီးစိမ်း ကိုယ်ချင်းစာပါတယ် ... ဒါပေမယ့်"

"တော်ပါတော့ ... ကြီးစိမ်းရယ်။



မြကြာယံ အကြောင်းကို မြကြာယံ သိပါတယ်။ ဒါပေမယ့် ... မြကြာယံ သူ့ကိုချစ်တယ်။ အခုလည်း တွေးရင်းတွေးရင်း ဝမ်းနည်းလာလို့ ... မြကြာယံ သူ့အနားက ထွက်ပြေးလာတာ"

"သြော် ... မြကြာယံရယ်။ ကံဆိုးလိုက်တာ"

တိုးတိုးလေးသာ ဒေါ်စိမ်း ညည်းတွားမိသည်။ တဆတ်ဆတ် ကိုယ်လေးလှုပ်ခါ ... မြကြာယံ ငိုနေဆဲပါ။ ဘာတတ်နိုင်မှာလဲ ... ဒေါ်စိမ်း ဘာလုပ်ပေးနိုင်မှာလဲ။ မြကြာယံလေးကို သနားနေရုံကလွဲပြီး ကြီးစိမ်း ဘာမှမလုပ်ပေးနိုင်ပါဘူးကွယ် ...

ဆိုးဝါးလွန်းတဲ့ ... ကံကြမ္မာကိုပဲ။

ဒေါ်စိမ်း ... အခါခါ မုန်းတီးနေမိတော့လေသည်။

မြရှင်နဲ့မောင်ထွန်း ...။

နင်တို့ကို ငါ အတန်တန် တားခဲ့ဆီးခဲ့ပေမယ့် မရခဲ့ဘူး ...

ခုကြည့်စမ်း ...။

နင်တို့ရဲ့ လုပ်ရပ်တွေကြောင့် ... ဘာမှအပြစ်မရှိတဲ့ ကလေးတစ်ယောက် လူ့လောကမှာ ဘယ်လောက်သိမ်ငယ်နေရလဲ။

လူတောထဲ တိုးမဝင်ရဲလောက်အောင် ... ဘယ်လောက်များ မျက်နှာငယ်နေရလဲ။ နင်တို့ သိကြရဲ့လား ... မြရှင်နဲ့ မောင်ထွန်း။

နင်တို့ကတော့ ...။

www.burmeseclassic.com

www.burmeseclassic.com



နင်တို့ဘဝ ပြီးသွားပြီး ... အေးချမ်းသွားပြီလေ။

မြကြာယံ ဘဝကတော့ ...

မငြိမ်းသတ်နိုင်တဲ့ အပူမီးတွေ ... တမြိုက်မြိုက် လောင်ပြီး ကျန်နေခဲ့ရပြီ။

နင်တို့ မြင်နိုင်ကြသေးရဲ့လား ... ဟင်။

တွေးမိတိုင်း ... ဒေါ်စိမ်း ရင်နာမိသည်။



## အခန်း(၂)

လှေခါဘဲယ်တီးသံက အဆက်မပြတ် ထွက်ပေါ်လာ၏ ...။

မြကြာယံ သီပါသည်။ သူဟာ ... ကိုနေမင်းညို ကလွဲပြီး ဘယ်သူဖြစ်နိုင်မှာလဲ ...။ မကြာ:ဟန်ဆောင်နေလို့ကလည်း မဖြစ်ပြန် ... သူအဆက်မပြတ် ခွဲကောင်းကောင်းနှင့် ခေါက်တီးနေမှာ သေချာ၏ ... ကြီးစိမ်းကတော့ လူကြီးပီပီ ... စိတ်မသက်သာသော မျက်နှာကြီးနှင့် တံခါးဆီသို့ ထသွားတာ တွေ့ရသည်။ ကျွန်မကတော့ ... အခန်းလေးထဲ ဝင်ပြီး အသံကို နားစွင့်နေလိုက်၏ ...။

"မောင်နေမင်းညို"

"ကြီးစိမ်းရယ် ... ကျွန်တော် ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ ... မြကြာယံနဲ့ ခဏလောက်တွေ့ပါရစေ"

"ခွင့်လွှတ်ပါကွယ် ... မင်းကိုတော့ အားနာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြကြာယံကို မင်း မတွေ့ချင်ပါနဲ့တော့ကွယ်နော်”

“ကြီးစိမ်းရယ် ... ကျွန်တော် ဘယ်လိုမှနေလို့မရဘူး။ မရက်စက်ပါနဲ့ဗျာ ...”

“မင်း သွားပါတော့ မောင်နေမင်းညို ... တို့နဲ့ မပတ်သက်ဖူးခဲ့ဘူးလို့ပဲ မှတ်လိုက်ပါ”

“ကျွန်တော် မသွားပါရစေနဲ့ ... ကြီးစိမ်းရယ်။ မြကြာယံနဲ့ ခဏလေးဖြစ်ဖြစ်ပဲ တွေ့ပါရစေ ကြီးစိမ်းရယ် ... ကျွန်တော် ဘာမှ နားမလည်နိုင်တော့ဘူးဗျာ ... မြကြာယံ ... မြကြာယံ”

ကျွန်မ နာမည်ကို ခေါ်နေသံ ကြားရသည် ... ကြီးစိမ်းနဲ့သူ တစ်ယောက်တစ်ခွန်း စကားနိုင်လုနေတာ ကြားရ၏။ အခန်းထဲကနေပြီး ... အသံမထွက်အောင် ... ကျွန်မ တသိမ့်သိမ့် ရှိုက်ငိုမိသည်။

သွားပါတော့ ...။

ကိုနေမင်းညိုရယ်။

မြကြာယံ ... တောင်းပန်ပါတယ်။

တကယ်တမ်းကျတော့ ... အခုလို ဖွင့်ဟဝန်ခံမယ့်အစား ကျွန်မနဲ့ရှင် ဆက်ပြီး ဟန်ဆောင်နေကြတာမှ ကောင်းဦးမှာပါ။ ရှင် ... ကျွန်မကို ချစ်သလို ... ကျွန်မကလည်း ရှင့်ကို အသည်းနင့်အောင် ချစ်ခဲ့မိပါတယ်။

ကျွန်မကို ...။

ရှင်ချစ်မယ့်အစား ... လက်ထပ်မယ့်အစား ... တခြား ကျွန်မထက်သာတဲ့ မိန်းမတစ်ယောက်ကို ရွေးချယ်



တာဟာ ... ရှင့်ဘဝအတွက် အကောင်းဆုံးပါပဲ။

“ကြီးစိမ်းရယ် ... ကျွန်တော် မြကြာယံကို တကယ့်ကို ဖြူစင်တဲ့ မေတ္တာနဲ့ပါဗျာ ... ကျွန်တော် ကတိပေးပါတယ် ... ကျွန်တော့်ကြောင့် မြကြာယံ စိတ်မညစ်စေရပါဘူး။ မြကြာယံဘဝ ... ကျွန်တော့်ကြောင့် ပျော်ရွှင်စေရမယ်လို့ ကတိပေးပါတယ် ကြီးစိမ်းရယ် ... ကျွန်တော့်ကို ယုံပါ”

“ကြီးစိမ်း ... မင်းကို ယုံပါတယ်ကွယ်။ ကဲ ... မောင်နေမင်းညို သွားပါတော့နော်၊ ပတ်ဝန်းကျင် ကြားရင်လည်း မကောင်းပါဘူးကွယ်”

“ကြီးစိမ်းရယ် ... ကျွန်တော် သွားမှာပါဗျာ။ မြကြာယံကိုသာ ကျွန်တော့်ကို ယုံပါလို့ ပြောပေးပါ”

“အေးပါကွယ် ... ကြီးစိမ်း ပြောပေးပါ့မယ်”

“ဟော့ကောင် ...နေမင်းညို။ မင်းကလဲကွာ ... ကြီးစိမ်းတို့ကိုလည်း အားနာစရာ ကောင်းနေပြီ ... လာကွာ။ လူကြားလို့လည်း မကောင်းပါဘူး နောက်မှ အေ အေးဆေးဆေး ရှင်းပြပေါ့ကွာ”

မောင်မောင် ... နေမင်းညိုပခုံးကို ဆွဲခေါ်ကာ ထွက်ခွာသွားခဲ့သည်။

ဒီကောင်ကတော့ ...

လုပ်ချလိုက်ရင် သောက်ရမ်းကြီးပဲ ... နည်းနည်း အလိုက်ကန်းဆိုး သိတဲ့ကောင်မဟုတ်။ ဒီလိုလုပ်လိုက်လို့ ကတွေဖြစ်သွားမယ်ဆိုတာ မစဉ်းစားပေ ...။ သူလုပ်ချင်တာ

www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်ချင်တာပဲ ဗွတ်လုပ်၏။

မြကြာယံ ...။

ဘယ်လောက် စိတ်ညစ်သွားမလဲ။

ပတ်ဝန်းကျင်က သိရင်ကော ... ဘယ်လောက် ရှက်စရာ ကောင်းမလဲ ... ဒါတွေ ဘာတစ်ခုမှ မတွေး ... ပြီးတော့ ... အန်တီညိုညိုခင် သိရင် ပိုတောင်မလွယ်ဦးမယ်။

“မင်းကလည်းကွာ ... လုပ်လိုက်ရင် အရမ်းကြီးပဲ”

“ဘာလဲကွာ ... မောင်မောင်။ မင်းပဲပြောတယ်လေ ... မြကြာယံကို တကယ်မချစ်ရဲ၊ တကယ်လက်မထပ်ရဲဘဲနဲ့ ... အချောင်ရတိုင်း သွားကပ်မနေနဲ့ဆို ...

ငါမခံစားနိုင်တော့ဘူး ...မောင်မောင်ရာ။ ငါရူးချင်နေပြီ ... ငါ့ရင်တွေ ပူလောင်နေရပြီ၊ ငါ့နှလုံးသားတွေ ကြေကွဲနေရပြီ ... သူနဲ့မတွေ့ဘဲ နေနိုင်အောင် ငါကြိုးစားပါသေးတယ်ကွာ ... ဒါပေမယ့် ဘယ်လိုမှမရဘူး ဖြစ်နေတယ် .. အချိန်တိုင်း မြကြာယံရဲ့ မျက်နှာလေးကိုပဲ မြင်ယောင်နေတယ် ... သနားစဖွယ် သူ့ပုံစံလေးက ငါ့မျက်လုံးတွေထဲက ထုတ်ပစ်လို့ မရတော့ဘူး။

သူ့ကို ငါသိပ်ချစ်တယ် မောင်မောင် ... ငါ့ရင်တွေ ပွင့်ထွက်မတတ် ငါချစ်တယ် ... ငါဆုံးဖြတ်လိုက်ပြီ မောင်မောင် ... ငါ သူ့ကို ဘာပဲဖြစ်နေဖြစ်နေ ... သူ ဘယ်ဘဝမှာပဲ ရောက်နေရောက်နေ ငါ သူ့ကို လက်ထပ်မယ်။ ဘယ်လို အခက်အခဲပုံစံမျိုးစုံနဲ့ ကြုံတွေ့လာပါစေ ငါ သူ့ကို မရကမယူမှာပဲ မောင်မောင်”



ကျွန်တော့်စကားကို မောင်မောင် သေသေချာချာ နားထောင်နေသည်။

ကျွန်တော့်စကား အဆုံးတွင် ...

“ငါ မင်းစိတ်ကို နားလည်ပါတယ် နေမင်းညို ... ငါ ပြောတာက မင်းသူ့ကို ... သွားပြောတာ စောလွန်းသေးတယ်”

“ဘာကိုဆိုလိုတာလဲ ... မောင်မောင်။ ငါနားမလည်ဘူး”

“ဒီလိုလေကွာ ...။

မင်းနဲ့သူနဲ့ တွေ့သေးတာ ဘာမှမကြာသေးဘူး မဟုတ်လား။ နောက်ပြီး ... မြကြာယံက သူနေမကောင်းတုန်းက မင်းကူညီပေးခဲ့ဖူးလို့ ... ကြီးစိမ်းနဲ့ မြကြာယံ တို့က မင်းကို ကျေးဇူးရှင်လို့ သတ်မှတ်ထားတာ။

သူတို့အပေါ်မှာ နားလည်မှုအပေးနိုင်ဆုံးလို့ ... မင်းကိုထင်ထားကြတာ။ မြကြာယံ မင်းအပေါ် သံယောဇဉ်ရှိတယ်ဆိုတာ အားလုံးက သိနေကြပေမယ့် တကယ်တမ်း ... မင်းကချစ်ရေးဆိုပြီး အမြဲလက်ထပ် ခွင့်တောင်းတော့ ... တခြားအချိန်ဆို မင်းကို သူပြန် ချစ်ချင် ချစ်လိမ့်မယ်။

အခုဟာက ...။

မြကြာယံက ... သူ့ကိုယ်သူ အားငယ်နေတဲ့ အချိန်၊ ဝမ်းနည်းနေတဲ့ အချိန်လေ။ မင်းကိုသူဘယ် လောက်ပဲချစ်ချစ် ဝန်ခံရမှာ သိပ်ကြောက်နေတဲ့အချိန် ဆိုတော့။ အခုလို မင်းကဗွတ်အတင်းကြီး လုပ်တော့

www.burmeseclassic.com

www.burmeseclassic.com



သူ ပိုခံစားရတာပေါ့ ...။

ငါဆိုလိုတာက ...။

မင်းသူ့ကို ချစ်ရဲ့သလား ... လက်ထပ်ရဲ့လို့ ကပ်တာလားဆိုတာ မင်းရင်ထဲမှာ နောင်တစ်ချိန်မှာ တစ်ခုခုကို ထိပ်တိုက်ရင်ဆိုင်လာရတဲ့အခါကြရင် မင်းဘက်က အဆင်သင့် ရှိနေအောင် ပြောတာကွ"

မောင်မောင်ပြောတာလည်း ...။

ဟုတ်သားပဲ။

ကျွန်တော် ဘာလုပ်ရတော့မည်နည်း ... လွန်သွားပြီ ... မြကြာယံက ဘယ်လိုထင်မလဲ ... သူ့ကိုအခွင့်အရေးသမားတစ်ယောက်ဟု ထင်သွားမှာ သေချာ၏ ...။

ဟာ ...။

အခုမှ ... ကျွန်တော် တကယ့်ကို ဒုက္ခရောက်တာ။

"ငါ ဘာဆက်လုပ်ရမလဲ ... ငါ ဘာလုပ်သင့်လဲ မောင်မောင်"

"ခုမှတော့ ဘာမှလုပ်လို့ မရတော့ဘူး ... အားလုံးလွန်ကုန်ပြီ။ ဒီတော့ ... မင်း,သူ့ကို အခုအချိန်မှာ သွားမတွေ့နဲ့ဦး ... ပြောခဲ့တဲ့စကားကို ပြန်ရုပ်သိမ်းပါတယ်ဆိုလည်း မကောင်းဘူးလေ ..... သူ့အရှက်ပြေမှ မင်း အေးအေးဆေးဆေး နားဝင်အောင် ရှင်းပြပေါ့ကွာ ..."

"ဒါဆို ... အခုအတောအတွင်း။

ငါမြကြာယံနဲ့ မတွေ့ရတော့ဘူးပေါ့"



"အေးပေါ့ကွာ"

"ဟာ ... အဲဒါတော့ မဖြစ်ဘူး မောင်မောင်။ ငါ သူနဲ့ မတွေ့ရရင် မနေနိုင်ဘူး။ စဉ်းစားပါဦးကွာ ... နောက်တစ်မျိုး ကြံစမ်းပါဦး"

"ဖြည်းဖြည်းပေါ့ ... နေမင်းညိုရာ။ မင်းကလည်း အခုမှ ... အဖြစ်သည်းနေလိုက်တာ"

"သည်းရတာပေါ့ကွာ ... ငါက သူ့ကို သိပ်ချစ်တာကို"

"ဟုတ်ပါတယ် ... မင်းကိုလည်း မချစ်ပါနဲ့လို့ ဘယ်သူကမှ မတားပါဘူး။ ဒါပေမဲ့ ... မင်းသေသေချာချာ စဉ်းစားဦးနော်"

"ဘာကို စဉ်းစားရမှာလဲ ... မောင်မောင်"

"ဟ ... ဒီကိစ္စကို မင်းအမေသိသွားရင် ... မင်းဘယ်လို ရင်ဆိုင်မယ်ဆိုတာကိုပေါ့။ မင်းအမေကတော့ မြကြာယံနဲ့ မင်းကို ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူး"

"အေး ... မင်းပြောတာ ဟုတ်တယ် မောင်မောင်"

"နောက် အရေးကြီးတာ တစ်ချက်က ... မြကြာယံရဲ့ နောက်ကြောင်း ရာဇဝင်ကိုသိဖို့ပဲ ... ဒါဟာ သိပ်ကို အရေးကြီးတဲ့ အချက်တစ်ချက်ပဲ နေမင်းညို"

"ဘာ ..."

"ဟုတ်တယ် နေမင်းညို ... နောက်ကြောင်းလေ ... မြကြာယံရဲ့ ဘဝနောက်ကြောင်းကို ... မင်းသေသေချာချာ ဂဃနဏသိမှ ဘာကိုဆက်လုပ်သင့်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လို့ရမှာ”

“အဲဒါတွေ ... လိုလို့လား မောင်မောင်။

ငါ သူ့ကို သိပ်ချစ်တယ်လေ ... ဒါဆိုမပြီးပြည့် စုံဖူးလားကွာ ... ငါသူ့ရဲ့ စိတ်ညစ်စရာ ... စိတ်ပျက်စရာ အကြောင်းတွေကို မသိလည်း မသိချင်ဘူး ... မကြားလည်း မကြားရက်ဘူးကွာ”

“ငါပြောတာက ... မင်းချစ်တာဟာ ... ဘယ်လောက် အထိ ခံနိုင်ရည်ရှိမှာလဲ။ တစ်ချိန်ချိန် အကြောင်းတစ်ခု ခုနဲ့ တိုက်ဆိုင်လို့ သူ့နောက်ကြောင်းတွေ သိရင်ရော မင်းသူ့ကို ဆက်ချစ်နိုင်ဦးမလား ... အခုတည်းက မင်း သိထားဖို့လိုတယ် ... ဒါမှ နောင်တစ်ချိန်မှာ သူ လည်း စိတ်ရှင်းရှင်းနဲ့ နေလို့ရမယ်၊ မင်းလည်း နားလည် မှု ပေးနိုင်လိမ့်မယ် နေမင်းညို”

“အင်းလေ ... ဒါလည်း ဟုတ်တာပဲ။ ဒါကြောင့် ... မြကြာယံက ... ရှင် ကျွန်မအကြောင်း ဘယ်လောက် သိလို့လဲလို့ ပြောသွားတာကို”

“သူပြောတာ မှန်တာပဲ ... မြကြာယံဟာ ... အသက် ငယ်ပေမယ့် ... အရာရာမှာ တွေးတောဆင်ခြင်စွမ်း ရှိတယ် နေမင်းညို”

“ငါတော့ စိတ်တွေ အရမ်းရှုပ်ထွေးနေပြီ ... မောင်မောင် ရာ”

“ဒါ ... အစပဲ ရှိသေးတယ် နေမင်းညို”

ဟုတ်ပါသည်။



ဒါဟာ ... ပထမ အစကလေးပဲ ရှိပါသေးသည်။ နောက်ထပ် ဘယ်လောက်စိတ်ရှုပ်စရာ ... စိတ်ညစ်စရာတွေ နှင့် ဆုံတွေ့ရဦးမလဲဆိုတာ မခန့်မှန်းနိုင်ပါ။

အဓိက ...။

မေမေသာ သိသွားရင် ကျွန်တော် ဘယ်လိုဖြေ ရှင်းရပါမည်နည်း။ မေမေက တခြားမိခင်တွေလိုမဟုတ်၊ သားကို အရမ်းချစ်သည်။ သူမ အချစ်တွေက အတ္တလွန်ကဲတဲ့ အချစ်တွ ...

မေမေက တခြားနေရာတွေမှာ ခွင့်လွှတ်နိုင်ပေ မယ့်။ မိန်းကလေးတွေနှင့် ပတ်သက်လာလျှင် ... ခွင့်မလွှတ် တတ်။

ငယ်ငယ်လေးတည်းက ကျွန်တော် မေမေ့ကို ကြောက်လည်းကြောက် ... ချစ်လည်းချစ်သည်။

မေမေ့စကားကို တသွေမတိမ်း နားထောင်ခဲ့၏။

အခုတော့ ...။

ထူးဆန်းစွာ ကျွန်တော့်စိတ်ထဲသို့ မြကြာယံတိုး ဝင်လာခဲ့ပြီ ...။ ကျွန်တော့်နှလုံးသားတွေကို သူမ အပိုင်ယူ သွားနိုင်ခဲ့လေပြီတည်း ...။

မေမေနှင့် မြကြာယံ ...

ကျွန်တော် ဘယ်သူ့ဘက်လိုက်ဖို့ ဆုံးဖြတ်ရပါ မည်နည်း။

မောင်မောင်ပြောသလို ... သားဆိုးသမီးဆိုးကို ပစ်တဲ့မိဘ မရှိပေမယ့် ... ကျွန်တော် မထင်ပါ။ မေမေက

www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားစရာရှိလျှင် အရမ်းပြတ်သား၏။ လုံး၀ လှည့်ကြည့်မှာ မဟုတ် ... ဒါကို ကျွန်တော်အသိဆုံးပင် ... သားကိုလည်း ဘယ်လောက်ပဲချစ်ချစ် ...ဒီကိစ္စနှင့် ပတ်သက်လို့ကတော့ မေမေ ကျွန်တော့်ကို လှည့်ကြည့်မှာ မဟုတ်တော့။

ကျွန်တော်သိသည်။

မေမေက စိတ်အရမ်းကြီးသလို ... စိတ်လည်း တအားမာသည်။ ဘယ်သူနားချချ ရမှာမဟုတ်ပေ။

ပြီးတော့ ...

မြကြာယံရဲ့ နောက်ကြောင်းရာဇ၀င် ...။

သူမရဲ့ ခံစားလာရတဲ့ ... သွေးပျက်ချောက်ချားနေရတဲ့ အဖြစ်ကို ကြည့်ခြင်းအားဖြင့် ... သူမဘ၀အစ ... သူမရဲ့ ရာဇ၀င်ဟာ ဘယ်လိုမှ မလှပနိုင်ပါ။ ကျွန်တော်က သိပ်ချစ်လို့ ခွင့်လွှတ်နိုင်တယ်ပဲထားပါဦး ... မေမေက ခွင့်လွှတ်မလား၊ နားလည်မှု ပေးနိုင်မလား ...။

တစ်ချိန်လုံး ...။

ပတ်၀န်းကျင်ကို ကြောက်လန့်နေရတဲ့ဘ၀ ...။

ဘာကြောင့်ဆိုတာ မသိရပေမယ့် ... ကံကြမ္မာဆိုးဆိုး၀ါး၀ါးကို သူမ ခံစားပိုင်ဆိုင်ခဲ့ရတာ သေချာသည်။

မြကြာယံ မပြောနဲ့ ...။

မြကြာယံထက် သာတာတွေတောင် ... မေမေက လက်ခံစဉ်းစားခဲ့တာ မဟုတ်။ မြကြာယံ အကြောင်းသာ မေမေ သိသွားလို့ကတော့ ... တက်သေသွားမှာ သေချာ၏။

ကျွန်တော် ဘယ်လိုလုပ်ရတော့မလဲ ...



မြကြာယံကိုလည်း ကျွန်တော် အရမ်းချစ်တယ်။

မြကြာယံနဲ့လည်း ကျွန်တော် အဝေးမခံနိုင်ဘူးဗျာ ...။

မြကြာယံလေးရယ် ...။

ကျွန်တော့်အဖြစ်ကို မင်းလေး မြင်လှည့်ပါဦးကွာ။

မကြာခင် ...

မေမေလည်း ဘုရားဖူးခရီးစဉ်က ပြန်လာတော့မယ်လေ ... ဒါဆို ... မင်းနဲ့ပိုပြီး ဝေးသွားရတော့မှာ။ တွေ့ရဖို့ ပိုပြီးခက်ခဲသွားတော့မှာပါ မြကြာယံ ...။

အခုလို ...။

မေမေ မရှိတဲ့ အချိန်မှာတောင် မင်းကိုမတွေ့ရတာ ... မေမေသာ ပြန်လာလို့ကတော့ ပိုဆိုးမှာ။

ကျွန်တော် ...။

အသေအချာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိသည်။

အဲ့ဒါ ဘာလဲဆိုတော့ ... မြကြာယံအကြောင်းကို ကျွန်တော် စုံစမ်းဖို့ပဲ။

ဟုတ်တယ် ...။

ကျွန်တော် မြကြာယံဘ၀နောက်ပိုင်းကို စုံစမ်းရမယ် ... မြကြာယံ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

"ဟော ... မေမေတို့ ပြန်လာကြပြီလား"

"အဟင်း ... ဟင်း။ ပြန်လာပြီသားရေ ... ပြန်လာပြီ"

"အထုပ်တွေ ရှိသေးလားမေမေ ... ကျွန်တော်သွားသယ် လိုက်ဦးမယ်"

"မသယ်နဲ့ ... မသယ်နဲ့တော့သား။ အမိနာနဲ့ ကားဒရိုင် ဘာ သယ်နေပြီ ... သိပ်လည်း မများပါဘူးကွယ် ... လာထိုင်ဦး။ သားကို မေမေ မိတ်ဆက်ပေးရဦးမယ်၊ ဪ ... လာလေ သမီးရယ် ... အန်တီတို့အိမ်မှာ ဘာမှအားနာစရာ မလိုဘူး ... လာသမီး လာထိုင်"

"ရပါတယ် ... အန်တီ"

"လာ ... သမီးလေး"

ဒီတစ်ခေါက် ခရီးက ပြန်အလာတွင် မေမေ အရမ်းကို ထူးခြားနေသည်။ အိမ်ကို မိန်းကလေးညှိသည် အဝင်ခံဖို့ နေနေသာသာ ဖုန်းဆက်တာတောင် မကြိုက်တတ်



သောမေမေက ...

အခု သူမကိုယ်တိုင် မိန်းကလေးတစ်ယောက်ကို အိမ်အလည်ခေါ်လာလေသည်။ ပြီးတော့လည်း ... သမီး,သမီး နှင့် ပါးစပ်ဖျားကမချ ... ပျာယာခတ်နေအောင် ညှော်ခံနေသည်။

မေမေ ဘာဖြစ်နေတာလဲ ...။

မေမေ့ကိုကြည့်ပြီး ကျွန်တော် အရမ်းအံ့ဩနေ သည်။ ကျွန်တော့်ကိုလည်း အတင်းလာထိုင်ခိုင်းပြီး ...

"သား ... ဒါကမိတ္ထီလာက ဒေါက်တာမြတ်ပန်းနွယ်တဲ့"

"ပန်းပန်း ... သမီး။ ဒါက အန်တီ ... ခဏ,ခဏပြော နေတဲ့ အန်တီ့ရဲ့အချစ်ဆုံး သားလိမ္မာလေး နေမင်းညို တဲ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ... ဒေါက်တာနဲ့သိရတာလဲ ဝမ်းသာပါတယ်"

"ပန်းပန်း ... သားက ဆောက်လုပ်ရေးအင်ဂျင်နီယာ လေ"

"အို ... ဟုတ်လား။ အရမ်းတော်တာပဲနော်"

"ဟာ ... ကျွန်တော့်ထက် ဒေါက်တာက ပိုတော်တာ ပေါ့"

ကျွန်တော့်စကားကြောင့် ဒေါက်တာမြတ်ပန်းနွယ် သဘောကျစွာ ရယ်လေ၏။ ဘာကြောင့် မေမေ ကျွန်တော့်ကို ဒီဒေါက်တာမနှင့် အတင်းမိတ်ဆက်ပေးနေရပါသနည်း ...။

ကျွန်တော် မတွေးတတ်အောင် ဖြစ်ရသည် ...။

မေမေနှင့် ဒေါက်တာမ စကားတွေသာ ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



တာ ... တစ်ခါ,တစ်ခါ မြတ်ပန်းနွယ်၏ မျက်ဝန်းလေးတွေက ကျွန်တော့်ထံ ရောက်ရောက်လာတတ်၏ ...။

ကျွန်တော် နေရာက ထ,ရမလို ... ဆက်ပြီးပဲ ထိုင်နေရမလိုနှင့် ... ဘယ်လိုနေရမှန်း မသိတော့ ...။

မြတ်ပန်းနွယ်၏ မျက်ဝန်းအကြည့်များထဲတွင် တစ်ခုခု ပါဝင်နေသည်ဟု ကျွန်တော် သတိထားမိသည်။

"အမိန္ဒာ ..."

အမိန္ဒာ အထုပ်ကြီး မနိုင်မနင်း ဆွဲယူနေတာ တွေ့ရတော့ ... ကျွန်တော့်အတွက် အဆင်ပြေသွားရသည်။

အဝတ်အစားထုပ်ကြီးကို ကျွန်တော်ဝိုင်းကူသယ်ပေးသလိုနှင့် နေရာမှ ထ,လိုက်တော့သည်။ အခုမှပဲ ... ကျွန်တော် စိတ်လွတ်လပ်သွားရတော့၏ ...။

"အဟီး ... ဟီး။ ဘယ်လိုလဲ အစ်ကိုလေး ... သဘောကျနေပြီလား"

"ဘာရယ်တာလဲ ... ငါက ဘာကိုသဘောကျရမှာလဲ"

"ဒေါက်တာမြတ်ပန်းနွယ်ကိုလေ"

"မြတ်ပန်းနွယ်ကို ... ဟုတ်လား"

"ဟုတ်တယ် အစ်ကိုလေးရဲ့ ... အစ်ကိုလေးနဲ့မေမေကြီး သဘောတူပေးစားမယ့်သူလေ ... ချောတယ်နော် ပညာလည်းတတ်တယ်။ မိတ္ထီလာကလေ ပိုက်ဆံကလည်း ဘာချမ်းသာသလဲ မမေးနဲ့ ... တစ်ဦးတည်းသော သမီးတဲ့"

"အောင်မယ် ... ငါက အဲ့ဒါတွေ ဘာလုပ်ရမှာလဲ ... စိတ်မဝင်စားပါဘူး ..."



"စိတ်မဝင်စားလို့ မရဘူး ... အစ်ကိုလေးရေ ... အစ်ကိုလေးက စိတ်မဝင်စားပေမယ့် ... မေမေကြီးကတော့ အရမ်းကို စိတ်ဝင်စားနေပြီ ... ဟိုမှာ ကြည့်ပါလား မေမေကြီးက သမီး,သမီးနဲ့ ပါးစပ်ဖျားက မချတော့ဘူး"

"ဟင် ... နင် တကယ်ပြောတာလား အမိန္ဒာ"

"ဩော် ... တကယ်ပါဆို။ အစ်ကိုလေး ကောင်းစားသွားရင် အမိန္ဒာ့ကိုလည်း မမေ့နဲ့ဦးနော်"

"ဟာ ... ခေါက်ထည့်လိုက်ရ။ ဒီမှာဖြင့် စိတ်ရှုပ်နေရတဲ့ အထဲ ... နင်ကလည်းတစ်မျိုး"

"ဟင် ... အစ်ကိုလေးက စိတ်ရှုပ်တယ် ... ဟုတ်လား"

"အေးဟာ ..."

အမိန္ဒာ ကျွန်တော့်ကို နားမလည်နိုင်သလို ... တအံ့တသြ ကြည့်နေပြီး ... မနေနိုင်စွာဖြင့် ကျွန်တော့်ကို မေးခွန်း ထုတ်တော့သည်။

"အစ်ကိုလေးက ... ဒီလောက်ချောတာ ... ဘာလို့ စိတ်ရှုပ်ရတာလဲ ... ဘာလဲ အစ်ကိုလေး သဘောမကျဘူးလား"

"ငါ ... အဲ့ဒါတွေ စိတ်မကူးချင်သေးပါဘူးဟာ"

"ဟင် ... အစ်ကိုလေးကပဲ ပြောရတယ်ရှိသေး။ ဘာလဲ ... အစ်ကိုလေးက ... ဒို့ထက်မက ချစ်ရမယ့် သူ တွေ့ထားလို့လား"

"အမိန္ဒာ ... နင် ပေါက်ကရတွေ လျှောက်မပြောနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မေမေ ကြားသွားရင် ... ပြဿနာတွေတက်ပြီး မိုးမီးလောင်သွားမယ်"

ကျွန်တော့်စကားကြောင့် ... အမီနာ ခေါင်းကလေး ပုဝင်သွားပြီး ... အိမ်ရှေ့သို့ မသိမသာ လှမ်းအကဲခတ်ကာ ... အသံတိုးတိုးကလေးနှင့် ...

"အစ်ကိုလေး ... ဟိုမှာ ... အစ်မမြတ်ပန်းနွယ် ပြန်တော့မလို့နဲ့ တူတယ် ... သွားနှုတ်ဆက်လိုက်ဦးလေ"

"ဟာ ... မသွားချင်ပါဘူး"

"ဟော ... ဟော ...။ မေမေကြီး ခေါ်နေပြီ ... အစ်ကိုလေးကို မေမေကြီး ခေါ်နေပြီ ..."

"ဟင် ... ဟုတ်လား။ အမီနာ ... ငါ အိမ်သာထဲဝင်နေတယ်လို့ သွားပြောစမ်း ... သွားလေ ... မြန်မြန်"

"ဩော် ... ဟုတ် ... ဟုတ်ကဲ့"

အမီနာ ကမန်းကတန်း အပြင်ပြေးထွက်သွားတာတွေ့ရသည်။ ကျွန်တော်လည်း ဘာမှစဉ်းစားမနေတော့ဘဲ ရေအိမ်ထဲသို့ ပြေးဝင်ခဲ့မိ၏။ ဟူး ... အဲ့ဒါက တကယ့်ပြဿနာပဲ။ မေမေတို့ကတော့ လုပ်ချလိုက်ရင် အရမ်းကြီးပဲ။

မမြတ်ပန်းနွယ်ကိုတော့ ကျွန်တော် အားနာပါရဲ့။ ဒါပေမယ့် ...။

ကျွန်တော် မတတ်နိုင်ဘူးဗျာ ... ကျွန်တော့်ဘဝမှာ မြကြာယံ တစ်ယောက်ကိုပဲ အပိုင်ပေးပါရစေ။ ကျွန်တော် အလိုက်မသိသလို ဖြစ်သွားရင်လည်း ဆောရီးပဲ ဒေါက်တာရယ် ...။



"ဒေါက် ... ဒေါက်"

"ဒေါက် ..."

တံခါးခေါက်သံပြင်းပြင်း ကြားရ၏ ...။

"နေမင်းညို ... နေမင်းညို"

"ဗျာ ..."

"ထွက်ခဲ့စမ်း ... နှင့်အခု ထွက်ခဲ့။ နှင့်အကြောင်း ငါ မသိဘူးများ မှတ်နေသလား ... ဟင် ... ထွက်ခဲ့နော်၊ အခုချက်ချင်း ထွက်ခဲ့ "

ဟိုက် ... ။

မေမေ့အသံက မာထန်နေ၏။ ရောက်တာဖြင့် နာရီပိုင်းပဲ ရှိသေးတယ် ... ပြဿနာကတော့ စပါပြီ ...။

လိမ်လို့မရတော့တဲ့ အတူတူတော့ ... မထူးပါဘူး။ စပ်ဖြဲဖြဲမျက်နှာလေးနှင့် ရေအိမ်ထဲမှ နေမင်းညို ထွက်ခဲ့လိုက်သည်။ ထုံးစံအတိုင်း မြန်ဆန်သော မေမေ့လက်ချောင်းကလေးများက ... ကျွန်တော့်နားတစ်ဖက်ပေါ်သို့ ရောက်လာ၏ ...။

"အလားလား ... နာလိုက်တာ။ ဖြည်းဖြည်းဆွဲပါ မေမေရဲ့"

"အောင်မယ် ... နာအောင်လုပ်တာပါဆိုနေမှ။ ဖြည်းဖြည်းဆွဲပါတဲ့ ... ကဲ ... ပြောစမ်း ... ဒါက ဘာအချိုးချိုးတာလဲ"

"ကျွန်တော် ... ဘာလုပ်လို့လဲ"

"မင်း ဘာလုပ်တယ်ဆိုတာ ... မင်းမသိဘူးလား"

"ဟင့်အင်း ..."

www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည်နှင့် ငြင်းလိုက်မိသည်။ ကျွန်တော် ဘာတစ်ခုမှ မသိတဲ့ဟန် လုပ်နေလိုက်၏ ...။

"စောစောက ... မြတ်ပန်းနွယ် အိမ်ပြန်တော့ ... အောက်ကို ပြန်ပို့ခိုင်းဖို့ ကြည့်လိုက်တော့ မင်းမရှိဘူး လေ။ မင်းတမင်ရှောင်ပြီး အိမ်သာတက်ချင်ယောင် ဆောင်တာ မဟုတ်လား ... မေမေဖြင့် ညှိသည်ကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ပါဘူး ... အားနာလိုက်တာ မပြောပါနဲ့တော့ ... အဲ့ဒါ ... မင်း လုပ်ပုံ ကောင်းရဲ့လား"

"မေမေကလည်းဗျာ ... ဒီတစ်ခါ ဘယ်လိုဖြစ်လာမှန်း တောင် မသိတော့ဘူးဗျာ။ အရင်ကဆို ... မိန်းမတွေ နဲ့ မရောနဲ့ မပတ်သက်နဲ့ဆို ... အခုတော့ ဘယ်လို ဖြစ်တာလဲ"

ကျွန်တော့် စကားကြောင့် မေမေ တစ်ချက်မျှ ပြုံးလျက် ...

"မတူတော့ဘူးသားရေ ... မေမေရဲ့ ရည်ရွယ်ချက်တွေ က။ မြတ်ပန်းနွယ်နဲ့ တွေ့တော့ အားလုံးပြောင်းလဲသွား ပြီ"

"ဘာတွေ ပြောင်းလဲသွားတာလဲ ... မေမေ"

"သားက တစ်သက်လုံး လူပျိုကြီး လုပ်မှာပဲဟာ ... မေမေ့ကို သားခွဲမသွားဘူးလေ"

"အခု သားလူပျိုကြီး လုပ်စရာ မလိုတော့ဘူး ... မေမေ သဘောကျတဲ့ ... မေမေ့စိတ်ကူးနဲ့ ကိုက်ညီတဲ့



ချွေးမတစ်ယောက် မေမေ တွေ့ထားတယ်"

"ဟာ ... မေမေကလည်း။

ကျွန်တော် ဒီအတိုင်းပဲ အေးအေးဆေးဆေး နေပါရစေ မေမေရာ။ အိမ်ထောင်မပြုချင်သေးဘူး ... စိတ်ရှုပ်တဲ့ဒုက္ခကို သားခံနိုင်မှာ မဟုတ်ဘူး မေမေ"

"တော်တော့ ... နေမင်းညို။ မင်း ... မေမေ့စကား ဘယ်တုန်းက ပယ်ရှားခဲ့လို့လဲ။ ဘယ်တုန်းက ငြင်းဆန် လို့ရဖူးသလဲ ... မေမေကတော့ ဆုံးဖြတ်ပြီးပြီ ... မြတ်ပန်းနွယ်နဲ့သားကို မေမေသဘောတူတယ်။ မေမေ ပေးစားမယ်သား။ မင်းလည်း စိတ်ထဲမှာ မြဲမြဲထည့် ထားစမ်းပါ နေမင်းညို ... မြတ်ပန်းနွယ်ကို မင်းတစ်နေ့ လက်ထပ်ရမယ်လို့ ..."

ပြတ်သားလိုက်တဲ့ မေမေ ...။

ကျွန်တော့်ကို နည်းနည်းလောက်တော့ မမေး ကြည့်တော့ဘူးလား ... ကျွန်တော့်ရင်ထဲက စကားတွေ ... စိတ်ထဲမှာ ရှိနေတာတွေကို မေမေ လုံးဝမသိချင်တော့ဘူးလား။

မေမေ မြတ်ပန်းနွယ်ကို သဘောကျပေမယ့် ...

သားသဘောကျမကျကို မမေးတော့ဘူးလား။

သားရင်ထဲမှာ ...

ဘာတွေဖြစ်နေသလဲ ... ဘာတွေ ခံစားနေရသလဲ ဆိုတာ မေမေ မခံစားပေးနိုင်တော့ဘူးလားဗျာ။

ကျွန်တော့် ရင်ထဲမှာ ... ကျွန်တော့် ... သော ထဲမှာ ...

www.burmeseclassic.com

www.burmeseclassic.com



မြကြာယံဆိုတဲ့ အမျိုးသမီးကလေးတစ်ယောက် ရှိနေပြီ မေမေ။ မေမေ့ စိတ်တွေပြောင်းလဲခဲ့သလို ... ကျွန်တော့်စိတ်တွေလဲ မေမေ ထင်သလို ဖြူစင်မနေတော့ဘူး မေမေ။ ကျွန်တော် သူ့ကို လက်ထပ်မယ်လို့ ရည်မှန်းထားပြီးသွားပြီ မေမေ ...။

မြကြာယံရဲ့ ဘဝကို ...။

ဒုတိယအကြိမ် ... ပိုနာကြည်းသွားအောင် ... သား မလုပ်ပါရစေနဲ့ မေမေရယ်။

"သားလေး ..."

"ဗျာ ... မေမေ"

"မေမေ့ကိုလူတွေအားလုံးက ဝိုင်းပြောကြတယ် ... နောင်တစ်ချိန် မေမေ မရှိတော့တဲ့ အခါကျရင် ... ငါ့သားလေးတစ်ယောက်တည်း လောကကြီးမှာ ကျန်နေခဲ့ရတော့မှာတဲ့လေ ... အခုတည်းက ကိုယ်စိတ်ကြိုက်ဖြစ်မယ့် မိန်းကလေးတစ်ယောက်နဲ့ နေရာချပေးထားတော့ ဘာပဲပြောပြော စိတ်အေးရတာပေါ့တဲ့။ တစ်ချိန်မေမေ မရှိတော့မှ တွေ့ကရာမိန်းမတွေနဲ့ ယှူနေမှဖြင့် ... မေမေ အဝေးကနေတောင် သားကိုစိတ်မချနိုင်ဘဲ ရှိနေလိမ့်မယ်တဲ့လေ ...

သေသေချာချာ မေမေ စဉ်းစားမိတယ် ...

သူတို့ပြောတာလည်း မှန်တာပဲလို့ တွေးမိပြီး... မေမေ့စိတ်နဲ့ အကိုက်ညီဆုံးဖြစ်တဲ့ မြတ်ပန်းနွယ်ကို မေမေ ရွေးခဲ့တာ။ မြတ်ပန်းနွယ်က ... အေးလည်း အေး



တယ်၊ ကြံ့ခိုင်လည်းရတယ်၊ မိဘမျိုးရိုးကလည်း စိန်ကုန်သည်ကြီးတွေ ... အရမ်းချမ်းသာတာပဲ ... တစ်ဦးတည်းသော သမီးလေးကလည်းဖြစ်၊ ပြီးတော့လည်း... ဆရာဝန်မ။ ရုပ်ရည်ကလည်း ပြောစရာမရှိဘူး ...

ကဲ ...

ဘာလိုသေးလဲသား ...။ မေမေရဲ့ ရွေးချယ်မှုက ဘယ်လောက်မှန်သလဲ ... မေမေရဲ့သားဟာ မြတ်ပန်းနွယ်လို မိန်းကလေးနဲ့မှ လိုက်ဖက်ညီမှာလေ"

မေမေသည် ... သူ့စိတ်ကူးနှင့်သူ သဘောကျကာ ပီတိဖြစ်နေရှာသည်။ မေမေရဲ့ စိတ်ကူးတွေအတိုင်း ဖြစ်လာမယ်လို့ပဲ တစ်ထစ်ချ တွက်ထားပုံလည်း ရသည်။

မေမေရယ် ...။

ကျွန်တော် တကယ်ပဲ စိတ်မကောင်း ဖြစ်ရပါတယ်။

မေမေ့ကို သား အရမ်းချစ်ပါတယ် ... မြကြာယံနဲ့သာ သားမဆုံစည်းခဲ့ဖူး ဆိုရင်ပေါ့ ... အခုလို မေမေရဲ့စိတ်ကူးယဉ် အိပ်မက်အတိုင်း သား ... တသွေမတိမ်း လိုက်နာပြီ။ မေမေ့သဘောအတိုင်းသာ လိုက်နာမိမှာပါ။

ခုတော့ ...။

မေမေရယ် ... ကျွန်တော့်ကို နားလည်ပေးပါတော့။

မေမေ ပြောသလို ...။

နောင်တစ်ချိန်မှာ မေမေ မရှိတော့လို့သားတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ကျန်ရစ်နေလို့ မိန်းကလေးတစ်ယောက်နဲ့ မေမေ လက်ထပ်စေချင်တယ်။

အဲဒီလို ...။

ကျွန်တော် လက်ထပ်တဲ့ မိန်းကလေးဟာ သား မြတ်နိုးတဲ့၊ သားသိပ်ချစ်တဲ့ မိန်းကလေးဖြစ်ရင် ပိုမကောင်းပေဘူးလား မေမေ။

တစ်ချိန်ချိန်မှာ ...။

မေမေတို့ မိဘတွေ ပေးစားခဲ့ပြီး အချစ်မပါဘဲ တည်ဆောက်ခဲ့မိတဲ့ အိမ်ထောင်ရေးဟာ ... မသာယာနိုင်ဘူး မေမေ ... ကျွန်တော်တို့မှာ အချစ်မှ မပါတာ ...။ အဲဒီအခါကျရင် ... ဒီ့ထက် အဆိုးဝါးဆုံးတွေကိုပဲ စိတ်မချမ်းသာစွာ အားလုံး ကြုံတွေ့ရလိမ့်မယ်။ အားလုံး ရင်ဆိုင်ကြရလိမ့်မယ် မေမေ ... အဲဒါတွေကော ... မေမေ စဉ်းစားမိရဲ့လား။

"ဟဲ့ ... သား။

နေမင်းညို"

"ဗျာ ..."

"ဘာတွေ စဉ်းစားနေရတာလဲ ..."

"ဪ ... ဘာရယ်မဟုတ်ပါဘူး။ သား မေမေ့ အကြောင်းတွေ စဉ်းစားနေတာပါ"

"အမယ်လေး ... မေမေ့အကြောင်းများ သားရယ် စဉ်းစားနေရတယ်လို့။ အခုအချိန် သားစဉ်းစားသင့်တာ မေမေ့အကြောင်းထက် ... ဒေါက်တာမြတ်ပန်းနွယ် အကြောင်းတွေ စဉ်းစားရမှာကွယ့်"

"ဟာ ... မေမေကလည်း"

"တကယ်ပြောတာ ... မေမေကလည်း မလုပ်နဲ့"

"တော်ပါတော့ မေမေရယ် ... သားအမိနှစ်ယောက် အခုမှပဲ တွေ့ရတာ ... သား မေမေ့မျက်နှာကိုကြည့်ပြီး အလွမ်းဖြေပါရစေဦး။ ကျန်တာတွေ ... နောက်မှပဲ ပြောတာပေါ့"

ကျွန်တော် တမင်စကားစဖြတ်ကာ ... မေမေ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်ပြီး ... ကလေးလေးတစ်ယောက်လို ချွဲနွဲ့ကာ ... မေမေ့ ဘုရားဖူးခရီးစဉ်အကြောင်းတွေ တစ်ခုပြီးတစ်ခု မေးနေမိသည်။

မေမေကတော့ ...

ကျွန်တော့်ကို ခေါင်းကလေး ပွတ်သပ်ရင်း သူမ ဖူးခဲ့ရသော ဘုရားများအကြောင်း ... လမ်းခရီးမှာ ဘယ်လိုနေခဲ့ကြကြောင်းများကို ပြောပြနေ၏ ...။

မေမေ ...။

အရမ်းကို ပြောင်းလဲသွားသည် ... သွက်လက်ဖျတ်လတ်နေပြီး စကားပြောရာတွင်လည်း ပို၍ပါးနပ်မှုရှိလာသည်။

ဒါဟာ ...။

ပတ်ဝန်းကျင်နဲ့ ခဏလေး ထိတွေ့လိုက်ရတဲ့ အချိန်မှ ရရှိလာသော နုပျိုလန်းဆန်းမှု ... တက်ကြွရွှင်လန်းမှုတွေပဲလို့ ကျွန်တော် တွေးမိလိုက်ပြီး ကျွန်တော့် မြကြာယံကလေးကို ... သတိရမိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာယံလေးလည်း ...

ဒီလိုပဲ ပတ်ဝန်းကျင် ... လူ့အသိုင်းအဝိုင်းနှင့် ကြာကြာထိတွေ့လိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ သူမဘဝလေး အရမ်းကို နုပျိုလန်းဆန်းသွားမှာ ...။

ခုတော့ ...။

ကျဉ်းကျပ်ပိတ်လှောင်နေတဲ့ အခန်းကျဉ်းကလေး ထဲမှာ ... တစ်ချိန်လုံး မွန်းကျပ်မှုတွေကိုပဲ ခံစားနေရမှာလေ။ ဘယ်မှမသွားရ မလာရတဲ့ ဒီအခန်းကြီးထဲမှာပဲ အချိန်တွေ ကုန်နေရတာ ဘယ်လောက်သနားစရာ ကောင်းလိုက်သလဲ လို့ ...။

မေမေကတော့ ...။

ဘုရားဖူး ခရီးစဉ်ထဲမှာ ... သူ့ချွေးမလောင်း အကြောင်းတွေသာ ပြောလို့မဆုံးတော့ ... ကြာတော့ ကျွန်တော် တော်တော်နားညည်းလာရသည်။

သို့သော်လည်း ...။

ကျွန်တော် မေမေ့ကို မတားရဲခဲ့ပါ ...။

အောင့်အီးသည်းခံကာပဲ ... မြတ်ပန်းနွယ်ရဲ့ အကြောင်းတွေကို စိတ်မဝင်စားဘဲ နားထောင်နေရသည်။

အဲ့ဒါ ... တကယ့် ဝဋ်ကြွေးပဲ။



## အခန်း(၄)

အင်ဂျင်နီယာ နေမင်းညိုတဲ့ ...။

ရုပ်ကတော့ ဘာဖြောင့်သလဲ မမေးနဲ့ ... တစ်ခါတွေ့ရုံနဲ့ တစ်သက် မမေ့နိုင်တဲ့ လူမျိုးပဲ။

ဒေါ်ညိုညိုခင်ရဲ့ တစ်ဦးတည်းသောသားလေ။ သူများတွေကပြောတော့ ... ကိုနေမင်းညိုက ... သူ့အမေကို သိပ်ချစ်တာတဲ့လေ ... မအေ့စကားဆို အရမ်းနားထောင်တတ်သူတဲ့ ... သားလိမ္မာတစ်ယောက်ဟု သိရသည်။

မိန်းကလေးတွေ ...

အများဆုံး စိတ်ဝင်စား ခံရပေမယ့်။

ဘယ်မိန်းမနှင့်မှ မပတ်သက်ပဲ ... ခပ်ကင်းကင်း ရှင်းရှင်း နေတတ်တာတဲ့ ...။ တစ်ချိန်လုံး ကိုနေမင်းညို မျက်နှာကိုပဲ မြင်ယောင်နေမိသည်။ သူ့အကြောင်းတွေပဲ အချိန်အားတိုင်း တွေးမိနေ၏ ...။

မြတ်ပန်းနွယ် ...။

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်နေပြီလဲ ... ယောကျ်ားလေးရှင်က ဘာမှမလုပ်မယှက် ... တကယ့်ကျောက်ရုပ်အတိုင်းပဲ။ ရှက်စရာကောင်းလိုက်တာနော် ... သူမကိုယ်သူမ တွေးမိတိုင်း စိတ်တိုမိသည်။

ဘာဖြစ်လို့မှန်းမသိ ...

အန်တီ ဒေါ်ညိုညိုခင်အား လိုက်ပို့ခိုင်းသဖြင့် မြတ်ပန်းနွယ် လိုက်ပို့ပေးဖြစ်ခဲ့သည်။

ဒေါ်ညိုညိုခင်မှာ ... သားတစ်ယောက်ရှိသည်ဟု ပြောတုန်းက သူမ သိပ်စိတ်မဝင်စားခဲ့မိပေ ...။ ဘုရားမှ ခရီးစဉ်တစ်လျှောက် ပါလာတဲ့ အပျိုဖြန်းကလေးတွေ နှုတ်ဖျားတွင် ... ကိုနေမင်းညိုအကြောင်းသာ ရေပန်းစားနေ၏။ ပိုရန်ကောဟု သူမပင် အမြင်ကတ်မိသေးသည်။

ဆရာဝန်မဆိုတဲ့ ဂုဏ်နဲ့အညီ ... ခပ်တည်တည်ပင် နေခဲ့၏။

ဒေါ်ညိုညိုခင် တစ်ယောက် ဘာတွေဖြစ်သလဲတော့ မသိ ... သူမကို လမ်းတစ်လျှောက်လုံး သမီး၊ သမီးနှင့် နှုတ်ဖျားကမချ ...။ အားလုံးကတော့ ဝိုင်းအုံအားသင့်နေကြပြီး ... ပြုံးစိပြုံးစိနှင့် ဖြစ်နေကြ၏ ...။

သူမ သဘောပေါက်ပါပြီ ... သူမကို ချွေးမလောင်းအဖြစ် ဒေါ်ညိုညိုခင် သတ်မှတ်ထားလေပြီ။ သို့သော် မသိဟန်ဆောင်ကာ သူမ နေလိုက်မိသည်။

အပြန်ကျတော့လည်း ...။

သူမကို အတင်းလိုက်ပို့ခိုင်းပြီး ... သားဖြစ်သူ



ကိုနေမင်းညိုနှင့် အတင်းမိတ်ဆက်ပေးတော့သည်။

သူမကိုယ်သူမ အံ့ဩသွားရ၏ ...။

ဘာဖြစ်သွားရတာလဲ ... ရင်တွေကလည်း တထိတ်ထိတ်ခုန်လို့ ...။ သူနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ နေရသဖြင့် သူမစိတ်တွေက မလုံ ...။

သူမအမူအရာတွေ ပျက်ယွင်းနေမှာ သေချာသည်။

သူကတော့ မထုံတက်သေးနှင့် ... ဘာမှမဖြစ်သလို ခပ်အေးအေးပဲ ... သူမတို့ စကားပြောနေတာကို အသေအချာ စိုက်ကြည့်နေ၏။ ဘယ်လိုနေရမှန်းမသိအောင်ဖြစ်ရသူကတော့ သူမပဲဖြစ်သည်။

ကိုနေမင်းညို ...။

ချောတာထက် တည်ကြည်တာ ... ခံ့ညားတာလို့ ပြောလို့ရ၏။

အသားဖြူဖြူ ...

အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသူ ...။

ပြီးတော့ ...။

ပိရိသေသပ်သော နှုတ်ခမ်းထူအိအိများ ...။

ဖူးရှနက်ရှိုင်းစွာ ကြည့်တတ်သော သူ့ရဲ့ညို့မျက်ဝန်းတစ်စုံ ...

ပညာကလည်း ... အင်ဂျင်နီယာဆိုတော့။

ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့ ...။

www.burmeseclassic.com

www.burmeseclassic.com

မြင်လိုက်တာနှင့် အသက်ရှူမှားမတတ်ပင် ဖြစ်သွားရသည်။ အန်တီညိုညိုခင်ကတော့ မြတ်ပန်းနွယ်ကို သမီး၊ သမီးနှင့် ပါးစပ်ဖျားက မချ ... တကယ်လို့ ချေးမတော်ချင်သည်ဟု ပြောလာရင်ကော ...

ဟင်း ...။

ရင်မောရပါလား ရှင်ရယ် ...။

ရှင့်ကြောင့် ... အခက်ကြီး ခက်နေရပြီ။

ဘယ်ယောကျ်ားမှ စိတ်မဝင်စားဘဲ ... ခေါင်းခါခဲ့သမျှ ရှင်နဲ့တွေ့မှ ခက်ရတော့တယ်။

"မြတ်ပန်းနွယ် ..."

"ဟိတ် ... မြတ်ပန်းနွယ်"

"ဩော် ... မမ"

"ဟောတော့ ... ခေါ်လိုက်ရတာဟယ်။ ဘာတွေတွေးပြီး ... ဆွေးနေတာလဲ မသိပါဘူးကွယ် ... မမဖြင့်ငုတ်တုတ်ကြီး အသက်ရှူများ ရပ်သွားသလားလို့"

"အဟင်း ... ဘာမှမဟုတ်ပါဘူးမမရဲ့ ထိုင်လေ"

"မညာပါနဲ့ကွယ် ... မမရိပ်မိပါတယ် ... မြတ်ပန်းနွယ် တစ်ယောက်သော သူအကြောင်း တွေးနေတာ မဟုတ်လား မှန်မှန်ပြောစမ် "

"မဟုတ်ပါဘူး မမရယ် ... မေမေတို့ ဖေဖေတို့နေမကောင်းရဲ့လားလို့ တွေးနေမိတာပါ"

"မသိပါဘူးကွယ် ... မိတ္ထီလာမှာကျန်ခဲ့တဲ့ ... အဆက်ကလေးအကြောင်းတွေးပြီး ဆွေးနေတာလားလို့"



"မဟုတ်ပါဘူး မမရယ် ... တကယ်ပြောတာပါ ... မြတ်ပန်းမှာ အခုအချိန်ထိ မူလို့ရှူစရာ ရည်းစားဆိုလို့ လုံးဝမရှိဘူ "

"အခုမရှိဘူးဆိုဘော ... နောင် ရှိလာနိုင်တယ်ပေါ့"

"အဟင့် ... အဲ့ဒါတော့ မပြောတတ်သေးဘူးလေ"

"ကဲ ... ဟုတ်ပါပြီ။ သားလိုက်ပါတော့ ... မမအခု ဂျူတီပြီးပြီလေ ... အဲ့ဒါ အိမ်ပြန်မလို့ ... အပျင်းပြေ မမတို့အိမ် လိုက်လည်ပါလား"

"လိုက်တော့လည်ချင်ပါရဲ့ မမရယ် ... ညီမမှာဂျူတီဝင်ဖို့ ကျန်သေးတယ် ... နောက်အားတဲ့အခါမှပဲ လာလည်တော့မယ်နော်"

"အေး ... အေး။ ဒါဆိုလည်း ... မမသွားတော့မယ်နော်"

"ဟုတ်ကဲ့ပါမမ"

ဒေါက်တာပပ တစ်ယောက် နှုတ်ဆက်ကာထွက်သွားလေပြီ ...။ အခုမှပဲ ... မြတ်ပန်းနွယ် သက်ပြင်းချနိုင်တော့၏။ တော်ပါသေးရဲ့ ... သူမကလည်း သူမပဲ ... သူများ ပြောမယ်ဆိုလည်း ပြောချင်စရာ ဖြစ်နေသည်။

အခုလည်းကြည့် ...။

သူ့အကြောင်း ဘယ်လောက်တောင် အတွေးလွန်သလဲဆိုရင် ... ဘေးနားမှာကပ်ပြီး ခေါ်သံကိုတောင် မကြားနိုင် ...။

ရှင်တော်တော်ဆိုးတာပဲကိုနေမင်းလို ...။

www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကြောင့် ကျွန်မ ဒေါသလောင်ခဲ့နေရပြီ သိရဲ့လား ရှင့်။

မဆိမဆိုင် ...

ကိုနေမင်းညိုကိုပဲ ဖိမဲနေမိတော့သည်။

အို ...။

သူ့အကြောင်း ထိုင်တွေးနေလို့ မဖြစ်သေးပါဘူး၊ ဂျူတီဝင်စရာရှိတာ စောစောသွားဝင်လိုက်တာပဲ ကောင်းတယ်။

မြတ်ပန်းနွယ် ...။

နေရာမှ ထွက်လာခဲ့မိတော့သည်။ စိတ်ကိုအလုပ်ထဲမှာပဲ နှစ်မြှုပ်ထားမိ၏ ...။

"ဒေါက်တာမြတ်ပန်းနွယ် ... ဘယ်လီဖုန်းလာနေပါတယ်"

"ဩော် ... ဟုတ်ကဲ့"

တယ်လီဖုန်းရှိရာသို့ မြတ်ပန်းနွယ် သွားရောက်ကာ ကိုင်လိုက်သည်။

"ဟယ်လို ... မြတ်ပန်းနွယ် ပါ"

"ဒေါက်တာ ... ကျွန်တော်ပါ"

ဟင် ...။

သူမ အရမ်းအံ့သြသွားရသည်။ ယောကျ်ားတစ်ယောက်ရဲ့အသံ ... ကျွန်မမှာ ယောကျ်ားလေးမိတ်ဆွေဟူ၍ တစ်ယောက်မှ မရှိခဲ့။ သေချာပြီ ... ဒါဆို အခုတယ်လီဖုန်းပြောနေတာ သူပဲပေါ့။

သူမရင်တွေ အရမ်းခုန်သွားမိ၏ ...။



ကိုနေမင်းညို ...။

သူမထံကို ဘာကိစ္စနှင့်များ ဆက်တာပါလိမ့်။

"ဒေါက်တာ ... ကျွန်တော် နေမင်းညိုပါ"

"ဩော် ... ဟုတ်ကဲ့ ကိုနေမင်းညို ပြောပါ"

"ဒီနေ့ မေမေက ... ဒေါက်တာ့ကို အိမ်မှာထမင်း ဖိတ်ကျွေးချင်လို့တဲ့ ... အဲ့ဒါ ဒေါက်တာဒီနေ့အားသလား"

"ရှင် ..."

"ဒေါက်တာ ... ဘယ်အချိန်အားသလဲလို့ မေးတာ"

ဘယ်လိုကြီးပါလိမ့် ...။

ထမင်းဖိတ်ကျွေးတဲ့လူကလည်း စိတ်မပါသလို စိတ်မရှည်သလိုနှင့် ...။

"ကျွန်မ အခု မအားသေးဘူးရှင့်"

"ဒါဆို ... ဒေါက်တာ ဘယ်အချိန်အားမလဲ ... ကျွန်တော်လာခေါ်မယ်လေ ... ဒေါက်တာအားမယ့်အချိန်ကိုပြောပါ"

"ညနေ(၇)နာရီလောက် ကျွန်မအိမ်မှာပဲ လာကြိုလေ"

"ကောင်းပြီး ... ဒေါက်တာ ကျွန်တော်လာခဲ့မယ်"

"ဒါဆို ... ကျွန်မ ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

သူမကို ဒေါက်တာ ... ဒေါက်တာနှင့် တအေးအေးတစား ဆက်ဆံနေ၏။ ဘယ်လိုကြီးမှန်းလဲ မသိဘူး။

အန့်တီညိုညိုခင် ဆက်ခိုင်းတာပဲ ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကြည့်ရတာ ... သိပ်စိတ်မပါသလိုကြီး ... အောင့်သီးအောင့်သက်နှင့် သူမကို မဖိတ်ချင် ဖိတ်ချင် ဖိတ်ရပုံမျိုးကြီးဟု ထင်မိသည်။

မဖြစ်လည်း မဖြစ်နိုင်ပါဘူး ...။

သူက မိန်းကလေးတွေနဲ့ သိပ်မပတ်သက်ဖူးတော့ စကားအပြောအဆို မတတ်တာလဲ ဖြစ်နိုင်တာပဲ ...။

ကိုနေမင်းညိုပုံ ကြည့်ရတာ ...။

တည်တည်တံ့တံ့နှင့် စိတ်ထဲရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်း နေတတ်ပုံတော့ ရသည်။

မေမေက ထမင်းစား ဖိတ်ခိုင်းလို့တဲ့ ...။

ပြီးတော့ ...။

သူကိုယ်တိုင် လာကြိုမယ်တဲ့ ...။

ဘာရယ်တော့ မဟုတ် ... စိတ်ထဲမှာတော့ ပီတိဖြစ်သွားမိ၏။

ဒီလိုဆိုတော့လည်း ကိုနေမင်းညိုက ... ဘယ်ဆိုးလို့လဲ။

အလိုက်တသိနှင့် ... သူမကို ကြိုပေးဖို့ စိတ်ကူးနေသေးတဲ့အတွက် ရင်ထဲမှာတော့ နည်းနည်းကျေနပ်မိသည်။

အန်တီညိုညိုခင်ကတော့ ...

သူမကို အပြတ်ပေါင်းနေလေပြီ ... သူ့ချွေးမလောင်းအဖြစ် သူမကို ရွေးချယ်ထားတာ သေချာ၏။

ကိုနေမင်းညိုကို ကြည့်ရတာတော့ ... သူမကို စိတ်သိပ်ဝင်စားတဲ့ပုံ မပေါ်ပေ။ တွေ့တာကလည်း တစ်ခဏ



လေးဆိုတော့ ... သိပ်မရင်းနှီးသေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ။

အလုပ်ကို အပြီးသတ် ခပ်မြန်မြန် လုပ်မိသည်။

(၇)နာရီဆို သူလာကြိုမှာ မဟုတ်လား ... ဒါကြောင့် ခပ်စောစောလေးပြန်ပြီး ... ပြင်ဆင်ရဦးမှာပေါ့။

အဟင်း ...။

ကိုယ့်ကိုကိုယ်တောင်ကြည့်ပြီး စိတ်မလုံမိ။

ကိုနေမင်းညိုရယ် ...။

ကျွန်မတော့ အခက်ကြီး ခက်ရပြီ သိလား ... ရှင့်ကြောင့် ... ကျွန်မ ဘာတွေဖြစ်နေလဲတောင် မသိတော့ဘူး။

ကျွန်မ ...။

ရှင့်ကို အမြဲသတိရနေမိတယ် ...။

ဒါပေမယ့် ...

မြတ်ပန်းနွယ်က ... ဒေါက်တာမလေ။

ဆရာဝန်ဆိုတဲ့ ဂုဏ်သိက္ခာပုဒ်ကြီးကိုထိန်းပြီး ဣန္ဒြေသိက္ခာကြီးတွေနဲ့ပဲ နေနေရတာ တစ်ခါတလေတော့လည်း အဲ့ဒါတွေအားလုံး ဘေးဖယ်ပြီး ... လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်ချင်သား ...။

အိမ်ကို ခပ်စောစောပြန်ကာ ...။

ရေမိုးချိုး ... စိတ်ကြိုက်အလှအပ ပြင်ဆင်နေမိသည်။

"မမပန်း ... ဒီနေ့ အလှအပတွေ တအားပြင်လို့ပါလား သွားစရာရှိလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဂွမ်းပုံ။ ဒီနေ့ မမပန်း အိမ်မှာထမင်း မစားတော့ဘူး ... အန်တီညိုတို့အိမ်က ထမင်းစားဖိတ်ထားလို့လေ ... တော်ကြာ ကားလာကြိုလိမ့်မယ်"

"ဩော် ... ဟိုဝဝမိန်းမကြီးလား ... မမပန်းကိုသမီး၊ သမီးနဲ့ ပါးစပ်ပျားက မချတဲ့ မိန်းမကြီးလေ"

"အင်း ... ဟုတ်တယ်"

"မမပန်း ... သူ့မှာ သားတစ်ယောက် ရှိတယ်ဆို၊ ကောဒ္ဓ ... မမပန်းကို ချွေးမတော်ချင်နေပုံ ရတယ်"

"ဟယ် ... ပေါက်ကရ။ ဂွမ်းပုံကတော့ ပြောတော့မယ်"

"ဖြစ်နိုင်တယ် ... မမပန်းရဲ့။ ဒါနဲ့ ... ဟိုတစ်ခါ ... သူတို့အိမ်ကို မမပန်းသွားတာ သူ့ရဲ့သားဆိုတဲ့လူကို တွေ့ခဲ့သလား"

"အင်း ..."

"ချောလားဟင် ... မမပန်း"

ချောလားတဲ့ ...။

ကိုနေမင်းညိုက ... ချောတာမဟုတ်ဘူး ... စိတ်ဝင်စားဖို့ ကောင်းတာ ...။

တည်ကြည်ခံ့ညားတဲ့ သူ့အသွင်က ... မြင်ရသူ ရင်ဖိုစေတာ။

စူးရှတဲ့ညှို့မျက်ဝန်းတွေက ... လူတစ်ယောက်ကို ယိုင်လဲသွားအောင် ဆွဲဆောင်မှု ရှိတာလေ။

"မမပန်း ..."

"... ... ..."



"မမပန်း"

"ဟေ ..."

"ဟာ ... မမပန်းကတော့ ဒုက္ခပါပဲ။ ဂွမ်းပုံခေါ်နေတာ ... မကြားရလောက်အောင် ... ဘာတွေများ အတွေးလွန်နေရတာလဲ။ ပြောလေ ... အဲ့ဒီလူကချော သလားဟင်"

"အဲ့ဒါတော့ မပြောတတ်ဘူး ဂွမ်းပုံရယ် ... သူလာကြိုတော့ ကြည့်ပေါ့ ..."

"ဟင် ... မမပန်းကို လာခေါ်မယ့်သူက ... အဲ့ဒီလူလား"

"ဟုတ်တယ်"

"ဟုတ်ပြီ ... ဒါဆို သေသေချာချာကို အကဲခတ်လိုက်ဦးမယ်။ ငါ့မမပန်းနဲ့ လိုက်ဖက်ညီတယ် မညီဘူးဆိုတာ။ ဟွန်း ... မချောလို့ကတော့ လုံးဝကိုသဘောမတူဘူး ရေရေလည်လည် ကန့်ကွက်ပစ်လိုက်မယ်"

"ကဲ ... အဲ့ဒါထားပါဦး။ ဘယ်လိုလဲ ... မမပန်းကို ကြည့်ပါဦး ... ကြည့်ကောင်းရဲ့လားလို့ ..."

"အမယ်လေး ... လှပါတယ် မမပန်းရယ်။ မမပန်းက ပြင်စရာ မလိုအောင်ကို လှနေပြီးသား ... သိပ်ကျက်သရေရှိတာ"

"ကဲ ... မြှောက်မနေနဲ့တော့။ မမပန်းကို ဗီရိုထဲက ငုဝါရောင်ဝမ်းဆက်ကလေး ထုတ်ပေးဦး"

"ဟုတ်ကဲ့ ... မမပန်း"

မှတ်တင်ခုံရှေ့မှ ... မြတ်ပန်းနှယ် မထနိုင်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျ ပြင်ဆင်နေမိသည်။ ဝွမ်းပုံပြောသလိုပဲ ... မြတ်ပန်းနွယ် မျက်နှာလေးက ပြင်ဆင်ခြယ်သစရာ မလိုပါ ... သို့သော် ဘာကြောင့်မှန်းမသိ ... ဒီတစ်ခါအလှပြင်ရတာ စိတ်တိုင်းကို မကျနိုင်သလို ဖြစ်နေရသည်။

"ဟောတော့ ... ဆံထုံးကို ဖြည်လိုက်ပြန်ပြီ"

ကျွန်မကိုကြည့်ပြီး ... ဝွမ်းပုံ တအံ့တသြနှင့် ဖြစ်နေ၏။

"ဆံထုံးကြီးနဲ့ဆိုတော့ ... လူကြီးပုံ သိပ်ဖြစ်နေမလားလို့ ဝွမ်းပုံရယ် ... ဆံပင်ကို ရိုးရိုးလေးပဲ ကလစ်နဲ့ပဲ ညှပ်သွားတော့မယ်"

"အင်း ... မမပန်းတော့ အရမ်းကို ပြောင်းလဲနေပြီနော်"

"ဝွမ်းပုံကလည်းကွယ်"

"သိပြီ ... သိပြီ ဝွမ်းပုံ ... ဒီလောက်ဆို သဘောပေါက်ပြီ"

ဝွမ်းပုံ သူမကိုကြည့်ပြီး ... ပြုံးစိစိ ဖြစ်နေ၏။ သူမ ဘာမှ မချေပဖြစ်တော့ ... သူလာခေါ်မည့် အချိန်က နီးကပ်နေလေပြီ ... ခပ်မြန်မြန် အဝတ်အစားလဲကာ သူ့ကားသံကို နားစွင့်နေမိသည်။



အခန်း(၅)

အိမ်မှာ အကြီးအကျယ် ပြဿနာဖြစ်နေရသူတွေကတော့ မေမေနှင့် ကျွန်တော်ပင်ဖြစ်သည်။

မေမေ မကျေနပ်နိုင်စွာ တဗျစ်တောက်တောက် ဆူနေ၏။

ကျွန်တော်စိတ်ပျက်မိသည်။ မေမေကတော့ ... သူမဆန္ဒ ဒီလောက်လိုက်ဖြည့်ဆည်းပေးနေတာတောင် အလိုမကျနိုင်။

အစလည်းကြည့်လေ ...။

မြတ်ပန်းနွယ်ကို ထမင်းဖိတ်ကျွေးမယ်ဆိုပြီး... တစ်နေကုန် အပင်ပန်းခံကာ ချက်ပြုတ်နေ၏။ ဈေးဝယ်တာလည်း အကြာကြီးပဲ ... စောင့်ရတာတောင် ကျွန်တော်စိတ်မရှည်ချင်တော့ ...

အလုပ်တစ်ရက် အပျက်ခံကာ ... အသုံးလိုက်လုပ်ပေးရ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...။

ကျွန်တော်ကိုယ်တိုင် တယ်လီဖုန်းဆက်ပြီး ဖိတ်ခိုင်းပြန်၏။ ဒါလည်း ကျွန်တော်မပြောသေး ... နောက်ဆုံးသူမကို တကူးတက သွားကြိုပေးရမယ်တဲ့။

ဘယ်လောက် စိတ်ညစ်ဖို့ ကောင်းသလဲ ...

မေမေလုပ်ပုံတွေက အရမ်းကို သရုပ်ပျက်လွန်းသည်။

မိန်းမတစ်ယောက်ကို ... အဲ့ဒီလောက် အဖြစ်သည်းကာ မလုပ်ချင် ... သူမ ဘယ်လိုတွေးသွားမလဲ ... သူမမှာ ငွေတွေ၊ ဂုဏ်တွေ ရှိနေလို့ ခက်ပြီးဖြစ်နေတာဟု ထင်မသွားနိုင်ဘူးလား ...။

ကျွန်တော့်ကိုရော ယောကျ်ားပိုင်းလုံးတစ်ယောက်လို့ မြင်မသွားနိုင်ဘူးလား။ သက်သက်မဲ့ သိက္ခာကျရဦးမည်။

"မင်းညို ... မေမေသိတယ်။ မင်းသက်သက်မဲ့ မေမေစိတ်သောကရောက်အောင်လုပ်နေတာ။ မိဘက ကောင်းစားစေချင်လို့ လုပ်တာဟဲ့ ... အကြောင်းမဲ့သက်သက်လုပ်နေတာမဟုတ်ဘူး"

"မေမေကလဲဗျာ ... သားက ဘာတွေလုပ်နေလို့လဲ"

"ဖုန်းဆက်ပါ ဆိုတော့လည်း ... ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ဆင်ခြေတွေပေးတယ်၊ ဆက်တော့လည်း အောင့်သက်သက်နဲ့ စကားပြောတာက ... စိတ်မပါတဲ့ပုံနဲ့။ တစ်ဘက်က မြတ်ပန်းနွယ် ဘယ်လိုထင်သွားမလဲ မင်းနည်းနည်းမှ မတွေးမိဘူးလား ..."



"မေမေက ဆက်ဆိုလို့ ... သားဆက်တာပဲ။

သားဘာမှားလို့လဲ ... စကားမပြောတတ်တာကတော့ မေမေပဲ မိန်းမတွေနဲ့ မရောခိုင်းထားတော့ ... သိပ်မပြောတတ်ဘူးဗျာ နားဝင်မချိုတာတော့ မတတ်နိုင်ဘူး"

"ဟဲ့ ... မတတ်နိုင်လို့မရဘူး။

နေမင်းညိုနော် ... ငါ့ကို စိတ်ရှုပ်ရအောင်ယီးတီးယားတားလုပ်မယ် မကြံနဲ့ ... မေမေက တခြားသူတွေလို မဟုတ်ဘူးနော် ... အဲ့ဒါ မင်းကျပ်ကျပ်သတိထား မြတ်ပန်းနွယ်နဲ့ တွေ့တဲ့အခါကျရင် ... ဘာတစ်ခုမှ မတတ်နိုင်တာ မင်းမှာမရှိရဘူး ... ဒါမေမေ့ရဲ့အမိန့်ပဲ ကြားတယ်နော်"

" "

... ...

ကျွန်တော် စိတ်ပျက်စွာ အခန်းထဲသို့ ဝင်လာမိသည်၊ မေမေ့ကြောင့်တော့ ခက်ပါတယ် ...။

ပေါ်တင်ကြီးကို ချွေးမတော်နေ၏။ ဣန္ဒြေလေး ဘာလေးတောင် မထိန်းတော့။ သူများတွေ ဘာပြောမလဲ ... ဘယ်လိုထင်ကြမလဲ ဆိုတာတောင် မစဉ်းစား ... ကိုယ်လုပ်ချင်တာ ကိုယ်ဖြစ်ချင်တာ တစ်ခုပဲ ကြည့်သည်။

မြကြာယံရယ် ...။

ကျွန်တော် ဘယ်လိုလုပ်ရမလဲဗျာ ... အရမ်းစိတ်ညစ်တာပဲသိလား ...။ ပြောရင်း မြကြာယံကို သတိရမိသည်။ မေမေသာ မြကြာယံကို ဒီလိုအရေ တယူရှိရင် ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလိုက်မလဲလို့ စိတ်ကူးယဉ်နေမိသည်။

"ဒေါက် ... ဒေါက်"

"နေမင်းညို ..."

"နေမင်းညို ..."

ဟင် ... ကြားရပြန်ပြီ။

မေမေကတော့လေ တကယ့်ကို စံပါပဲ ...။

ခေါ်ပြန်ပြီ ...။ ဘာတွေခိုင်းဦးမလဲ မသိပါဘူး။ စိတ်ပျက်လိုက်တာ ... မထလို့ကလည်း မဖြစ်ပြန် ... အခန်းတံခါး ဖွင့်ပေးလိုက်မိသည်။

"ဘာလဲ ... မေမေ"

"ဟဲ့ ... ဘာမှလည်း မပြင်ဆင်ရသေးပါလား။ မင်းနဲ့တော့ ခက်နေပါပြီ ..."

"ဗျာ ... ဘာပြင်ဆင်ရမှာလဲ"

"ဩော် ... မြတ်ပန်းနွယ်ကို သွားခေါ်မယ်ဆို ...နည်းနည်းပါးပါးတော့ ပြင်ဆင်ဦးမှပေါ့ကွယ်"

"မေမေကလည်းဗျာ ... ဒီအတိုင်းသွားလည်း ရတာပဲ ပြင်ဆင်ရအောင် သားက မိန်းမမှ မဟုတ်တာ"

"ရွဲ့မပြောနဲ့ နေမင်းညို ... သွား အဝတ်အစားသွားလဲချေ"

"မေမေကတော့ ... အဖြစ်သည်းလွန်းတယ်"

"သည်းရမယ်ဟေ့ ... သည်းရမယ်ဟဲ့ ...။ အဲ့ဒါက ... ငါ့ချွေးမလောင်းဆိုတော့ ဘယ်သူတွေဘာပြောပြောဂရုမစိုက်နိုင်ဘူးတော်ရေ။ မကျေနပ်ရင် ... လဲသေကြ။



အမြင်ကတ်ရင် ... မျက်စိမှိတ်ထားကြ ဒါပဲ ... တော်ပြီ တော်ပြီ ... မင်းနဲ့လည်း စကားပြောရတာ ဒီနေ့အဆင်ကိုမပြေဘူး ..."

မဲ့ကာရွဲ့ကာပြောပြီး ... မေမေ ကျွန်တော့်အနားမှ ထွက်သွားတော့သည်။ မေမေ့ကို ကြည့်ကာ ရယ်လည်းရယ်ချင်မိသည်။

ဟင်း ...။

အခုမှပဲ သက်ပြင်းမောကြီးကို ချရတော့၏။

အဝတ်အစားတစ်စုံ ကောက်လဲကာ ထွက်ခဲ့မိသည် ... မလဲမချင်း ပြောနေမှာပဲမို့လား ... နောက်ဆုံးတော့ မေမေစိတ်တိုင်းကျ လဲလိုက်တာပဲ ကောင်းပါသည်။ ဒါမှ လောလောလတ်လတ် နားညည်းသက်သာမှာ။

"မေမေ ... ကျွန်တော် သွားတော့မယ်။ အိမ်လိပ်စာက ရှာရခက်မှာဆိုတော့ ... စောစောသွားတာပဲ ကောင်းတယ်"

"အေး ... အေး"

ကျွန်တော် ခပ်စောစော ထွက်လာတာ အကြောင်းရှိသည်။

မြကြာယံအကြောင်း စုံစမ်းပေးရန် ဦးသိန်းဆိုသော ... မောင်မောင့် အသိတစ်ယောက်အား သွားတွေ့ရန် မောင်မောင်နှင့် ချိန်းထားသေး၏။ အခွင့်အရေးလေးရတုန်း ယူထားမှ ... မေမေက လွှယ်တာမဟုတ်။

"ဟေ့ကောင် ... နေမင်းညို"

"မောင်မောင် ... ဘယ်လိုလဲ အဆင်ပြေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဦးသိန်းကိုတော့ ... ငွေပေးပြီး လိုက်စုံစမ်းခိုင်းထားတယ် ... ဒါပေမယ့် ... သိပ်တော့ မလွယ်ဘူးကွ"

"အခု ဦးသိန်းရော ..."

"မန္တလေးဘက်တော့ ... သွားတာပဲ၊ အကြောင်းထူးရင်တော့ မင်းဆီ ငါအကြောင်းပြန်မှာပါ။ စိတ်ချပါကွာ"

"မောင်မောင် ... ငါ့မှာ အခုမှ ပိုဒုက္ခရောက်နေရပြီကွ ... မင်းကြားမလားတော့ မသိဘူး"

"ကြားပြီးပါပြီကွာ ... မင်းအမေ ချွေးမလေးကို ဖူးဖူးမှုတ်နေတယ်ဆိုတာ"

"အေးကွာ ... ငါတော့။ သေတောင်သေချင်လာပြီ ... ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"မင်းက ဘာလို့စိတ်ညစ်ရတာလဲ ... ဒီလောက်စွဲနေတဲ့ဟာကို ငါ့ဆီသာ အဲလိုလာကြည့်စမ်း ... အကုန်ယူပစ်လိုက်မယ်"

"တော်စမ်းပါကွာ ... မင်ကလည်း နောက်စရာရှားလို့"

"နေမင်းညို ..."

"ဘာလဲကွ ..."

"အခု မင်းအမေ ... သဘောတူနေတဲ့ ကောင်မလေးက ဆရာဝန်မဆို ... ပိုက်ဆံကလည်း တအားချမ်းသာတာပဲဆို ဟုတ်လား"

"အေးကွာ ... အဲ့ဒါကိုပဲ ငါစိတ်ပျက်နေတာပေါ့"

"မြကြာယံနဲ့ အဲ့ဒီဆရာဝန်မ ဘယ်သူပိုလှလဲ"



"ဟ ... မြကြာယံက ပိုချစ်စရာကောင်းတာပေါ့"

"ဟင်း ... ထင်သားပဲ၊ ဒီအတိုင်းပြောမယ်ဆိုတာ"

ကျွန်တော့်စကားကြောင့် မောင်မောင် နှာခေါင်းကြီး တအားရှုံ့မဲ့လျက် မျက်စောင်းထိုးကာ ပြော၏။

ကျွန်တော် သဘောကျစွာ တဟားဟားရယ်မိတော့သည်။

"ဟုတ်တယ်လေကွာ ... ငါ့ဘဝမှာ မြကြာယံလောက် ဘယ်မိန်းမကမှ စိတ်ဇင်စားစရာ မကောင်းဘူး။ ငါ့နှလုံးသားကို မြကြာယံကလွဲပြီး ... ဘယ်မိန်းမကမှ မစိုးမိုးနိုင်ဘူး ... ငါ မြကြာယံကို အရမ်းချစ်တယ် မောင်မောင်"

"အမယ်လေး ... တော်ပါတော့ကွာ။ သိပါတယ် ... သိပါတယ် ... မင်း မြကြာယံကို ဘယ်လောက်ချစ်တယ်ဆိုတာ သိပါတယ်။ တော်ပါတော့ ... ကဲ ... အခုဆိုစမ်းပါဦး ဘာကိစ္စနဲ့ ငါ့ဆီလာရတာလဲ ... အကြောင်းကိစ္စ မရှိဘဲနဲ့တော့ မင်းအမေ ငါ့ဆီတမင်သက်သက်တော့ လွှတ်မှာမဟုတ်ပါဘူး"

"ဒါပေါ့ ... သူငယ်ချင်းရာ။

ဒေါက်တာမြတ်ပန်းနွယ်ကို အိမ်မှာထမင်းဖိတ်ကျွေးချင်လို့တဲ့ ... အခုလည်း ငါသွားခေါ်ရမယ်လေ အဲ့ဒါကြောင့် ငါ စိတ်ညစ်တယ်လို့ ပြောတာပေါ့"

"ဟော့ကောင် ... စိတ်ညစ်နေလို့ အပိုပဲ ... သွားကြိုမှာဖြင့် သွားကြို ... တော်ကြာ မင်းအမေ မလာနိုင်သေး

www.burmeseclassic.com

www.burmeseclassic.com



လို့ စိတ်ပူနေဦးမယ် ... အခုလောက်ဆို မင်းအမေ ... မြတ်ပန်းနွယ်ဆီ ဖုန်းဆက်နေလောက်ပြီ”

“အေးကွာ ... မေမေကတော့ စံပါပဲ။

သွားမယ်ကွာ ... မောင်မောင်”

“အေး ... အေး”

ကျွန်တော် မောင်မောင့်အိမ်မှ ပြန်ထွက်ခဲ့ပြီး ... ဒေါက်တာမြတ်ပန်းနွယ်ထံ ခပ်မြန်မြန်လေး မောင်းလာခဲ့မိသည်။ ထွက်သွားတာဖြင့် ကြာနေပြီ ... အခုထိ မရောက်ရကောင်းလားဆိုပြီး အဆူခံနေရဦးမည်။

မေမေကမလွယ် ...။

အခုလောက်ဆို ... မြတ်ပန်းနွယ်ထံ ဖုန်းဆက်မေးနေလောက်ပြီ ... မရောက်သေးတာ သိလို့ကတော့ ... သံသယမျက်လုံးအစုံနှင့်ကြည့်ပြီး စွဲချက်မျိုးစုံ တင်တော့မည်။

မြကြာယံအကြောင်း စုံစမ်းနေချိန်တွင် ... မေမေနဲ့ပြဿနာမဖြစ်တာ အကောင်းဆုံးပင် ... သူမသဘောကျနေပေးလိုက်တာပဲကောင်း၏။ ကျွန်တော့်အမူအရာတွေ သိပ်ပျက်နေလို့ မဖြစ် ... မေမေက သိပ်လျှင်တာ ... ရိပ်မိသွားလို့ကတော့ ... မြကြာယံဘဝက မလွယ်တော့ ...။

ချက်ချင်းပြောင်းပြေးရတော့မှာ ...။

မေမေ့အကြောင်း ကျွန်တော်အသိဆုံးမို့လား ... မေမေက ဒါဆိုဒါပဲ ... မရမက မဖြစ်မနေ လုပ်တတ်တဲ့အကျင့် ရှိသည်။

မေမေ့ကို ...



နည်းနည်းတော့ လန့်မိ၏။

မြတ်ပန်းနွယ်ထံ ရောက်တော့ ... မြတ်ပန်းနွယ် ကျွန်တော့်ကို စိတ်ပူနေတာ တွေ့ရသည်။ သူမမျက်ဝန်းလေးတွေမှာ ကျွန်တော့်ကို စိုးရိမ်နေမှန်း သိသာ၏။

“နည်းနည်း လမ်းမှားသွားတယ် ... မြတ်ပန်းနွယ်။ အချိန်နောက်ကျသွားတဲ့အတွက် ကျွန်တော်တောင်းပန်ပါတယ်”

“အို ... ရပါတယ်။ ကိစ္စမရှိပါဘူး ... ကိုနေမင်းညို ကျွန်မက ... အန်တီဖုန်းဆက်တော့ ထွက်သွားတာကြာပြီဆိုလို့ ... အရမ်းကို စိတ်ပူနေတာ ... လမ်းမှာများ တစ်ခုခုဖြစ်နေသလားလို့”

“မမြတ်ပန်းနွယ် ... အဆင်သင့်ဖြစ်ရင် သွားစို့”

“ဟုတ်ကဲ့ ... ကိုနေမင်းညို”

သူမ ကားပေါ်ရောက်တာနှင့် ... မောင်းထွက်ခဲ့တော့သည်။ ထုံးစံအတိုင်းပင် ... အိမ်ပေါက်ဝရောက်တာနှင့် မှုန်ကုတ်နေသော မေမေ့မျက်နှာကို စိတ်မချမ်းမြေ့စွာ တွေ့လိုက်ရသည်။

မြတ်ပန်းနွယ် ရှေ့မှာမို့ ဘာမှတော့ မပြောချေ။ သို့သော် ကျွန်တော့်ကို မျက်စောင်းကြီးထိုးကာ မြတ်ပန်းနွယ်လက်ကိုဆွဲခေါ်ကာ အိမ်ထဲခေါ်သွားလေ၏။

“လာ ... သမီးလေး”

“အန်တီညို ... နေကောင်းတယ်နော်”

“အေး ... ကောင်းပါတယ် သမီးရယ် ... သမီးလေးက

www.burmeseclassic.com

www.burmeseclassic.com



လေ ဘယ်အချိန်ပဲကြည့်ကြည့် အမြဲလှနေတာပဲကွယ်၊ သိပ်ကျက်သရေရှိတာပဲ ... အန်တီက အဲ့လိုသမီးလေး မှလိုချင်တာ"

"အို ... အန်တီညိုကလည်း။ မြှောက်နေပြန်ပါပြီ"

"တကယ်ပြောတာ သမီးရဲ့"

ဟင်း ...။

မေမေကတော့ ပေါ်တင်ကို သမီးတော်ပစ်နေ၏။ မြှောက်ပင့်နေလိုက်တာလည်း မပြောပါနဲ့တော့ ..., ဘေးနား မှာ ရှိနေသော ကျွန်တော် နားကြားမြင်းကတက်လာမိသည်။

ထမင်းစားသောက်ပြီး ... မြတ်ပန်းနွယ်ကို အိမ်ပြန်ပို့ပေးရ၏။

ပြန်အလာ မထင်မှတ်ဘဲ ... တိုက်အပေါ်ဘက် သို့ မော့ကြည့်ဖြစ်ခဲ့သည်။ ဟင် ... သူအံ့ဩသွားမိသည်။ ရင်ထဲမှာလည်း တစ်ခုခုကို စိုးရိမ်သွားမိ၏။

မြကြာယံတို့အခန်း ပြတင်းပေါက်မှန်လိုက်ကာ ကလေး လှုပ်သွားသလိုပဲဟု ထင်မိသည်။ မြကြာယံ ... သူ့ကို တွေ့သွားပြီလား ... တစ်မျိုးထင်သွားပြီလား ... အခု မှ ... ကျွန်တော့်ရင်တစ်ခုလုံး ပူလောင်သွားရတော့၏။

ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ ...

မြကြာယံ ...

အထင်လွဲမှုကို ကျွန်တော် မခံစားနိုင်ပါ။ ရှင်း ပြမယ်ဆိုတော့လည်း ... မဖြစ်ပြန်။ မေမေက ရှိနေသေးသည်။

ကျွန်တော် ဘာဆက်လုပ်ရမလဲ ...



တကယ်လို့သာ ...

ကျွန်တော်နှင့် မြတ်ပန်းနွယ်ကို တွေ့သွားရင် တစ်မျိုးထင်သွားပြီး ... ကျွန်တော့်ကို အရမ်းအထင်သေးသွား မှာ သေချာ၏။ ကျွန်တော့်ကို လူလိမ်၊ လူညာတစ်ယောက် အဖြစ် မြကြာယံ ... သတ်မှတ်သွားမှာ အစိုးရိမ်ဆုံးပင် ...။

ဟူး ...။

အခုမှ တကယ့်ကို ဒုက္ခဖြစ်နေရပြီ ...။

အခန်းထဲရောက်ငင်လည်း မေမေနဲ့က ... ရင် ဆိုင်ရဦးမယ် ... ကျွန်တော့်ကို နားလည်ပါ မြကြာယံရယ်။

ပြီးတော့ ... ယုံပါ။

ကျွန်တော့်ရင်ထဲမှာ မြကြာယံကလွဲပြီး တခြား ဘယ်မိန်းကလေးကိုမှ အစားမထိုးနိုင်ဘူးဆိုတာ မြကြာယံ ယုံကြည်ထားလိုက်စမ်းပါဗျာ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

မထင်ပါ ...။

လုံးဝထင်မှတ်မထားမိတဲ့ မြင်ကွင်းတစ်ခု။

ကျွန်မရဲ့ အသည်းနှလုံးတွေကို တစ်စစီခြွေဖျက်ခံလိုက်ရသလို ... တဆတ်ဆတ် နာကျင်သွားရသည်။ ဖြစ်နိုင်ပါ့မလား ... ကျွန်မမျက်လုံးတွေပဲ ... အမြင်မှားနေတာလားဆိုပြီး ... အသေအချာ ကြည့်မိသေး၏။

ကျွန်မ အမြင်လုံးဝ မမှားနိုင်ပါ ...။

သူမှ သူအစစ် ...။

ကိုနေမင်းညို ...။

အမျိုးသမီးကလေးတစ်ယောက်နှင့် တွဲလို့ ...။

ရက်စက်လိုက်တာ ... ရှင်ဘာကြောင့် ဒီလောက်ဟောင် အပြောင်းအလွဲ မြန်ရတာလဲ ... ကျွန်မလုံးဝမထင်မိဘူး။ ရှင်ဒီလောက် မျက်နှာပြောင် တိုက်ရဲလိမ့်မယ်လို့ မထင်မိဘူး ကိုနေမင်းညို ...



ကျွန်မကတော့ ...။

ရှင့်အပေါ် ယုံကြည်လိုက်ရတာ ... မျှော်လင့်လိုက်ရတာ ... ကျွန်မဘဝကို နားလည်မှု အပေးနိုင်ဆုံးလူဆိုပြီး အထင်ကြီးလိုက်ရတာ ... အခုတော့ အားလုံးအလကားပဲ။

"ကလေး ... မြကြာယံ"

"ကြီးစိမ်းရယ် ..."

ဒေါ်စိမ်းလည်း မြင်ပါသည် ... မောင်နေမင်းညို တခြားကောင်မလေးတစ်ယောက်နှင့် တွဲလို့ ...။ ဒေါ်စိမ်း တစ်နေ့ဒီလိုပဲ ဖြစ်လာမယ်ဆိုတာသိလို့ ... မြကြာယံကို ဒေါ်စိမ်း တားဆီးခဲ့တာပေါ့။ သံယောဇဉ်ဆိုတာလည်း အခက်သားမဟုတ်လား။

အခုတော့ ...။

မြကြာယံပဲ စိတ်ဆင်းရဲရပြီ မဟုတ်ပါလား ...။ ဒါဟာ ဓမ္မတာတစ်ခုပါပဲ ... မောင်နေမင်းညိုလို ... ဘက်စုံပြည့်ဝတဲ့သူမို့ ဘယ်မိန်းကလေးနဲ့မဆို တင့်တယ်နေပြီးသား။ လူရာဝင်တဲ့ မိန်းမတစ်ဦးကိုပဲ ... သူစဉ်းစားတာ မဆန်းပါဘူးလေ ...။

ဟိုမိန်းကလေး ကြည့်ရတာ ... ပညာတတ်၊ ငွေကြေးချမ်းသာတဲ့ အသိုင်းအဝိုင်းကဖြစ်မည့်ပုံ။ မြကြာယံထက်စာရင် အစစအရာရာ သာလွန်တော့လည်း ... သူ့ရွေးချယ်မှု မမှားပါဘူးလေ။

"ကလေးရယ် ... စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကြီးစိမ်းရယ် ... မြကြာယံ။ စိတ်မခံစားနိုင်တော့လို့ပါ ... အရမ်းကိုပဲ အံ့သြမိပါတယ် ... သူ ... သူ သိပ်ရက်စက်တာပဲ ကြီးစိမ်းရယ် ..."

"ဒါဟာ ... သဘာဝပဲ ကလေးရယ်။ နားလည်လိုက်ပါ သမီးလေးရယ် ... သူ့ကို မေ့ပစ်လိုက်ပါတော့နော် ကလေး"

"ကြီးစိမ်း ... အဲ့လောက်လွယ်ရင် သိပ်ကောင်းမှာပဲ"

ဖြစ်မှဖြစ်ရလေ ကလေးရယ် ... ကလေးရဲ့ကကိုက ဆိုးဝါးလွန်းလိုက်တာ ဘယ်ဘဝကဝဋ်ကြွေးတွေများလဲကွယ်။ ပေးဆပ်ရတာတွေက . များလိုက်တာနော် ကြီးစိမ်း စိတ်မကောင်းစွာ ခေါင်းကိုခါယမ်းလိုက်မိသည်။

ကိုနေမင်းညို ...။

ရှင့်ကို သိပ်မုန်းတယ်။

ကျွန်မကတော့ ... ရှင့်ရဲ့စကားလေးတွေ ... ရှင့်ရဲ့အကြင်နာ အယုအယတွေထဲမှာ စိတ်ကူးတွေ တ... ကြီးယဉ်ပြီး ... သာယာနေမိလိုက်တာ ... ရှင့်ကို ယုံကြည်လိုက်ရတာ ... အခုတော့ ... ရှင်ဟာ အလကားလူတ... ယောက်ပဲ ...။ ကျွန်မ ရှင့်ကို သိပ်ရွံသွားပြီ သိလား။

ကျွန်မ ရှင့်ကို အထင်ကြီးခဲ့တာတွေ အားလု... အလကားပဲ ...

မိန်းမတစ်ယောက်ကို ... တကယ်လက်မတွဲ... ပဲနဲ့။ ချစ်ပါတယ် ... လက်ထပ်ပါရစေတဲ့။

သိပ်ရယ်ရတာပဲ ကိုနေမင်းညိုရယ် ...။



ဒါပေမယ့် ...။

ကျွန်မ ရှင့်ကို နားလည်နိုင်ပါတယ် ... လူတကာ ပွဲလယ်မတင့်တဲ့ မိန်းမတစ်ယောက်ထက် ... အစစသာတဲ့ မိန်းမတစ်ယောက်ကို ရှင်တွဲတာ သဘာဝကျပါတယ်။ ရှင်လည်း လူထဲက လူတစ်ယောက်ပဲလေ ... လူကျင့်ပဲကျင့်မှာပေါ့။

ကျွန်မ စိတ်မကောင်း ဖြစ်တာက ...

ကျွန်မရဲ့ဘဝ ... ကျွန်မရဲ့ကံကြမ္မာကိုပဲ။

ကျွန်မ ဝန်ခံပါတယ် ...။

ကျွန်မ ရှင့်ကို လေးစားခဲ့တယ် ... အထင်ကြီးခဲ့တယ် ... ယုံကြည်ခဲ့မိတယ် ... ချစ်ခဲ့မိတယ်။ ဒါပေမယ့် အခုတော့ အဲ့ဒါတွေအားလုံး ပြောင်းပြန်တွေ ဖြစ်သွားရပြီ ကိုနေမင်းညို ...

ကျွန်မ အရမ်းကို ကြောက်သွားပြီ ...။

လူ့ပတ်ဝန်းကျင်ကို ကြီးစိမ်းက ... ကင်းကင်းရှင်းရှင်း နေခိုင်းတာ အစကတော့ ကျွန်မစိတ်ညစ်ခဲ့မိတယ်။

ကြီးစိမ်းပြောတာ သိပ်မှန်တာပဲ ...။

ကြီးစိမ်းစကားတွေကို ... မြကြာယံ နားမထောင်ခဲ့ ... အလေးမထားခဲ့မိတာ သိပ်မှားတာပဲ။ ကိုယ့်ဘာသာ အေးအေးဆေးဆေး နေခဲ့မိရင် အကောင်းသား။

"ကျွန်တော့်ကို မကြောက်ပါနဲ့ ... ကျွန်တော့်ကိုယုံပါ"ဟု အထပ်ထပ် ပြောနေသော သူ့ရဲ့စကားသံတွေက ကျွန်မနားထဲတွင် ပြန်ကြားယောင်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

သူ့ရဲ့ သနားကရုဏာသက်နေတဲ့ မျက်ဝန်းတွေက ကျွန်မမျက်ဝန်းတွေထဲက ထုတ်ပစ်လို့မရ၊ ကျွန်တော့်ကြောင့် မြကြာယံ ဘယ်တော့မှ စိတ်မညစ်စေချင်ဘူးဘဲ့။

ကျွန်တော့်ကို ချစ်လိုက်ရလို့ မြကြာယံ ... ဘယ်တော့မှ နောင်တရမနေစေရဘူးတဲ့လေ ...။

ဘယ်လောက် အပြောကောင်းတဲ့ ... ကိုနေမင်းသိုလဲလို့။ အခုတော့ ... အဲဒါတွေ အားလုံးကို ရင်မှေ့ပစ်လိုက်ပြီပေါ့နော်။

ကျွန်တော့်ရင်ထဲ တထိတ်ထိတ်ဒိုးရိမ်မှုဟာ ... ကျွန်တော့်ကို အဟော်လေး ဒုက္ခပေးနေခဲ့သည်။ နေလို့ထိုင်လို့ ... မရအောင် ဖြစ်နေရ၏။

ကျွန်တော် တစ်ခုခုကို ... သိနေသလို ခံစားလိုရနေသည်။

ကျွန်တော် ပြန်လာတော့လည်း မေမေနှင့်က အဆင်မပြေပြန် ... ကျွန်တော် ဘယ်လောက်ပဲ လုပ်ပေးလုပ်ပေး မေမေက မကျေနပ်နိုင်။

အရမ်းကို စိတ်ညစ်ရသည်။

မြကြာယံရယ် ...။

ကျွန်တော့်ကို ခဏတော့ ခွင့်လွှတ်ပေးပါ။



ကျွန်တော့်ကို ယုံပါဗျာ။ မိန်းမတစ်ယောက်ကို လက်မထပ်ရသေးဘဲနဲ့ အခွင့်အရေးယူတယ် ... လိမ်လည်လှည့်ဖြားတယ်လို့တော့ မထင်လိုက်ပါနဲ့ ...။

ကျွန်တော့်ဘဝဟာ မြကြာယံပါ ...။

မချစ်တာထက်စာရင် မမုန်းသွားတာကိုပဲ ကျွန်တော် ကျေနပ်ဖြေသိမ့်နိုင်ပါတယ် ...။

ကျွန်တော် မြကြာယံ ... အထင်လွဲသွားမှာ ... အထင်သေးသွားမှာ သိပ်ကြောက်တယ် ...

တစ်ချိန်လုံး ...

မြတ်ပန်းနွယ်ကိုယူဖို့ မေမေက ပြောနေတယ်။

ကျွန်တော် မြတ်ပန်းနွယ်ကို အားနာမိ၏ ...။

ဘာပဲပြောပြော ...

သူမက ဆရာဝန်။ ပြီးတော့ ရိုးသားအေးချမ်းသူ ... ဘာချွတ်ယွင်းချက်မှမရှိဘဲ ... ကျွန်တော်က ငြင်းတယ်ဆိုတော့လည်း။ သူမ တော်တော်လေး ရှက်သွားမှာပဲ ... သူမအပေါ် ကိုယ်ချင်းမစာသလို ဖြစ်သွားနိုင်သည်။

ဒါပေမယ့် ...။

ကျွန်တော် မတတ်နိုင်ဘူးဗျာ ... ကျွန်တော့်ကို ခွင့်လွှတ်ပါ ... ကျွန်တော့်ဘဝကို အားငယ်ကြောက်ရွံ့နေရတဲ့ မြကြာယံကိုပဲ အားပေးနှစ်သိမ့်ရင်း ပေးဆပ်ပါရစေတော့။

မြတ်ပန်းနွယ်က ...

ဒေါက်တာမ ...။ ပြီးတော့ မိဘကလည်း ကျိုကျိုတက် ချမ်းသာပြီး ... တစ်ဦးတည်းသောသမီး။ ရုပ်

www.burmeseclassic.com

www.burmeseclassic.com



ရည်ကျတော့လည်း ပြောစရာမလိုအောင် ပြေပြေပြစ်ပြစ်ရှိပြီးသား ... ဘာတစ်ခုမှ အပြစ်ပြောစရာမရှိတဲ့ ဘဝမှာ ... ကျွန်တော့်ထက် အဆအများကြီးသာတဲ့ လူတွေကို ရနိုင်ပါသေးတယ်။

မြကြာယံ ဘဝက ...

မိဘကလည်း မရှိ။ အပေါင်းအသင်းမရှိ၊ ဆွေမျိုးဟူ၍မရှိ၊ ပျော်ရွှင်ခြင်း၊ ကျေနပ်ခြင်း၊ ဝမ်းသာခြင်းဆိုတာ ဘယ်ဆီနေမှန်းတောင် မသိရတဲ့အဖြစ် ...သနားစဖွယ် အခန်းကျဉ်းကလေးထဲမှာပဲ တစ်နေကုန် တစ်နေခမ်း ရှင်သန်နေရတဲ့ဘဝ။

မြကြာယံမှာ ... ငွေကြေးအသင့်အတင့် စားနေသောက်နေနိုင်တာကလွဲပြီး ဘာပညာအရည်အချင်းမှ လိုက်မမီတဲ့သူ ...။

ပြီးတော့ ...။

မြကြာယံကို ကျွန်တော်ချစ်သည်။ သူမရဲ့ အားငယ်နေတဲ့ မျက်ဝန်းကလေးတွေကို ကျွန်တော်သနားသည်။ သူမကို ကျွန်တော် ဘယ်လိုမှ မေ့ပစ်လို့ရမှာ မဟုတ်တော့။

သူမကို ကျွန်တော် လက်တွဲခေါ်မည်။

သူမဘဝ ကျွန်တော့်ကြောင့် ကျေနပ်နေစေရမည်။

ပျော်ရွှင်ကြည်နူးနေတဲ့ မျက်နှာကလေးကိုပဲ ကျွန်တော် မြင်ချင်မိသည်။ ကျွန်တော် အခိုင်အမာ ဆုံးဖြတ်ထားမိ၏။

မြကြာယံအပေါ် ...



ကျွန်တော့်ဘဝကို တစ်သက်လုံး ပေးဆပ်ပေတော့မည်။

အဲ့ဒီအတွက် ...။

ကျွန်တော် ပထမဦးဆုံး ရင်ဆိုင်ရမည့်သူသည် ကျွန်တော်၏အချစ်ဆုံး မေမေဖြစ်သည်။

မြကြာယံနှင့် ...။

ကျွန်တော် တွေ့နိုင်အောင် အရင်ကြိုးစားရမည်။

ကျွန်တော့်ရည်မှန်းချက်တွေကို သူမ သိအောင် ယုံကြည်လာအောင်၊ လက်ခံအသိပြုလာအောင် ပြောရမည်။

မြကြာယံရယ် ...။

မင်းမျက်နှာလေးကို မမြင်မတွေ့ရတဲ့ ကျွန်တော့်ဘဝက အရမ်းကိုပဲ အထီးကျန်လွန်းတယ်ဗျာ ...။

တစ်ချိန်က ...

မင်းရဲ့ဘေးမှာ ခဏတာလေး နေခွင့်ရခဲ့ရတဲ့အတွက် ကျွန်တော် အရမ်းကြည်နူးခဲ့ရတယ်။ အဲ့ဒီအချိန်ကလေးတွေကို ပြန်တမ်းတမိတယ် မြကြာယံလေးရယ် ...။

ဆေးခန်းက ဆရာဝန်မလေးက ... ကျွန်တော်တို့ကို လင်မယားထင်ပြီး မှားပြောတာကို ... မတားရကောင်းလားဆိုပြီး နှုတ်ခမ်းကြီးစူကာ စိတ်ကောက်နေသော သူမ၏ ချစ်စရာ မျက်နှာကလေးကို ပြန်မြင်ယောင်လာမိသည်။

နောက်ပြီး ...။

သူမ အတွေးလွန်ပြီး အိမ်ရောက်တာတောင် သတိမထားမိတော့ ကျွန်တော်က 'ကျွန်တော့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေးနေတာလား ဒါဆို... မြို့ထဲကားတစ်ပတ်ပြန်မောင်းပေးမယ်လေ ဆက်တွေးလို့ ရတာပေါ့’ဟု နောက်လိုက်ရာ ... ရှက်သွေးများဖြာကာ မျက်နှာကလေးပျက်မတတ် ကျွန်တော့်ကို ရှက်သွားပုံကလေးက မေ့မရတော့ချေ ...။

ကျွန်တော် ...။

သူမနှင့်ပတ်သက်ပြီး ဘာတစ်ခုမှ မေ့မရခဲ့ ...။

အချိန်တိုင်း သူမကိုပဲ တမ်းတခဲ့ရသည်။

သိပ်ထူးဆန်းတာပဲနော် ...

သူမဟာ ဘယ်လောက်များ အစွမ်းထက်လိုက်သလဲလို့။ ခွဲမရအောင် ချစ်ကြပါတယ်ဆိုတဲ့ မေမေနဲ့ ကျွန်တော့်ကြားကို သူမကလေးက တိတ်တဆိတ်ဝင်ရောက်လာပြီး ...။ မထင်မှတ်လောက်အောင် ကျွန်တော့်ကို မေမေ့ရင်ခွင်ထဲက ဆွဲထုတ်နိုင်ခဲ့ပြီး ... သူမအတွက်ဆို ကျွန်တော် အချိန်တိုင်းရှိနေအောင် ဆွဲဆောင်ထားနိုင်ခဲ့တယ်။

ဒါဟာ ...။

သူမ၏ အကြီးမားဆုံး စွမ်းဆောင်နိုင်မှုကြီးပဲ။

မေမေက ...။

မြကြာယံ အကြောင်း လုံးဝ သိသေးပုံမပေါ်။ အေးအေးဆေးဆေးပဲ ဖြစ်နေပြီး ...။ သူ့စိတ်ကူးနှင့်သူ သဘောကျ ကျေနပ်နေ၏။ မြတ်ပန်းနွယ်ကို သူ၏ချွေးမလောင်းအဖြစ် ရွေးချယ်ထားမှုနှင့်အတူ တစ်ချိန်လုံး မြတ်ပန်းနွယ်အတွက်သာ လုံးပန်းနေတတ်သည်။

မြတ်ပန်းနွယ်ကို အိမ်ခေါ် ထမင်းဖိတ်ကျွေးရတာနှင့် ... အားတဲ့အချိန်တွင်လည်း ... မြတ်ပန်းနွယ်အိမ် သွားရောက်လည်ပတ်နေရတာနှင့် အလုပ်ရှုပ်နေတတ်ပြီး ... စိတ်ပျက်စရာ ကောင်းတာက ကျွန်တော့်ကိုပါ အတင်းခေါ်သွားကာ ... မြတ်ပန်းနွယ်နှင့် ရင်းနှီးအောင် တမင်လုပ်ခြင်းပင် ဖြစ်သည်။



ကျွန်တော့်ရဲ့ အေးစက်စက် အမူအရာတွေကို မေမေ နည်းနည်းလေးမှ သဘောမကျသော်လည်း အပြစ်တော့ သိပ်မပြောတော့ ...။

ကျွန်တော် စိတ်အရမ်းညစ်ပြီ ...

တစ်ခုခု လုပ်သွားမှာ မေမေ သေမလောက်စိုးရိမ်နေ၏။ အရင်ကလို ကျွန်တော့်အပေါ် သိပ်ချုပ်ချယ်ထားခြင်း မရှိတော့ ... သဘောကောင်းစွာ လိုက်လိုက်လျှောလျှော ဆက်ဆံတတ်သည်။

ကျွန်တော် သိပါသည်။

မေမေဟာ သူမဆန္ဒကို အသာတကြည် လက်ခံလိုက်လျှောနိုင်ရေးအတွက် ဆွဲဆောင်မှု အကောင်းဆုံးတစ်ခုကို ကျင့်သုံးနေတာပဲ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၇)

ကျွန်မ တစ်သက်နဲ့တစ်ကိုယ် ဤသို့လျှို့ဝှက်စွာ လုပ်ဆောင်နိုင်လိမ့်မည်ဟု နေမင်းညို အပေါ် လုံးဝကို ထင်မှတ်မထားပါ ...

သားဟာ ကျွန်မကို သိပ်ချစ်သလို ... အရမ်းကို အလိုက်သိစွာ နေတတ်သူဟုသာ ထင်မှတ်ခဲ့သည်။

သားဟာ ကျွန်မကို လိမ်ခဲ့လိမ့်မယ်၊ ညာခဲ့လိမ့်မယ်လို့ လုံးဝမတွေးခဲ့မိပေ။ ကျွန်မ ယုံကြည်ထားခဲ့သော၊ အထင်ကြီးထားခဲ့မိသော ကျွန်မ သိပ်ချစ်တဲ့သား၊ ကျွန်မကို သိပ်ချစ်တယ်လို့ ထင်ထားမိတဲ့ ကျွန်မရဲ့သားမှာ ကျွန်မထက် ပိုချစ်ရမယ့်သူ ရှိနေသတဲ့ ...။

ငြိမ်းငြိမ်း ပြောမှ ကျွန်မ သိခဲ့ရ၏ ...။

သား ကောင်မလေးတစ်ယောက်နှင့် လျှောက်လည်တာ ငြိမ်းငြိမ်း၏သား တွေ့ခဲ့တာတဲ့ ...။ ကျွန်မ ဘယ်လောက် သွေးပျက်ခဲ့ရသလဲ။ ဒါကြောင့် ... အခုတလော



သားပုံစံက တစ်မျိုးဖြစ်နေတာကို ... ကျွန်မ လုံးဝသတိလက်လွှတ်နေခဲ့မိတာ မှားတာပဲ။

ဘယ်က ကောင်မလေးလဲ ...။

မဟုတ်တာတွေနှင့် သားကို ငြိစွန်းမှာ ဒေါ်ညိုညို ခင် သိပ်စိုးရိမ်မိသည်။ မဖြစ်သေးပါဘူး ... သားကိုမြတ်မန်းနွယ်နှင့်ပဲ ကျွန်မသဘောတူသည်။ တခြားလူတွေနှင့် မပေးစား...င်ပါဘူး။

တားရမယ် ...။

သားကို ဒီအတိုင်း ဆက်လွှတ်ထားလို့တော့ လုံးဝမဖြစ်တော့ဘူး။ မဖြစ်သင့်တာ မဖြစ်အောင်တော့ အတတ်နိုင်ဆုံး တားရမည်။ ဒါကြောင့် ... ကျွန်မစိတ်ထဲမှာတော့ ထင်မိသား။

မြတ်မန်းနွယ်ကို သား လုံးဝစိတ်ဝင်စားမှု မရှိ။

ကျွန်မကတော့ ... သားက မိန်းကလေးတွေနှင့် ကင်းကင်းနေရလွန်းလို့ ဆက်ဆံရေးမှာ သားနည်းနည်းအားနည်းတယ်လို့ ထင်တားမိတာ ...။

ငြိမ်းငြိမ်း ပြောစကားအရဆို ...။

ကောင်မလေးကအရမ်းလှတယ်လို့ သိရပြီး ... သားကလည်း အရမ်းချစ်ပုံရတယ်တဲ့ ...။ ကျွန်မ ခရီးထွက်သွားတဲ့ အချိန်ကလေးမှာ ... မထင်မှတ်လောက်အော ပြောင်းလဲသွားတာပဲ။

ကျွန်မ စီစဉ်စရာရှိတာ စီစဉ်ရမယ် ...။ ကျွန်မဘက်က လက်ဦးမှုကို အရယူမှ ဖြစ်တော့မ...။ အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေးနေလို့ မရတော့ ...။

သားကလည်း ခေသူမဟုတ် ...။

ဒေါ်ညိုညိုခင့်သား ပီသစွာ အရာရာမှာ ပိပိရိရိ နေတတ်သူပဲ။ မေမေ သိပ်ကို နောင်တရတယ် နေမင်းညို မင်းကို ယုံကြည်ခဲ့မိတဲ့အတွက် မေမေ အရမ်းကို နောင်တရ မိတယ် ...။

ဒေါ်ညိုညိုခင်တစ်ယောက် ...

အပူမီးများ၏ တရှိန်းရှိန်း တောက်လောင်နေရ တော့သည်။ ဦးနှောက်တစ်ခုလုံး ထူပူသွားအောင် ဘာဆက် လုပ်ရမှန်းတောင် မသိတော့ချေ ...။

အခွင့်အရေး နည်းနည်းရသည်နှင့် နေမင်းညို မြကြာယံနှင့် တွေ့ရဖို့ ကြံစည်နေမိသည်။ မေမေလည်းမရှိ ဒေါ်ငြိမ်းငြိမ်းဆီ သွားလည်မလို့တဲ့ ... အမိနာကလည်း မီးဖို ချောင်ထဲမှာ ...။

ကြီးစိမ်း ဈေးဝယ်ရန် ထွက်လာပြီး ... အခန်း သော့တွေ ပိတ်နေတာ တွေ့ရ၏။ မြကြာယံ တစ်ယောက် တည်း ရှိနေတော့မည် ...။ ဒါ အခွင့်အရေးတစ်ခုပဲ ... လက် လွှတ်ခံလို့ မဖြစ်ပေ။

မေမေက စိတ်ချရတာမဟုတ် ... မြတ်ပန်းနွယ် နှင့် အတင်းပေးစားမှာ။ ကျွန်တော် လုပ်စရာရှိတာ မြန်မြန် လုပ်မှ ဖြစ်တော့မည်။ မေမေက လွယ်တာမဟုတ် ...။

မြကြာယံတစ်ယောက် ... ကြီးစိမ်းဈေးဝယ်သွား တာနှင့် အိမ်နောက်ဖေးမီးဖိုချောင်သို့ဝင်ကာ အိုးခွက်ပန်းကန်



များ ဆေးကြောနေမိသည်။

ဘာရယ်တော့ မဟုတ် ... ကိုနေမင်းညိုကို သတိရနေမိ၏။

စိတ်ပြေလက်ပျောက်အလုပ်တွေပဲ ဖိလုပ်မိသည်။

"မြကြာယံ ..."

အတွေးလွန်နေခိုက် သူ့အသံကို ရုတ်တရက် ကြားလိုက်ရ၍ အရမ်းကို အံ့သြစွာ နောက်သို့လှည့်ကြည့်မိ သည်။

"ဟင် ... ရှင် ... ရှင်"

"မြကြာယံ ... ကျွန်တော် ..."

"ရှင် ... ဒီကို ဘယ်လိုလုပ် လာတာလဲ ... ရှင် ကျွန်မ ကို ဘာလာနှောင့်ယှက်ပြန်တာလဲ ... ကိုနေမင်းညို"

"ဘယ်လို ... ဘယ်လို ပြောလိုက်တာလဲ မြကြာယံ ရယ် ... ကျွန်တော့်ကို နှောင့်ယှက်တယ်လို့ ထင်နေ ပြီလား ..."

"ကျွန်မ ရှင့်ကို ဘာမှမပြောချင်တော့ဘူး ... ရှင်သွား ပါတော့ ကိုနေမင်းညို ... ကျွန်မ တောင်းပန်ပါတယ်"

"မသွားဘူးဗျာ ... မြကြာယံကို ကျွန်တော်ချစ်တယ်"

"မပြောနဲ့ ... ရှင် ကျွန်မကို ဒီလောက်အရှုးလုပ်ရရင် ပဲ ... ကျေနပ်ပါတော့ ... သွားပါတော့ရှင်"

"မြကြာယံ ... ဘာတွေဖြစ်နေတာလဲ။ ကျွန်တော်ဖြင့် နားတောင် မလည်တော့ဘူးဗျာ ... ကျွန်တော် မြကြာယံ ကို ဘာများအရှုးလုပ်မိလို့လဲ ... ကျွန်တော် မြကြာယံကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်တာ ... လက်ထပ်ချင်တာ အရူးလုပ်တာလား”

“တော် ... တော်ပါတော့ရှင်။ အဲ့ဒီအပြောတွေနဲ့ ရှင် မိန်းမဘယ်နှစ်ယောက်လောက်ကို ... သိမ်းသွင်းပြီးပြီလဲ။ ကျွန်မကိုရော ... ရှင် ဘယ်လောက်ထိ လိမ်ညာနေဦး မှာလဲ ... ပြောစမ်းပါဦး ... ကိုနေမင်းညို”

“မြကြာယံ ... ဘာတွေပြောနေတာလဲ။ ကျွန်တော် နားမလည်နိုင်တော့ဘူးဗျာ။ အခု ... ကျွန်တော့်မှာ ဘာတွေဒုက္ခ ဖြစ်နေရသလဲဆိုတာ မြကြာယံသိရဲ့လား”

စိတ်မရှည်တော့သလို သူမပခုံးကို ဆုပ်ကိုင်ကာ မေးလိုက်မိသည်။

“ဟင် ... ရှင် ... ရှင်ဒါဘာလုပ်တာလဲ ... လွှတ်နော်”

“မလွှတ်ဘူးဗျာ ... ကျွန်တော်ပြောတာ၊ ကျွန်တော် ရှင်းပြတာကို သေချာနားထောင်မှ လွှတ်မယ်”

“အို ... နားမထောင်ဘူး ... နားမထောင်နိုင်ဘူး ... ရှင်လွှတ်နော်”

“မလွှတ်ဘူး ... မြကြာယံ။

ကျွန်တော် မင်းကို သိပ်ချစ်တယ် ...”

“မပြောနဲ့ ... မပြောနဲ့”

သူမ အော်ပစ်လိုက်မိသည် ... တော်ပါတော့ ကိုနေမင်းညို ... ကျွန်မကို နောက်တစ်ကြိမ် ထပ်မနှိပ်စက် ချင်ပါနဲ့တော့ ...။

“လွှတ် ... ရှင့်ကို သိပ်မုန်းတယ်။ မိန်းမတစ်ယောက် ရဲ့ အားနည်းချက်ကိုဖိပြီး အနိုင်ယူတဲ့လူ ... ရှင့်ကို



ကျွန်မရွံတယ် သိလား”

ပြောလည်းပြော ... ပါးပြင်ပေါ်သို့ မျက်ရည်ဥ ကြီးတွေ တလိမ့်လိမ့် ကျလာရတော့သည်။

“ဟာ ...။ မြကြာယံ ... မင်း ... မင်း ... ကျွန်တော့်ကို ဘယ်လိုပြောလိုက်တယ်”

အံ့ဩမင်သက်စွာ ... မယုံကြည်နိုင်စွာ သူမကို ကျွန်တော် ကြည့်နေမိ၏။

မြကြာယံ ... သူ့လက်မှ လွတ်တာနှင့် အနီးရှိ ဓားတစ်ချောင်းကို ကောက်ကိုင်ပြီး ... သူ့ကိုချိန်ရွယ်လိုက် ကာ ...

“ရှင် ... သွားနော်။ ကျွန်မ ရှင့်ကို ဘာမှမလုပ်ရဲဘူး မထင်နဲ့။ ဒီမှာတွေ့လား ...”

“မြကြာယံ ...”

ကျွန်တော် သူမကို အရမ်းအံ့ဩသွားရသည်။

မြကြာယံရယ် ... မင်းဒီလောက်ခံစားရလိမ့်မယ် လို့ ကျွန်တော် မတွေးခဲ့မိဘူးဗျာ။ ယုံကြည်မှု ကင်းနေတဲ့ မြကြာယံကို ကျွန်တော် ဘယ်လိုရှင်းပြရမလဲ ...။

ကြည့်စမ်း ...။

ကျွန်တော့်ကို သူမ ဘယ်လောက်များ စိတ်နာ သွားပြီလဲ။

ကျွန်တော့်ကို သတ်ဖို့တောင် သူမ ဝန်မလေး တော့ပါလား။ မြကြာယံရယ် ... ကျွန်တော့်ကို ဒီလောက်တောင် အထင်သေးသွားပြီလားကွာ။ တကယ်ဆို မင်းရဲ့နှလုံးသား

www.burmeseclassic.com

www.burmeseclassic.com



တွေကို ဒဏ်ရာရအောင် ငါမလုပ်ချင်ပါဘူး ... မင်းစိတ်ညစ်နေမှာကို ကျွန်တော် သိပ်စိုးရိမ်ခဲ့ပါတယ်။ ကျွန်တော့်ကြောင့် မင်းရဲ့ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းခဲ့ရတယ်ဆိုရင် ... ကျွန်တော့်ကို စိတ်ကျေနပ်တဲ့အထိသာ အပြစ်ပေးပါတော့ ကျွန်တော် ခံယူပါ့မယ် မြကြာယံရယ် ...။

"ရှင့်ကို သွားလို့ ပြောနေတာ မရဘူးလား ..."

"မြကြာယံ ..."

"ရှင် ... ရှင် ကျွန်မအနား မကပ်နဲ့နော် ... ကျွန်မ တကယ်ထိုးလိုက်မှာ"

"ထိုးစမ်း ... ထိုးလိုက်စမ်းပါ။ မြကြာယံ ... မင်းရဲ့ အယုံအကြည်မဲ့တဲ့ဘဝမှာ နေရတာထက်စာရင် ... သေသွားတာပဲ ကောင်းဦးမယ်"

"ထွက်သွားစမ်း ... ကိုနေမင်းညို။ ရှင်သွားတော့"

"မသွားဘူးကွာ ... မင်း ဘာဖြစ်လို့ အဲ့လောက်တောင်"

ကျွန်တော့်စကားပင် မဆုံးလိုက်ပါ။ နာကျင်မှုဝေဒနာတစ်ခုက ... ကျွန်တော့်လက်မောင်းသားဆီမှ ခံစားလိုက်ရ၏ ...။

"အို ..."

ကျွန်တော့်ကိုကြည့်ပြီး မြကြာယံ ကြောင်သွားသည်။

"ရော့ ... မြကြာယံ။

ဓားချက်က လွဲနေတယ် ... ရော့ ... ယူလေ၊ ကျွန်တော့် နှလုံးသားက ဒီမှာဗျ ... ထပ်ထိုးစမ်းပါ၊



ယူပါ ... မြကြာယံ"

ကျွန်မ ခေါင်းကို တွင်တွင်ခါယမ်းမိသည် ...။ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး တသိမ့်သိမ့် ရှိုက်ငိုမိ၏ ... ကျွန်မ ဘာတွေဖြစ်သွားလဲ ... ဒေါသဖြစ်ဖြစ်နှင့် ကျွန်မ ဘာလုပ်မိလိုက်သလဲ ...။

အသိပြန်ဝင်တော့ ...

ကိုနေမင်းညို၏ လက်မောင်းတွင် သွေးများ ပန်းထွက်ကာ စိုရွှဲနေ၏ ...။

"ဟင် ... ရှင် ... ရှင့်လက်မှာ"

"မြကြာယံ ..."

"ကျွန်မ ... ကျွန်မကို မဖမ်းပါနဲ့နော်"

"မြကြာယံရယ် ... မင်း ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတာကိုပဲ ကျွန်တော် တကယ် စိတ်မကောင်း ဖြစ်ရပါတယ်"

"ကိုနေမင်းညို ... ရှင့်လက်မှာ သွေးတွေအရမ်းထွက်နေတယ်"

"ကိစ္စမရှိပါဘူး ... မြကြာယံ ... မင်းကျေနပ်တယ် မဟုတ်လား"

"အို ... ကိုနေမင်းညိုရယ်"

တကယ်တမ်းကျတော့ ကျွန်မ အသည်းနှလုံးတွေကို မလိမ်ညာချင်ပါ။ ရှင့်ကို ကျွန်မ တစ်စက်ကလေးမှ မေ့မရခဲ့ပါဘူး ...

လက်မောင်းကဒဏ်ရာက မြင်မကောင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



ပင် သွေးတွေထွက်နေ၏။

မြကြာယံ ...။

စိုးရိမ်သွားမိသည်။

"ကိုနေမင်းညို ... ရှင့်လက်မှာ သွေးတွေအရမ်းထွက်နေတယ်"

"ရပါတယ် ... မဖြစ်စလောက်လေးပါ။ မြကြာယံ ... ကျွန်တော့်ကိုယုံပါ။ ကျွန်တော် မြကြာယံကို တကယ်ချစ်တာပါ ... ကျွန်တော် အမှန်အတိုင်း ပြောရရင် ... မေမေကအစ ကျွန်တော့်ကို ဒေါက်တာမြတ်ပန်းနွယ်နဲ့ သဘောတူပြီး အတင်းပေးစားတော့မှာ။ ကျွန်တော် မြကြာယံကိုပဲ ချစ်တယ်၊ မြကြာယံကိုပဲ ကျွန်တော် လက်ထပ်မယ် ... ဒါဟာ ကျွန်တော့်ဆုံးဖြတ်ချက်ပဲ၊ ဒါကြောင့် ... မြကြာယံသာ ကျွန်တော့်လက်ကို မဖြုတ်တမ်းတွဲပြီး အရာရာကို ရင်ဆိုင်ရဲတယ်ဆိုရင် ကျွန်တော် ကျေနပ်ပါပြီ မြကြာယံရယ်"

အို ...။

ကိုနေမင်းညိုရယ်။

မြကြာယံ သိပ်ကိုမှားသွားပြီပေါ့နော်။

တကယ်တော့ ... ကျွန်မရှင့်အချစ်တွေ၊ ရှင့်မေတ္တာတွေကို စော်ကားမိလိုက်ပြီ။ ကျွန်မကို ရှင်ဒီလောက်တောင် ချစ်ရသလား ရှင်ရယ် ...။

"မြကြာယံ ..."

"ရှင် ..."



"ကျွန်တော့်ကို ... ချစ်သလားဟင်"

"အို ..."

မြကြာယံ ... ရှက်ရွံ့စွာ ခေါင်းကလေး ငုံ့သွားသည်၊ ကျွန်တော် ကျေနပ်ပါတယ် မြကြာယံလေးရယ် ...။

"ပြောလေ ... မြကြာယံ"

"ကျွန်မရဲ့ နောက်ကြောင်း ..."

စကားပင် ဆုံးအောင် မပြောလိုက်ရပါ ... သူ့လက်တွေက သူမနှုတ်ခမ်းလေးကို လာရောက်တားဆီးလိုက်တော့သည်။

"ကျွန်တော့်ကို ချစ်ရမှာ အဲ့ဒါတွေကို ဘာလို့ထည့်ထည့် စဉ်းစားနေရတာလဲ မြကြာယံရယ် ... အဲ့ဒီအကြောင်းတွေ သိတော့ရော ကျွန်တော့်မှာ ဘာအကျိုးတွေ ရမှာမို့လို့လဲဗျာ ... ကျွန်တော်ချစ်တာ မြကြာယံကိုပါ။ ကျွန်တော် မြတ်နိုးတွယ်တာမိတာ မြကြာယံကိုပဲလေ ... ကျန်တာတွေ ကျွန်တော် စိတ်မဝင်စားဘူးဗျာ"

"ကိုနေမင်းညိုရယ်"

ကျွန်မ ရှင့်အချစ်တွေကို ယုံပါပြီ ...။

ရှင့်ရဲ့ ဖြူစင်ရိုးသားတဲ့ မေတ္တာတွေကို ကျွန်မ ဘယ်လိုမှ ငြင်းပယ်လို့ မရတော့ပါဘူး ရှင်ရယ် ...။

"မြကြာယံ ..."

"ရှင် ..."

"ကျွန်တော့်ကို ... ချစ်တယ်မို့လား"

www.burmeseclassic.com

www.burmeseclassic.com



"... ... ..."

ကျွန်မ ခေါင်းလေးညိတ်ကာ အဖြေပေးမှုကို ... သူက မကျေနပ်စွာဖြင့် ကျွန်မခေါင်းကလေးကို အသာမော့စေ၍ ...

"ပါးစပ်က ဖြေပါလားဗျာ ... ကျွန်တော် ကြားချင်လို့ပါ"

"ဟင့်အင်း ... ဖြေချင်ပါဘူး။ ရှက်စရာကြီး"

"မြကြာယံရယ် ..."

စူအောင့်အောင့် အပြောကလေးကြောင့် ကျွန်တော် မချင့်မရဲနှင့် သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်ထားလိုက်မိသည်။

မြကြာယံလေးက ... ကျွန်တော့်ရင်ခွင်ထဲတွင် ငြိမ်သက်နေပြီး တိုးညင်းသော လေသံကလေးဖြင့် ...

"နေရယ် ... ကျွန်မ ရှင့်ကို သိပ်ချစ်တာပဲ သိလား"ဟု ရှက်ရဲရဲကလေး ဝန်ခံရှာ၏။

"မြကြာယံ ... ဘဝတစ်လျှောက်လုံးမှ ... စိတ်သောကတွေနဲ့ အိပ်မက်ဆိုးတွေကိုပဲ အမြဲပိုင်ဆိုင်ခဲ့ရတာ ... နေမင်းညိုဆိုတဲ့ ယောကျ်ားတစ်ယောက်နဲ့တွေ့မှ ကျွန်မ စိတ်ပျော်ရွှင်ခဲ့ရတာလေ ... ရှင်သာ ကျွန်မကို နောက်တစ်ခါ လိမ်ညာသွားရင်တော့ ကျွန်မ သေမှာပဲနေရယ်"

"မြကြာယံလေးရယ် ..."

ဒဏ်ရာကိုပင် ကျွန်တော် မေ့သွားရသည်။

မြကြာယံကလေးကတော့ ကျွန်တော့်ရင်ခွင်ထဲ



မှာ ကလေးလေးတစ်ယောက်သဖွယ် ဖက်တွယ်ကာ ငြိမ်သက်လို့ ...။

ဘယ်သောက် စိတ်ချမ်းသာစရာ ကောင်းလိုက်တဲ့ သောကကြီးလဲကွယ် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

"ဟောတော့ ... ဘုရားရေ ကယ်မပါ။ သား ... နေမင်းညို ဒါက ဘယ်လိုဖြစ်ရတာတုန်း ... အမယ်လေး မေမေ ... ရင်တုန်လိုက်တာကွယ် ပြောပါဦး"

ဒေါ်ညိုညိုခင် မျက်လုံးပြူးနေရပြီ ...

ရင်ဘတ်ကို လက်ဝါးနှင့်ဖိကာ အသက်ကိုမနည်းဝအောင် ရှုနေရသည်။ နေမင်းညို လက်မောင်းက ပတ်တီးအဖွေးသားနှင့် အင်္ကျီတစ်ထည်လုံးလည်း သွေးတွေက မြင်မကောင်းအောင် ပေနေ၏။

"ဘာမှမဖြစ်တော့ပါဘူး မေမေရဲ့ ... မြတ်ပန်းနွယ်ကို မေးကြည့်ပါလား"

"ဟုတ်ပါတယ် အန်တီညို ... မစိုးရိမ်ရပါဘူး အပေါ်ယံလေး ရှပ်ထိသွားတာပါ"

"ဟို ... သားအလုပ်သွားတော့လေ ... သံချွန်တစ်ခုက အုတ်နံရံကထွက်နေတာ ... အမှတ်တမဲ့ တိုက်မိလိုက်



လို့ ... ထိသွားတာပါ"

ပြောလည်းပြော ... မြတ်ပန်းနွယ်ဘက်သို့လည်း မျက်ရိပ်ပြလိုက်မိသည်။ ကျွန်တော့်လက်ကို ဓားနှင့်ထိတာဆို ပြဿနာတွေက ပြီးဆုံးမှာမဟုတ်တော့ ... မေမေက ဟိုတိုင် ဒီတိုင်နှင့်လုပ်မှာ စိုးရိမ်မိ၏။

ကျွန်တော်ကိုက ကံမကောင်းတာ ...

လူရှင်းတဲ့ဆေးခန်းဆိုပြီး မြကြာယံ နေမကောင်းဖြစ်တုန်းက ပြခဲ့သော ဆေးခန်းကို သတိရပြီး ... သွားပြကာမှ။

ဆေးခန်းထိုင်နေသော ဆရာဝန်မက ဒေါက်တာ ပပမဟုတ်ဘဲ ... မြတ်ပန်းနွယ် ဖြစ်နေတာ တွေ့ရ၏။ သွားပြီ ... ဒီဆရာဝန်မနှင့် မြတ်ပန်းနွယ် ဘယ်လိုလုပ်ပြီး ခင်မင်နေတာပါလိမ့်။

ဆေးခန်းသို့ ကျွန်တော် ဝင်လိုက်သည်နှင့် ...

"ဟင် ... ကိုနေမင်းညို"

"ဟာ ... မြတ်ပန်းနွယ်"

"ဘယ်လိုဖြစ်ရတာလဲ ... လက်မောင်းမှာလည်း ဒဏ်ရာကြီးနဲ့ပါလား ... သွေးတောင်အထွက်လွန်နေပြီ"

"ဟုတ်တယ် ... မြတ်ပန်းနွယ်"

"ပြပါဦး ... ကျွန်မ ကြည့်ပါရစေ"

ကျွန်တော် အင်္ကျီချွတ်လိုက်တော့ မြတ်ပန်းနွယ် တစ်ဘက်သို့ လှည့်သွားကာ ... ပြီးမှ

"ဒဏ်ရာက ... တော်တော်နက်တာပဲ ... ဓားနဲ့အထိုး

www.burmeseclassic.com

www.burmeseclassic.com



ခံရတာလားကိုနေမင်းညို"

"ဟုတ်တယ်"

"ရှင် ... ဘယ်သူထိုးတာလဲ"

"မသိပါဘူး ... လူမှားထိုးတာ ဖြစ်မှာပေါ့။ ကျွန်တော့်ကို လူမှားမှန်းသိတော့ တစ်ကျိုးတည်း လစ်ပြေးကြရော"

"ဖြစ်မှဖြစ်ရလေ ... ကိုနေမင်းညိုရယ်။ မသေကောင်း မပျောက်ကောင်းပါလား"

ဒဏ်ရာကိုလည်း ဆေးကြောပေးရင်း မြတ်ပန်းနွယ် စိတ်မကောင်း ဖြစ်မိသည်။ အနည်းဆုံး ခြောက်ချက်လောက်တော့ ချုပ်ရမည်။ ဒဏ်ရာက ကြောက်ကြောက်နှင့်ထိုးပုံရ၏ ... အပေါ်ယံရုပ်ထိကာ ခွဲချလိုက်သလို ရှိသည်။

"ကဲ ... ဒဏ်ရာကိုချုပ်မယ် ကိုနေမင်းညို ... နည်းနည်းတော့ နာမယ်နော်"

"ရပါတယ် ... မြတ်ပန်းနွယ်။ ချုပ်ပါ ..."

"တော်တော်ဆိုးတဲ့ လူတွေပဲနော် ... တစ်ယောက်နဲ့ တစ်ယောက် ရန်ရှာရတယ်လို့"

မြတ်ပန်းနွယ် ဒဏ်ရာကို တစ်ချက်ချင်း ချုပ်နေ၏ ...။

အံကိုတင်းတင်းကြိတ်ကာ ... တောင့်ခံထားမိသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။

အသည်းကို ဆတ်ဆတ်ခါမျှ နာကျင်အောင် ခံစားရ၏။



မြကြာယံကို ...

သတိရမိသည်။

သူမဘာသာ ဓားနှင့်ထိုးပြီး ... ကျွန်တော့်ကို သနားလို့ဆိုပြီး ထိုင်ငိုနေပြန်၏ ... တကယ့်ကလေးလေးတစ်ယောက်လိုပင် ...။

ပြီးတော့ ...။

"နေရယ် ... ကျွန်မ ရှင့်ကို သိပ်ချစ်တာပဲ သိလား"လို့ မရဲတရဲလေး ဝန်ခံရှာတဲ့ သူ့အသံကလေးက ကျွန်တော့်နားထဲက မထွက်တော့။ လက်မောင်းက သွေးတွေကိုကြည့်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ဖြစ်နေတဲ့ ချစ်သူကလေးကိုကြည့်ပြီး ကျွန်တော်ပို၍ပင် မြတ်နိုးသွားရသည်။

သေချာတယ် ...။

ကျွန်တော့် မျှော်လင့်ချက်တွေ အားလုံးကို မြကြာယံဆိုတဲ့ ကောင်မလေးက ... အပိုင်သိမ်းဆည်းသွားနိုင်ခဲ့ပြီလေ။

သူမအတွက်ဆို ... ဘာမဆို ရင်ဆိုင်ရဲတဲ့သတ္တိတွေ စွမ်းအားတွေ ကျွန်တော့်မှာ တစ်ပြိုင်တည်း တိုးဝင်လာခဲ့ရပြီ။

သိပ်ချစ်တယ် ... မြကြာယံရယ်။

မြတ်ပန်းနွယ် ... သေသေချာချာ အနာကိုချုပ်ကာ ဆေးထည့်၍ ပတ်တီးစည်းပေးလိုက်သည်။

ဖြူဝင်းနေသော သူ့လက်မောင်းတွင် ပတ်တီး

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူကြီးက အရုပ်ဆိုးစွာ ရှိနေ၏ ...။

"ပြီးပြီ ... ကိုနေမင်းညို ... ကာကွယ်ဆေးတစ်လုံးတော့ ထိုးပေးမယ်နော်"

"ကျေးဇူးတင်ပါတယ် ... မြတ်ပန်းနွယ်"

"ဆေးခန်းပိတ်တော့မှာပဲ ကိုနေမင်းညို ... ကျွန်မလိုက်ပို့ပါ့မယ် ... ရှင့်လက်ကဒဏ်ရာကြီးနဲ့ မဟုတ်လား"

"အားနာလိုက်တာ ... မြတ်ပန်းနွယ်ရယ်။ ကျွန်တော့်ကြောင့် မြတ်ပန်းနွယ် ... အလုပ်ရှုပ်သွားရတာ စိတ်မကောင်းပါဘူး ..."

"ဒီလိုလည်း မဟုတ်ပါဘူး ကိုနေမင်းညိုရယ်"

"မြတ်ပန်းနွယ်က ... ဒီဆေးခန်းမှာ ထိုင်တာလား"

"ဟင့်အင်း မထိုင်ပါဘူး ... ဒီနေ့ မပပက သူ့မအား လို့ဆိုပြီး ... မြတ်ပန်းနွယ်ကို အကူအညီတောင်းတာနဲ့ ... ပန်းကလည်း အားနေတာနဲ့ ထိုင်ပေးတာ"

"သြော် ..."

အပြန်တွင် ...။

မြတ်ပန်းနွယ်က ကားကိုမောင်းပြီး ပြန်လိုက်ပို့၏ ... မပို့ပါနှင့် ပြောလို့ကလည်း မကောင်း ... ကျွန်တော် အကြီးအကျယ် စိတ်ညစ်နေရလေပြီ ... မြကြာယံအပေါ်က ကြည့်နေတာနှင့်တိုးလျှင် အခက် ...။ မြကြာယံက လုံးဝစိတ်မခံစားနိုင်တဲ့သူ ...။

ဒီတစ်ခါ ...။

ကျွန်တော် ထပ်ညာသွားရင် ... သူမ သေမှာတဲ့။



မြတ်ပန်းနွယ်နှင့် အခုလိုတွဲလာတာသာ မြကြာယံမြင်လို့ကတော့ ဖြေရှင်းလို့ရမှာ မဟုတ်တော့ ...။

"ကိုနေမင်းညို"

"ဗျာ ..."

"မျက်နှာကြီးကလည်း မသာမယာနဲ့ ... ပန်းလိုက်ပို့တာ မကြိုက်လို့လားဟင်"

"ဟာ ... မဟုတ်ပါဘူး။ မြတ်ပန်းနွယ်"

"ကျွန်မကို ပန်းလို့ပဲခေါ်ပါ ... မြတ်ပန်းနွယ်ဆိုတော့ ကြားရတာ ကိုလို့ကန့်လန့်ကြီး ဖြစ်နေတယ်"

"ကျေးဇူးပဲပန်း ... ကျွန်တော် မေမေနဲ့တွေ့ရမှာ စိတ်ညစ်နေတာ ... မေမေ အရမ်းစိုးရိမ်တတ်တာလေ"

"ဟုတ်တယ်နော် ... အန်တီညိုက ရှင့်ကို သိပ်ချစ်တာပဲ ကလေးလေး တစ်ယောက်လိုပဲ မျက်စိအောက်က အပျောက်ခံတာ မဟုတ်ဘူး ... အခုလို ဒဏ်ရာရလာတယ်ဆိုတော့ ပိုဆိုးမှာပေါ့"

"အနားရတာထက် ... မေမေ့ကို ဖြေရှင်းပြရတာ ပိုမောတယ် ... ပန်းရယ် တကယ်ပဲ"

"သိပ်စိတ်မပူပါနဲ့ ... ပန်းလည်းရှိသားပဲ ... ဝိုင်းပြောပေးမှာပေါ့"

"အားကိုးပါတယ်ပန်းရယ် ... ပန်းရဲ့စကားဆို မေမေ လက်ခံမှာပါ"

ကျွန်တော် ထင်သည့်အတိုင်းပင် ...

မေမေ့ မေးခွန်းတွေကို ဒိုင်ခံဖြေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းနွယ်ပါလာ၍ ... မေမေ့မျက်နှာက ကျေနပ်နေပုံတော့ရ၏။ သဘောတွေကျကာ ဒဏ်ရာကို လာလာကြည့်ပေးဖို့ မြတ်ပန်းနွယ်ကို မှာနေ၏။

ကျွန်တော့်ကို ဒဏ်ရာနှင့် ပတ်သက်ပြီး သိပ်အပြစ်မတင်တော့ချေ ...။ အခုမှပဲ ... ကျွန်တော် စိတ်သက်သာရာရတော့သည်။

မေမေနှင့် မြတ်ပန်းနွယ် စကားတွေ လက်ဆုံကျနေ၏။

ခဏကြာတော့ ...။

မြတ်ပန်းနွယ် ပြန်ဖို့ ပြင်ဆင်နေ၏။ ကျွန်တော် လိုက်ပို့ဖို့ ပြင်လိုက်သည်။ မြတ်ပန်းနွယ်ကို ကျွန်တော်ပြောစရာတွေ ရှိသေးသလို ... တောင်လည်း တောင်းပန်ရဦးမည်။

ဆေးခန်းက ဆရာဝန်မနှင့်က သိနေကြတယ် မဟုတ်လား ...

မြကြာယံနှင့် သူ့အကြောင်းကို အနေးနှင့်အမြန် သိမှာပဲ။ မြတ်ပန်းနွယ်ကို ကျွန်တော် ဝန်ခံရမည် တောင်းပန်ရမည်ဖြစ်သည်။

"ပန်းပန်း ... ကျွန်တော်အောက်ကို လိုက်ပို့ပါရစေ"

"ရှင် ..."

ကျွန်တော်၏ ဖြုန်းစားကြီး ပြောင်းလွဲမှုကို မေမေရော မြတ်ပန်းနွယ်ပါ အံ့သြသွား၏။

သို့သော် ...

မေမေက ကျေနပ်စွာဖြင့် ...



"ဟုတ်သားပဲ ... ပို့ပေးလိုက်ပါသားရယ်"

အရင်ကဆို ... မြတ်ပန်းနွယ်ကို လိုက်ပို့ရမှာကြောက်၍ အကြောင်းမျိုးစုံပြကာ ရှောင်နေတတ်သော ကျွန်တော် ...

အခုလို ... လိုလိုလားလား လိုက်ပို့မယ်ဆို၍ မေမေ သဘောတွေကျနေ၏။

"ပန်း ... ပြန်တော့မယ် အန်တီညို"

"အေး ... အေး ... သမီးလေး"

"ကိုနေမင်းညို ... လိုက်ပို့လို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ... ပန်း။ အောက်ထပ်အထိတော့ ... ကျွန်တော် ပို့ပေးနိုင်ပါသေးတယ် ... ဘာလဲ ပန်းက အထင်သေးတာလား"

"အို ... အထင်မသေးပါဘူး။ ခေါင်းမူးမှာစိုးလို့ ပြောတာပါ ... အနာရှိနိက ရှိသေးတယ်လေ"

"ရပါတယ် ..."

မြတ်ပန်းနွယ်ကို ကျွန်တော် အောက်ထပ်သို့ လိုက်ပို့မိသည်။ သူမကတော့ ဘာတွေအတွေးရှိနေသလဲတော့ မသိ ...။

မြတ်ပန်းနွယ်ရယ် ...။

ကျွန်တော့်ကို ခွင့်လွှတ်ပါ။

နားလည်ပေးပါဗျာ ... မိန်းမတစ်ယောက်ကို တကယ် လက်မထပ်နိုင်ဘဲ ကြိုးရှည်ရှည်နဲ့ လှန်မထားချင်ဘူးဗျာ။ မြတ်ပန်းနွယ်ကိုတော့ ကျွန်တော် အမှန်းကို ခင်မင်

www.burmeseclassic.com

www.burmeseclassic.com



မိပါတယ်။

ရုတ်တရက် ...

အောက်ဆုံးအထပ်သို့ အရောက်တွင် ... ကြီးစိမ်း ဝင်လာတာနှင့် ဘွားခနဲ ဆုံတွေ့လိုက်ရ၏။

ကျွန်တော် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ အောင်ပင် ဖြစ်သွားရသည်။ သို့သော် ... ကျွန်တော် အသိ ချင်ဆုံး ... ကျွန်တော်မထင်မှတ်ထားသော လျှို့ဝှက်မှုတစ်ခု ကို အံ့သြစွာ ... မယုံကြည်နိုင်စွာ ဒေါက်တာမြတ်ပန်းနွယ် လုပ်ဆောင်ခဲ့လေသည်။

"ဒေါ်စိမ်း"

မြတ်ပန်းနွယ် ခေါ်သံကြောင့် ကြီးစိမ်း တုန်လှုပ် သွားပြီး ... ကျွန်တော်လည်း ကြောင်သွားရသည်။

"ဒေါ်စိမ်း ... ဟုတ်တယ်မို့လား"

"အို ... မဟုတ်ဘူး ... ကလေး လူမှားနေပြီကွယ်"

"သြော် ... ဆောရီးနော်။ ကျွန်မ လူမှားတာလဲ ဖြစ် ချင်ဖြစ်မှာပါ ... ကျွန်မတို့မြို့ကပြောင်းပြေးတဲ့ အဒေါ် ကြီးတစ်ယောက်နဲ့တူလို့ ... စိတ်မရှိပါနဲ့ ဒေါ်ဒေါ်ရယ်"

မြတ်ပန်းနွယ် စကားကို ...

ကျွန်တော် သဘောပေါက်လိုက်သည်။ ကြီးစိမ်း ကတော့ ... မျက်လုံးပြူး မျက်ဆံပြူးကြီးနှင့် အပေါ်သို့ ကမန်းကတန်း တက်သွားတော့၏။

ကျွန်တော်နှင့် မြတ်ပန်းနွယ်သာ ကြောင်တောင် တောင်နှင့် ကျန်ရစ်ခဲ့၏။



ကြီးစိမ်း ...။

မြတ်ပန်းနွယ်က ကြီးစိမ်းကို မှတ်မိနေသည်။

မယုတ်ဘူးဟု အတင်းငြင်းဆန်ကာ ... ထွက် သွားပေမယ့် ကြီးစိမ်းရဲ့ တုန်လှုပ်ချောက်ချားသွားတဲ့ အမူ အရာတွေက မြတ်ပန်းနွယ်ကို သိနေတယ်ဟု တစ်ထစ်ချတွက် လို့ရသည်။

ပြီးတော့ ...။

ကြီးစိမ်းနှင့် မြကြာယံတို့ နောက်ကြောင်း ... မြတ်ပန်းနွယ် သိနိုင်သည်။

"ဒေါ်စိမ်း ... ဟုတ်လားပန်း ... ပန်းနဲ့သိလို့လား"

"သိတော့ မသိပါဘူး ... ဒါပေမယ့် ... ဒေါ်စိမ်းက ပန်းတို့ ခြံချင်းကပ်မှာ နေခဲ့တာဆိုတော့ ဒေါ်စိမ်းနဲ့ တူလို့ ခေါ်ကြည့်တာပါ"

"ပန်းနဲ့ တော်တော်ရင်းနှီးတယ် ထင်တယ်"

ကျွန်တော် မြတ်ပန်းနွယ်ကို စကားစလိုက်မိ သည်။

"အို ... ဘယ့်နှယ် ရင်းနှီးရမှာလဲ။ အဲ့ဒီအိမ်က ... သိပ်ချုပ်တာ ... အခုလည်း ဘာပြဿနာတွေ ရှိနေသေး တယ် မသိဘူး ... အဲ့ဒီမိန်းမကြီးက ထွက်ပြေးလွတ် မြောက်သွားတာ ... ကောင်မလေးတစ်ယောက်လည်း ပါသွားတယ်လို့လဲ ပြောကြတယ်။ တချို့ကလည်း အဲ့ဒီကောင်မလေး ... သေသွားတယ်လို့ သတင်း ထွက်နေတယ် ... အို ရှုပ်ယှက်ခတ်နေတာပါပဲ ...

www.burmeseclassic.com

www.burmeseclassic.com



သိပ်အကျင့်ယုတ်တဲ့ အိမ်လေ ... မကောင်းတာမှန်သမျှ အကုန်လုပ်တဲ့ အိမ်ပေါ့"

မြတ်ပန်းနွယ်၏ စကားများကြောင့် ကျွန်တော် အသက်ရှုပင် မဝချင်တော့ ...။ မြကြာယံရယ် ... မင်းရဲ့ဘဝက အဲ့ဒီလောက်တောင် ဆိုးဝါးရသလားကွာ။

"မြတ်ပန်းနွယ်"

"ရှင် ..."

"အဲ့ဒီအိမ်အကြောင်းကို ... ကျွန်တော် အရမ်းစိတ်ဝင်စားတယ်ဗျာ ... အားရင် ကျွန်တော့်ကို တစ်ရက်လောက် အချိန်ပေးပြီး ပြောပြပါလား"

ကျွန်တော့်စကားကြောင့် မြတ်ပန်းနွယ် ဇယ်မောကာ ကောင်းပြီဟု ကတိပေးသွား၏ ... သူမကတော့ ဝဝင်မှာပဲ ကျွန်တော့်ကို သိပ်စပ်စုတဲ့ ယောက်ျားတစ်ယောက်ပဲ လို့လေ။



အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁)

ကျွန်တော် သိခွင့်ရလိုက်သော 'မြကြာယံ၏ ဘဝတစ်စိတ်တစ်ဒေသ ...။ သူမ၏ နောက်ကြောင်းရာဇဝင်။ မြတ်ပန်းနွယ်က သေသေချာချာကို ပြောပြနေသည်။

သူမ၏ မျက်ဝန်းတွေက ဟိုတစ်ချိန်သောအခါက အတိတ်ဆီသို့ ...။

ဒေါ်မြရှင်နှင့် ဦးမောင်ထွန်း ...။

စီးပွားရေး လုပ်ငန်းရှင်ကြီးများဟု တစ်မြို့လုံးက အထင်ကြီးလေးစားကြ၏ ...။ စတိုးဆိုင်ကြီးများကို ဒေါ်မြရှင်က ဦးစီးပြီး ... ဦးမောင်ထွန်းကတော့ အရောင်းအဝယ်ခ တာနှင့် တအားချမ်းသာကြ၏။

ဦးမောင်ထွန်းနှင့် ဒေါ်မြရှင်တွင် ကလေးတစ် ယောက် ထွန်းကားသည်ဟုလည်း ပြောသည်။ ထိုကလေး ဆုံးသွားသည်ဟုလည်း သတင်းကြား၏ ...။

မိန်းကလေးဟုတော့ သိရ၏ ...။



အိမ်တော်စိုးကြီး ဒေါ်စိမ်း ...။

အရာရာ စီမံခန့်ခွဲတတ်ပြီး ... တစ်အိမ်လုံးတွင် ဒေါ်စိမ်းအာဏာသာ အတည်။ ဒေါ်စိမ်းအမိန့်တစ်ခုသာ အားလုံး လိုက်နာရ၏ ...။

လမ်းထဲရှိ ...။

သာရေးနာရေးများတွင် ဒေါ်မြရှင်က အားတက်သရော ထောက်ပံ့ကူညီတတ်ပြီး ... လင်မယားနှစ်ယောက် စလုံး ... အသိမိတ်ဆွေ ပေါများလှသည်။

ဘာလုပ်ငန်းနှင့် ဒီလောက် ကြီးပွားသွားမှန်း မသိ ...။

အရင်ကဆို ...။

သိပ်ဆင်းရဲတာဟု သိရသည်။ သူတို့ရဲ့ သခင်ကြီးဆိုလား ... သူဌေးကြီးဆိုလား ... အဲ့ဒီလူကြီးက လင်မယားနှစ်ယောက်စလုံး ... ရိုးသားတာ အလုပ်ကြိုးစားတာကို ကြည့်ပြီး စီးပွားရေးတွေ ထောင်ပေးတာဟုသာ သိရသည်။

လူတွေကိုလည်း သိပ်မပြောပေ ...။

ဘယ်သူကမှလည်း မစပ်စုကြ ... ဘာဖြစ်လို့လဲ ဆိုတော့ ဒေါ်မြရှင်က ... တစ်နေ့ကို မရေမတွက်နိုင်အောင် ပုတီးကို တစ်ချောင်းချောင်းစိတ်ကာ ... တစ်နေ့ တစ်နေ့ ဘုရားစင်ရှေ့ကမပျက် ... ဘာသာရေးကို လိုက်စားသလို အလှူအတန်းကလည်း ဝါသနာကပါသလား မမေးနှင့် ...။

သူတို့လင်မယားကို ...

တစ်မြို့လုံး မသိသူမရှိ ... အားလုံးကလည်း

www.burmeseclassic.com

www.burmeseclassic.com



လေးစားချစ်ခင်ကြသည်။

ဘယ်နေရာမဆို ... ဦးမောင်ထွန်းနှင့် ဒေါ်မြရှင် မပါလျှင်မပြီး။

ထိပ်ဆုံးက ရှိနေတတ်၏။

သားသမီးမရှိ၍ သူစိမ်းသားသမီးများကို မွေးစားထားရသည်ဟုဆိုကာ ... သူမအိမ်တွင် ဆင်းရဲဒုက္ခရောက်နေသော မိန်းကလေး အတော်များများကို ခေါ်ယူမွေးစားထား၏။

အားလုံးက လေးစားနေကြသည်။

မွေးစားသမီးများကလည်း ချောချောကလေးတွေချည်းပဲ ... အားလုံးကိုလည်း ဆင်ပေးထားလိုက်တာ ရစရာမရှိတော့ ... သူမ စတိုးဆိုင်များတွင် သူမ၏ သမီးများကို အုပ်စီးစေပြီး ... သူမကတော့ ဘုရားတရားပဲလုပ်သည်။ အားလုံးအမြင်မှာတော့ ... ဒေါ်မြရှင်ကို သာစုခေါ်လို့ပေါ့။

မွေးစားသမီးတွေကလည်း ...။

"မေမေမြ ... မေမေမြ"နှင့် ပါးစပ်ဖျားက မချတတ်ပေ ...။

သိပ်မကြာ ...။

ဦးမောင်ထွန်းနှင့် ဒေါ်မြရှင်အိမ်ကို ရဲတွေအဝိုင်းခံရတယ်ဟု သိရသည်။

အားလုံး အံ့သြနေကြ၏ ...။

မေးကြည့်တော့မှ ... အဖြစ်မှန်ကို သိခဲ့ရ၏။

စိန်ပွဲစား ကျောက်ပွဲစားယောင်ယောင်နှင့် နိုင်ငံခြားကို ကျောက်တွေခိုးထုတ်နေတဲ့ဂိုဏ်းတဲ့ ...။ ခေါင်းဆောင်က ... ဦးမောင်ထွန်း။

ဒေါ်မြရှင်ကလည်း ...

မိန်းကလေးတွေကို သွေးဆောင်ဖြားယောင်းကာ မကောင်းတဲ့လုပ်စားခိုင်းသလို ... မိန်းကလေးများကို တစ်ဘက်နိုင်ငံသို့ ရောင်းစားတာတဲ့ ...။

ကြားရတဲ့သတင်းတွေက မယုံကြည်နိုင်စရာပါ။

ရဲတွေဖမ်းတော့ ...

ဦးမောင်ထွန်းနှင့် ဒေါ်မြရှင်ကို မမိလိုက် ...။

ဒေါ်စိမ်းဆိုသော ...

အိမ်တော်စိုးကြီးကလည်း ဈေးဝယ်ထွက်နေတယ်ဟု သိရပြီး ... အိမ်ထဲတွင်လည်း ... ဘိန်းဖြူများဖြန့်ရန်ဖွက်ထားသော သေတ္တာများ ရှာဖွေတွေ့ရှိကာ သိမ်းဆည်းထားရ၏။

လူတွေအားလုံး မျက်လုံးမပြူးဘဲ မနေနိုင်တော့ပေ ...။

မကောင်းမှုမှန်သမျှ အားလုံးလုပ်တဲ့သူတွေဆိုပြီး တစ်ချို့ကဆို သတ်တောင်သတ်ပစ်ချင်နေကြ၏။

ရပ်ကွက်ကို မျက်နှာပျက်အောင် လုပ်တယ်ဆိုပြီး ... ဒေါကန်နေကြသည်။

ဦးမောင်ထွန်းနှင့် ဒေါ်မြရှင် ...။

သတင်းအစအန ရှာမရအောင် ပျောက်သွားသည်။ ဒေါ်စိမ်းကလည်း လုံးဝပေါ်မလာတော့ ... ဘယ်ရောက်သွားမှန်းပင်မသိ ... အစပင်ရှာမရတော့ချေ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းမှာ ...

ဘာအပြစ်မှမရှိဟု ... ဖမ်းမိသူတွေထဲက တချို့ကတော့ ပြောဆိုဝန်ခံကြသည်။ အမိကတရားခံက ဦးမောင်ထွန်းနှင့် ဒေါ်မြရှင်သာ ဖြစ်တယ်ဟု ပြောကြ၏ ...။

ဦးမောင်ထွန်းနှင့် ဒေါ်မြရှင်တို့ သတင်းကို အစိုးရအဖွဲ့အစည်းတွေက အပူတပြင်း စုံစမ်းစ်ဆေးနေကြ၏။

သိပ်မကြာပါ ...။

မြို့ပြင်တွင် ဦးမောင်ထွန်းနှင့် ဒေါ်မြရှင်တို့ လင်မယားနှစ်ယောက် အလောင်းကို တွေ့ကြရသည်။

မြင်လို့တောင် မကောင်း ...

ရုပ်ပျက်ဆင်းပျက် အသေဆိုးနှင့် သေနေကြ၏။

အဖွဲ့သားအချင်းချင်း ... သတ်ကြတာဟု ပြောကြသည်။

တစ်မြို့လုံး ...

သံဝေဂ ရနေကြ၏။ သူတို့လင်မယားနှစ်ယောက် အကြောင်း ပြောလို့မဆုံးကြပဲ ရှိနေကြတော့သည်။

မြတ်ပန်းနွယ်တို့နှင့်က ခြံချင်းကပ်တွေ ...

"ပန်းက တစ်ချိန်လုံး ကျောင်းစာနဲ့ပဲ လုံးပန်းနေရတဲ့ အပြင် ... ရန်ကုန်မှာပဲ အနေများတော့ ... သိပ်မသိလိုက်ဘူး။ စိတ်မကောင်းတော့ ဖြစ်မိပါတယ်။ ဘာပဲဖြစ်ဖြစ် ပန်းအပေါ်မှာတော့ အန်တီ ဒေါ်မြရှင်နဲ့ အန်ကယ် ဦးမောင်ထွန်းက သမီးကလေးတစ်ယောက်လို ဆုံးမ တတ်ပြီး ... ဆရာဝန်ဖြစ်ဖို့ အမြဲအားပေးတတ်တယ်"



"မြတ်ပန်းနွယ် ... ပြောပြတာတွေက၊ မယုံကြည်နိုင်လောက်အောင်ပဲ ကျွန်တော်အံ့သြမိတယ်ဗျာ"

ဟူး ...။

သက်ပြင်းမောကြီးကို ကျွန်တော် မှုတ်ထုတ်လိုက်မိသည်။

"ပန်းပန်း ... ပြောတဲ့အထဲမှာ။ တစ်ယောက်ကျန်နေတယ်နော် ... ဦးမောင်ထွန်းနဲ့ ဒေါ်မြရှင်ရဲ့ ကလေးဆိုတာလေ"

"အင်း ... ဟုတ်တယ်လေ။ မိန်းကလေးလို့ ပြောကြတာပဲ"

"မိန်းကလေး ..."

ကျွန်တော့်ကို ကြည့်ပြီး မြတ်ပန်းနွယ် အရမ်းအံ့သြနေသည်။

"ဘာဖြစ်လို့လဲ ... ကိုနေမင်းညို။ ဒီအကြောင်းတွေကို သိတော့ရော ဘာထူးခြားမှာမို့လဲ ... ဘာဖြစ်လို့ အဲ့ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ"

"ဟို ... ဟိုလေ။ ဘာရယ်တော့ မဟုတ်ပါဘူး မြတ်ပန်းနွယ်။ အဲ ... ကျွန်တော်သိချင်တာက ... အဲ့ဒီလို မကောင်းမှုတွေ လုပ်ခဲ့တဲ့ မိဘကမွေးလာတဲ့ ကလေးမှာ ... မိဘတွေရဲ့ဗီဇ ပါတတ်သလား"

"ဘာကိုပြောတာလဲ ... ကျွန်မ နားမရှင်းဘူး ကိုနေမင်းညို"

"ဩော် ... ဒီလိုလေ။ ကျွန်တော်ဆိုလိုတာက ...

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်မှာ ... အဲ့ဒီလို မိဘတွေရဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းနိုင်သလား ... ရှိနေနိုင်သလား"

"အင်း ... ဘယ်လိုပြောရမလဲ။ ဒီမိဘကမွေးတာဆိုတော့ ... မိဘရဲ့ဝါသနာ၊ ဗီဇလက္ခဏာကတော့ ပါတတ်ပါတယ် ... ဒါပေမယ့် ... အဲ့ဒီကလေးက မိဘနဲ့ ကင်းဝေးနေမယ် ... ဥပမာ (ကလေးတစ်ယောက်ဟာ ကောင်းတဲ့ပတ်ဝန်းကျင်မှာ ... တော်တဲ့အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာရတယ် သူ့ဘဝမှာ ပျော်ရွှင်ကျေနပ်စရာတွေကိုပဲ ပိုင်ဆိုင်မှု ရခဲ့တယ်ဆိုရင်တော့ မကောင်းတဲ့ စိတ်ဓာတ်တွေ မဝင်နိုင်ပါဘူး။

ဒါမှမဟုတ် ...။

အဲ့ဒီကလေးက မိဘနဲ့အထိအတွေ့များမယ် ... မိဘလုပ်တာတွေကို မြင်နေရမယ် ... ပတ်ဝန်းကျင်ကလည်း မကောင်းတာပဲ သူလိုကိုယ်လိုနေကြမယ် ... ဒီကလေးကို အုပ်ထိန်းတဲ့ သူကလည်း ညံ့ဖျင်းလွန်းမယ်ဆိုရင်တော့ ... ကလေးရဲ့စိတ်ထဲမှာ ဒီလိုနေတာ ဒါတွေလုပ်တာ ကောင်းတယ်လို့မှတ်ယူမှာပဲ)... မုဆိုးနားနီးမုဆိုး ... တံငါနားနီး တံငါဆိုသလိုပေါ့နော်"

မြတ်ပန်းနွယ် သေသေချာချာကို စိတ်ရှည်လက်ရှည် ရှင်းပြနေ၏ ... ကျွန်တော် မြတ်ပန်းနွယ်ကို အရမ်းအားနာသွားမိသည်။

"ပန်း ... ကျွန်တော့်ကို အခုလို ရှင်းပြရတဲ့အတွက် အရမ်းကို ပင်ပန်းသွားမှာပဲနော် ... အားနာလိုက်တာ



ပန်းပန်းရယ်"

"ရပါတယ် ကိုနေမင်းညို ... ကိုယ်သိချင်တာကို ပွင့်ပွင့်လင်းလင်း မေးရဲပြောရဲတာဟာ ... သိပ်ကောင်းတဲ့အကျင့်တစ်ခုပါ။ ကျွန်မက ဟန်မဆောင်တတ်ဘူး... ကျွန်မကို ဟန်ဆောင်ပေါင်းသင်း ဆက်ဆံရင်လည်း သိပ်မုန်းတာ"

"ဗျာ ..."

မြတ်ပန်းနွယ် စကားက ဘာကိုဆိုလိုလိုက်တာလဲ ... ဘယ်အတိုင်းအတာအထိ ရည်ညွှန်းပါသလဲ။

ကျွန်တော့်ကိုယ်ကျွန်တော် စိတ်မလုံမလဲ ဖြစ်သွားမိသည်။

ကျွန်တော် မြတ်ပန်းနွယ်အပေါ် ဟန်ဆောင်ဆက်ဆံနေမိတာလား ... ဒါတော့ လုံးဝမဟုတ်ဘူး။ ကျွန်တော် မြတ်ပန်းနွယ်ကို တကယ်ခင်မင်မိတာ ... ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်လို ကျွန်တော် နေတာပါ။

မြတ်ပန်းနွယ်နှင့် လူကြီးချင်း သဘောတူတာ သိပေမယ့် ...

ကျွန်တော် မြတ်ပန်းနွယ်ကို လက်မထပ်နိုင်ခဲ့ဘူး။ ဒီအတွက်လည်း ... မြတ်ပန်းနွယ်ကို သာမန်အဆင့်ပဲ ရိုးရိုးသားသား ဆက်ဆံခဲ့တာ ... ဒါဟာ ကျွန်တော် ဟန်ဆောင်ပြီးနေတာ မဟုတ်ပါဘူးနော်။

"ကိုနေမင်းညို"

"ဗျာ ... ပန်း။ ပြောလေ ... ကျွန်တော့်ကို ဘာပြော

www.burmeseclassic.com

www.burmeseclassic.com



ချင်လို့လဲ"

"ကျွန်မအမြင်မှာ ... ရှင်ဟာ သိပ်ကိုထူးခြားနေတယ်"

"အဟင်း ... ထူးခြားတယ်။ ဘာတွေထူးခြားနေလဲ။ ပြောပါဦး ... ကျွန်တော့်ကိုယ်ကျွန်တော်တောင် သတိမထားမိလိုက်ဘူး ..."

"ကျွန်မစိတ်အထင် ပြောတာနော် ... ရှင်နဲ့ကျွန်မဆုံလိုက်တိုင်း ရှင့်ပုံစံက အထိတ်တလန့် ဖြစ်နေသလိုပဲ ... တစ်ခုခုကို စိုးရိမ်နေတယ်လို့ ထင်မိတယ်။ ပြီးတော့ ... အခုလည်း ... ဘာမှမပတ်သက်၊ မသိကျွမ်းဘူးတဲ့ မိသားစုအကြောင်းသိဖို့ ကျွန်မဆီ တကူးတကလာတယ် ... 'ဒါဟာ သိပ်ပြီး ထူးခြားမနေဘူးလား ... ကိုနေမင်းညို။

ပြီးတော့ ...။

အဓိက ရှင့်မျက်ဝန်းတွေ ..."

မြတ်ပန်းနွယ် စကားကြောင့် ကျွန်တော်လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည် ...။ မြတ်ပန်းနွယ်ရဲ့ စွပ်စွဲချက်တွေက မှန်နေတယ် မဟုတ်လား ...။

"ကျွန်တော့်မျက်ဝန်းတွေ ... ဟုတ်လား"

"ဟုတ်တယ် ကိုနေမင်းညို ... ရှင့်မျက်ဝန်းတွေကတစ်ခုခုကို ထိန်ချိန်ထားရသလိုပဲ ... ရှင့်မျက်ဝန်းတွေမှာ လျှို့ဝှက်ချက်တစ်ခုကို မနည်းဖုံးဖိနေရတယ်လို့ သိနေသလိုပဲ"

"ဟာ ... မဟုတ်တာ။ ပန်းပန်းကလည်း ... ကျွန်တော့်



မှာ ဘာလျှို့ဝှက်ချက်မှ မရှိသလို ... ဘာမှဖုံးဖိထားစရာလည်း မရှိပါဘူး။ ကျွန်တော့်မှာ ဖွင့်ပြောစရာရှိလည်း ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ဝန်ခံမှာပါ ..."

"စိတ်မရှိနဲ့နော် ... ကိုနေမင်းညို။

ပန်းက စိတ်အထင် ပြောတာပါ"

"ရပါတယ် ... ပန်းပန်းရယ်။ ကျွန်တော့်ကို မအားလပ်တဲ့ကြားကနေ ... အခုလိုပြောပြတဲ့အတွက် ... ကျွန်တော် ပန်းကို အရမ်းလည်း ကျေးဇူးတင်တယ်၊ မြင့်မြတ်တဲ့ ပန်းပန်းရဲ့စိတ်ဓာတ်ကိုလည်း အရမ်းကို လေးစားဂုဏ်ယူမိတယ် ... တကယ်တော့ ပန်းပန်းဟာ သိပ်ကို ဖြူစင်လွန်းတဲ့ ပန်းကလေးတစ်ပွင့်ပါပဲဗျာ"

သြော် ...။

ကိုနေမင်းညိုရယ် ...။

သူမကို ... တလေးတစား အမွှမ်းတွေတင်နေသော သူ့ကိုကြည့်ပြီး ... ရင်ထဲဖော်မပြနိုင်အောင် ပီတိဖြစ်မိသည်။

သူမ၏ဘဝတွင် သူ့လောက် စိတ်လှုပ်ရှားစေနိုင်သော၊ ယောက်ျားမျိုး တစ်ခါမှ မတွေ့ဖူးခဲ့ပါ ...။

သူသာလျှင် သူမ၏စိတ်ကို အစဉ်လွှမ်းမိုးနိုင်သူဖြစ်ပြီး ...

အချိန်တိုင်းမှာ ... သူမကို ညှို့ယူဆွဲငင်ထားနိုင်ခဲ့လေသည်။ သူသာလျှင် ... သူမ၏ အိပ်မက်တွေကို ပိုင်စိုးနိုင်သော ... နတ်သားလေးတစ်ပါး ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သေချာတယ် ...။

သူမ သူ့ကို အထင်ကြီးလေးစားမိတယ်။ လူကြီးချင်း သဘောတူထားတဲ့ မိန်းမတစ်ယောက်အပေါ်မှာတောင် ဘာအခွင့်အရေးမှ မယူတတ် ... လူကြီးလူကောင်း ပီသစွာ ဆက်ဆံသည် ...။

သူမ မြတ်နိုးမိသည့် အချက်ထဲတွင် ... ရိုးသားသော သူ့နေထိုင်ပုံလေးတွေလည်း အပါအဝင်ဖြစ်သည်။ သူမက အခွင့်အရေးပေးကာ ... ရေလာမြောင်းပေးလုပ်တာတောင် ... သူက တုတ်တုတ်မျှမလှုပ် ... တကယ့် ကျောက်ဆစ်ရုပ်အတိုင်းပင် ဖြစ်သည်။

ကြာတော့ ... မြတ်ပန်းနွယ် သူ့ကို အားမရချင်။

မိန်းကလေးဘက်က စရလျှင်လည်း ... မကောင်းပြန်။ သူမက ဆရာဝန်မဆိုတော့ ဣန္ဒြေသိက္ခာတွေ ထိန်းချုပ်ရသေး၏။

တစ်ခါက ...

သူနှင့် ဘုရားဖူးဖို့ သူမမွေးနေ့တွင် ခေါ်မိ၏။ လိုက်တော့ပို့ပါရဲ့ ... ဘုရားလည်းရောက်ရော ... သူက ခပ်တည်တည်ပဲ ဘုရားပေါ်တက်သွား၏ ... သူမ နောက်ကနေ ကမန်းကတန်း အမီလိုက်ရသည် ...။

ပြီးတော့ ...

ဘုရားပန်းဝယ်တော့လည်း ... ကိုင်ပေးဖို့ စိတ်မကူး။ လက်နှစ်ဖက် နောက်ပစ်ကာ နံရံဆေးပန်းချီကားတွေကို လိုက်ကြည့်ကာ ... သူမကိုပင် စာတန်းတွေဖတ်ပြပြီး



ရှင်းပြနေသေး၏။

ဘယ်လောက် အူတူတူနိုင်တဲ့ ယောကျ်ားလဲလို့။

သူမ ဘုရားပန်းလှူနေချိန်တွင် ... သူက ဘုရားရေသပ္ပာယ်နေပြီ။ သူမကလိုက်ပြီး ... ရေသပ္ပာယ်မယ်လုပ်တော့ ကိုယ်တော်ချောက ငွေလှူပြီး ဘုရားသွားရှိခိုးနေ၏။

ဘယ်လောက် အသည်းယားစရာ ကောင်းသလဲလို့ ... အဲ့ဒီနေ့ကများဆို ဒေါသထွက်လွန်းလို့ ဘုရားတောင် ဖြောင့်အောင် မရှိခိုးနိုင် ...။

နောက်ဆုံးတော့ ...။

သူမ အိမ်ပဲ အမြန်ပြန်ပို့ခိုင်းခဲ့တော့သည်။ ဒီနေ့တော့လည်း တစ်မျိုးဖြစ်ပြန်ရော ... သူမကိုလာပြီး ချီးကျူးနေပြန်၏။ တစ်ခါတစ်ရံ ... ကိုနေမင်းညို စိတ်မှမှန်သေးရဲ့လားဟု ထင်မိ၏ ... သူကတော့ ရူး၊မရူးမသိ ... သူမကတော့ ကြာရင် ရူးသွားမှာ သေချာနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"သားမှာ ချစ်သူရှိတယ် ... မေမေ"

"မကြားချင်ဘူး ... နေမင်းညို"

"မေမေ ... သားမှာ ချစ်သူရှိနေတယ်"

"မပြောနဲ့ ... နေမင်းညို ... မေမေ မကြားချင်ဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ"

"မေမေ ... မကြားချင်လို့ မဖြစ်ဘူး။ မေမေ သားကို ကြည့်ပါဦး ... သားသူ့ကို သိပ်ချစ်တယ်မေမေ ... သူနဲ့ပဲ သားကိုလက်ထပ်ခွင့်ပြုပါ ... နော် ... မေမေနော် သားတောင်းပန်ပါတယ် မေမေရယ် ... သားကို ခွင့်ပြုပါ"

"မင်းပြောချင်တာ ပြောပြီးပြီလား ... နေမင်းညို။ မင်း ပြောပြီးရင် ... မေမေပြောမယ် ... မင်း သေသေချာချာ နားထောင် ... မင်းကို မြတ်ပန်းနွယ်ကလွဲရင် ဘယ်လိုမိန်းမမျိုးနဲ့မှ မပေးစားနိုင်ဘူး။ မင်းကို မြတ်



ပန်းနွယ်နဲ့ စေ့စပ်ဖို့ မနက်ဖြန် လူကြီးတွေအားလုံး စီစဉ်ထားတယ် ... မင်း လက်ထပ်ဖို့ စဉ်းစားရမှာက မြတ်ပန်းနွယ်ကိုပဲ ... ဒါပဲ မေမေပြောချင်တယ်"

ဟာ ..."

ကျွန်တော် လုံးဝမသိလိုက်တဲ့အချက် ... မနက်ဖြန် စေ့စပ်ပွဲတဲ့ မေမေ ဘာလို့ ကြိုတင်မပြောရတာလဲ ..."

"မတရားဘူးဗျာ ... မေမေ။ လုံးဝမတရားဘူး ... သား မြတ်ပန်းနွယ်ကို မိတ်ဆွေတစ်ယောက်လိုပဲ ခင်တယ် ... ဘာလို့ မပြောတာလဲ မနက်ဖြန် စေ့စပ်ပွဲဆိုတာ ... မေမေ သားကို ဘာလို့ ကြိုတင်မပြောရတာလဲ"

"တော်စမ်း ... နေမင်းညို။ မင်းဘယ်တုန်းက မေမေ့ကို ဒီလိုပြန်ပြောဖူးလို့လဲ ... ဘယ်ကလေကဝမက မင်းကို ဒီလိုပြန်ပြောတတ်အောင် ... သင်ပေးထားသလဲ ... ပြောစမ်း"

"မေမေ ... တစ်ဘက်သားကို အဲ့သလို မပြောပါနဲ့ဗျာ"

"ပြောရမှာပဲဟဲ့ ... ပြောရမယ်။ မေမေ့စကားဆို ဘယ်တုန်းကမှ မငြင်းဆန်ခဲ့ဖူးတဲ့သား ... လိမ္မာရေးခြားရှိတဲ့သား ... အခုတော့ မေမေက မတရားဘူးတဲ့၊ ဟင် ... ပြောပါဦး ငါဘာတွေ မတရားတာလုပ်လို့လဲ"

"မိဘက ... ကိုယ့်သားသမီး လူပုံအလယ်မှာ မျက်နှာပန်းလှလှ နေရအောင်လုပ်တာ မတရားဘူးလား။ ကောင်းစားတော့ရော ... မေမေက ကောင်းစားမှာလား။

www.burmeseclassic.com

www.burmeseclassic.com



အဓိက မင်းဂုဏ်ရှိဖို့၊ မျက်နှာပန်းလှဖို့၊ တင့်တယ်ဖို့ ငါလုပ်ခဲ့တာတွေချည်းပဲ ...”

“မေမေ ... သားကို ခွင့်လွှတ်ပါ။

မေမေ့စေတနာတွေကို သားနားလည်ပါတယ်ဗျာ။ ဒါပေမယ့် ... သား ယောက်ျားပီသပါရစေ။ အရှောင်သမားတစ်ယောက်အဖြစ် သားမနေပါရစေနဲ့။ မေမေ့ကျေးဇူးတွေ သားအပေါ်မှာ ဆပ်လို့မကုန်နိုင်မှန်း သိပါတယ် မေမေ ... ဒါပေမယ့် ... တခြားနည်းလမ်းနဲ့ပဲ သားဆပ်ပါရစေ ...”

“နေပါဦး ... မြတ်ပန်းနွယ်မှာ ဘာအပြစ်တွေရှိလို့လဲ တူးတူးခါးခါး ငြင်းရလောက်အောင် ... မြတ်ပန်းနွယ်မှာ ဘာချို့ယွင်းချက်တွေ ရှိနေလို့လဲ ... နေမင်းညို”

မေမေ့လေသံက မာထန်နေပြီ ...။

မျက်ဝန်းတွေက အေးစက်မာကျောနေ၏ ... ဒေါသတွေ ဘယ်လောက်ထွက်နေသလဲဆိုရင် ... အသားတွေ တဆတ်ဆတ်တုန်ကာ မေမေ့မျက်နှာတစ်ခုလုံး နီရဲတွတ်နေ၏။

မေမေရယ် ...။

သားကို ဘာဖြစ်လို့ နားမလည်နိုင်ရတာလဲဗျာ။

တကယ်ဆို ...

သားဟာ ... တစ်ချိန်လုံး မေမေ့စကား နားထောင်ပြီး ... မေမေ့အမိန့်အတိုင်း နေခဲ့ရတာပါ။ ဒီတစ်ခါတော့ သားကို မေမေ သနားပါဦး ... သားချစ်တဲ့ ချစ်သူနဲ့ပဲ လက်ထပ်ခွင့်ပြုပါလား မေမေရယ် ...။



“ပြောလေ ... ငါမေးနေတာ ကြားတယ်မဟုတ်လား”

“မရှိပါဘူး မေမေ ... မြတ်ပန်းနွယ်ဟာ ... ဘာချွတ်ယွင်းချက်မှ မရှိတဲ့ ရိုးသားဖြူစင်အေးချမ်းတဲ့ မိန်းကလေးတစ်ယောက်ပါ ... ဒါကြောင့်လည်း ... သားသူ့ကိုသနားတယ် ... သား သူ့ကိုဆက်ပြီး ဟန်ဆောင်မနေသင့်ဘူး”

“ငါ့သားကို မေမေ မေးပါရစေ ... မင်းချစ်တယ်ဆိုတဲ့ ကောင်မလေးက မြတ်ပန်းနွယ်ထက် ဘာများသာတာတွေ ရှိနေလို့လဲ ... သူဘယ်လဲ၊ ဘယ်သူ့သမီးလဲ၊ ဘာလုပ်ကိုင်စားသလဲ ... ကဲ ပြောစမ်း ... ငါ့သားကို အကောင်းဆုံး မြှူဆွယ်ထားနိုင်တဲ့ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းကို ... မေမေ သိပါရစေ”

သွားပြီ ...။

မေမေ့အမေးကို ကျွန်တော် ဘာပြန်ဖြေရမည်နည်း။

ကျွန်တော့်ဆွဲအမှုကို ... မေမေကမလိုလားဟန်ဖြင့် ...

“ပြောပါ ... နေမင်းညို။မင်းကောင်မလေးနဲ့ မင်းကို မေမေသဘောတူလာအောင် ... မေမေ လက်ခံနိုင်အောင် အကောင်းဆုံး အထောက်အထားတွေ ပေးပါဦး ... ဒါမှ ... မေမေ စဉ်းစားနိုင်မှာပေါ့”

မေမေ့စကားလုံးတွေသည် ကျွန်တော့်နှလုံးသားကို အနက်ရှိုင်းဆုံးသို့ ရောက်ရှိထိမှန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ကျွန်တော် ဘာပြန်ပြောရမလဲ ...

ကျွန်တော် သိတာက မြကြာယံကို သနားသည်။ သိပ်ချစ်မိ၏။ သူမကိုသာ လက်ထပ်ချင်မိသည်။

မေမေ့ကို မြကြာယံအကြောင်း ပြောပြလို့က တော့ ... တစ်ခါတည်း တက်သေသွားမှာပဲ ...။ မေမေ လက်ခံနိုင်၊ စဉ်းစားနိုင်လောက်တဲ့ အရည်အချင်းတွေ ... သူမထံမှာ ဘာတစ်ခုမှ မရှိချေ ...။

ဘယ်မှာနေလဲ။ ဘယ်သူ့သမီးလဲတဲ့ ...။

ကျွန်တော် ဘယ်လိုပြန်ဖြေ ပေးနိုင်မှာလဲ ... မြကြာယံရယ် ကျွန်တော် တကယ့်ကို စိတ်မကောင်းပါဘူး ဗျာ။ မင်းဘဝရဲ့ ကံကိုက ဆိုးဝါးလွန်းပါတယ် ... ပိုသေချာတာက ... မင်းဘဝမှာ ငါမရှိလို့ကို မဖြစ်တော့ဘူး။

"သားရယ် ... စိတ်ကူးမယဉ်ချင်စမ်းပါနဲ့။ မေမေလည်း ငယ်ငယ်က ဒီလိုပဲ ခံစားရခဲ့ဖူးတာပဲ ... မင်းဘာမှ မပြောနိုင်ပုံထောက်တော့ မင်းကောင်မလေး အခြေအနေကို မေမေ ခန့်မှန်းလို့ ရနေပါပြီ ...

မေမေ့စကားကို ... သားလက်ခံပါကွယ် ... စိတ်ကူးမလွဲစမ်းပါနဲ့ ... မြတ်ပန်းနွယ်နဲ့ပဲ လက်ထပ်လိုက်ပါ"

"ဟင့်အင်း ... ဟင့်အင်း ... မဖြစ်ဘူး မေမေ။ သားသူ့ကို ကတိပေးထားပြီးပြီ ... သားသူ့ကိုပဲချစ်တယ်၊ သားသူ့ကိုပဲ လက်ထပ်မယ် မေမေ"

"ဘာကွ ..."



မေမေ ချော့မော့နေသော လေသံက ကွယ်ပျောက်သွားချေပြီ ...

တင်းမာခက်ထန်သော မျက်ဝန်း အကြည့်များက ... ကြောက်စရာကောင်းလောက်အောင် ဖြစ်နေ၏။

"နေမင်းညို"

တစ်ခါမှ မခေါ်ဖူးသော လေသံဖြင့် မေမေ ကျွန်တော့်ကိုခေါ်ပြီး ...

"သွား ... ထွက်သွား။ နင် ငါ့ရှေ့က အခုချက်ချင်း ထွက်သွားတော့"

"မေမေ ..."

"မခေါ်နဲ့ ... နင် ငါ့ကို မေမေလို့ မခေါ်နဲ့။ ငါ နင့်အမေ မဟုတ်ဘူး ... သားမိုက် ... ငါ့မှာ နင့်လောက်မိုက်မဲတဲ့သားမျိုး မရှိခဲ့ဘူး ... သွား နင်အခုချက်ချင်း ထွက်သွားစမ်း ... နင့်မျက်နှာကို ငါမတွေ့ချင်ဘူး ... သွား"

"မေမေ ... သားကို ခွင့်လွှတ်ပါ"

"မပြောနဲ့ ... ငါ့ကို ဘာမှလာမတောင်းပန်နဲ့။ ခွင့်မလွှတ်ဘူး ... တစ်သက်လုံး ခွင့်မလွှတ်ဘူး ... ငါသေသွားတာတောင် နင်မလာနဲ့ ခွင့်မလွှတ်ဘူးဟဲ့ ... သားမိုက်ရဲ့"

မေမေရယ် ...။

ကျွန်တော် အပြင်သို့ ပြေးထွက်ခဲ့မိသည်။

ခွင့်လွှတ်ပါ ... မေမေ သားကို ခွင့်လွှတ်နား

www.burmeseclassic.com

www.burmeseclassic.com



လည်ပေးပါဗျာ ...။

ကားကို တရကြမ်း မောင်းနေမိသည်။ ဘယ်သွားလို့ ဘယ်လာရမှန်း မသိ ... သွားပြီ ... မေမေကတော့ ကျွန်တော့်ကို စိတ်နာသွားလေပြီ ...။

သားမိုက်တဲ့ ...။

ဟုတ်ပါတယ် မေမေ ... မေမေ့အတွက် နေမင်းညိုဆိုတဲ့ကောင်က သားဆိုးသားမိုက်ပါ။ မိဘကို စိတ်ဆင်းရဲအောင်လုပ်တဲ့ သားပါ ...

သားသိပါတယ် ...။

မေမေ ဘယ်လောက် ပေါက်ကွဲသွားရတယ်ဆိုတာ သားသိပါတယ်။ သားအရမ်း ခံစားရတယ် ...သားအရမ်းဝမ်းနည်းရတယ်။

"မေမေရယ် ..."

မေမေ့မျက်နှာကို မြင်ယောင်ကာ တမ်းတမိသည်။

တကယ်တော့ ...

မေမေနဲ့သား ထိပ်တိုက်ရင်မဆိုင်ချင်ပါဘူး ... မေမေ့ အမုန်းတွေကို သားမခံယူရဲပါဘူး မေမေ ...

ဒါပေမယ့် ...။

မေမေ ဘာလို့ သားကိုအသိမပေးဘဲ ... မြတ်ပန်းနွယ်နဲ့ စေ့စပ်ရတာလဲဗျာ ... မြတ်ပန်းနွယ်ကို ဘယ်လောက်အားနာဖို့ကောင်းလည်း။

တကယ်ဆို ...



ကျွန်တော့်ကို နည်းနည်းပါးပါး တိုင်ပင်သင့်တာပေါ့။

အခုလို ...

မပြောမဆိုပဲ ဖွတ်လုပ်လိုက်တော့ အားလုံးခက်ကုန်တာပေါ့ ... ကျွန်တော့်အကြောင်းကို မေမေ တစ်စွန်းတစ်စတော့ ကြားမှာပါလေ ... ဒါကြောင့် ဒီလောက်မြန်မြန်ဆန်ဆန်ကြီး မေမေ စီစဉ်လိုက်တာပေါ့ ...။ သားကို အသိမပေးပဲ လုပ်တယ်ဆိုတော့ ကျွန်တော့်မှာ ချစ်သူရှိနေပြီးသားဆိုတာ မေမေ သိထားပြီးသားပါ။

မြတ်ပန်းနွယ်ရယ် ...

ကျွန်တော့်ကို ခွင့်လွှတ်ပါ ... ကျွန်တော် အခုဘယ်သွားလို့ ဘယ်လာရမှန်း မသိ ...။

ဟုတ်ပြီ ...

မြတ်ပန်းနွယ်။

မြတ်ပန်းနွယ်ဆီသွားပြီး ... ကျွန်တော်ဝန်ခံမည်။ တောင်းပန်မည်။

ဒါမှ ...

ကျွန်တော်နေလို့ရမှာ ... စိတ်ရှင်းရှင်းနဲ့ ကျွန်တော်ဆက်ပြီး နေသွားလို့ရမှာ မဟုတ်လား။

"ကျွန်မက ဟန်ဆောင်ပေါင်းသင်းဆက်ဆံရင်လည်း ... သိပ်မုန်းတယ်"ဟု ပြောထားသည်မဟုတ်ပါလား။ ဒါကြောင့် ... ဟန်မဆောင်တမ်း မလိမ်ညာတမ်း ဝန်ခံတောင်းပန်လိုက်လျှင် ... မြတ်ပန်းနွယ် သက်ခံနိုင်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်ပန်းနွယ်ကလည်း ကျွန်တော့်ကို နည်းနည်းတော့ သတိထားမိနေချေတော့ ... အမှန်အတိုင်း ဝန်ခံလိုက်ရင် ဖြစ်နိုင်သည်။

ကျွန်တော် ...

ကားကို မြတ်ပန်းနွယ်တို့ အိမ်ဘက်သို့ ပြန်ကွေ့လိုက်သည်။ အခုမှပဲ ... ကျွန်တော့်မှာ ဦးတည်ချက် ရှိသွားရပြီ။ ကားလေးက ... ကတ္တရာလမ်းမပေါ်သို့ အရှိန်ပြင်းစွာ ဖြတ်ကျော်နေလေတော့သည်။

အရှေ့အခန်းမှ စကားများသံများကို မြကြာယံတို့အခန်းမှ အတိုင်းသား ကြားနေရသည်။

ကိုနေမင်းညိုရဲ့ တောင်းပန်သံ ... သူ့မေမေ ဒေါ်ညိုညိုခင်ရဲ့ အသံမာမာတွေကိုပါ ကြားရ၏။ မြကြာယံအတွက်နှင့် သားအမိတွေ အချီအချ စကားများနေကြရ၏။ ကိုနေမင်းညိုကို ... သူ့မေမေက သိပ်ချစ်တာတဲ့ ...။

အင်းပေါ့လေ ...။

သိပ်ချစ်တော့လည်း သားကို ဘယ်လောက်စိတ်ပူနေလိုက်မလဲ ... တကယ်ဆို မြတ်ပန်းနွယ်ဆိုတဲ့ အမျိုးသမီးက၊ ကျွန်မထက် အစစအရာရာ သာနေမှာပဲလေ ... ကျွန်မလိုမိန်းကလေးမျိုးကို ဘယ်လိုအဆင့်အတန်းရှိတဲ့ ... အသိုင်းအဝိုင်းကမှ ချွေးမတော်ချင်မှာတဲ့လဲ ...။



တကယ်ဆို ...

မြကြာယံ မှားတာပါ ... မြကြာယံ နားမလည်တာပါ။ ကိုယ့်အဆင့်ကို ကိုယ်သိဖို့ကောင်းတာပါ။ အခုတော့ သိပ်ချစ်တဲ့ သားအမိနှစ်ယောက် ကျွန်မကြောင့် စိတ်ဝမ်းကွဲနေရပြီ။ ဒါဟာ ကျွန်မရဲ့ ပရောဂါတွေပဲ ... ကျွန်မ ကိုနေမင်းညိုကို စိတ်ရှုပ်ထွေးအောင် မလုပ်သင့်ပါဘူး ... အခုတော့ ကိုနေမင်းညို အရမ်းစိတ်ညစ်နေရမှာပဲ ...။

ကျွန်မ သနားလိုက်တာ ... ကိုနေမင်းညိုရယ်။

တကယ်ဆို ...

ကျွန်မက နားလည်မှုရှိရှိနဲ့ ရှင့်ကို နားလည်မှုပေးနိုင်ရမှာ ... အခုတော့ ... ရှင်ဒုက္ခတွေ ရင်ဆိုင်နေရပြီနော်။

မြကြာယံ စိတ်မကောင်းပါဘူးရှင် ...။

သူ့အမေက အတင်းအိမ်ပေါ်က မောင်းချနေသံကို ကြားနေရသည်။ ကိုနေမင်းညိုကို တော်တော်လေးစိတ်နာသွားပုံရ၏ ...။

ခဏကြာတော့ ...

လှေကားထစ်တွေပေါ်မှ အပြေးကလေး ဆင်းသွားသံ ကြားရသည်။

မှန်ပြတင်းပေါက်က ကျွန်မ ငုံ့ကြည့်မိတော့ ...

ကျွန်မ သိပ်ချစ်ရတဲ့ ... ကျွန်မကို သိပ်ချစ်တယ်ဆိုတဲ့ ကိုနေမင်းညိုရယ်ပဲပေါ့။ ကားပေါ်တက်ကာ တရကြမ်း မောင်းထွက်သွားတာ တွေ့ရသည်။

ဘုရား ... ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



သူဘာမှမဖြစ်ပါစေနဲ့ ... သူအန္တရာယ် ကင်းပါစေ။

ဝမ်းနည်းကြေကွဲစွာ ကျွန်မတသိမ့်သိမ့် ငိုရှိုက်မိသည်။ ဒါတွေအားလုံးရဲ့ အဓိက တရားခံက ကျွန်မပဲ ... အခုအချိန် ကိုနေမင်းညိုသာ တစ်ခုခုဖြစ်သွားလို့ကတော့ ...

အို ... ဟင့်အင်း ... ဟင့်အင်း။

ကိုနေမင်းညို ဘာမှမဖြစ်ရပါဘူး။

ကျွန်မစိတ်တွေ အရမ်းပူလောင်လာရသည်။ ဘာဆက်လုပ်လို့ လုပ်ရမှန်းလဲမသိ ... ကြီးစိမ်းကတော့ မြကြာယံကိုသာ အပြစ်တွေ တင်နေတော့သည်။

"မြကြာယံလေးရယ် ... ကြီးစိမ်း သေချင်တာပဲကွယ်"

"ကြီးစိမ်းရယ် ... မြကြာယံက ပိုပြီး သေဖို့ကောင်းတာပါ ... ဒါတွေအားလုံး မြကြာယံကြောင့် ဖြစ်ရတာ ... မြကြာယံ မလိမ္မာတာပါ ... မြကြာယံ ကိုယ့်ဘဝကိုယ် နားမလည်တတ်ခဲ့လို့ အခုလို မဖြစ်သင့်တာတွေ ဖြစ်လာရတာပါ ကြီးစိမ်း ..."

"ကလေးရယ် ... ကြီးစိမ်းကိုယ်တိုင်ကလည်း စမှားတာပါကွယ် ... မောင်နေမင်းညိုနဲ့သာ ကလေးကိုပတ်သက်မှု မပေးခဲ့ရင် ... ဒီလိုကိစ္စတွေ မဖြစ်လာနိုင်ပါဘူး ... ဒါပေမယ့် ... မောင်နေမင်းညိုဟာ ပေါ့ပေါ့ရမ်းရမ်း လူတစ်ယောက်တော့ မဟုတ်ပါဘူးကွယ် ... သူ့မှာ ဦးနှောက် စဉ်းစားဉာဏ် အပြည့်အဝ ရှိနေတယ်၊ သူ ဘာမှမဖြစ်နိုင်ပါဘူး"



"ကြီးစိမ်းက ... တစ်ထစ်ချ ပြောနိုင်လို့လား"

"အင်း ... သူသာ မြကြာယံနဲ့ ချစ်သူတွေပါလို့ မြတ်ပန်းနွယ်ကို အမှန်အတိုင်း ရင်ဖွင့်တော့မယ်ဆိုရင်တော့ တို့အကြောင်းကို ပန်းပန်းက အစအဆုံး သိနေတာပဲ သူမကသာ ရှင်းပြလိုက်ရင် ... မောင်နေမင်းညို အလိုလို နောက်ဆုတ်သွားပါလိမ့်မယ်ကွယ်"

"ရှင် ... ကြီးစိမ်း။

မြတ်ပန်းနွယ်က သမီးတို့ အကြောင်းတွေ သိတယ်"

"မိတ္ထီလာမှာနေတုန်းက ... မြတ်ပန်းနွယ်နဲ့ သမီးမေမေတို့က ခြံချင်းကပ်တွေလေ ... ဟိုတစ်နေ့က ကြီးစိမ်းနဲ့ မြတ်ပန်းနွယ် လှေကားထစ်မှာ ဆုံခဲ့တယ်။ ကြီးစိမ်းက လူမှားနေတယ်ဆိုပြီး ... ရှောင်ထွက်ခဲ့ပေမယ့် မြတ်ပန်းနွယ်က သိပ်သက်ာတဲ့ပုံ မရဘူး။

ကြီးစိမ်း သိလိုက်ရတာက ...

အဲ့ဒီဒေါက်တာမမြတ်ပန်းနွယ်က ... မောင်နေမင်းညိုနဲ့ လူကြီးချင်း သဘောတူထားကြတဲ့ သူတွေတဲ့လေ ...။ အဲ့ဒီတော့ ... တို့အကြောင်းကို သူပြောပြလိုက်ရင် ... မောင်နေမင်းညို အလိုလိုနားလည်ပြီး နောက်ဆုတ်သွားမှာပါ ... တကယ်ဆိုတော့လည်း ... မြတ်ပန်းနွယ်ဟာ အရည်အချင်း ပြည့်ဝနေတဲ့ မိန်းကလေး တစ်ယောက်မဟုတ်လား ... မောင်နေမင်းညိုလည်း ဒီလောက်တော့ စဉ်းစားဉာဏ် မထုံသေးပါဘူးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြီးစိမ်း စကားတွေကို မြကြာယံ လက်မခံချင်။

သူ့အကြောင်းကို ကျွန်မ အသိဆုံး။

ကြီးစိမ်းပြောသလို ...

အားလုံး ဖြစ်လာခဲ့ရင်တော့ အကောင်းသား ... ဖြစ်မလာခဲ့ရင်ကော ... မြကြာယံ ခေါင်းကိုတအားခါယမ်းမိသည်။

သူ့ရဲ့စိတ်ကို ကျွန်မ အရမ်းဖတ်တတ်၏ ...။

သိပ်ကတိတည်တဲ့လူ ...။

ခေါင်းမာမာနဲ့ တဇွတ်ထိုး လုပ်တတ်တဲ့လူစားမျိုး ... သူ ကျွန်မကို ကတိပေးထားတဲ့အတိုင်း လုပ်မှာသေချာသည်။ အချောင်သမားစိတ် ကျွန်တော့်မှာ မရှိဘူးတဲ့။

သူ့မျက်ဝန်းအကြည့်တွေက ခိုင်မာပြတ်သားမှုကို ပြသနေ၏။

ကျွန်မ စဉ်းစားမိသလိုသာ ... တကယ်တမ်းဖြစ်လာခဲ့ရင်တော့ မလိုလားအပ်တဲ့ ... ပြဿနာတွေ အကြီးအကျယ် တက်ကုန်တော့မှာ သေချာပြီ ... ဆုံးရှုံးမှုတွေ နစ်နာမှုတွေ စိတ်ထိခိုက်မှုတွေနှင့် တစ်သက်လုံး ခံစားသွားကြရမှာ သေချာနေသည်။

အို ... မဖြစ်ပါစေနဲ့။

ကျွန်မ စိတ်ကူးတွေ ... ကျွန်မအတွေးတွေ တကယ် မဖြစ်လာပါစေနဲ့လို့သာ မြကြာယံ ဆုတောင်းနေမိတော့သည်။



## အခန်း(၃)

"မြတ်ပန်းနွယ် ..."

ကျွန်တော် မြတ်ပန်းနွယ် အိမ်ရောက်တော့ ... ဧည့်ခန်းထဲတွင် ဒေါက်တာပပနှင့် မြတ်ပန်းနွယ်ကို တွေ့လိုက်ရသည်။

အမောတကော ဖြစ်နေသော ကျွန်တော့်ပုံကို ကြည့်ပြီး အံ့သြနေကြ၏ ...။

ဒေါက်တာပပက ...

"မင်း ... တို့ဆေးခန်းကို လာပြတဲ့ ကောင်လေး မဟုတ်လား"

"ဟုတ်ပါတယ် မမ ..."

"မမအခုပဲ ... မင်းတို့အကြောင်းတွေ ပြောပြနေတာ သိပ်ချောတာပဲ ... သိပ်လိုက်ဖက်ညီတာပဲ ပြောနေတာတွေလေ"

မပပစကားကြောင့် မြတ်ပန်းနွယ် အရမ်းကို

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩမင်သက်စွာ ကြောင်သွားမိသည်။

ကိုနေမင်းညို ...။

ဒေါက်တာမမပြောတဲ့ ယောကျ်ားပီသတဲ့ ... ကောင်လေးတဲ့ ... အဲ့ဒါ ... ကိုနေမင်းညိုတဲ့လား ...။

အို ...။

ဘုရားရေ။

ဘာတွေဖြစ်ကုန်ရတာလဲ ...။

အခုမှ မြတ်ပန်းနွယ် ငယ်ထိပ်တည့်တည့် မိုးကြိုး အစင်းတစ်ရာ ပစ်ချခြင်း ခံလိုက်ရသလိုပင် ခံစားလိုက်ရသည်။

"မင်းရဲ့ ... ဇနီးရော မပါလာဘူးလား"

"ဗျာ ... ဟုတ်ကဲ့၊ မပါလာဘူး ဒေါက်တာ"

ကျွန်တော် မထူးတော့ ... ဖြောင်ပဲဖွင့်ဟဝန်ခံ လိုက်မိသည်။ မြတ်ပန်းနွယ်ကိုတော့ ကျေနပ်တဲ့အထိ တောင်း ပန်ရမှာပဲ ... မတတ်နိုင်။ မြကြာယံဘက်က ကျွန်တော်မားမား မတ်မတ် ရပ်မှဖြစ်မည်။ တစ်ချိန်လုံး မြကြာယံဘဝက ... ကံဆိုးလာရတာ မဟုတ်လား ... ကျွန်တော်နှင့်ပတ်သက်ပြီး မြကြာယံ ကံမဆိုးစေရ ... စိတ်သောက မရောက်စေရဘူး။ မြကြာယံ ကျွန်တော့်ကြောင့် ပျော်ရွှင်နေတာပဲ ကျွန်တော် မြင်ချင်ပါတယ်။

ကျွန်တော်နှင့်မပပ ...

စကားပြောနေတာကိုကြည့်ပြီး ... ကျောက်ဆစ် ရုပ်လို ဖြစ်နေသူကတော့ ... မြတ်ပန်းနွယ်ရယ်ပါ။

"ဟိတ် ... ပန်းပန်း"



" ... ... ... "

"မြတ်ပန်းနွယ်"

"ရှင်"

"မမပြန်တော့မလို့ နှုတ်ဆက်နေတာလေ ... ပန်းပန်း ရယ်။ ဘာတွေ အတွေးလွန်နေရတာလဲ ... ဘာလဲ မနက်ဖြန် ရွှေမင်းသားလေးနဲ့ စေ့စပ်ရတော့မှာမို့ ... ကြိုတင်စိတ်ကူးယဉ် ကြည့်နေတာလား"

"အို ..."

မပပစကားကြောင့် သူမ အရမ်းရှက်သွားမိသည်။

သူမရဲ့ စိတ်ကူး၊ သူမရဲ့ အတွေးအိပ်မက်ကမ္ဘာ ကြီး ဖြိုလဲပျက်စီးသွားရပြီဆိုတာ ... မမပပမသိဘူးနော်။ ကိုနေမင်းညိုရှေ့မှာပဲ မမပပက စ,နောက်နေ၏။ သူမ ဘာ ဆက်ပြောရမှန်းမသိ ... ငိုချလိုက်ချင်စိတ်တွေသာ သူမရင် ထဲမှာ ဖြစ်ပေါ်နေသည်။

သူ့မျက်နှာကိုလည်း မကြည့်ရဲတော့ ...။

သူ့မှာ မိန်းမရှိနေတယ်တဲ့။

သူမ သိရသလောက် ... ကိုနေမင်းညိုက လူပျို တစ်ယောက်ပါ ... အန်တီညိုကလည်း ဖုံးကွယ်ကာ သူမနှင့် လက်ထပ်ပေးမှာတော့မဟုတ်။

ဘာတွေလဲ ...။

ဘာလိုတွေ ဖြစ်ကုန်ရတာလဲ။

သေချာတာကတော့ ... ကျွန်မ ရှုံးရတော့မည်။ ရှက်စရာကောင်းလိုက်တာ ... ကိုနေမင်းညိုကိုလည်း ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိသည်။ မနက်ဖြန်ဆို ကျွန်မရဲ့ စေ့စပ်ပွဲ ကျင်းပဖို့ လူသိရှင်ကြား ဖိတ်ထား၏ ... ဘာဆက်လုပ်ကြမလဲ ...။

အစောကြီးထဲကသာ သိရင် ...

အစီအစဉ်တွေ မလွန်ခင် တားဆီးထားလို့ ရသေးတာပေါ့။

"ပန်းပန်း ... ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် တကယ်စိတ်မကောင်းပါဘူး"

"အဟင့် ... ဟင့် ... ဟင့်"

မြတ်ပန်းနွယ် ဘာမှမပြောနိုင်တော့။

စိတ်မထိန်းနိုင်ဘွာ ငိုချလိုက်မိတော့သည်။

"မနက်ဖြန် စေ့စပ်မယ်ဆိုတာ ... ကျွန်တော် တကယ် မသိခဲ့ဘူးဗျာ ... အခုမှ မေမေပြောလို့ သိခဲ့ရတယ်။ ကျွန်တော်လည်း ဘာဆက်လုပ်ရမှန်း မသိလို့ ... မြတ်ပန်းနွယ်ဆီ လာတာပါ"

"ရက်စရာ ကောင်းလိုက်တာ ... ကျွန်မ သိပ်ရက်တာပဲ ကိုနေမင်းညို ... အစကတည်းက ... ရှင်ပြောပြဖို့ ကောင်းတယ် ... ရှင့်မှာ မိန်းမရှိနေပြီးသားဆိုတာ ရှင် ဝန်ခံခဲ့ဖို့ကောင်းတယ်။ အခု ... ဘာဆက်လုပ်ရတော့မလဲ ... ကျွန်မ သိပ်ကိုမှားတယ် ... ရှင့်ကိုယုံကြည်မိပြီး ရှင့်အကြောင်း သေသေချာချာ မစုံစမ်းခဲ့မိတာ ကျွန်မ နောင်တအရမ်းရတာပဲ။ အခုတော့ ... အားလုံးက ရှင့်မှာ မိန်းမရှိနေတာ သိကြပြီး။ ကျွန်မ တစ်ယောက်တည်း မသိတာ ... ရှင်နဲ့ကျွန်မ ဘယ်လို



စေ့စပ်ကြမလဲ"

"ကျွန်တော် တောင်းပန်ပါတယ် ... မြတ်ပန်းနွယ်ရဲ့ ဂုဏ်သိက္ခာ ဘယ်လောက်ထိခိုက်သွားမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော် ဝန်ခံပါတယ် ... အပြစ်ရှိတဲ့လူက ကျွန်တော်ပါ ... ကျွန်တော် တကယ်စိတ်မကောင်း ဖြစ်ရပါတယ် မြတ်ပန်းနွယ်ရယ် ..."

မြတ်ပန်းနွယ်က ငိုနေ၏ ...။

ကျွန်တော် အထပ်ထပ်တောင်းပန်မိသည်။

ကျွန်တော်နှင့် မြတ်ပန်းနွယ် ဘယ်လိုမှ စေ့စပ်လို့မဖြစ် ... မြကြာယံကို ကျွန်တော့်ဇနီးဟု မှတ်ယူနေကြ၏။ အထင်လွဲနေတာလဲ ခပ်ကောင်းကောင်းပဲ ... ဒါမှ ကျွန်တော် ဖြေရှင်းလို့လွယ်မှာ။

"ရှင့်မိန်းမရှိတာ ရှင့်အမေ မသိဘူးလား ..."

"ဟုတ်တယ်ပန်းပန်း ... မေမေ မသိသေးဘူး"

"ဟင် ... ရှင်အခု အချိန်ထိ ဘာလို့အသိမပေးသေးတာလဲ။ ဘယ်တောမှ အသိပေးမှာလဲ ... ကိုနေမင်းညို"

"ကျွန်တော် မပြောတတ်ဘူး မြတ်ပန်းနွယ်"

"ဘယ်လို ..."

"ဟုတ်တယ် ... မြတ်ပန်းနွယ်။ ကျွန်တော်သာ အသိပေးလိုက်ရင် မေမေ စိတ်ထိခိုက်ပြီး တစ်ခုခုဖြစ်သွားနိုင်တယ် မြတ်ပန်းနွယ် ... ဒါကြောင့် ကျွန်တော် မြတ်ပန်းနွယ်ကို လာတွေ့ပြီး ... အကူအညီတောင်း ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ... ကိုနေမင်းညို။
အကူအညီ ဟုတ်လား"

အကူအညီ လာတောင်းတာတဲ့လား ကိုနေမင်းညိုရယ် ...

ရှင့်မှာ စာနာတတ်တဲ့ နှလုံးသားတွေရော ... ရှိမှရှိသေးရဲ့လား။ ကျွန်မရင်ထဲမှာ ဘာတွေခံစားနေရမယ်။ ဘယ်လောက် ခံစားနေရတယ်ဆိုတာ ရှင်နည်းနည်းလေးမှ မစဉ်းစားတော့ဘူးလား။

ရှင်သိပ်အတ္တကြီးမနေဘူးလား ကိုနေမင်းညို ...
ရှင်သိပ်တစ်ကိုယ်ကောင်း ဆန်မနေဘူးလားရှင်။
ရှင် မတွေးမိဘူးလား ...။

ကျွန်မဟာ နှလုံးသားရှိတဲ့လူ၊ အသက်ရှိတဲ့လူလို့လေ။ ရှင် ကျွန်မကို ကျောက်ရုပ်ထုတစ်ခုလို့များ ထင်နေတာလား ကိုနေမင်းညိုရယ်။

"ဆောရီး ... ပန်းပန်း"

ကျွန်တော်စကားပြော သိပ်လောသွားတယ် ... တကယ်တော့ ပန်းပန်းနဲ့ စကားပြောချင်တယ် ... ကျွန်တော် မလိမ်ညာတမ်း ဝန်ခံချင်ပါတယ် ... ပန်းပန်း ... ကျွန်တော် မိန်းကလေးတစ်ယောက်ကို ချစ်ခဲ့မိတယ် ... သူ့ကိုကျွန်တော် ချစ်တာထက် ... သနားစိတ်က ပိုတယ်။ သူ့ရဲ့သိမ်ငယ်အားငယ်နေတဲ့ ဘဝကို ကျွန်တော် သနားတယ် ... ကျွန်တော်သာသူ့အနားမှာ မရှိနိုင်တော့ဘူးဆိုတာ ... သူသိရင် သိပ်ဝမ်း



နည်းပြီး စိတ်ထိခိုက်သွားလိမ့်မယ် ပန်းပန်းရယ်"

"ပန်းမေးပါရစေ ... အဲ့ဒီ မိန်းကလေးအကြောင်းကို ရှင့်အမေကို အမှန်အတိုင်း ဖွင့်မပြောရဲလောက်အောင် ဘာအကြောင်းတွေ ရှိနေလို့လဲ ... ရှင့်ကောင်မလေး နာမည်က ဘယ်သူလဲ ... ဘယ်မှာနေလို့လဲ ..."

"ကျွန်တော် ပြောမှာပါ ... မြတ်ပန်းနွယ် ... အဲ့ဒီကောင်မလေးက ... မြကြာယံတဲ့ ..."

"မြကြာယံ ... ဟုတ်လား"

"ဟုတ်တယ် ပန်းပန်း ... မြကြာယံ တဲ့။ သူ့မိဘတွေက ဘယ်သူတွေလဲဆိုတာ ပန်းပန်းသိလား"

"အို ... ပန်းက ဘယ်လိုလုပ်ပြီးသိမှာလဲ ... တစ်ခါမျှ တောင် တွေ့ဖူးတာ မဟုတ်ဘူး ..."

"မြကြာယံရဲ့မိဘတွေက ... ဟိုတစ်ချိန်တုန်းက မိတ္ထီလာမှာနေခဲ့တယ်ဆိုတဲ့ ဦးမောင်ထွန်းနဲ့ ဒေါ်မြရှင်တို့ပဲ ပန်းပန်း"

"ရှင် .."

မြတ်ပန်းနွယ် အထိတ်တလန့် ဖြစ်သွားရပြီ။

အံ့သြတုန်လှုပ်စွာ ... မယုံကြည်နိုင်စွာ ကိုနေမင်းညို မျက်နှာကို သူမ မော့ကြည့်လိုက်မိတော့သည်။

မယုံနိုင်လွန်း၍ ခေါင်းကို သူမ ခါယမ်းလိုက်မိ၏။

မြကြာယံ ...။

ကိုနေမင်းညိုရဲ့ ချစ်သူက မြကြာယံတဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ထွန်းနဲ့ ဒေါ်မြရှင်တို့ရဲ့ သမီးကလေးတဲ့ ဟုတ်နိုင်ပါ့မလား ဖြစ်နိုင်ပါ့မလား ...။

"အံ့သြသွားပြီမို့လား ... မြတ်ပန်းနွယ်ရယ်။ ကျွန်တော့် ချစ်သူရဲ့ အကြောင်းကို ... မေမေ့ကို ကျွန်တော်ဘယ်လိုလုပ် ရှင်းပြရမလဲ ... ကျွန်တော် ပြောတော့ရော လက်ခံမှာတဲ့လား။ ကျွန်တော်တို့ နှစ်ယောက်ကို မေမေ သဘောတူကြည်ဖြူနိုင်မှာမို့လားဗျာ ... အဲ့ဒါကြောင့် ကျွန်တော် ဖွင့်မပြောဘဲ နေခဲ့တာပါ ပန်းပန်းရယ်"

"နေပါဦး ... အဲ့ဒီကောင်မလေးက သေသွားတာ မဟုတ်ဘူးလား ... ဘယ်လိုကနေ ဘယ်လို ..."

"ကျွန်တော်စုံစမ်းကြည့်တော့ ... မြကြာယံဟာ ဦးမောင်ထွန်းနဲ့ ဒေါ်မြရှင်တို့ရဲ့ သမီးအရင်းပဲ။ သူတို့ရဲ့သမီးလေးကို ... သူ့တို့အကြောင်းတွေ သိမှာစိုးလို့ တခြားအိမ်တစ်ခုမှာ တိတ်တိတ်ကလေးမွေးပြီး ... ပညာသင်စေခဲ့တယ် ... ဒီအကြောင်းတွေကို ကြီးစိမ်းတစ်ယောက်ကိုပဲ အသိပေးထားတာလေ"

"အင်း ... ဟုတ်ပြီ။

ကျွန်မ ဟိုတစ်နေ့က ကြီးစိမ်းနဲ့တွေ့တော့ ... ရှင် အရမ်းအံ့သြပြီး ... ကျွန်မကို သူတို့အကြောင်းတွေ မေးနေခဲ့တာကို"

"ဟုတ်ပါတယ် ... ပန်းပန်း"

"အခုရော ... သူတို့ ဘယ်မှာနေတာလဲ"

"ကျွန်တော်တို့ အရှေ့ကအခန်းမှာ ... မြကြာယံနဲ့



ကြီးစိမ်းတို့ ရှိတယ် ပန်းပန်း ... အဲ့ဒီပြဿနာတွေကို ကြားတော့ ကြီးစိမ်းက မြကြာယံကို ကျောင်းကထုတ်ပြီး ရှိတဲ့ပစ္စည်းကလေးတွေနဲ့ ထုခွဲရောင်းချစားပြီး ... တိတ်တိတ်ကလေး နေခဲ့ကြတယ်လေ"

"အဲ့ဒီကောင်မလေး အခုရှိလားဟင် ..."

"ရှိတယ် ... ပန်းပန်း။ အဲ့ဒါကြောင့် ကျွန်တော် ... သူ့ဘဝကို မထားခဲ့ရက်တာပေါ့ ပန်းပန်းရယ် ... ပတ်ဝန်းကျင်မှာ မျက်နှာမပြဝံ့တဲ့ဘဝ ... လူတောမတိုးရဲတဲ့ဘဝနဲ့ သူ့ဘဝလေးက အဲ့ဒီအခန်းကလေးထဲမှာပဲ ရှင်သန်နေရတာ ... ပညာကျတော့လည်း ရှစ်တန်းလောက်နဲ့ ထွက်ထားရတာတဲ့ ... သိပ်သနားစရာကောင်းတဲ့ သူပါ မြတ်ပန်းနွယ်ရယ်"

ကျွန်တော့်စကားကို ပန်းပန်း သေသေချာချာ နားထောင်နေသည်။

ပန်းပန်း မည်သို့ဆုံးဖြတ်မည်နည်း။

တကယ်တမ်းကျတော့ ...

မြတ်ပန်းနွယ်က ရိုးသားပြီး အေးချမ်းသူ၊ စိတ်သဘောထား ဖြူစင်သူပါ။ ဘာအပြစ်အနာအဆာမှ မရှိတဲ့ ပန်းကလေးတစ်ပွင့်ပါ ...

"ဒီလိုလုပ် ကိုနေမင်းညို ... ကျွန်မ သူ့ကိုတွေ့ချင်တယ်။ အဲ့ဒါ ရှင်လုပ်ပေးနိုင်မလား"

"ဗျာ ..."

"ဘာပဲဖြစ်ဖြစ် ... မိန်းမချင်း ကျွန်မ ကိုယ်ချင်းစာ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ရှင် သူ့ကို ချစ်တယ်ဆို ...”

မြတ်ပန်းနွယ် စကားကို ကျွန်တော် နားမရှင်း။

“မြတ်ပန်းနွယ်နဲ့ ကျွန်တော်တို့ရဲ့ စေ့စပ်ကြောင်းလမ်းက ...”

“ဖျက်လိုက်ရုံပေါ့ ကိုနေမင်းညိုရယ် ... ဒါတွေအားလုံး ကျွန်မတာဝန်ထားပါ ... ရှင်သာ ကျွန်မကို သူတို့နဲ့တွေ့ရအောင်လုပ်ပေး ဟုတ်ပြီလား”

“ဟာ ... ဝမ်းသာလိုက်တာ မြတ်ပန်းနွယ်ရယ်။ ကျွန်တော် အရမ်းလေးစားသွားရပြီဗျာ။ ကျေးဇူးလည်းတင်ပါတယ် ... ပန်းပန်းရဲ့ စိတ်သဘောထား ကြီးမှုကိုတော့ ကျွန်တော် ဘယ်လိုလေးစားရမှန်းတောင် မသိတော့ပါဘူး ပန်းပန်းရယ်”

ကျွန်တော် ထ,ခုန်မိမတတ် ဝမ်းသာသွားမိသည်။

ပန်းပန်းကို ကျွန်တော်ယုံမိ၏ ...။

ကျွန်တော့် အခက်အခဲ မှန်သမျှကို ... ဒိုင်ခံရှင်းပေးနိုင်သော ပန်းပန်း၏ အချစ်အတွက် ကျွန်တော် မလေးစားဘဲ မနေနိုင်တော့ ...။

ပန်းပန်းရယ် ...။

ဒီဘဝမှာသာမဟုတ် ဘဝဆက်တိုင်း ပန်းပန်းချစ်တဲ့သူဟာ ... ပန်းပန်းကို အမြတ်တနိုး ပိုင်ဆိုင်ရတဲ့သူသာ ဖြစ်ပါစေကွယ်။

ကျွန်တော် ...။

ဝမ်းသာမိသည်။ ကျေနပ်မိ၏။



သေချာတာက ... ကျွန်တော်နဲ့ မြကြာယံလေးတို့ရဲ့ဘဝဟာ ရှေ့လျှောက် အဆင်ပြေကောင်းမွန်လာတော့မည်ဟု တစ်ထစ်ချ ယုံကြည်ထားမိသည်။

မြကြာယံရယ် ...။

မင်း အားမငယ်ပါနဲ့တော့ကွာ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"ဟင် ..."

ကျွန်မ ကိုနေမင်းညိုကို တွေ့လိုက်ရ၍ တံခါး ဖွင့်ပေးလိုက်မိခြင်းရယ်ပါ။ ဝင်လာတော့မှ ... ကိုနေမင်းညို တစ်ယောက်တည်းမဟုတ် ... အမျိုးသမီးတစ်ယောက်ပါ ဝင်လိုက်လာခဲ့တော့မှ နှစ်ယောက်မှန်း သိရတော့သည်။

အသားဖြူဖြူ ...

အရပ်မြင့်မြင့်နှင့် သဘောကောင်းမည့်ပုံရသော ထိုအမျိုးသမီးက ကိုနေမင်းညို ပြောဖူးသော ဒေါက်တာ မြတ်ပန်းနွယ်။

တစ်နည်းအားဖြင့် ...

လူကြီးချင်း သဘောတူထားခြင်း ခံရသူ။

မြကြာယံ ...။

အရမ်းအံ့သြသွားရတာက ... ထိုမြတ်ပန်းနွယ် ဆိုသော မမက ချိုသာသော အပြုံးကလေးနှင့် ကျွန်မကို



နှုတ်ဆက်လိုက်ခြင်းကိုပါ။

မြကြာယံ ...။

အားနာစွာ ပြန်ပြုံးပြလိုက်မိသည်။

"မြကြာယံ ... ကြီးစိမ်းရှိလား"

"ဟုတ် ... ရှိတယ်။ အိမ်နောက်ဖေးမှာ ဟင်းချက်နေ တယ်"

"ခဏခေါ်လိုက်ပါနော် ညီမလေး"

"ရှင် ..."

ညီမလေးတဲ့ ...။

သာယာလိုက်တဲ့ ခေါ်သံလေး ... နားထဲမှာ စိမ့်ကာ ကြက်သီးများတောင် ထသွားမတတ် မြကြာယံ ခံစားလိုက်ရသည်။

"ခေါ်လိုက်ပါ ... မြကြာယံ"

ကိုနေမင်းညိုပြောမှ မြကြာယံ သတိဝင်ကာ ... ကြီးစိမ်းကိုခေါ်ဖို့ မီးဖိုခန်းကလေးထဲသို့ မြကြာယံ ဝင်ခဲ့မိ သည်။

ဘာတွေလဲတော့ မြကြာယံ နားမလည်တော့ပါ။

ကြီးစိမ်းလက်ကိုဆွဲပြီး ... အပြင်သို့ ထွက်ခဲ့မိ တော့သည်။

မြတ်ပန်းနွယ် စိတ်ထဲမှာတော့ ... မြကြာယံဆို တဲ့ ကောင်မလေးကိုကြည့်ပြီး သနားသွားမိသည်။

မျက်နှာလေးက ချစ်စရာဖူးဖူးလေး ...

အသားလေးကလည်း ဖြူဖွေးအိစက်နေတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကလေးတွေကဆို ... ပန်းရောင်လေး သန်းနေ၏။

ထူးခြားတာက ...

သူမရဲ့ ပိုးသားလို ပျော့ပျောင်းနေတဲ့ ... ခြေသလုံး တစ်ဝက်ကျော်ကျော်လောက်ထိ ရှည်လျားဖြောင့်တန်းစွာ စင်းစင်းကလေး ကျနေသော ဆံနွယ်ကြီးတွေပင် ...။

မျက်လုံးနက်နက် ဝိုင်းဝိုင်းကလေးတွေနှင့် ... လှလိုက်တဲ့ ကောင်မလေး ... အခုမှ ကောင်မလေးကို တွေ့ဖူးပေမယ့် မြတ်ပန်းနွယ် ... ညီမအရင်းကလေးတစ်ယောက်လို ချစ်သွားမိသည်။

အင်းလေ ...။

မိန်းမချင်းတောင် မြင်တာနဲ့ ချစ်သွားမိတာဆိုတော့ ... ကိုနေမင်းညိုလို ယောကျာ်းတစ်ယောက်က ပိုဆိုးတော့မှာပေါ့ ... ကိုနေမင်းညို စွဲလမ်းမယ်ဆိုလည်း စွဲလမ်းလောက်ပါတယ်လေ။

မြကြာယံက ...

နာမည်ကလေးနဲ့ လိုက်အောင်ကို လှနေတော့တာကို ...

"ဟင် ... မြတ်ပန်းနွယ်"

"ဟို ... ပန်းကိုမြင်တာနဲ့ လန့်မသွားပါနဲ့ ကြီးစိမ်း၊ ပန်း ကြီးစိမ်းတို့ကို နှောင့်ယှက်ဖို့လာတာ မဟုတ်ပါဘူး .. ပန်းကိုယုံပါ ကြီးစိမ်းရယ် ... နော်"

"အေးကွယ် ... ပန်းကလေးနဲ့ မတွေ့တာကြာပြီနော်။ ကျက်သရေ ရှိလိုက်တာကွယ် ... ငယ်ငယ်ကနဲ့



တခြားစီပဲ။ စာတွေကြီးပဲ လိုမ့်ကျက်နေပြီး ... ဘာမှ ဖြီးလိမ်းပြင်ဆင်ခြင်း မရှိတော့ ကြည့်ရတာ တစ်မျိုးပဲ၊ အခုလိုလေးကျတော့လည်း တကယ့်လူကြီးအတိုင်း ဖြစ်နေတယ် ... နေကောင်းတယ်နော် သမီး"

"ဟုတ်ကဲ့ ... ကောင်းပါတယ် ကြီးစိမ်း"

"ဒါနဲ့ သမီးမိဘတွေရော ... နေကောင်းကြရဲ့လား ... သတိတော့ ရပါတယ်သမီးရယ် ... ဒါပေမယ့် ကြီးစိမ်းတို့ဘဝအကြောင်း သမီးလည်း ကြားပြီးမှာပေါ့"

"စိတ်မကောင်းပါဘူကြီးစိမ်း ... ဟိုတစ်နေ့က ကြီးစိမ်းကိုတွေ့ပြီးကတည်းက ပန်းသိပ်မသက်သာသလို ဖြစ်နေတာ။ အခုမှပဲ ကြီးစိမ်းဆိုတာသိလို့ ... ကိုနေမင်းညိုကလည်း ပန်းကို ဝန်ခံတောင်းပန်ပြီး အကူအညီတောင်းတာနဲ့ ... ကြီးစိမ်းတို့နဲ့ လာတွေ့တာလေ"

"ဘယ်လိုပန်း ... ကြီးစိမ်းတော့ နားမရှင်းဘူးကွယ်"

"ဒါနဲ့ ဒီကညီမလေးက ..."

"ပန်းကိုတော့ ကြီးစိမ်း ယုံကြည်တယ် ... ကြီးစိမ်း မညာချင်ပါဘူးကွယ် ... သူလေးက ... မောင်ထွန်းနဲ့ မြရှင်တို့ရဲ့ သမီးကလေးပေါ့ကွယ်"

"မြကြာယံနဲ့ ကိုနေမင်းညိုတို့က ချစ်သူတွေဆို ... ဟုတ်လား ညီမ ..."

"ရှင် ..."

မမပန်း၏အမေးကြောင့် မြကြာယံ ဘာဖြေရမှန်း မသိတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ကြောင်တောင်တောင် ဖြစ်သွားမိ၏။

ရှက်ရွံ့စွာ ခေါင်းလေးကို ငုံ့ထားမိသည် ...။

"မရှက်ပါနဲ့ကွယ် ... မမက သိချင်လို့ မေးတာပါ"

"ဖြေလိုက်လေ ... မြကြာယံ"

ကိုနေမင်းညိုကပါ အတင်းဖြေခိုင်းနေသဖြင့် ... မြကြာယံ ခေါင်းလေးညိတ်ပြီး အဖြေပေးလိုက်မိသည်။

မမပန်းကလည်း ...။

ကျွန်မကို ဘာတွေလာပြောနေမှန်း မသိ။

ရှက်စရာကောင်းလိုက်တာနော် ... ကိုနေမင်းညို ရှေ့မှာမို့ ပို၍ပင် မျက်နှာပူမိသည်။

"ပန်းရယ် ... ဘာတွေလဲ ကြီးစိမ်းတော့ နားမလည်နိုင်တော့ဘူးကွယ် ... သေသေချာချာလည်း ရှင်းပြကြပါဦးကွယ်"

"ဒီလိုလေ ကြီးစိမ်း ... ပန်းပန်းကို လူကြီးတွေက ကိုနေမင်းညိုနဲ့ သဘောတူပြီး လက်ထပ်စေချင်တယ်။ ဒါပေမယ့် ... မနေ့ကညက ကျွန်မဆီ ကိုနေမင်းညို ရောက်လာပြီး ... ဝန်ခံတယ်။ ပန်းကိုလည်း မယူနိုင်တဲ့အကြောင်း ... တောင်းပန်တယ်။ သူချစ်တာ ... မြကြာယံကိုပဲတဲ့လေ ... သူမြကြာယံကိုပဲ လက်ထပ်မယ်လို့ ကတိပေးထားတယ်လို့ ပွင့်ပွင့်လင်းလင်း ရှင်းပြတယ် ..."

"အို ..."

ကိုနေမင်းညိုရယ် ...။



ရှင်ဒီလောက် သတ္တိရှိလိမ့်မယ်လို ကျွန်မ မထင်ခဲ့မိဘူး။ ကျွန်မ ရှင့်ကို ... အရမ်းပဲ အထင်ကြီး လေးစားသွားရပါတယ်ရှင် ...။

မြကြာယံ ရင်ထဲမှ တိုးတိုးကလေး ပြောနေမိတော့သည်။

"အဲ့ဒါနဲ့ ... ကျွန်မ ဆုံးဖြတ်လိုက်တယ်။ အချစ်မပါတဲ့ အိမ်ထောင်ရေးကို တည်ထောင်မယ့်အစား ... ချစ်ကြတဲ့ ချစ်သူနှစ်ဦး ပေါင်းရအောင် လုပ်ပေးတာ ပိုကောင်းမယ်လို့လေ"

"ပန်းရယ် ... ကြီးစိမ်းတော့ ကိုယ့်နားကိုတောင်ကိုယ် မယုံကြည်ချင်တော့ဘူး။ စိတ်သဘောထား ပြည့်ဝလိုက်တဲ့ ကလေးရယ် ..."

"ဟုတ်တယ် ကြီးစိမ်း ... မြကြာယံကို ပန်းရဲ့ညီမလေး အဖြစ် မွေးစားဖို့ လာခေါ်တာပါ။ ဒါပေမယ့် ပန်း စိတ်မကောင်းတာက ... ကြီးစိမ်းအတွက်ပဲ ... ကြီးစိမ်းကိုအားလုံးက သိနေကြတာဆိုတော့ ..."

"ကြီးစိမ်း သဘောပေါက်ပါပြီကလေးရယ် ... ကျေးဇူးလည်း အရမ်းတင်ပါတယ် ... ကြီးစိမ်းအတွက် ဘာမှ မပူနဲ့၊ ကြီးစိမ်းက အသက်ကြီးပါပြီ ... တရားအားထုတ်ရင်း နေသွားတာ ပိုပြီးအေးချမ်းပါတယ်ကွယ်၊ မြကြာယံကလေးဘဝ အေးချမ်းမယ်ဆိုရင် ကြီးစိမ်း ဘာပဲလုပ်ပေးရ လုပ်ပေးရ ... ဘယ်လိုပဲ နေရ နေရကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... မြကြာယံကို အခုခေါ်သွားရင် ကောင်းမယ် နော်"

"ကောင်းသားပဲ ... ပန်းပန်း။ မေမေ မမြင့်ခင် ခေါ် သွားတာ ကောင်းတယ် ... မေမေက ငြိမ်းငြိမ်းဆိုတဲ့ မိန်းမကြီးအိမ် သွားတယ်တဲ့ ..."

"အဲ့ဒါဆို ... ပန်းတို့ ခေါ်သွားကြမယ်နော်။ ကြီးစိမ်း ဘယ်လို သဘောရလဲ"

"အေးကွယ် ... ခေါ်သွား။ ခေါ်သွားတော့ ပန်းရယ်"

"ဟင့်အင်း ... ဟင့်အင်း။ မြကြာယံ မလိုက်ဘူး ... မြကြာယံ မလိုက်ပါရစေနဲ့ ... မြကြာယံ ကြီးစိမ်းနဲ့ပဲ နေပါရစေ ... ကြီးစိမ်းရယ် ... နော် ... မြကြာယံ ကြီးစိမ်းနဲ့ မခွဲနိုင်ဘူး"

"အိုကွယ် ... ကလေးရယ်"

ဒေါ်စိမ်း မျက်ရည်တွေ စီးကျလာရပြီ ...

ဒီကလေးကို ငယ်စဉ်လေးတည်းက ဒေါ်စိမ်းပဲ စောင့်ရှောက်လာခဲ့ရတာ မဟုတ်ပါလား ...။

အခုလို ခွဲရမယ်ဆိုတော့လည်း မခွဲရက်ပြန်ပါဘူး။

ဒါပေမယ့် ...။

ခုကိစ္စက မြကြာယံရဲ့ ဘဝရှေ့ရေးကောင်းစားဖို့ ... ဒေါ်စိမ်း လုပ်ရမည်။ အခွင့်အရေးက နှစ်ခါမရနိုင် ...။

ဘာပဲပြောပြော ...

ဘိန်းမှောင်ခို၊ ကျောက်မှောင်ခိုလုပ်တဲ့ ဦးမောင်ထွန်းနဲ့ ဒေါ်မြရှင်တို့သမီး ဖြစ်ရတာထက်စာရင်။ ဒေါက်တာ



မြတ်ပန်းနွယ်ရဲ့ မွေးစားညီမ လုပ်ရတာက ပိုပြီးကောင်းဦးမည်။

"မြကြာယံရယ် ... ကြီးစိမ်းကိုချစ်ရင် ကြီးစိမ်းစကားကို နားထောင်နော်။ ကလေးအခု ... သူတို့နဲ့လိုက်သွားလိုက်။ နောက်ဆိုလည်း ... သမီး ကြီးစိမ်းကိုလာတွေ့လို့ ရသားပဲကွယ် ... လိုက်သွားကလေး ... ကြီးစိမ်းကို ဘာမှစိတ်မပူနဲ့"

"ကြီးစိမ်းရယ် ..."

မြကြာယံ ... ဘယ်လိုဖြေရတော့မလဲ ...

ကြီးစိမ်းရယ် မြကြာယံအပေါ် ဘာလို့ ဒီလောက်တောင် အနစ်နာခံပြီး ... တစ်ယောက်တည်း ကျိတ်မှိတ်ခံစားနေရတာလဲ။

ကြီးစိမ်း ...

ဘယ်လောက် စိတ်ထိခိုက်နေတယ်ဆိုတာ ... မြကြာယံ သိပါတယ်။

မြကြာယံ ...

တစ်ကိုယ်ကောင်းဆန်ပြီး လိုက်မသွားချင်ပါဘူး ကြီးစိမ်းနဲ့ပဲ တစ်သက်လုံး ဒီအခန်းကျဉ်းကလေးထဲမှာပဲ မြကြာယံ နေပါမယ်။

"မြကြာယံ ... ဆုံးဖြတ်ပြီးပြီ ကြီးစိမ်း။ မြကြာယံ ဘယ်မှမလိုက်နိုင်ဘူး ... ကြီးစိမ်းကိုပစ်ပြီး တစ်ကိုယ်ကောင်းဆန်ဆန် မြကြာယံ မနေနိုင်ဘူး... မြကြာယံ ဘဝ မကောင်းစားရင် နေပါစေတော့ ... မြကြာယံ

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ နေတော့မယ်"

"ဟင် ..."

"ဟာ ..."

"အို ..."

မြကြာယ် စကားကြောင့် အားလုံး အံ့အားသင့်ကုန်ရသည်။

ကြီးစိမ်း မျက်လုံးပြူးသွားရ၏။

မြကြာယ တုံးလိုက် အ,လိုက်တဲ့ ကလေး။ မြတ်ပန်းနွယ် စိတ်ကွက်သွားရင်ဒုက္ခ ... ဟိုက စေတနာနှင့်သူမ ကောင်းစားအောင် လုပ်ပေးမှာ ... ဒီကောင်မလေးနဲ့တော့ အားလုံးစိတ်ညစ်ရတော့မယ်။

မဖြစ်သေးပါဘူး ...

ဒေါ်စိမ်း မျက်နှာထားကို တင်းပစ်လိုက်မိသည်။

ရင်ထဲမှာတော့ တဆတ်ဆတ် နာကျင်နေရလေ၏ ... မတတ်နိုင်ပါ မြကြာယ်ကို ... မပြောလို့ မဖြစ်တော့ချေ။

"မြကြာယ် ... ညည်းက အခုအချိန်ထိ ငါ့ကိုဒုက္ခပေးချင်သေးလို့လား။ ငါတစ်သက်လုံး ဘုရားတရား မလုပ်ရဘဲ ... ညည်းရဲ့ အခိုင်းစေ ကျွန်မကြီး အနေနဲ့ လုပ်ပေးရဦးမှာလား ... သွား ... နင့်လမ်းနင်လျှောက်တော့ ... ငါ နင့်ကို ဆက်ပြီးမထိန်းသိမ်းနိုင်တော့ဘူး၊ ငါ့အတွက်လည်း ငါကြည့်ပါရစေဦး မြကြာယ် ..."

"ဟင် ... ကြီးစိမ်း။



မြကြာယ်ကို ဘယ်လိုပြောလိုက်တာလဲ ... မြကြာယ် သိတယ် ... ဒီစကားတွေက ကြီးစိမ်းရင်ထဲက တကယ်ပြောတာ မဟုတ်ဘူး ... ဟုတ်တယ်မဟုတ်လားဟင် ကြီးစိမ်း ..."

"ငါ့ရင်ထဲက မလာလို့ ဘယ်ကလာရမလဲ ... ညည်းကိုယ်ညည်း ထိန်းဖို့ကောင်းပြီ ... ငါညည်းနဲ့ဆက်မနေနိုင်တော့ဘူး ... ညည်းသွားတော့ ..."

ကြီးစိမ်းရယ် ...။

မြကြာယ်ကို စိတ်ထဲကမပါဘဲ မနှင်ပါနဲ့။

မြကြာယ် ကြီးစိမ်းရဲ့ စိတ်ဓာတ်ကို သိပါတယ်။ ကြီးစိမ်းရယ် ... မြကြာယ်အတွက် ဒီလောက်စိတ်သောကရောက်နေရတယ်ဆိုရင်လည်း ... ကြီးစိမ်းဆန္ဒအရ ... မြကြာယ် လိုက်သွားပါတော့မယ်။

"ကြီးစိမ်းရယ် ... မြကြာယ်ကိုမညာပါနဲ့ ... မြကြာယ် ကြီးစိမ်းစိတ်ကို အသိဆုံးပါ ... ကောင်းပါပြီ ... ကြီးစိမ်းဆန္ဒအတိုင်း မြကြာယ် လိုက်သွားပါတော့မယ်၊ မြကြာယ် ကြီးစိမ်းကို ကန်တော့ခဲ့ပါတယ်"

ကလေးလေးတစ်ယောက်သဖွယ် ငိုရှိုက်ကာ ... တတွတ်တွတ်ပြောရင်း ကြွဲ့ကြွဲ့ကလေး ထိုင်ကန်တော့နေသော ... မြကြာယ်ကလေးကိုကြည့်ပြီး ဒေါ်စိမ်း မျက်ရည်တွေ စီးကျလာရသည်။

သို့သော် ...

မြကြာယ် မမြင်ခင် သုတ်ပစ်ရ၏ ...။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မနည်းစိတ်ထိန်းကာ နေရပေမယ့် ... သူမနှလုံးသားတွေကတော့ တစ်ဖွဲဖွဲ ကြွေလို့နေလေသည်။

သံယောဇဉ် ...။

ဒီကလေးအပေါ် ထားခဲ့မိသော သူမ၏ သံယောဇဉ်ကြီးကို မနည်းဖြတ်ပစ်ရပေတော့မည်။

ကြီးစိမ်းတို့ တူဝရီးကိုကြည့်ပြီး မြတ်ပန်းနွယ်ရော ကျွန်တော်ပါ စိတ်မကောင်း ဖြစ်ရသည်။


သက်ပြင်းရှည်ကြီးကိုသာ ...

နေမင်းညိုရော မြတ်ပန်းနွယ်ပါ အထပ်ထပ်အခါခါ ချနေမိပါတော့သတည်း။ သြော် ... သနားစရာကောင်းလိုက်ပါဘိတော့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com